နိုင်ငံတကာ၏ ငြိမ်းချမ်းရေးပံ့ပိုးမှုနှင့် မြန်မာနိုင်ငံတွင် ထိရောက်စွာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း

မတ်လ ၂၀၂၄ ခုနှစ်။

The Asia Foundation

In partnership with Canada

အာရှဖောင်ဒေးရှင်းသည် အာရှနှင့် အာရှပစိဖိတ် ဒေသများအတွင်းရှိ လူမှုဘဝနှင့် အခွင့်အလမ်များ မြှင့်တင်ရေးအတွက် ဆောင်ရွက်နေသည့် အကျိုးအမြတ်မယူသော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဒေသတွင်း လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အနှစ် ၇၀ အတွေ့အကြုံရှိပြီး အုပ်ချုပ်ရေးစနစ် ဖွံ့ဖြိုးမှု၊ ရာသီဥတု ပြောင်းလဲမှုအရေး တို့ပြန်မှု၊ ကျား-မ ရေးရာ(ဂျန်ဒါ) တန်းတူညီမျှမှု၊ ပညာရေးနှင့် ခေါင်းဆောင်မှု၊ အားလုံးပါဝင်နိုင်သည့်ဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကဏ္ဍတို့တွင် အဓိကထား ဆောင်ရွက်နေသည်။ အာရှနှင့် အာရှပစိဖိတ် နိုင်ငံပေါင်း ၂၀ အတွက် လုပ်ငန်းများဆောင်ရွက်နေပြီး နိုင်ငံ ၁၇ ခုတွင် အမြဲတမ်း အခြေစိုက်ရုံး ဖွင့်လှစ်ထားပါသည်။ ရုံးချုပ်သည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုတွင် တည်ရှိပြီး၊ ဝါရှင်တန်မြို့တွင်လည်း ရုံးဖွင့်လှစ်ထားသည်။ ကျွန်ုပ်တို့၏ ရန်ပုံငွေများ သည် နှစ်နိုင်ငံနှင့် ဘက်ပေါင်းစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများနှင့် တစ်သီးပုဂ္ဂလ အလှူရှင်များထံမှ ရရှိသည်။

ဤစီမံကိန်းကို The Asia Foundation မှ ပြင်ပသုတေသီများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

‘ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ အကြောင်းအရာ- အမြစ်တွယ်နေသော စိန်ခေါ်မှုများနှင့် တစ်စိတ်တစ်ပိုင်း ပြုပြင်ပြောင်းလဲမှုများ’ နှင့် ‘မြန်မာနိုင်ငံ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် နိုင်ငံခြား ပံ့ပိုးကူညီမှုများမှ သင်ခန်းစာများ’’ by Adam Burke ၊ Tabea Campbell Pauli နှင့် Simon Richards ။

‘မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ငွေကြေးထောက်ပံ့မှု အရှိန်အဟုန်များ’ by Cate Buchanan နှင့် Khin Khin Mra ။

အခြားပံ့ပိုးကူညီသူများ-

Rebecca Crisp
Deddeaw Laosinchai
John Rieger
Saw Hsar Gay Doh
Naruemol Tuenpakdee

ပြန်လည်သုံးသပ်ခြင်း - သုတေသနအဖွဲ့သည် လေ့လာတွေ့ရှိချက်များနှင့် အကဲဖြတ်လေ့လာမှုတွင် ပြင်ပကျွမ်းကျင်သူများ၏ ပံ့ပိုးကူညီမှုများအတွက် အသိအမှတ်ပြုလိုပါသည်။ ၎င်းတို့မှာ Sophia Day Myar ၊ Sai Oo ၊ Jana Naujoks ၊ Nicola Williams ၊ Claudine Haenni နှင့် Thomas Parks တို့ဖြစ်သည်။

ကိုးကားမှုအတွက် အကြံပြုချက် - The Asia Foundation (2024), *International Peace Support and Effective Peacebuilding in Myanmar.*

ယခုလေ့လာမှုစာတမ်းများကို ကနေဒါအစိုးရ၏ ပံ့ပိုးမှုဖြင့် ဖော်ဆောင်ထားခြင်း ဖြစ်ပါသည်။ ယခုစာတမ်းများတွင် ဖော်ပြထားသော အမြင်များမှာ စာရေးသူများ၏ ကိုယ်ပိုင်သာဖြစ်ပြီး အာရှဖောင်ဒေးရှင်းနှင့် ကနေဒါအစိုးရ၏ အာဘော်ကို ထင်ဟပ်စေခြင်း မရှိပါ။

မာတိကာ

မိတ်ဆက် 5
နည်းလမ်းများ 6

ငြိမ်းချမ်းရေး တည်ဆောက်မှု နောက်ခံ အခြေအနေ - အမြစ်တွယ်နေသည့် အခက် အခဲများ နှင့် တစိတ်တပိုင်း ပြုပြင် ပြောင်းလဲမှုများ
နောက်ခံအခြေအနေသုံးသပ်ချက် အနှစ်ချုပ် 8
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးကြီးသော ရှုထောင့်/ကဏ္ဍများ 12
စိန်ခေါ်မှု ၁။ စစ်အာဏာရှင်စနစ်၏ နိုင်ငံရေးအမွေ 13
စိန်ခေါ်မှု ၂။ တာဝန်ခံမှုအားနည်းခြင်း နှင့် အပေါ်ယံ ဒီမိုကရေစီ 13
စိန်ခေါ်မှု ၃။ ပဋိပက္ခ ဖြစ်ပွားစေသောအကြောင်းအရာများကို ဖြေရှင်းခြင်း 14
စိန်ခေါ်မှု ၄။ အစုအဖွဲ့အားလုံး ပါဝင်စုစည်းခြင်း 16
တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်အပေါ် ပြန်လည် သုံးသပ်ချက် များ နှင့်တွေ့ရှိချက်များ 17
ပြန်လည်သုံးသပ်ချက် ၁။ NLD အစိုးရ အကူးအပြောင်း 17
ပြန်လည်သုံးသပ်ချက် ၂။ သဘောတူညီ ချက်သည် အလွန်အလွန် ရှုပ်ထွေးပါသလား 19
ပြန်လည်သုံးသပ်ချက် ၃။ EAO များကြား မညီညွတ်မှု 19
ပြန်လည်သုံးသပ်ချက် ၄။ တစ်နိုင်ငံလုံး အကျုံးဝင်မှု မရှိခဲ့သလို အားလုံးပါဝင်မှုလည်း မရှိခဲ့ပါ။ 20
ပြန်လည်သုံးသပ်ချက် ၅။ တမျိုးသားလုံးအရေးနှင့် ဗဟို အစိုးရ ကြီးကြပ်မှု 21
ပြန်လည်သုံးသပ်ချက် ၆။ စောင့်ကြည့် ကြီးကြပ်မှုနှင့် လိုက်နာဆောင်ရွက်စေမှုဆိုင်ရာ ပြဿနာများ 21
ပြန်လည်သုံးသပ်ချက် ၇။ အရပ်ဘက် လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍ 22

မြန်မာ့ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် နိုင်ငံခြားပံ့ပိုးမှုဆိုင်ရာ အတွေ့အကြုံသင်ခန်းစာများ
ခြုံငုံသုံးသပ်ချက် - မြန်မာ့ ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် ပံ့ပိုးခြင်းများ ၊ ၂၀၁၀–၂၀၂၀ 24
မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး နှင့် နိုင်ငံခြား အကူအညီ စီးဆင်းမှုများ 24
ငြိမ်းချမ်းရေးအတွက် နိုင်ငံခြား ကူညီထောက်ပံ့မှုများ 27
နိုင်ငံခြားကူညီထောက်ပံ့မှု ချဉ်းကပ်နည်းများနှင့် ပတ်သက်၍ အဓိက တွေ့ရှိချက်များ 31
တွေ့ရှိချက် ၁။ ငြိမ်းချမ်းရေး အသွင်ကူးပြောင်းမှု နှင့် ပတ်သက်၍ အလှူရှင်များ၏ ထင်မြင်ယူဆချက်များ 31
တွေ့ရှိချက် ၂။ အရပ်ဘက်-စစ်ဘက် ကွဲပြားမှုတွင် အမြစ်တွယ်နေသည့် ပြဿနာများကို နားလည်ခြင်း 32
တွေ့ရှိချက် ၃။ တရုတ်နိုင်ငံ၏ အရေးပါမှုကို အသိအမှတ်ပြုခြင်း/သိရှိခြင်း 32
တွေ့ရှိချက် ၄။ ထိတွေ့ဆက်ဆံခြင်းကို အရှိန်မှန်မှန်ဖြင့် ဆောင်ရွက်ခြင်း 33
တွေ့ရှိချက် ၅။ လုပ်ငန်းစွမ်းရည် အကန့်အသတ်များကို ဖြေရှင်းခြင်း 34
တွေ့ရှိချက် ၆။ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များတွင် အမျိုးသမီး အများအပြား ပါဝင်နိုင်ခဲ့ခြင်း မရှိပါ။ 35
တွေ့ရှိချက် ၇။ ပံ့ပိုးမှု အစီအစဉ်များ ဖော်ဆောင်ရာတွင် ပဋိပက္ခ အကဲဆတ်မှု (conflict sensitivity) ရှိခြင်း 36
တွေ့ရှိချက် ၈။ ပိုင်းကန့်ခွဲခြား စဉ်းစားနည်းကို ရှောင်ကြဉ်ခြင်း 37

နိဂုံးချုပ်နှင့် အကြံပြုချက်များ 41
နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများအတွက် အကြံပြုချက်များ 43
နောက်ဆုံးမှတ်စုများ 47

ပုံများ

ပုံ ၁။ မြန်မာနိုင်ငံရှိ EAOများ၊ 9
ပုံ ၂။ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များနှင့် လက်မှတ်မရေးထိုးထားသည့်အဖွဲ့များ အကျဉ်းချုပ် 11
ပုံ ၃။ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၀၁၆) 14
ပုံ ၄။ နယ်မြေစိုးမိုးရေး ပဋ္ဌိပကၠစက်ဝန်း၊ *15*
ပုံ ၅။ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များ 18
ပုံ ၆။ ထိပ်တန်းအလှူရှင် ၁၀ နိုင်ငံမှ မြန်မာနိုင်ငံသို့ ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် တရားဝင် အထောက်အပံ့ပေးအပ်မှု 25
ပုံ ၇။ OECD အလှူရှင်များထံမှ မြန်မာနိုင်ငံသို့ ပေးသည့် စုစုပေါင်း ထောက်ပံ့ကူညီမှု နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် သီးသန့် ထောက်ပံ့မှု 29
ပုံ ၈။ အဓိကမြန်မာ ငြိမ်းချမ်းရေးတည်ဆောက်ရး အစီအစဉ်များ၊ ၂၀၁၀–၂၀၂၀။ 30

ကောက်နုတ်ချက်များ

ကောက်နုတ်ချက် ၁။ NCA လုပ်ငန်းစဉ်အတွင်းရှိ ပတ်လည်ရိုက် ပြဿနာများ 12
ကောက်နုတ်ချက် ၂။ NCA သဘောတူညီချက်၏ အဓိကအစိတ်အပိုင်း များ အနှစ်ချုပ် 19
ကောက်နုတ်ချက် ၃။ EAO ဆက်ဆံရေးရုံးများ 22
ကောက်နုတ်ချက် ၄။ နည်းနာ နှင့် ဒေတာအချက်အလက်ဆိုင်ရာ စိန်ခေါ်မှုများ 26
ကောက်နုတ်ချက် ၅။ မြန်မာနိုင်ငံသို့ ဂျပန် အထောက်အပံ့နှင့် နိပ္ပန်ဖောင်ဒေးရှင်း၏ ငြိမ်းချမ်းရေး တည်ဆောက် ခြင်း လုပ်ငန်း 28
ကောက်နုတ်ချက် ၆။ အနာဂတ်ခေါင်းဆောင်မှု စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေခြင်း။ ရေရှည် ငြိမ်းချမ်းရေး ပံ့ပိုးမှု ဥပမာတစ်ခု 30
ကောက်နုတ်ချက် ၇။ ငြိမ်းချမ်းရေးအတွက် ယခင်ကြိုးပမ်းဆောင်ရွက်မှုများပေါ် အသိအမှတ်ပြုမှု အကန့်အသတ် ရှိခြင်း၊ ဆက်ဆံရေးရုံးများအပေါ် အလှူရှင်များအမြင် 31
ကောက်နုတ်ချက် ၈။ ဆုံးရှုံးသွားသော အခွင့်အလမ်းများ - ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ 33
ကောက်နုတ်ချက် ၉။ နယ်စပ်ဖြတ်ကျော် အကူအညီနှင့် ပေါင်းစည်းခြင်း 35
ကောက်နုတ်ချက် ၁၀။ ပြည်ထောင်စုဦးဆောင်သော ဖွံ့ဖြိုးရေးအစီအစဉ်များအား ပံ့ပိုးထောက်ပံ့ခြင်းဆိုင်ရာ ပြဿနာများ 38
ကောက်နုတ်ချက် ၁၁။ စီမံချက်သက်သက် ဖော်ဆောင်ခြင်း (“projectization”) နှင့် အချိန်သတ်မှတ်ချက် (“timescapes”) ၏ အကန့်အသတ်များ 39
ကောက်နုတ်ချက် ၁၂။ မြန်မာ့ ငြိမ်းချမ်းရေးအတွက် နိုင်ငံခြားအကူအညီများ၏ အပြုသဘောဆောင်သော ပံ့ပိုးမှုများ 40

အတိုကောက်ဝေါဟာရစာရင်း

AA	ရက္ခိုင့်တပ်တော်
ABSDF	မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး
ALP	ရခိုင်ပြည်လွတ်မြောက်ရေးပါတီ
ANC	ရခိုင်ပြည်အမျိုးသားကောင်စီ
CNF	ချင်းအမျိုးသားတပ်ဦး
CSO	အရပ်ဘက်အဖွဲ့အစည်း
DKBA	ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်
EAO	တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း
EU	ဥရောပ သမဂ္ဂ
JICA	ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ
JMC	ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ
JPF	ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေ အဖွဲ့
KIA	ကချင်လွတ်လပ်ရေးတပ်မတော်
KNLA	ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်
KNPP	ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
KNU	ကရင်အမျိုးသားအစည်းအရုံး
LDU	လားဟူဒီမိုကရက်တစ်အစည်းအရုံး
MNDAA	မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်
MPC	မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန
NCA	တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်
NDAA	အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်တော်
NGO	အစိုးရ မဟုတ်သော အဖွဲ့အစည်း
NLD	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
NMSP	မွန်ပြည်သစ်ပါတီ
NSCN-K	နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ
NUG	အမျိုးသား ညီညွှတ်ရေး အစိုးရ
NUCC	အမျိုးသားညီညွှတ်ရေး အတိုင်ပင်ခံ ကောင်စီ
OECD	စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးမှု အဖွဲ့အစည်း
PNLO	ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်
PSF	ပေါင်းစည်းလုပ်ငန်း အဖွဲ့
RCSS	သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ
SSPP	ရှမ်းပြည်တိုးတက်ရေးပါတီ
SITES	စီမံကိန်းတစ်ခု၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို လမ်းညွှန်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာ အဆင့်သတ်မှတ်ခြင်းစနစ်တစ်ခု
TNLA	တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်
UN	ကုလသမဂ္ဂ
UNFPA	ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေ အဖွဲ့
USAID/OTI	အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ / အသွင်ကူးပြောင်းရေး အစပျိုးဆောင်ရွက်မှုရုံး
UNOPS	ကုလသမဂ္ဂ စီမံကိန်း လုပ်ငန်းများဆိုင်ရာရုံး
USD	အမေရိကန် ဒေါ်လာ
UPC	ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ
UWSA	ဝပြည်သွေးစည်းညီညွှတ်ရေးတပ်မတော်
WNO	ဝအမျိုးသားအစည်းအရုံး

မိတ်ဆက်

မြန်မာနိုင်ငံ ပြည်တွင်း သို့မဟုတ် တိုင်းရင်းသားပဋိပက္ခများသည် ကမ္ဘာပေါ်တွင်အဓွန့်ရှည်ဆုံးဖြစ်ပြီး လူသားဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အမျိုးသားအဆင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုများကိုဖြစ်ပေါ်စေသည်။[1] ၂၀၂၁ ဖေဖော်ဝါရီ စစ်အာဏာသိမ်းမှုမှစတင်၍ နိုင်ငံ အနှံ့အပြားတွင် အကြမ်းဖက်မှုများ ပျံ့နှံ့ခဲ့သည်။ မြန်မာနိုင်ငံရှိ များပြားလှသော တိုင်းရင်းသား ပဋိပက္ခများတွင် ကိုယ်ပိုင်ကွဲပြားခြားနားသည့် သမိုင်းကြောင်းများနှင့် ဦးတည်လမ်းကြောင်းများရှိသော်လည်း ၎င်းတို့၏ ဖြစ်ပွား နေဆဲ ပြောင်းလဲဖြစ်စဉ်များနှင့် ကြာရှည်စွာ ဆက်လက်တည်ရှိမှုများသည် နိုင်ငံတစ်ခုလုံး၏ နိုင်ငံရေးအရွေ့ များဖြင့် နီးကပ်စွာ ဆက်စပ်နေသည်။ ၂၀၁၀ နှင့် ၂၀၂၀ ကြားကာလနှစ်များတွင် မြန်မာနိုင်ငံသည် ၎င်း၏ နိုင်ငံရေးအခင်းအကျင်းကို ဒီမိုကရေစီ နှင့် လွတ်လပ်သော ဈေးကွက်စီးပွားရေးသို့ အသွင်ကူးပြောင်းနေစဉ်တွင် ဤပဋိပက္ခများကို ဖြေရှင်းရန် ကြိုးပမ်းခဲ့သည်။ ဖြစ်ပျက်ခဲ့သည်များနှင့် ဤကာလအတွင်း ပဋိပက္ခတားဆီး ကာကွယ်ခြင်း ကြိုးပမ်းအားထုတ်မှုများ မည်သို့ တိုးတက်ခဲ့သည်ကို နားလည်မှုရှိခြင်းသည် အနာဂတ် မြန်မာ နိုင်ငံနှင့် အခြားရှုပ်ထွေးပြီး၊ ပဋိပက္ခဒဏ်ခံစားနေရသည့် ပတ်ဝန်းကျင်များအတွက် အရေးကြီးသော သင်ခန်း စာများပေးနိုင်ပါသည်။

မြန်မာ ပြည်တွင်းနှင့် ပြည်ပရှိ လူအများအပြားအတွက် ဤကာလ (၂၀၁၅ ခုနှစ်ဝန်းကျင်) သည် အကောင်းမြင် စိတ်များနှင့် ပြည့်နေချိန်ဖြစ်သည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) လက်မှတ်ရေး ထိုးခဲ့သည့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ အဓိကအခိုက်အတန့် အပါအဝင် ငြိမ်းချမ်းရေး ဆွေးနွေး မှုများဖြစ်ပေါ်လာခဲ့သည်။[2] တစ်လအကြာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့သည် ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုများ သည် အထူးသဖြင့် မြို့ပြနေလူထုအတွက် အရှိန်အဟုန်နဲ့တိုးတက်မှုနှင့် အခွင့်အလမ်းအသစ်များ ယူဆောင် လာခဲ့သည်။

သို့ရာတွင် ငြိမ်းချမ်းရေးတွင် ရှေ့ဆက်တိုးတက်မှုရရှိရန်မှာ ခက်ခဲလှသည်။ ၂၀၂၁ ဖေဖော်ဝါရီ စစ်အာဏာသိမ်း မှ မတိုင်မီကပင် မြန်မာနိုင်ငံ၏ ဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခ၏ အရင်းခံပြဿနာများကို ဖြေရှင်းနိုင်ခြင်းမရှိသေးကြောင်း တဖြည်းဖြည်း ရှင်းရှင်းလင်းလင်းသိလာသောကြောင့် အစောပိုင်းကာလ မျှော်လင့်ချက်အတော် များစွာမှာ ပျောက်ကွယ်သွားခဲ့သည်။ အတိုက်အခံဖြစ်ပွားရာဒေသများတွင် ထိန်းချုပ်မှု ပိုမိုရရှိရန် စစ်တပ်၏ ဆက်လက်ကြိုးပမ်းမှုများနှင့် အဓိကလုပ်ငန်းစဉ်တွင် အင်အားကြီးလက်နက်ကိုင်အဖွဲ့ များမပါရှိမှုကြောင့် အပစ်အခတ်ရပ်စဲမှု ထိခိုက်ခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် အာဏာရလာသည့် အရပ်သားအစိုးရသစ်သည် အပြိုင်အဆိုင်ဦးစားပေးရမည့် ကဏ္ဍအများအပြားကြားတွင် တိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်းထားရန် ရုန်းကန်ခဲ့ရသည်။ Covid-19 ကပ်ရောဂါသည် ယခင်ကထက ရပ်တန့်နေသည့် လုပ်ငန်းစဉ်ကို နှေးကွေးသွားစေခဲ့ပြီး ၂၀၂၁ စစ်အာဏာသိမ်းမှုသည် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုး ထားသည့် အဖွဲ့များစွာအတွက် တွေ့ဆုံဆွေးနွေးမှုကြိုးပမ်းမှုများကို အဆုံးသတ်စေခဲ့သည်။ ယင်းနှင့်အခြား အားနည်းချက်များစွာရှိခဲ့သော်လည်း NCA လုပ်ငန်းစဉ်သည် အနာဂတ် အစပြုဆောင်ရွက်မှုများအတွက် တန်ဖိုးရှိသည့် သင်ခန်းစာများနှင့် နားလည်သိရှိမှုကို တည်ဆောက်ပေးခဲ့သည့် ကိုးကားရာတစ်ခုဖြစ်ခဲ့ပြီး ပဋိပက္ခဖြေရှင်းမှုနှင့် ဆက်စပ် နိုင်ငံရေးခြေလှမ်းများကို မကြုံစဖူးသော နည်းလမ်းများဖြင့် အဆင့်မြှင့်တင်နိုင် ခဲ့သည်။

အနာဂါတ် သင့်လျော်သည့် အချိန်၌ မြန်မာနိုင်ငံနှင့် လိုက်ဖက်မှုရှိသော ပုံစံဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ရန်၊ အရပ်သား အစိုးရ အုပ်ချုပ်မှု ရေရှည်အသက်သွင်းရန်နှင့် ပဋိပက္ခ အသွင်ပြောင်းမှုတို့ကို ဖော်ဆောင်နိုင်ရန် ပံ့ပိုးလိုသည့် နိုင်ငံတကာ အသိုင်းအဝန်း အတွက် အသုံးဝင်မည့် အချက်အလက်များ၊ ဆန်းစစ်လေ့လာမှုများနှင့် အကြံဉာဏ်များ ပေးအပ်နိုင်ရန် ယခု *နိုင်ငံတကာ၏ ငြိမ်းချမ်းရေး ပံ့ပိုးမှုနှင့် မြန်မာနိုင်ငံတွင် ထိရောက်သော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း* စာတမ်းက ရည်ရွယ်ပါသည်။ ယခုစာတမ်းကို Canda's Peace and Stabilization Operations Program ၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် အာရှဖောင်ဒေးရှင်းက စီမံထုတ်ဝေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းနှင့်ခေတ်ပြိုင် နိုင်ငံရေးနှင့် ပဋိပက္ခတို့ အကြောင်းရေးသားပြုစုထားသည့် စာတမ်းအများ အပြားရှိသော်လည်း အထူးသဖြင့် နိုင်ငံတွင်း ပဋိပက္ခဖြေရှင်းဆောင်ရွက်ခြင်းအတွက် ပံ့ပိုးသော နိုင်ငံခြား အကူ အညီနှင့် နိုင်ငံခြားရေးမူဝါဒတို့၏ အခန်းကဏ္ဍအကြောင်း အကဲဖြတ်ဆန်းစစ်ထားသည့် ဆန်းစစ်လေ့လာချက် များမှာ အလွန်နည်းပါးသည်။ အဓိက စီမံကိန်းများနှင့် စီမံချက်များ၏ အကဲဖြတ်မှုများ အပါအဝင် ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် အလှုရှင်ပံ့ပိုးမှုများနှင့် ပတ်သက်သော သတင်းအချက်အလက်များမှာ အများပြည်သူ လက်လှမ်းမီကြည့်ရှုနိုင်သော နေရာများတွင် မရှိပါ။ ဤသုတေသနစာတမ်းသည် ငြိမ်းချမ်းရေး တည်ဆောက်မှု လက်တွေ့လုပ်ငန်းစဉ်၊ ထုတ်ဝေထားသော ပညာရပ်ဆိုင်ရာစာအုပ်စာတမ်းများနှင့် ဤကြိုးပမ်း ဆောင်ရွက်မှု များတွင် ထဲထဲဝင်ဝင်ဆောင်ရွက်ခဲ့သော ပြည်တွင်းနှင့် နိုင်ငံတကာ ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံ မေးမြန်း ခဲ့ပြီး အထောက်အထား အခြေပြုသတင်းအချက်အလက်များ ထုတ်ဖော်ပေးထားပါသည်။ မြန်မာနိုင်ငံ ငြိမ်းချမ်း ရေး တည်ဆောက်မှုအစီအစဉ်များတွင် အတွေ့အကြုံများစွာရှိကြသော သုတေသီများ၏ ကိုယ်ပိုင်လေ့လာ တွေ့ရှိချက်များနှင့် အမြင်များကိုလည်း ထည့်သွင်းထားသည်။ ဤလေ့လာမှုသည် မြန်မာနိုင်ငံအတွင်း ပဋိပက္ခများနှင့် စပ်လျဉ်း၍ အာရှဖောင်ဒေးရှင်းမှ ပြုလုပ်ခဲ့သည့် ယခင်သုတေသနများဖြစ်သော မြန်မာနိုင်ငံ၏ အတိုက်အခံဖြစ်ပွားနေသည့် ဒေသများ (၂၀၁၇)၊ အသွင်ကူးပြောင်းမှုအား ပံ့ပိုးကူညီခြင်း (၂၀၁၈)၊ အာရှတွင် ပဋိပက္ခနှင့် အကြမ်းဖက်မှု အခြေအနေ (၂၀၂၁) နှင့် နယ်ပယ်အလိုက် သုတေသနစာတမ်းများအပေါ်တွင် အခြေခံထားသည်။[3]

လေ့လာတွေ့ရှိချက်များကို အဓိကစာတမ်း သုံးစောင် ခွဲထားသည်။ ပထမနှင့် ဒုတိယ စာတမ်းများကို တသီးပုဂ္ဂလပညာရှင် Simon Richards က အဓိက သုတေသနပြုလုပ်ရေးသားခဲ့ပြီး၊ အာရှဖောင်ဒေးရှင်းမှ Adam Burke နှင့် Tabea Campbell တို့က အရေးကြီးသောဖြည့်စွက်ချက်များ ဝင်ရောက်ရေးသားခဲ့သည်။ ပထမစာတမ်း "ငြိမ်းချမ်းရေး တည်ဆောက်မှု နောက်ခံ အခြေအနေ - အမြစ်တွယ်နေသည့် စိန်ခေါ်မှုများနှင့် တစိတ်တပိုင်းပြုပြင်ပြောင်းလဲမှုများ" တွင် အမျိုးမျိုးသော ငြိမ်းချမ်းရေးတည်ဆောက်မှု အစပျိုးအစီအစဉ်များ ၏ အောင်မြင်မှုများ၊ ကျရှုံးမှုများနှင့် စိန်ခေါ်မှုများအတွက် အဓိကဖြစ်သည့် နောက်ခံအခြေအနေအချက်များကို အနှစ်ချုပ်ဖော်ပြထားသည်။ ဒုတိယစာတမ်း "မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် နိုင်ငံခြားပံ့ပိုးမှု ဆိုင်ရာ သင်ခန်းစာများ" တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်(NCA) နှင့် အခြား ငြိမ်းချမ်းရေး အစပျိုး အစီအစဉ်များတွင် ပါဝင်ပတ်သက်သူများ၏ ပြန်လည်သုံးသပ်ချက်များနှင့် အမြင်များကို ဖော်ပြထားပြီး၊ NCA လုပ်ငန်းစဉ်ကို အဓိကထားသော နိုင်ငံတကာငြိမ်းချမ်းရေးပံ့ပိုးကူညီမှုနှင့် အခြားဆက်စပ် ပံ့ပိုးမှုများကို အကဲဖြတ်လေ့လာပြီး လက်တွေ့သင်ခန်းစာများကို ရေးသားထားသည်။ မြန်မာနိုင်ငံ သို့မဟုတ် အခြားရှုပ်ထွေးသော ဝန်းကျင်များအတွက် အနာဂတ် ငြိမ်းချမ်းရေးဆိုင်ရာ ပံ့ပိုးမှုအမျိုးမျိုးအတွက် နိုင်ငံတကာ ကြိုးပမ်းဆောင်ရွက်မှုများ၏ သဘောသဘာဝများကို ထည့်သွင်းဆွေးနွေးထားပြီး ဖြစ်လာနိုင်သည့် ချဉ်းကပ်မှုများအတွက် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်ရန် ရည်ရွယ်သည်။

တတိယစာတမ်းဖြစ်သည့် မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှု ကြိုးပမ်းအားထုတ်မှုများအတွင်း ကျား-မ (ဂျန်ဒါ) တန်းတူညီမျှမှုနှင့် အမျိုးသမီးအခွင်းအရေးတို့အပေါ် အဓိကထားလေ့လာထားသည့် ဖြစ်ရပ်လေ့လာမှု ကို

ခင်ခင်မရ နှင့် Cate Buchanan တို့က သုတေသနပြုရေးသားခဲ့သည်။ ဤဖြစ်ရပ်လေ့လာမှုသည် NCA လုပ်ငန်းစဉ်နှင့် အခြားဆက်စပ်အစီအစဉ်များ၌ ကျား-မ (ဂျန်ဒါ) ပါဝင်မှုနှင့် အမျိုးသမီးများ အဓိပ္ပာယ် ပြည့်ဝစွာပါဝင်နိုင်မှုတို့ကို အသေးစိတ် ဆန်းစစ်လေ့လာထားပြီး ပထမစာတမ်းနှစ်ခုသို့ ပိုမိုနက်ရှိုင်းသော ရှုထောင့်အမြင်များကို ထပ်ပေါင်းပေးထားသည်။ စာရေးသူအားလုံးသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးတည် ဆောက်မှု ပုံပိုးကူညီမှုနှင့် ပဋိပက္ခ ကာကွယ်မှု အတွေ့အကြုံအများအပြားရှိကြသည်။ မူကြမ်းများကို မြန်မာနှင့် နိုင်ငံတကာ ပညာရှင်များမှ အသေးစိတ် ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့သည်။

နည်းလမ်းများ

ဆန်းစစ်လေ့လာမှုကို တွေ့ဆုံမေးမြန်းမှုများနှင့် တည်ရှိပြီးသား သို့မဟုတ် တဆင့်ခံ ရင်းမြစ်များအပါ အခြေခံ ထားသည်။[4] မြန်မာနိုင်ငံ NCA လုပ်ငန်းစဉ်၏ မတူညီသော ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တိုင်းရင်း သားခေါင်းဆောင်များ၊ နိုင်ငံတကာပါဝင်ပတ်သက်သူများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်သူများ၊ အကြံပေးများ၊ တသီးပုဂ္ဂလ ဆန်းစစ်လေ့လာသူများနှင့် သုတေသီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSO) စသည့် အဓိကသတင်းအချက်အလက်ပေးသူများကို ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည် တွေးခေါ်ပြီးမှ သိမြင်လာသော အရေးကြီးသည့် အမြင်ရှုထောင့်များကို ရှင်းလင်းထုတ်ဖော်ပြောဆိုစေခြင်း၊ ဆုံးရှုံးသွားသော အခွင့်အလမ်းများ သို့မဟုတ် အနာဂတ်တွင် မတူညီသော ချဉ်းကပ်နိုင်မည့် နည်းလမ်းများကို မေးမြန်းခဲ့သည်။ အောင်မြင်မှုများအပေါ်ထိုးထွင်းအမြင်နှင့် အပြုသဘောဆောင်သော ပုံပိုးကူညီများကိုလည်း မျှဝေပေးခဲ့ပြီး မည်သို့သောဖြေရှင်းနည်းများကို အောင်မြင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ခဲ့သည်။ တွေ့ဆုံ မေးမြန်းမှုများကို လူတွေ့ဖြစ်စေ၊ အွန်လိုင်းကဖြစ်စေ လျှို့ဝှက်စွာ ပြုလုပ်ခဲ့သည်။ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့သည့် ကာလတလျှောက်လုံးတွင် ကြီးမားသော နိုင်ငံရေး ထိခိုက်လွယ်မှုအခြေအနေများကြောင့် မြန်မာ့တပ်မတော်၏ သဘောထားအမြင်များ မပါဝင်ပါ။ လုံခြုံရေးအရ၊ ဖြေဆိုသူများ၏ အမည်စာရင်းကို ဖော်ပြမထားပါ။

ဖြေဆိုသူများကို ၎င်းတို့၏ သဘောထားအမြင်များနှင့် ပြန်လည်သုံးသပ်ချက်များကို ပိုဖော်နိုင်ရန်အတွက် ၎င်းတို့ ပေးနိုင်သမျှ ဒေတာအချက်အလက်များနှင့် ဥပမာများကိုပါ တောင်းဆိုခဲ့သည်။ ငြိမ်းချမ်းရေး လုပ်ငန်း စဉ်များ၏ သဘောသဘာဝနှင့် ဖြေဆိုသူများ၏ မတူညီသောအတွေ့အကြုံများအရ ဤရှုထောင့်အမြင်များ သည် ရှောင်လွှဲ မရပဲ ဓမ္မဓိဌာန်မကျသောအမြင်များဖြစ်၍ အများအားဖြင့် အမျိုးမျိုးအဓိပ္ပာယ်ကောက်ယူနိုင်ပြီး တခါတရံ မှန်းဆချက်များသာဖြစ်ပြီး အတည်ပြုရန် ခက်ခဲသည်။ ထို့အပြင် အချို့အကြောင်းအရာတွင် တူညီသော အမြင်ရှုထောင့်များ ပေါ်ထွက်လာတတ်သော်လည်း အတွေ့အကြုံအပေါ် အခြေခံသည့် အရေးကြီး သော အမြင်များကို လွှယ်ကူစွာ ရှုထောင့်စုံ စစ်ဆေးမှု မပြုလုပ်နိုင်ပါ။ လေ့လာမှုပြုလုပ်ရာ အချိန်ကာလ၊ ဖြစ်စဉ်၏ ကျယ်ပြန့်မှုနှင့် ပါဝင်ပတ်သက်သူများထံမှ ဖြစ်နိုင်ချေရှိသော သဘောထားအမြင်များကို စုဆောင်း ရန် အခက်အခဲရှိခြင်းကြောင့် ဤစာတမ်းသည် ဘက်ပေါင်းစုံ ခြုံငုံမိအောင် တင်ပြနိုင်ခြင်းမရှိပါ။

၂၀၁၀ မှ ၂၀၂၀ အထိ အဓိကငြိမ်းချမ်းရေးတည်ဆောက်မှု ကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး စောင့်ကြည့်လေ့လာခဲ့ကြသည့် ပြည်တွင်းနှင့်နိုင်ငံတကာ ပညာရှင်များ၏ ဤစာတမ်းကို အကဲဖြတ်ဖတ်ရှုမှုနှင့် သုံးသပ်ဝေဖန်မှုများတွင် ဤသုတေသနမှ အဓိကတွေ့ရှိချက်အများအပြားသည် ယနေ့ နိုင်ငံတကာ ငြိမ်းချမ်းရေးပုံပိုးမှု ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ပုံဖော်ထင်ဟပ်နေသည်ဟု ထုတ်ဖော်ခဲ့ကြသည်။ အာဏာသိမ်းမှု မတိုင်မီနှစ်များ၏ မြေပြင်နှင့် အကူအညီ ပုံပိုးမှုဆိုင်ရာ အခြေအနေများသည် ၂၀၂၄ အခြေ အနေများဖြင့် အလွန်ကွာခြားသော်လည်း အာဏာနှင့် ရာထူးရယူထားမှုဆိုင်ရာ အရင်းခံ အကြောင်းတရားများ သည် တူညီနေဆဲဖြစ်သည်။ ဤလေ့လာမှုတွင်ပါဝင်သည့် သင်ခန်းစာများနှင့် အကြံပြုချက်များသည် ယနေ့မြန်မာနိုင်ငံတွင် လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံခြားအလှူရှင်များနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်သူများအတွက် အလွန်ဆီလျော်မှုရှိပြီး နိုင်ငံအတွင်း ၎င်းတို့၏ လက်ရှိနှင့် အနာဂတ် ချဉ်းကပ်မှုများ ကို ပုံဖော်ရန်နှင့် ပိုမိုတိုးတက်စေရန်အတွက် အကူအညီဖြစ်စေနိုင်သည်။

၂၀၂၁ အာဏာသိမ်းမှု နောက်ပိုင်းနှစ်များတွင် ကမ္ဘာ့အခြေအနေအခင်းအကျင်းသည် ၂၀၁၀ နှစ်ကာလများ၏ အကာင်းမြင်မှုနှင့် ပေါများမှုတို့နှင့် အလွန်ကွာခြားပြီး အနာဂတ်ငြိမ်းချမ်းရေး ပုံပိုးမှု စီမံဆောင်ရွက်မှုများတွင် အရင်းအမြစ်များနှင့် နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များ နည်းပါးလာဖွယ်ရှိသည်။ အတိတ်က သင်ခန်းစာများ ကို စဉ်းစားရန် ပျက်ကွက်ခြင်းများလည်းရှိလာနိုင်ပါသည်။ နိုင်ငံတကာ လုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်များကြောင့် နိုင်ငံခြားပုံပိုးကူညီမှုများ ဖော်ဆောင်ရာတွင် အခြေအနေအခင်းအကျင်းအလိုက် အလုပ်ဖြစ်မည့်အရာများကို ဦးတည်ရန် ဂရုတစိုက် အကဲဖြတ်ခြင်းထက် ကျဉ်းမြောင်းသည့် ပြည်တွင်း အကျိုးစီးပွားများ အပေါ်တွင်သာ အခြေတည်သတ်မှတ်မှုများ ပိုမိုများပြားလာမည်ဖြစ်သည်။ အဆိုပါ အခြေအနေများတွင် တူညီသည့်အခြေခံ ကိုရှာဖွေရန် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပိုမိုအားကောင်းသည့် မိတ်ဖက်ဆောင်ရွက်မှုများ လိုအပ်ပါသည်။ နိုင်ငံတကာ ငြိမ်းချမ်းရေး ပုံပိုးကူညီပေးသည့် အစုအဖွဲ့များအနေဖြင့် အကောင်းဆုံးသော အကြံဉာဏ်စိတ်ကူးစိတ်သန်းများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို ရှေ့တန်းတင်ဆောင်ရွက်နိုင်ရန် မဟာဗျူဟာမြောက်၍ ကုန်ကျ စရိတ်သက်သာပြီး၊ ဆန်းသစ်တီထွင်မှုရှိသော ချဉ်းကပ်နည်းလမ်းများနှင့်အတူ ဆက်စပ်အခြေအနေ အခင်း ကျင်း၏ ကောင်းမွန်သော အလေ့အထနမူနာများနှင့် အထောက်အထားအခြေခံများ လိုအပ်မည်။ မြန်မာနိုင်ငံမှ ပညာရှင်များ၊ ပါဝင်ပတ်သက်သူများနှင့် အတူကွဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ပူးပေါင်းဦးဆောင်မှုတို့ကို ဦးစားပေးဆောင်ရွက်ပြီး အမြော်အမြင်ရှိရှိ သတိကြီးစွာ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် မြေပြင်ရှိ လူထု၏ မျှော်မှန်းချက်နှင့် လိုအပ်ချက်များဖြင့် ဆီလျော်သည့် စီမံကိန်းများ ပေါ်ထွက်လာမည်။

အသုံးအနှုန်း ဝေါဟာရမှတ်စု

မြန်မာလက်နက်ကိုင်တပ်ဖွဲ့ကို ဂုဏ်ပြုသောအားဖြင့် "တပ်မတော်" ဟု မကြာခဏ ရည်ညွှန်းခေါ်ဝေါ်လေ့ရှိ သည်။ ၂၀၂၁ မှ စ၍ ၎င်းတို့ကို "စစ်တပ်" ဟု ရည်ညွှန်းသုံးနှုန်းခဲ့သည်။ ဤသုတေသနတွင် အနက်အဓိပ္ပာယ် ထွေပြားဖွယ် မရှိသောအခါတွင် "စစ်တပ်" သို့မဟုတ် "တပ်" ဟုသာဖော်ပြထားသည်။[5] ဤအစီရင်ခံစာတွင် "မြန်မာ" သည် နိုင်ငံကို ရည်ညွှန်းသည့် အသုံးအနှုန်းဖြစ်ပြီး အခြားအခေါ်အဝေါ်ဖြစ်သည့် "ဗမာ" ၏ တရားဝင်မူကိုလည်း စာတမ်းပြုစုသူများမှ အသိအမှတ်ပြုသည်။ စစ်တပ်ကိုဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များကို ဆန်းစစ်လေ့လာမှုပြုလုပ်သည့် အချိန်ကာလအတွင်း ကျယ်ပြန့်စွာသုံးသည့် အသုံးအနှုန်းဖြစ်သည့် "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAO) ဟု ရည်ညွှန်းသုံးနှုန်းပါမည်။

၁၉၄၇

"တောင်တန်းဒေသများ" အတွက် ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ကို သဘောတူသည့် ပင်လုံစာချုပ်ကို လက်မှတ်ထိုးခဲ့

၁၉၄၈

ဗြိတိန်ထံမှ လွတ်လပ်ရေးရခဲ့ပြီး ၊ ဦးနုအစိုးရ လက်ထက်

၁၉၄၉

ကရင်အမျိုးသားအစည်းအရုံး၏ လက်နက်ကိုင်တော်လှန်ရေးစတင်ခဲ့

၁၉၆၁

ကချင်လွတ်မြောက်ရေးတပ်မတော်ဖွဲ့စည်းမှု

၁၉၆၂

ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့် စစ်အာဏာသိမ်းမှု

၁၉၈၈

အရေ့မြောက်ဒေသတွင် ကွန်မြူနစ် ပုန်ကန်မှု ပြိုကွဲခဲ့ပြီး ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNDAA) နှင့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်တော် (NDAA) တို့ ပေါ်ပေါက်လာခဲ့

၁၉၈၈

အရပ်သားဒီမိုကရေစီကို တောင်းဆိုသည့် နိုင်ငံတဝှမ်း ဆန္ဒပြပွဲများ၊ နေဝင်း နှုတ်ထွက်

၁၉၉၀

ဆယ်စုနှစ် သုံးခုအတွင်း ပထမဆုံး အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှ အနိုင်ရရှိခဲ့သော်လည်း ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ခဲ့

၁၉၉၁

၁၉၉၂

၁၉၉၄

ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှ အစိုးရ တာဝန်ယူ

ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရန် အမျိုးသားညီလာခံ ပြုလုပ်

၁၉၉၁ မှ၁၉၉၇ ခုနှစ်အထိ ဖြစ်ပွားနေသည့် ပဋိပက္ခများ အတွင်း အချို့ EAO များနှင့် နှစ်ဖက် အပစ်အခတ်ရပ်စဲရေး များကို လက်မှတ်ရေးထိုးခဲ့

၁၉၉၇

၂၀၀၅

- နာဂစ် ဆိုင်ကလုန်းမုန်တိုင်းက မန္တြမာနိုင်ငံကို ပျက်ဆီးဆုံးရှုံးမှု အများအပြားဖစ်စေခဲ့သည်၊ နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကို ခွင့်ပြု၍
- စစ်တပ်ကရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်း

၂၀၀၆

- ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ ဖွဲ့စည်းခြင်း၊ EAO စည်းလုံး ညီညွတ်မှု ရရှိရန်အတွက် အသစ်တဖန် ကျင်ပြိမ်းဆောင်ရွက်မှု
- ကချင်ပြည်နယ်တွင် ပင်ငြိုးထန်သည့် အကာမြီးဖက်မှုများ ပန္တြလည်ဖစ်ပြွားခဲ့
- အင်ငြားပွားမှုများကကြား တရုတ်နိုင်ငံမှ ထောက်ပံ့သည့် မစ္ဆီဆုံ ရကောတာစီမံကိန်း ဖျက်သိမ်းမှု
- ဂျပန်နိုင်ငံအစိုးရမှ ပံ့ပိုးသည့် နိပ္ပန်ဖောင်ဒေးရှင်းက ဆောင်ရွက်သည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး အစပျခြာဆောင်ရွက်မှုများ

၂၀၀၇

၂၀၀၈

၂၀၀၉

၂၀၁၀

၂၀၁၁

၂၀၁၂

၂၀၁၃

၂၀၁၄

၂၀၁၅

၂၀၁၆

၂၀၁၇

၂၀၁၈

၂၀၁၉

၂၀၂၀

၂၀၂၁

- EAO များက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် ရေးဆွဲမှုကို စတင်
- မန္တြမာနိုင်ငံငြိမ်းချမ်းရေး ပန္တြလည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန စတင်ဖွဲ့စည်းခြင်း
- နော်ဝေနိုင်ငံမှ ဦးဆောင်ပြဋ္ဌာပ်သည့် Myanmar Peace Support Initiative
- အမေရိကန်နှင့် EU တို့မှ နိုင်ငံရေးနှင့်စီးပွားရေး ပိတ်ဆို့မှု အများအပြားကို ဖယ်ရှားခဲ့
- အုပ်စုဖွဲ့ အကာမြီးဖက်မှုများကကြောင့် ရိုဟင်ဂျာလူမျိုး အများစုပါသည့် လူပေါင်း ၁၀၀,၀၀၀ ကျော်ကို သီးသန့်စခန်းများသို့ ရွှေ့ပြောင်းခဲ့

- NCA စဉ့ေပ်ညှိနှိုင်းဆွေးနွေးမှုအဖွဲ့ ဖွဲ့စည်းခြင်း
- အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း စတင်
- ၂၀၁၃ အတွက် နိုင်ငံခြား အကူအညီ ကတိကဝတ်များ အမေရိကန် ဒေါ်လာ ၇.၅ ဘီလီယံ ထိ အရှိန်အဟုန်ဖြင့် တိုးလာ

- Peace Support Fund စတင်
- ငြိမ်းချမ်းရေးအတွက် ကျား□မရေးရာ မဟာမိတ်အဖွဲ့ စတင်ဖွဲ့စည်း
- အုပ်စုဖွဲ့ အကာမြီးဖက်မှုများသည် မျိုပြမြားရှိ မူဆလင် အသိုင်းအဝိုင်းများကို ဆက်လက်ပစ်မှတ်ထား

- ပည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခဲ့
- MPC ကို အမျိုးသားပန္တြလည်သင့်မတြေရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖြင့် အစားထိုးခဲ့
- မြောက်ပိုင်းမဟာမိတ် EAO များ ဖွဲ့စည်း
- USAID/OTI Burma Transition Initiative ("Kann Let" program) စတင်
- ကရင်ပြည်နယ်တွင် စစ်တပ်မှ တိုးချဲ့မှု၊ လမ်းသစ်များဖောက်ခြင်းနှင့် ရကောတာ ဆောက်လုပ်မှုတို့ ကကြောင့် တိုက်ပွဲများဖစ်ပြွားခဲ့

- ရခိုင်ပြည်နယ်တွင် ရက္ခိုင့်တပ်တော်နှင့် ပဋိပက္ခများ ပိုမို ပင်ငြိုးထန်လာ
- မြောက်ပိုင်း EAO သုံးဖွဲ့မှ ညီနောင်မဟာမိတ်အဖွဲ့ ဖွဲ့စည်း
- ကချင်နှင့်ရှမ်း ပည်ပြနယ်များတွင် တိုက်ပွဲများ ဆက်လက်ဖစ်ပြွား
- ICC နှင့် ICJ လူသားမျိုးနွယ်ပဓါကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုအတွက် စုံစမ်း စစ်ဆေးမှုများစတင်

- ကရင်နှင့်ရှမ်းပည်ပြနယ်တို့တွင် စစ်တပ်၏ NCA ချိုးဖောက်မှုများကကြောင့် ဆန္ဒဒပြွပြုများဖစ်ခဲ့
- ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို တပ်မတော်က ဖွဲ့စည်း
- အထွေထွေရွေးကောက်ပွဲ NLD အနိုင်ရ

- စဉ့ေပ်ညှိနှိုင်းဆွေးနွေးမှု အကပြုအတည်းအတွက် အစိုးရ၊ စစ်တပ် နှင့် EAO ခေါင်းဆောင်များ ကကြား ထိပ်သီး "၁၀+၁၀" တွဲ့ဆုံမှု ပျုပြုပ်ခဲ့
- WPS နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ စတင်ဖွဲ့စည်း

- NLD မှ "ငြိမ်းချမ်းရေးတည်ဆောက်မှုပုံစံအသစ်" ကိုကကြော
- ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များထံ အစိုးရကချဉ်းကပ်ခဲ့
- ဖဆော်ဝါရီလ စစ်တပ်အာဏာသိမ်းမှု နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်း
- အပစ်အခတ်ရပ်စဲထားသည့် ဒေသများအပါအဝင် မန္တြမာနိုင်ငံအနှံ့ တိုက်ပွဲများဖစ်ပြွား
- မန္တြမာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် လုပ်ငန်းများအတွက် စုစုပေါင်း အမေရိက ဒေါ်လာ ၈၆ မီလီယံ ကျော် သုံးစွဲခဲ့ကကြောင်း နီပ္ပန်ဖောင်ဒေးရှင်းက ထုတ်ပန္တြခဲ့

ငြိမ်းချမ်းရေး တည်ဆောက်မှု နောက်ခံ အခြေအနေ - အမြစ်တွယ်နေသည့် အခက် အခဲများ နှင့် တစိတ်တပိုင်း ဖြုတ်ပြင် ပြောင်းလဲမှုများ

နောက်ခံအခြေအနေသုံးသပ်ချက် အနှစ်ချုပ်

မြန်မာနိုင်ငံ ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စာအုပ်စာတမ်း အများအပြားရှိနှင့်ပြီး ဖြစ်သောကြောင့် နောက်ခံအခြေအနေ အချက်အလက်အနှစ်ချုပ်ကိုသာ ဖော်ပြထားပါသည်။ ဤသည်မှာ စိတ်ပါဝင်စားသော စာဖတ်သူများအတွက် ဖြေဆိုသူများနှင့် အခြားပါဝင်ပတ်သက်သူများထံမှ သိရသော အကြောင်းအရာများကို နားလည်ရန် လုံလောက်ပါသည်။ ထပ်လောင်း အသေးစိတ်အချက်အလက်များကို သိရှိလိုသူများအတွက် အခြားရင်းမြစ်များကိုလည်း ရည်ညွှန်းဖော်ပြထားပါသည်။[6]

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေးအတိုက်အခံများ၊ ပြည်မ-အစွန်အဖျား တင်းမာမှုနှင့် ပြည်တွင်း ပဋိပက္ခများက ပတ်လည်ဝိုင်းနေပြီး တိုင်းပြည်ကို မည်ကဲ့သို့ အုပ်ချုပ်သင့်သည်ကို သဘောတူညီမှုရရှိရန်မှာ ခက်ခဲသည်။ နိုင်ငံအဆင့် တင်းမာမှုများသည် ဆက်လက်ဖြစ်ပေါ်နေပြီး ထပ်ခါ တလဲလဲဖြစ်သော နိုင်ငံရေးအကြပ်အတည်းများ၊ မဖွံ့ဖြိုးမတိုးတက်ခြင်းနှင့် လူထုဆန္ဒပြပွဲများကို အကြမ်းဖက် ဖြိုခွင်းခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၂၁ စစ်တပ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်တွင် နိုင်ငံ၏နေရာအများ အပြားတွင် ဖြစ်ပွားခဲ့သော ခုခံတော်လှန်မှုများအကြား နိုင်ငံအခြေအနေမှာ ပိုမိုပြင်းထန်လာခဲ့သည်။ ၂၀၂၂ ပထမနှစ်ဝက်အတွင်း အရပ်သားပြည်သူများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များသည် ကမ္ဘာပေါ်ရှိ အခြားသော နိုင်ငံများထက် မြန်မာနိုင်ငံတွင် ပိုမိုများပြားလာခဲ့သည်။[7] တိုင်းနှင့်ပြည်နယ်အဆင့်တွင် တိုင်းရင်းသား လူမျိုးစုများနှင့် ဗဟိုအာဏာပိုင်များ အထူးသဖြင့် စစ်တပ်အကြား ကာလရှည်ကြာ ပဋိပက္ခများ ဆက်လက် ဖြစ်ပွားခဲ့သည်။ ဤအစီရင်ခံစာသည် ၂၀၂၁အာဏာသိမ်းမှုမတိုင်မီ ဆယ်စုနှစ်များ အတွင်း ဤပဋိပက္ခများကို အဓိကအာရုံစိုက်၍ အထူးသဖြင့် ၎င်းတို့အားဆွေးနွေးမှုများမှတဆင့် ဖြေရှင်းရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပံ့ပိုးကူညီမှုကို အလေးထားလေ့လာပါသည်။ ပြည်ထောင်စုနှင့် တိုင်း/ပြည်နယ် အဆင့်များတွင် တင်းမာမှုများ သည် ဆုံချက်ရှိသည်ကို တိုင်းရင်းသားခေါင်းဆောင်များ၏ ၂၀၂၁ စစ်အာဏာသိမ်းမှုအပေါ် တုံ့ပြန်ဆောင်ရွက်မှု များတွင် မြင်သာနိုင်ပြီး တိုင်းနှင့်ပြည်နယ်အဆင့်ရှိ ပဋိပက္ခများသည်လည်း ၎င်းတို့ကိုယ်ပိုင်ကွဲပြားခြားနား သော ပြောင်းလဲစေနိုင်သည့် အရှိန်အဟုန်များ (dynamics) ရှိသည်။ မြန်မာ့နယ်စပ်ဒေသအများစုမှာ နိုင်ငံလူဦးရေ သုံးပုံတစ်ပုံခန့်ရှိသော တိုင်းရင်းသားလူမျိုး သို့မဟုတ် ဘာသာရေးနှင့် ဘာသာစကား လူနည်းစု လူမှုအသိုင်းအဝိုင်းများ နေထိုင်ရာနေရာဖြစ်ပြီး အလယ်ပိုင်းနှင့်အောက်ပိုင်းဒေသများတွင် ဗမာလူမျိုးစုများ နေထိုင်ကြသည်။[8] နိုင်ငံရေး၊လူမှုရေးနှင့် စီးပွားရေး တို့တွင် လူနည်းစုများအား ဖယ်ထုတ်ထားခြင်းနှင့် ဗမာကြီး စိုးသော အာဏာရှင်အစိုးရအဆက်အဆက်၏ တရားဝင်မှုမရှိခြင်းတို့က အချိန်ကြာလာသောအခါ ဤဒေသများ တွင် တိုင်းရင်းသားများအပေါ် အကြမ်းဖက်မှုများနှင့် ပဋိပက္ခများဖြစ်လာစေသည်။

အာဏာပိုင်များသည် တိုင်းရင်းသားအစုအဖွဲ့များနှင့် ၎င်းတို့၏ခေါင်းဆောင်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပြဋ္ဌာန်းစီမံပိုင်ခွင့် မျှော်မှန်းချက်အမျိုးမျိုးကို စုစည်းထင်ဟပ်သော ပြည်ထောင်စုတစ်ခု တည်ထောင်ရန် ပျက် ကွက်ခဲ့သည်။ ယင်းအစား ဗဟိုချုပ်ကိုင်သော အာဏာရှင်နည်းလမ်းကိုသာ ကိုင်စွဲဆောင်ရွက်ခဲ့သည်။ စာချုပ်ပါ အချက်များအတိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း ၁၉၄၇ ပင်လုံစာချုပ်သည် အနာဂတ်မြန်မာ့ ဖက်ဒရယ်စနစ်အတွက် အခြေခံဖြစ်ပြီး အချို့ EAO များက ယင်းကို ၎င်းတို့ဆက်လက်တိုက်ပွဲဝင်နေရသော တန်းတူညီမျှမှု နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် သမိုင်းဝင်အကိုးအကားအဖြစ် ရှုမြင်ကြသည်။ NCA ၏ ပထမအပိုဒ်တွင် ပင်လုံစာချုပ်ကို ဖော်ပြထားပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-၂၁ရာစုပင်လုံ၏ အခြေခံ သဘောတရားဖြစ်သည်။[9] စစ်အစိုးရ အဆက်ဆက်က ခေတ်မမီတော့သော အလွန်တင်းကြပ်သော ဝိသေသ လက္ခဏာသတ်မှတ်မှု အမျိုးအစားများကို နိုင်ငံတော်အဖွဲ့အစည်း၏ အဓိကအစိတ်အပိုင်းအဖြစ် အသုံးပြုမှုက မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးရေးဆိုင်ရာမျှော်မှန်းချက်၏ အခြေခံအချက်နှင့် အတိုက်အခံဖြစ်စေသည်။ ဤသည်က ဗုဒ္ဓဘာသာ၊ ဗမာလူမျိုး အမျိုးသားများ၏ ကာလရှည်စိုးမိုးမှုကို ဆက်လက်တည်မြဲစေခဲ့သည်။[10]

စစ်တပ်သည် အင်အားသုံးခြင်း၊ နယ်မြေစုစည်းခြင်း၊ ဗမာပြည်နယ် လုပ်ပိုင်ခွင့် အာဏာတိုးချဲ့ခြင်းနှင့် အခြား နည်းလမ်းများဖြင့် ၎င်း၏ ထိန်းချုပ်မှုကို ဆက်လက်ပြန့်ပွားရန် ကြိုးစားခဲ့သည်။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့် စစ်ပြုခြင်းအဆုံးသတ်ရန်ကို စေ့စပ်ညှိနှိုင်းမှုများနှင့် နှစ်ဖက် အပစ်အခတ်ရပ်စဲမှုတို့ဖြင့် ကြိုးပမ်းအားထုတ်မှုများရှိခဲ့သည်။ ဥပမာ ဗိုလ်ချုပ်နေဝင်းသည် ၁၉၆၃–၆၄ တွင် "တစ်နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေး ညီလာခံ"ကို ကျင်းပခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ထိုအချိန်က အင်အားကြီးမားသော လက်နက်ကိုင်အဖွဲ့) နှင့် ညှိနှိုင်းဆွေးနွေးမှုများ မှတဆင့် အပစ်အခတ် ရပ်စဲရေးများပြုလုပ်ခဲ့သည်။ ဤကြိုးပမ်းမှုများမှာ ရေရှည်မတည်တံ့ပဲ ရလဒ်အဖြစ် ၂၀၁၆ အရောက်တွင် မြန်မာစစ်တပ်၏ ဆက်စပ်သြဇာခံ အရံတပ်ဖွဲ့များဖြစ်သည့် နယ်ခြား စောင့်တပ်ဖွဲ့များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ များအပါအဝင် နိုင်ငံတဝှမ်းအတွင်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ၂၀ ကျော်ရှိလာပြီး အရှိန်အဟုန်ဖြင့် တိုးပွားလာခဲ့သည်။[11]

အာရှဖောင်ဒေးရှင်း၏ ၂၀၁၆ ခုနှစ် သုတေသန အရ မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ် ၁၄၃ အနက် အနည်းဆုံး ၁၁ ခုတွင် ပေါ်ပေါ်ထင်ထင် နှင့် ၎ပ်လျှိုးနေသော ဒေသအဆင့်ပဋိပက္ခများ ဖြစ်ပွားနေခဲ့သည် (ပုံ ၁)။ မြန်မာနိုင်ငံ၏ မြို့နယ်စုစုပေါင်း ၃၃၀ အနက် ၁၁၈ မြို့နယ်နှင့် မြန်မာနိုင်ငံ လူဦးရေ လေးပုံတစ်ပုံကို ကိုယ်စား ပြုနေသော အဆိုပါ အတိုက်အခံဖြစ်ပွားနေ သည့် နယ်မြေတစ်ခုစီတွင် ဗဟိုအစိုးရ၏ အခွင့် အာဏာကို စိန်ခေါ်သော အဖွဲ့တစ်ဖွဲ့ သို့မဟုတ် တစ်ဖွဲ့ထက်ပိုသော EAO များ အခြေစိုက်နေ သည်။ လက်နက်ကိုင် အကြမ်းဖက်မှုနှင့် ဤ လက်နက်ကိုင်အဖွဲ့များ (တိုင်းရင်းသား လူမှု အသိုင်းအဝိုင်းများနှင့် ဆက်စပ်နေလေ့ရှိ) တည်ရှိနေခြင်းမှာ ဝေးလံခေါင်သီသော နယ်စပ် ဒေသများ၌သာ စိုးရိမ်ဖွယ်ရာ မဟုတ်ပဲ အချို့ သော ပဋိပက္ခဒဏ်ခံရသော ဒေသများမှာ မြို့တော် နေပြည်တော် သို့မဟုတ် အကြီးဆုံး မြို့ရန်ကုန်နှင့် ၁၀၀ ကီလိုမီတာမျှသာ ဝေး သည်။ သက်တမ်းရှည်ကြာသော EAO အများ အပြားတွင် နိုင်ငံရေးနှင့် စစ်ရေး ဌာနများရှိကြ ပြီး တိုက်ခိုက်မှုစွမ်းရည်မှာမူ (တစ်ဖွဲ့နှင့်တစ်ဖွဲ့) ကြီးစွာကွဲပြားကြသည်။ ပိုမိုကြီးမားသောအဖွဲ့များသည် နယ်မြေအများအပြားကို ထိန်းချုပ်ထားပြီး အဓိကစီးပွားရေးပိုင်ဆိုင်မှုများရှိသည်။ EAO များတွင် အင်အား အကြီးဆုံးအဖွဲ့ဖြစ်သည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်သည် တပ်ဖွဲ့ဝင် ၃၀,၀၀၀ ကို စုစည်းဆောင် ရွက်နိုင်သည်။[12]

၁၉၈၀ ပြည့်နှစ်များနှင့် ၁၉၉၀နှစ်များ နှောင်းပိုင်းကာလတွင် EAO အများ



ပုံ ၁။ မြန်မာနိုင်ငံရှိ EAOများ၊ *မြန်မာနိုင်ငံ၏ အတိုက်အခံဖြစ်ပွားနေသည့် ဒေသများ* စာတမ်းမှ

အပြားနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲ ရေး သဘောတူစာချုပ်များချုပ်ဆိုခဲ့ခြင်းက သမ္မတဦးသိန်းစိန်လက်ထက် NCA တိုးတက်ဖြစ်ပေါ်လာမှုအတွက် အခြေခံအုတ်မြစ်ဖြစ်လာစေသည်။[13] ဤပဋိပက္ခစီမံခန့်ခွဲရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့်အတူ အငြင်းပွား ဖွယ် ၂၀၀၈ အခြေခံဥပဒေသည် စစ်တပ်၏ နိုင်ငံရေးသြဇာ၊ သက်တမ်းနှင့် အမှီခိုကင်းစွာရပ်တည်နိုင်မှုတို့ကို ပိုမိုအမြစ်တွယ် အားကောင်းစေပြီး ဒီမိုကရေစီအစိတ်အပိုင်းအချို့ကို စတင်မိတ်ဆက်ခဲ့သည်။ တစ်ချိန်တည်း တွင်ပင် စစ်ပန်းမှုနှင့် အပြောင်းအလဲဖြစ်နိုင်ချေရှိမှုတို့က စစ်တပ်နှင့် EAO ခေါင်းဆောင်အချို့တို့ကို ပိုမိုခိုင်မာ ရေရှည်ခံသော ဖြေရှင်းမှုရရှိအောင် လုပ်ဆောင်ကြရန် တွန်းအားဖြစ်စေခဲ့သည်။ ဦးသိန်းစိန်၏ ကတိသစ္စာပြု မိန့်ခွန်းသည် ဆယ်စုနှစ်များစွာကြာ ပြည်သူလူထု ခံစားခဲ့ရသည့် "မရေတွက်နိုင်အောင် များပြားသော ဒုက္ခ သုက္ခ ဝရဲခန်းများ" အတွက် နောင်တနှင့် ဝမ်းနည်းကြောင်းကို ဖော်ပြခဲ့သည့် ပထမဆုံးသော စစ်ခေါင်းဆောင် အဖြစ် လူအများအပြားက ယူဆခဲ့ကြသည်။[14] အရပ်ဘက်အဖွဲ့အစည်းများနှင့် EAO ခေါင်းဆောင်များနှင့် ချိတ်ဆက်မှုဖြစ်စေခဲ့ပြီး မိန့်ခွန်းသည် ကြီးမားသော အပြောင်းအလဲတစ်ခုဖြစ်လာတော့မည့်အကြောင်းအချက် ပြခဲ့သည်။

၂၀၁၀ မှစ၍ နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများစွာ ကြုံတွေ့ခဲ့သည်။ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံး အထွေ ထွေရွေးကောက်ပွဲကျင်းပခဲ့မှု၊ အရပ်သားတစ်ပိုင်းအစိုးရ (အငြိမ်းစားတပ်အရာရှိများဖြင့် ဖွဲ့စည်းထားသော စစ် တပ်ဘက်ပင်း ပါတီမှဦးစီးသည်) ပေါ်ထွက်လာမှု၊ ဆယ်စုနှစ် နှစ်စုကျော်ကြာ နေအိမ်အကျယ်ချုပ်ကျခံနေရ သော ဒီမိုကရေစီလိုလားသူ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှု၊ Global North အဖွဲ့ဝင် နိုင်ငံအများ အပြားက စီးပွားရေးပိတ်ဆို့အရေးယူမှုဖြည်းဖြည်းချင်းဖြေလျော့ပေးမှုနှင့် နိုင်ငံ၏ စီးပွားရေးကဏ္ဍ လျင်မြန်စွာ ကြီးထွားလာမှု စသည့် ပြုပြင်ပြောင်းလဲမှုများ စွာဖြစ်ပေါ်ခဲ့သည်။ နိုင်ငံ၏ အချို့နေရာများတွင် လူမှုဘဝ အခြေ အနေများ လျင်မြန်စွာတိုးတက်ကောင်းမွန်လာခဲ့သည်။ ဤအပြောင်းအလဲများနှင့် ၂၀၁၅ခု နှစ်တွင် NCA လက်မှတ်ရေးထိုးမှုတို့က နိုင်ငံတကာ သံတမန်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့/ပုဂ္ဂိုလ်များအပေါ် သိသိသာသာ လှုပ်ခတ်မှုများဖြစ်စေခဲ့သည်။

NCA ရေးဆွဲရေးလုပ်ငန်းစဉ်အတွင်း EAO ခေါင်းဆောင်များသည် ပြန်လည်သုံးသပ်ခြင်းနှင့် လုပ်ငန်း အစည်း အဝေးများစွာကို ၂၀၁၂ နှစ်ကုန်ပိုင်းတွင် ပြုလုပ်ခဲ့ကြပြီး ယင်းအစည်းအဝေးများမှ သဘောတူစာချုပ်၏ အဓိက အစိတ်အပိုင်းများ ဖော်ထုတ်ခဲ့သည်။[15] EAO တစ်ခုချင်းစီနှင့် ချုပ်ဆိုခဲ့သော နှစ်ဖက်သဘောတူစာချုပ် များကို ပြန်လည်ဆန်းစစ်ခဲ့ပြီး ဘုံတူညီသည့်အရာများကို စုစည်း၍ မပါဝင်သည်တို့ကို ဖြေရှင်းဆောင်ရွက်ခဲ့သည်။ ဥပမာ ရှိပြီးသား ညှိနှိုင်းထားသည့် အပစ်အခတ်ရပ်စဲရေးများတွင် အကောင်အထည်ဖော်ဆောင်ရေး ယန္တရား နှင့် ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် မပါဝင်ခဲ့ပါ။ ရလဒ်အားဖြင့် NCA တွင် ယင်း နှစ်ခုလုံး ရည်ညွှန်းပါဝင်ခဲ့သည်။ လုပ်ငန်းစဉ်အတွင်း အဓိက ပါဝင်ပတ်သက်သူတစ်ဦးမှ ပြန်လည်ပြောပြသည်မှာ-

> ကျင့်ဝတ်များနှင့် အခြေခံမူများကို အစက ရေးဆွဲခဲ့ပေမဲ့ အပစ်အခတ်ရပ်စဲမှုအပြင် EAO များက NCA ကို အခြေခံဥပဒေမူဘောင်ဆိုင်ရာ ဖြစ်စဉ်အစ ဖြစ်စေလိုခဲ့သောကြောင့် စနစ်ပြောင်းလဲမှုနဲ့ပတ် သက်တဲ့ အစိတ်အပိုင်းတစ်ခုပါရမှာပါ။ အဲ့ဒီကနေတဆင့် အငြင်းပွားဖွယ်အဖြစ်ဆုံး အစိုးရ ဖွဲ့စည်း ပုံများအပါအဝင် ကဏ္ဍသုံးခု ပါဝင်တဲ့ အပစ်အခတ်ရပ်စဲ ရေးထက်ပိုတဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး၊ နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များနဲ့ နောက်ဆုံးတွင် အကောင်အထည်ဖော် ဆောင်ရွက် ရန် အသွင်ကူးပြောင်းရေးစီမံမှုများ ဖြစ်ပေါ်လာပါတယ်။

ဤလုပ်ငန်းစဉ်မှ မူကြမ်း ၃ စုံ ပေါ်ထွက်လာသည်။ EAOများ၏မူကြမ်းနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC) နှင့် စစ်တပ်မှ ပြန်လည်ရေးဆွဲသည်များဖြစ်ပြီး ယင်းတို့ကို တစုတစည်း တည်းပေါင်းစည်းခဲ့သည်။ ရရှိလာသည့် သဘောတူညီချက်စာတမ်းသည် ပြောင်းလဲမှုဖြစ်စဉ်၏ ကျောရိုးမကြီး ဖြစ်လာပြီး အနာဂတ်တွင်ဖြစ်လာနိုင်သည့် သဘောမတူညီမှုများ၊ ပဋိပက္ခများရှိပါက ဖော်ထုတ်ဖြေရှင်းပေး မည် ဖြစ်သည်။[16]

မျှော်မှန်းထားသည့် အစိတ်အပိုင်းအများအပြား အကောင်အထည် မဖော်နိုင်ခဲ့သော်လည်း NCA သည် ထူးခြား သော အောင်မြင်မှုတစ်ခုဖြစ်သည်။ NCA လုပ်ငန်းစဉ်သည် အပစ်ခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အများပြည်သူများနှင့် အစိုးရ၏ သဘောထားအမြင်သို့ လေးလေးနက်နက် ရွှေ့လျားရန် အရေးကြီးသော လုပ်ငန်းဆောင်တာကိုလည်း ဆောင်ရွက်ခဲ့သည်။ NCA လုပ်ငန်းစဉ်မတိုင်မီ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများတွင်မူ သီးခြားဖြစ်သော သေးငယ်သည့် အစုအဖွဲ့များမှ သူများသာ ပါဝင်ခဲ့သော ကြောင့် သဘောတူညီချက်များကို အလွယ်တကူ ချမှတ်ရန် စီမံနိုင်ခဲ့သော်လည်း နယ်ပယ်အတိုင်းအတာအား ဖြင့် ပိုမိုကျဉ်းမြောင်းသည်။

ဤကာလအတွင်း အခြားချီးကျူးဖွယ် တိုးတက်မှုတစ်ခုမှာ ဥရောပသမဂ္ဂ နှင့် ဂျပန်နိုင်ငံအစိုးရတို့၏ ပံ့ပိုးမှုဖြင့် ထူထောင်ခဲ့သော MPC ဖြစ်သည်။ MPC သည် ဆယ်စုနှစ်များအတွင်း ပထမဆုံး စေ့စပ်ညှိနှိုင်းရေးကြိုးပမ်း ဆောင်ရွက်မှုဖြစ်သည့် ပဋိပက္ခတွင် ပါဝင်သူများအနေဖြင့် သတ်မှတ်အခြေအနေတခုတွင် တွေ့ဆုံပြီး ညှိနှိုင်း ဆွေးနွေးမှုများပြုလုပ်နိုင်ရန် ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးပြီး ငြိမ်းချမ်းရေးအစပျိုးအစီအစဉ် အားလုံးကို စီစဉ်ညှိနှိုင်းဆောင်ရွက်ပေးသည့် အစိုးရတစ်ပိုင်းအဖွဲ့အစည်းဖြစ်သည်။[17] အကြီးတန်းဝန်ထမ်း အများစုမှာ အနောက်နိုင်ငံများတွင် ပညာသင်ကြားပြီးနောက် မြန်မာနိုင်ငံသို့ပြန်လာကြသော ပြည်ပရောက် ဗမာများဖြစ်ကြသည်။ အမျိုးမျိုးသော ပြဿနာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြပြီး ငြိမ်းချမ်းရေး ကိစ္စရပ်များ ကို အဖွဲ့၏ ထိန်းချုပ်ပံ့ပိုးမှုဖြင့် သုတေသနပြုလုပ်ခဲ့သည်။ အဖွဲ့သည် ဆက်သွယ်ချိတ်ဆက်ရေးနှင့် ပြဿနာ ဖြေရှင်းရေးတို့ကို အဓိက ဆောင်ရွက်ရခဲ့ရပြီး နောက်ပိုင်းတွင် NCA လုပ်ငန်းစဉ်များ ရှေ့ဆက်တိုး ဆောင်ရွက်နိုင်စေရန် ကွန်ရက်များ ရှာဖွေပုံ၊ ပါဝါနှင့်သြဇာလွှမ်းမိုးမှုတို့ကို အသုံးချပုံတို့ကို သင်ယူသိရှိလာခဲ့ကြ သည်။ သာဓကအားဖြင့် စစ်တပ် သို့မဟုတ် အရပ်သားတစ်ပိုင်းအစိုးရဘက်၌ ပိတ်ဆို့တားမြစ်မှုများ ရှိလာခဲ့ ပါက နာမည်ကြီး ဘုန်းကြီးတစ်ပါးထံမှ ရာထူးကြီး ပုဂ္ဂိုလ်တစ်ဦးထံသို့ မေတ္တာရပ်ခံ ဖုန်းခေါ်ဆိုမှု တစ်ခုဖြင့် ယခင်က မလိုက်လျောလိုသော အရာများကို ပြေလည်သွားစေနိုင်ခဲ့သည်။[18]

MPC သည် ပြဿနာကိစ္စရပ်များကို ဆွေးနွေးရန်လိုအပ်သောအခါ မတူညီသော အဖွဲ့များကို ချဉ်းကပ်ခြင်း (သို့မဟုတ်) EAO များမှ နောက် တဆင့်တက်ရန် အဆင်သင့်ဖြစ်သောအခါများတွင် လက်တွေ့ကျကျဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သည်။ ယုံကြည်မှုတည် ဆောက်ခြင်းမှာ လုပ်ငန်းစဉ်၏ အဓိက အခြေခံဖြစ်ကြောင်း သိရှိ သော ကြောင့် ဤကာလအတွင်း အစပျိုးလုပ်ဆောင်မှုအချို့ကို ဆောင် ရွက်ခဲ့သည်။

- ***အစုအဖွဲ့များအကြား ဆက်ဆံရေးများကို ပုံမှန်ဖြစ်အောင်ပြုလုပ်ခြင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အတား အဆီးများကို ဖယ်ရှားရာတွင် အလေးထားရင်းနှီးမြှုပ်နှံမှု။*** အလွတ်သဘော စားသောက် တွေ့ဆုံခြင်းများမှတဆင့် အချင်းချင်း သိရှိနားလည်စေခြင်း။
- ***အဆင်သင့်ဖြစ်မှုနှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှု။*** အစည်းအဝေးများ သို့မဟုတ် တွေ့ဆုံဆွေးနွေးမှုများကို EAO များက တောင်းဆိုလာပါက ထိုတွေ့ဆုံမှုများအတွက် ချင်းမိုင် သို့မဟုတ် အခြားနေရာဒေသများသို့ ချက်ချင်းခရီးသွားရန် လိုအပ်ပါကလည်း အမြဲတစေဆောင်ရွက်ပေးခဲ့သည်။
- ***MPC သည် လုံခြုံစိတ်ချရသော ရုပ်ဝန်းတစ်ခုဖြစ်သည်။*** EAO ခေါင်းဆောင်များ ရန်ကုန်တွင် ရောက်ရှိ နေသည့်အခါ "MPC ကို မိမိတို့အိမ်အဖြစ် သတ်မှတ်ပါ" ဟူ၍ ပြောခဲ့ကြသည်။ ဤသည်နှင့်ဆက်စပ်၍ EAO ခေါင်းဆောင်များ၏ ကိုယ်ရေးကိုယ်တာ အခက်အခဲများကိုလည်း ကူညီပေးသော အခြားကြိုးပမ်း မှုများလည်းရှိသည်။ ဥပမာ မိသားစုကဆေးကုသမှု သို့မဟုတ် အခြားသော ပံ့ပိုးမှုလိုအပ်ပါက ယင်း အတွက် ကူညီဆောင်ရွက်ပေးပြီး ကုန်ကျစရိတ်များကို ကျခံပေးခဲ့သည်။

တိုင်းရင်းသားခေါင်းဆောင်တစ်ဦးထံမှ သိရသော ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ အသေးစိတ်အချက်မှာ ဦးသိန်းစိန် အစိုးရ၏ ရိုးစင်းသော ချဉ်းကပ်နည်း

ဖြစ်သည်။ စေ့စပ်ညှိနှိုင်းရေးခေါင်းဆောင် ဦးအောင်မင်းက အစုအဖွဲ့များ၏ အဆိုပြုချက်များအပေါ် အဆင့်လေးဆင့်ထားပြီး တုန့်ပြန်လေ့ရှိကြောင်းသိရသည်။ "ဒီကိစ္စ အတွက် ကျွန်တော် တာဝန်ယူပါ့မယ်၊ ဆက်ပြီးဆောင်ရွက်ပါ။" "ကျွန်တော် တပ်မှူးတွေနဲ့ ပြန်ပြောဖို့လိုတယ်။" "ကျွန်တော် သမ္မတကြီးဆီ ပြန်တင်ပြရမယ်။" နှင့် နောက်ဆုံးတွင် "ကျွန်တော်ဒီကိစ္စ၊ ဒီစည်းကိုတော့ မကျော်ရဲဘူး" ဟူ၍ ဖြစ်သည်။ EAO များအနေဖြင့် ဦးအောင်မင်းထံ ထပ်မံလာရောက်နိုင်သော်လည်း ရှေ့ဆက်ဆောင်ရွက်ရန် သူ လက်ခံလာရန်အတွက်မူ အထောက်အထားများဖြင့် ထပ်မံဆွေးနွေးရန်လိုအပ်သည်။[19] စစ်တပ်ဘက်ပင်း အစိုးရမှ မတူကွဲပြားစွာ တွေးခေါ်ဆောင်ရွက်နိုင်ရန်အတွက် သီးခြားနေရာတစ်ခု ဖန်တီးထားခြင်းကို ထိုအချိန် က ပွင့်လင်းမှုအသစ်တစ်ခုဖြစ်သည့် ညွှန်းကိန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။[20]

တစ်ချိန်တည်းတွင်ပင် ဤကာလအပိုင်းအခြားတွင် တင်းမာမှု အသစ်များနှင့် စိန်ခေါ်မှုအသစ်များ ဖြစ်ပေါ်ခဲ့ သည်။ NCA ဆွေးနွေးမှုများတွင် မပါသော နေရာဒေသများသည် အလားအလာကောင်းသည့် တိုးတက်မှုတွင် နောက်ကျန်ခဲ့နိုင်သည်။ အချို့အဖွဲ့များသည် ၎င်းတို့၏ကိုယ်ပိုင် သဘောထားအယူအဆများနှင့်ဆန့်ကျင်ကာ လက်မှတ်ရေးထိုးရန် ဖိအားပေးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်၌ ၁၇ နှစ် ကြာ အပစ်အခတ်ရပ်စဲရေး ကျိုးပျက်သွားပြီး ရှမ်းပြည်မြောက်ပိုင်းရှိ EAO များသည် တရုတ်နယ်စပ်တလျှောက်ရှိ အကျိုးအမြတ်များသော နယ်မြေများကို ချုပ်ထိန်းခွင့်ရရန် အချင်းချင်း တိုက်ခိုက်နေခဲ့သည်။ ရခိုင်ပြည်နယ် တွင် လူများစု တိုင်းရင်းသားလူမှုအသိုင်းအဝိုင်းသည် ဗမာအထက်တန်းစားများ၏ နိုင်ငံရေးအရ ဖိနှိပ်မှုက ပြင်းထန်သောဖြစ်ရပ်များကို ဖြစ်ပေါ်စေခဲ့သည်။ မူဆလင်ရိုဟင်ဂျာ အသိုင်းအဝိုင်းသည် ကာလရှည်ကြာ ဖိနှိပ်မှု များကို တွေ့ကြုံခံစားခဲ့ပြီး ၂၀၁၂ မှစ၍ ကြမ်းကြုပ်ရက်စက်မှုအများအပြားနှင့် အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှုများဖြစ်ပွားခဲ့သည်။ ဤသည်က ၂၀၁၇–၁၈ တွင် ဘက်ပေါင်းစုံအကြပ်အတည်းသို့ ရောက်ရှိစေခဲ့ပြီး ရိုဟင်ဂျာ လူမျိုး ၇၅၀,၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်နှင့် ဒေသတွင်းသို့ အတင်းအဓမ္မပြောင်းရွှေ့ခံခဲ့ရပြီး လူမျိုးတုံးသတ်ဖြတ် မှုအဖြစ်သတ်မှတ်ခြင်းခံခဲ့ရသည်။[21] ၂၀၁၆ အစပိုင်းတွင် ပြည်တွင်းနှင့် နိုင်ငံတကာ လေ့လာစောင့်ကြည့်သူ များက ဤဖြစ်ရပ်များသည် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေခြင်းမဟုတ် ဟူ၍ စတင်ရှုမြင်လာကြသည်။ ၂၀၁၆, ၂၀၁၇, ၂၀၁၈ နှင့် ၂၀၂၀ တို့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများ (UPCs) အပါအဝင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် နိုင်ငံရေးနှင့် ဘဏ္ဍာရေး အထောက်အပံ့များကို ဆက်လက်ဆွဲဆောင်နိုင်ခဲ့ သည်။ ၂၀၂၁ ဖေဖော်ဝါရီလ စစ်တပ်အာဏာမသိမ်းမှု မတိုင်မီကပင် သိသာမြင်သာသော ငြိမ်းချမ်းရေးဆီသို့ တိုးတက်မှု ရပ်တန့်သွားခဲ့ကြောင်း ရှင်းလင်းစွာသိမြင်နိုင်ခဲ့သည်။

NCA လုပ်ငန်းစဉ်တွင် အချို့အဖွဲ့များကို ပါဝင်ရန်ဖိတ်ကြားခြင်း၊ ကျန်အဖွဲ့များကို ချန်လှပ်ထားခြင်း၊ အဖွဲ့များ ကြား ကွဲလွဲမှုများကို ဖန်တီးခြင်းစသည့် EAOများအပေါ် စစ်တပ်၏ တသမတ်တည်းဖြစ်သော ဆက်ဆံမှုက နောက်ထပ်စိန်ခေါ်မှုများပေါ်ပေါက်လာစေခဲ့သည်။[22] EAO ဘက်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူ လက်မှတ်ထိုးထားခြင်း သို့မဟုတ် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်ခြင်း စသည့် အခြေအနေအမျိုးမျိုးက ထပ်မံ ရှုပ်ထွေးစေသည်။ အချို့ EAO များသည် စစ်တပ်နှင့် နှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိပြီး သို့မဟုတ် ၎င်းတို့ နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေဆဲ ဖြစ်သည်။ အမျိုးမျိုးသော တိုင်းရင်းသား ညီလာခံများတွင် ပါဝင်ခဲ့ကြသူများနှင့် UPC များတွင် လေ့လာစောင့်ကြည့်သူများ သို့မဟုတ် ပါဝင်ကြသူများ ဟူ၍ အုပ်စုများကြား ကွဲပြားမှုများလည်းရှိခဲ့သည်။ ထို့အပြင် လက်နက်ကိုင်အချို့မှာ EAO များအဖြစ် သတ်မှတ် ရန် မကိုက်ညီသော ပြည်သူ့စစ်များနှင့် အခြားအဖွဲ့များဖြစ်ပြီး ၎င်းတို့၏ ဆောင်ရွက်လှုပ်ရှားမှုများမှာ ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်တွင် အကျုံးမဝင်ပါ။ ဤခွဲခြားဆက်ဆံမှုသည် NCA လုပ်ငန်းစဉ်နှင့် စစ်တပ်အပေါ် တစ်ဖွဲ့ချင်းစီက မည်သည့် အတိုင်းအတာအထိ ယုံကြည်လိုသည့် ဆန္ဒရှိမှုတို့အပေါ် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများရှိခဲ့သည်။ဤ ပြောင်းလဲမှုများမှတဆင့် EAO များကို ၎င်းတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မှုအရ များပြားသော အမျိုးအစားများ ခွဲခြားနိုင်သည်။ (ပုံ ၂)

ပုံ ၂။ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များနှင့် လက်မှတ်မရေးထိုးထားသည့်အဖွဲ့များ အကျဉ်းချုပ်[23]

NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များ	လက်မှတ်မရေးထိုးထားသည့် EAO များ
• Government of Myanmar • မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) • ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) • ချင်းအမျိုးသားတပ်ဦး (CNF) • ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA) • ကရင်အမျိုးသားအစည်းအရုံး (KNU) • ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေး ကောင်စီ) (KNU/KNLA-PC) • သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) • ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) • လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) (၂၀၁၈ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်) [d] • မွန်ပြည်သစ်ပါတီ (NMSP) (၂၀၁၈ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်)	**Groups invited to sign by the military/government** • ကချင်လွတ်လပ်ရေးတပ်မတော် (KIA) [a] • ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) [a] • အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်တော် (NDAA) [b] • နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) [c] • ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) [a] • ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) [b] **စစ်တပ်/အစိုးရ မှ လက်မှတ်ရေးထိုးရန် မဖိတ်ကြားခဲ့သော အဖွဲ့များ** • ရက္ခိုင်တပ်တော် (AA) • ရခိုင်ပြည်အမျိုးသားကောင်စီ(ANC) [e] • မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNDAA) • တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) • ဝအမျိုးသားအစည်းအရုံး(WNO)

မှတ်စုများ

(a) KIA၊ KNPP နှင့် SSPP တို့သည်NCA လက်မှတ်ရေးထိုးခြင်းသည် ၎င်းတို့မျှော်မှန်းအခြေအနေများ ဖြစ်လာမည်မဟုတ်ဟု ယူဆခဲ့ကြသည်။
(b) UWSA နှင့်NDAA တို့သည် NCAလက်မှတ်ရေးထိုးရန် စိတ်ဝင်စားမှု နည်းပါးသည်။
(c) NSCN-K သည် မဆုံးဖြတ်ရသေးပဲ အိန္ဒိယ၏ အခန်းကဏ္ဍသည် ရှုပ်ထွေးသော အကြောင်းအရာတစ်ခုဖြစ်သည်။
(d) LDU ကို မူလက NCA လက်မှတ်ရေးထိုးရန် မဖိတ်ကြားခဲ့သော်လည်း နောက်ပိုင်းတွင် ခွင့်ပြုခဲ့သည်။
(e) ANC ကို လက်မှတ်ရေးထိုးရန် မဖိတ်ကြားခဲ့ပေ သို့သော် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ပြုမည်ဟု သိရသည်။[24]

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးကြီးသော ရှုထောင့်/ကဏ္ဍများ

ဤအပိုင်းတွင် မကြာသေးမီက ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများ၏ နောက်ခံအခင်းအကျင်း ရှုပ်ထွေးမှု များကို ရေးသားထားပြီး ၎င်းတို့၏ စိန်ခေါ်မှုများနှင့် အောင်မြင်မှုများနှင့်ပတ်သက်၍ ပိုမိုနားလည်သဘော ပေါက်စေမည်ဖြစ်သည်။ ပြည်တွင်းအဖွဲ့/ပုဂ္ဂိုလ်များ၏ ရပ်တည်ချက်နေရာများနှင့် လုပ်ဆောင်မှုများကို ဖော်ပြ ထားသည်။ နိုင်ငံခြားအစိုးရများနှင့် ထောက်ပံ့ကူညီမှုအလှူရှင်များ၏ လုပ်ဆောင်မှုများကို ဤသုတေသန လေ့လာမှု၏ ဒုတိယစာတမ်း *မြန်မာနိုင်ငံငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် နိုင်ငံခြားကူညီထောက်ပံ့မှုမှ သင်ခန်းစာများတွင်* ဆွေးနွေးတင်ပြပါမည်။ ဤအပိုင်းတွင် စူးစမ်းလေ့လာထားသည့် ရှုပ်ထွေးမှုမျိုးကို တခါတရံ "ပတ်လည်ရိုက်ပြဿနာများ"ရည်ညွှန်းသုံးနှုန်းလေ့ရှိသည်။ ဆက်နွယ်နေသော အချက်များစွာနှင့် ဆန့်ကျင်ဖက်ဖြစ်သော အချက်များကြောင့် ဖြေရှင်းရန် ခက်ခဲပြီး ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ခက်ခဲသော၊ များသောအားဖြင့် ပြောင်းလဲနေသည့် လိုအပ်မှုများ ရှိနေသော ပြဿနာရပ်မျိုး ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး နှင့် စီးပွားရေး အခင်းအကျင်းသည် ပတ်လည် ရိုက်ပြဿနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အံဝင်ခွင်ကျဖြစ်သည်။ ဤရှုမြင်မှုသည် အဖြေများနှင့်ပတ်သက်၍ အမြင်စဉ်းစားသုံးသပ်မှုအသစ်များ ပေးနိုင်မည်ဖြစ်ပြီး ကောက်နုတ်ချက် ၁ တွင် ထပ်မံ စူးစမ်းလေ့လာထား သည်။

ကောက်နုတ်ချက် ၁။ NCA လုပ်ငန်းစဉ်အတွင်းရှိ ပတ်လည်ရိုက် ပြဿနာများ

Horst Rittel က ၁၉၇၃ ခုနှစ်တွင် စတင်ရေးသားဖော်ပြခဲ့သည့် "ပတ်လည်ရိုက် ပြဿနာ" ကို "၎င်း၏ ရှုပ်ထွေးပြီး အပြန်အလှန်ဆက်နွယ်နေသည့် သဘောသဘာဝကြောင့် ဖြေရှင်းရန် ခက်ခဲသော သို့မဟုတ် ဖြေရှင်းရန်ပင် မဖြစ်နိုင်သော လူမှုပြဿနာတစ်ခု" ဟုအဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် အပြုသဘောဆောင်သော၊ ရေရှည်တည်တံ့သော၊ ဆက်တိုက်ဖြစ်သော တိုးတက်မှုများ ဖြစ်နိုင်ချေရှိမှုကို ထိခိုက် စေသည့် ခက်ခဲလက်ဝင်သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

အဓိကအစုအဖွဲ့များထံမှ အပြုသဘောဆောင်သော နိုင်ငံရေးစိတ်ဆန္ဒ ဖြစ်ပေါ်လာစေခြင်း

- မြန်မာစစ်တပ်သည် အာဏာစွန့်ရန် ဆန္ဒမရှိခဲ့ပါ။ အတိုက်အခံအစုအဖွဲ့များအပါ ရန်လိုသည့် အပြုအမူ မူများကို ဆက်လက်လုပ်ဆောင်ခဲ့ပြီး တခါတရံ တစ်ဖွဲ့အား အပစ်အခတ်ရပ်စဲရေးဖြင့် ခွေးသိပ်ထားချိန်တွင် အခြားအဖွဲ့များအား ထိုးစစ်ဆင်နေခဲ့သည်။ ဤအပြုအမူများကို ဆင်ခြင် ကြည့်ခြင်းဖြင့် အထူးသဖြင့် ဦးသိန်းစိန် သမ္မတမဟုတ်တော့သည့်နောက်ပိုင်းတွင် NCA ဖြစ်စဉ်ပေါ် အကောင်းမြင်မှုများမှာ ပျောက်ဆုံးသွားခဲ့သည်။
- ပါဝင်သူအားလုံးသည် ၎င်းတို့၏ ရပ်တည်ချက်၊ ရှုထောင့်များနှင့် ရည်မှန်းချက်များအား ပြောင်းလဲရန်အတွက် စစ်တပ်အပေါ် မှီခိုခဲ့ကြသည်။ သို့သော်လည်း အဓိကခေါင်းဆောင်များသည် ၎င်းတို့၏ ကိုယ်ပိုင်သတ်မှတ်ထားသော ပန်းတိုင်များမှ သွေဖည်သွားဖွယ်မရှိသော သမိုင်းကြောင်းအရ သီးခြားဖြစ်သော အဖွဲ့အစည်းတစ်ခုအနေဖြင့် စစ်တပ်ကို နိုင်ငံခြားအလှူရှင်အများအပြားနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအစုအဖွဲ့ ပုဂ္ဂိုလ်များမှ ကောင်းစွာ နားမလည်ခဲ့ကြပေ။
- NCA လုပ်ငန်းစဉ်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ ချဉ်းကပ်ဆောင်ရွက်ပုံနှင့် EAO များကို ဆက်ဆံပုံတို့သည် ၎င်း၏ နိုင်ငံရေးစိတ်ဆန္ဒရှိမှုရေချိန်ကို မေးခွန်းထုတ်စေခဲ့သည်။ အကယ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျယ်ပြန့်သော လူထုကမ်ပိန်းဖြင့် ဆောင်ရွက်နိုင်ခဲ့လျှင် လူထုမှ အပြင်းအထန်တောင်းဆိုမှုရှိပါက ဒေါ်အောင်ဆန်းစုကြည်ကို စိတ်ပြောင်းစေနိုင်ခဲ့မည်ဖြစ် သည်။[25]

မြန်မာနိုင်ငံရှိ ကာလရှည် နိုင်ငံရေးအခြေအနေအခင်းအကျင်း အပြောင်းအလဲများ

- သမ္မတဦးသိန်းစိန်သည် သူ့အစိုးရသက်တမ်းအတွင်း လျင်မြန်သော အပြောင်းအလဲဖြစ်စေလိုသော ဆန္ဒရှိခဲ့သော်လည်း နိုင်ငံရေးစိတ်ဆန္ဒ လုံလောက်စွာမရှိမှုနှင့် ဆောင်ရွက်နိုင်စွမ်းရည်ဆိုင်ရာ အခက်အခဲများက နိုင်ငံရေးအခွင့်အလမ်းများကို အကျိုးရှိအောင်အသုံးချနိုင်စွမ်းနှင့် ရှိပြီးသား တိုးတက်မှုအရှိန်ကို ထိန်းသိမ်းနိုင်မှုတို့ကို အတားအဆီးဖြစ်ခဲ့သည်။[26]
- ထိုလုပ်ငန်းစဉ်များကို အရင်းပြုရန်အတွက် တည်ဆဲနိုင်ငံရေးစံနှုန်းများ သို့မဟုတ် ယဉ်ကျေးမှုဆိုင် ရာ မျှော်မှန်းချက်များ မလုံလောက်ခြင်းသည် သီအိုရီနှင့် လက်တွေ့အကြား ကြီးမားသော ကွာဟ ချက်ကို ဖြစ်ပေါ်စေခဲ့သည်။ တစ်ဦးနှင့်တစ်ဦး အပြုသဘောဖြင့် ထိတွေ့ဆက်ဆံနိုင်စေရန် မတူညီ သော သက်ဆိုင်သူများအားလုံးတွင် လိုအပ်သော အရည်အချင်းများ ရှားပါးလာခဲ့သည်။

အစုအဖွဲ့များကြား ယုံကြည်မှုနှင့် လေးစားမှု ပျိုးထောင်ခြင်း

- အနောက်နိုင်ငံ အလှူရှင်များသည် အများအားဖြင့် ရေတိုအမြင်များသာရှိပြီး ငြိမ်းချမ်းရေးဆိုင်ရာ တိုးတက်မှုများအတွက် လက်တွေ့မကျသော ရည်မှန်းချက်များကို ထားရှိတတ်ကြသည်။ အထူး သဖြင့် သဘောတူညီချက်များ မချမှတ်နိုင်မီတွင် အတိုက်အခံ အစုအဖွဲ့များအကြား ယုံကြည်မှု အခြေခံအုတ်မြစ်များ တည်ဆောက်ရန်လိုအပ်ချက်နှင့် ပတ်သက်၍ဖြစ်သည်။[27]
- ၎င်းတို့၏ ဦးစားပေးအရာများနှင့် ၎င်းတို့အပေါ် မြန်မာ စစ်တပ်၊ အရပ်သားအစိုးရနှင့် တခါတရံ နိုင်ငံတကာအသိုင်းအဝိုင်းမှပင် လေးစားမှုမရှိကြောင်း တိုင်းရင်းသား အစုအဖွဲ့ ပုဂ္ဂိုလ်အများအပြား က ထုတ်ဖော်ပြောခဲ့သည်။ ကနဦး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ သော MPC နှင့် အခြားသူများသည် အစုအဖွဲ့များကြား ယုံကြည်မှုနှင့် လေးစားမှု တိုးပွားလာရန် အပြင်းအထန် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြသည်။

စိန်ခေါ်မှု ၁။ စစ်အာဏာရှင်စနစ်၏ နိုင်ငံရေးအမွေ

၂၀၁၀ ခုနှစ်အစောပိုင်းကာလများ၌ မြန်မာစစ်တပ်မှ ဦးစီးဆောင်ရွက်ခဲ့သော အုပ်ချုပ်မှုစနစ်အတွင်းပြုလုပ်ခဲ့ သော ငြိမ်းချမ်းရေးဆွေးနွေးမှုများသည် ဗဟိုချုပ်ကိုင်မှုအလွန်မြင့်ပြီး လူထုကို တာဝန်ခံမှုမရှိခဲ့ပါ။ ဤသည်က ငြိမ်းချမ်းရေးတည်ဆောက်မှုပုံစံအတွင်း ကိုယ်စားပြုမှုနှင့် ပါဝင်နိုင်သည်ဖြစ်စဉ်များ အစပြုအကောင်ထည် ဖော်ရန် ခက်ခဲစေခဲ့ပြီး အမှန်တကယ် အသွင်ကူးပြောင်းမှု ရလဒ်များထွက်ပေါ်လာစေရန် လုပ်ဆောင်နိုင်စွမ်း ကို အားနည်းစေခဲ့သည်။

၂၀ ရာစု၏ ဒုတိယပိုင်းကာလတွင် ဆယ်စုနှစ်များစွာသော စစ်အာဏာရှင်စနစ်က လူ့အဖွဲ့အစည်းအတွင်း ခွဲခြားမှုများကို ပိုမိုပြင်းထန်စေခဲ့ပြီး ဘာသာရေး၊ လူမျိုးရေး၊ ကျား-မရေးရာ (ဂျန်ဒါ) နှင့် လူတန်းစားအလွှာ အလိုက် ပါဝါအဆင့် မတူညီမှုများကို ပိုမိုနက်ရှိုင်းစေခဲ့သည်။ အစိုးရသည် ပွင့်လင်းသော ဆွေးနွေးမှုများကို တားမြစ်ကန့်သတ်ခဲ့ပြီး အစုအဖွဲ့အများအပြားက ၎င်းတို့သက်ဆိုင်ရာလူထုနှင့် နယ်မြေအသီးသီးကို မတူညီသောနည်းလမ်းများဖြင့် ဦးဆောင်စီမံမှုများကို ဖြစ်စေသည့် အကွဲကွဲအပြားပြား နိုင်ငံရေးစနစ်တစ်ခုကို ပေါ်ပေါက်စေခဲ့သည်။ ဗမာတိုင်းရင်းသားများ အများအပြားနေထိုင်ကြသော မြို့ပြဒေသများမှ NLD ထောက်ခံ သူများမှသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ရည်မှန်းချက်အမျိုးမျိုးရှိကြသော EAO အကြီးနှင့်အသေး အဖွဲ့များ အခြေစိုက်ရာ နယ်စပ်ဒေသများနှင့် မြန်မာစစ်တပ်အထိ ကွဲပြားနေခဲ့သည်။ နိုင်ငံသားများ အခွင့်အရေးကို လေးစားမှုမရှိခြင်း၊ စီးပွားရေးအကျိုးအမြတ်၊ ယဉ်ကျေးမှုဝိသေသလက္ခဏာနှင့် လူအများစုဖြစ်သော အခွင့်ထူးခံ တိုင်းရင်းသားများ၏ တရားဝင်ဖြစ်မှုအလိုက် ဦးစားပေးသော မည်မျှသည့် စနစ်တို့ကြောင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအနေဖြင့် နှစ်ဆ ထိခိုက်နစ်နာနေကြရသည်။ မတူကွဲပြားမှုနှင့် တိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးများနှင့် အနေအထားအဆင့်အတန်းတို့ကို စီမံခန့်ခွဲမှုအပါအဝင် အစိုးရ မူဘောင်တစ်ခုလုံးသည် စိန်ခေါ်မှုများရှိနေပါသည်။ ဤအခြေခံ ပြဿနာရပ်များကို မဖြေရှင်းပါက ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် ဆက်လက်ခက်ခဲနေမည်ဖြစ်သည်။

လူများစု-လူနည်းစု အာဏာခွဲဝေခြင်းကိစ္စရပ်သည် နိုင်ငံတဝှမ်းရှိ နယ်မြေအားလုံး ကျေနပ်နိုင်မည့် နိုင်ငံရေးပုံစံ ဖြစ်ပေါ်လာမှုအတွက် အလွန်ခက်ခဲလက်ဝင်သော သမိုင်းဝင် ပြဿနာတစ်ရပ်ဖြစ်သည်။ ဤအခြေအနေတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် နယ်မြေစိုးမိုးထားသည့် လူမျိုးစုနှင့် ဆက်စပ်သတ်မှတ်လေ့ရှိသည်။ ဤချဉ်းကပ်ယူဆမှုနည်းလမ်းသည် တိုင်းရင်းသားအမျိုးအစားကဏ္ဍများကို တဖက်သတ် သတ်မှတ်သောအချိန် (နိုင်ငံတွင်း လူမျိုးစု ၁၃၅ ခုရှိသည်ဟု တရားဝင်သတ်မှတ်မှုတွင် မြင်သာ နိုင်သည်) နှင့် အာဏာပိုင်များထံသို့ နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ ထပ်မံတောင်းဆိုမှုများ ရှိလာသောအခါ အတား အဆီးများနှင့် ကြုံတွေ့ရသည်။[28] ငြိမ်းချမ်းရေးတည်ဆောက်ရေး ဆွေးနွေးမှုအချို့တွင် ဒေသခံအဖွဲ့များကို ဇုန်များ သတ်မှတ်၍ အုပ်ချုပ်စီမံခွင့်ပေးရန် လိုအပ်ကြောင်း အလေးထားဆွေးနွေးမှုများရှိခဲ့သော်လည်း မတူကွဲ ပြားမှုနှင့် ပြန့်ကျဲနေသော တိုင်းရင်းသားလူမျိုးစုများ နိုင်ငံတဝှမ်း ပိုမိုတိုးပွားလာမှုက ရေရှည်ဖြေရှင်းမှုများ သည် တိုင်းရင်းသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ်တွင်သာ အဓိကအလေးထားဆောင်ရွက်ရန်ထက် တိုင်းရင်းသား လူမျိုးအခွင့်အရေးများကို အာမခံနိုင်ရန်လိုအပ်သည်။

NCA အခင်းအကျင်းတွင် ဖက်ဒရယ်စနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှု အကြောင်း ဆွေးနွေးမှု များအတွင်း အာဏာခွဲဝေခြင်းသည် အကြိမ်များစွာ ဆွေးနွေးသည့် ကိစ္စရပ်ဖြစ်သည်။ သို့ရာတွင် မတူညီသော အာဏာခွဲဝေရေးပုံစံများကို သေချာစဉ်းစားအဖြေရှာခြင်းနှင့် အားလုံးပါဝင်သော အမျိုးသားရေးလက္ခဏာ တစ်ခု တည်ဆောက်ခြင်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးကြီးသောကဏ္ဍ မဟုတ်ခဲ့ပါ။ ထို့အပြင် ဗဟိုအစိုးရ အာဏာ၏ အခြေခံတရားဝင်မှုအပေါ် တိုင်းရင်းသားလူမှုအသိုင်းအဝိုင်း အများအပြားက ငြင်းဆန် ခြင်းဖြင့် အာဏာအရင်းအမြစ်များနှင့်ပတ်သက်သည့် ယူဆလက်ခံမှုများမှာ အတိုက်အခံဖြစ်နေပါသည်။ EAO ခေါင်းဆောင်များသည် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဒေသန္တရအဆင့် အုပ်ချုပ်ရေးစနစ်အမျိုးမျိုးကို ဖက်ဒရယ် ဆိုင်ရာ အစီအမံများဖြစ်စေရန် တွန်းအားပေးခဲ့သည်။ တစ်ချိန်တည်းတွင်ပင် အရပ်သားခေါင်းဆောင်အများ အပြားနှင့်အတူ စစ်တပ်သည် ပြည်တွင်း အာဏာခွဲဝေခြင်း သတ်မှတ်ချက်ပုံစံများအတွက် အကန့်အသတ်ရှိ သော နယ်ပယ်အတွင်းမှ ဗဟိုချုပ်ကိုင်မှု တစ်စိတ်တစ်ပိုင်းလျှော့ချသော လုပ်ငန်းတာဝန်အခန်းကဏ္ဍများ ပါဝင်သည့် ဗဟိုကစီမံခန့်ခွဲသည့် စနစ်တစ်ခုစတင်တည်ထောင်ရန် ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုနှင့် ဒေသအဆင့် နှစ်ခုလုံး၌ အာဏာခွဲဝေခြင်းနှင့် စီမံအုပ်ချုပ်မှုတို့တွင် အစုအဖွဲ့အားလုံး ပါဝင်နိုင်ပြီး ကိုယ်စားပြုမှု ရှိနိုင်သည့် သင့်တော်သည့် ဒီမိုကရေစီပုံစံတစ်ခုကို ရှာဖွေခြင်းသည် အနာဂတ် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၏ အရေးကြီးသော အုတ်မြစ်အခြေခံဖြစ်ရမည်ဖြစ်သည်။

စိန်ခေါ်မှု ၂။ တာဝန်ခံမှုအားနည်းခြင်းနှင့် အပေါ်ယံ ဒီမိုကရေစီ

ကိုလိုနီခေတ်လွန် စစ်အစိုးရအဆက်ဆက်သည် မြန်မာနိုင်ငံကို ပွင့်လင်းမြင်သာသော၊ ဒီမိုကရေစီ နည်းကျနှင့် ဗဟုနိုင်ငံရေးယဉ်ကျေးမှု မထွန်းကားအောင် ဆောင်ရွက်ခဲ့သည်။ EAO များနှင့် အရပ်သားခေါင်း ဆောင်များ သည် စိန်ခေါ်မှုများနှင့် အတားအဆီးများ ပေါ်ပေါက်လာသောအခါ ထိရောက်သောဖြေရှင်းမှုများ ဖော်ဆောင်ရန် အတွေ့အကြုံနှင့် လုပ်ဆောင်နိုင်စွမ်း မရှိခဲ့ပါ။

စစ်အစိုးရအဆက်ဆက်၏ နောက်ထပ် လက်ဆင့်ကမ်းကျန်ခဲ့မှုတစ်ခုမှာ အစုအဖွဲ့ပုဂ္ဂိုလ်များကြား ၎င်းတို့ ရင်ဆိုင်နေရသည့် နိုင်ငံရေးပြဿနာများကို ညှိနှိုင်းပြေလည်နိုင်စေမည့် အားကောင်းခိုင်မာသော ဒီမိုကရေစီ နည်းကျ ဆွေးနွေးမှု ယဉ်ကျေးမှုမရှိခြင်းပင်ဖြစ်သည်။ လူထု၏ အာဏာရှင် အပြုအမူဆိုင်ရာ အတွေ့အကြုံများသည် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး တင်မာမှုကို ပုံဖော်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ်နှင့် အရပ်သားအစိုးရတို့သည် ပကတိ ရန်သူများအဖြစ် ထင်မြင်နေသောကြောင့် ထိပ်တိုက်ရင်ဆိုင်မှု များနှင့် အပေးအယူလုပ်ရန် စိတ်ဝင်စားမှု နည်းပါးခြင်းကြောင့်ဖြစ်သည်။[29] အချိန်ကြာမြင့်စွာတည်ရှိပြီး ဖြစ်မှု၊ ပြဿနာများ၏ ခက်ခဲလက်ဝင်သော သဘောသဘာဝနှင့် ရာထူးနေရာအသီးသီးရှိ အဓိကအစုအဖွဲ့ပုဂ္ဂိုလ်များ ကြားဝေးကွာမှုတို့ကြောင့် အဓိကပြဿနာရပ်များသည် ဖြေရှင်းပြေလည်ရန် အလွန်ခက်ခဲခဲ့သည်။ မြန်မာ စစ်တပ်သည် နိုင်ငံရေးအတိုက်အခံများနှင့်ဆက်သွယ်ဆောင်ရွက်မှုနှင့် အကျွမ်းတဝင်မရှိခဲ့ပါ။ NLD ခေါင်းဆောင်ပိုင်းသည်လည်း ညွှန်ပေါင်းဖွဲ့စည်းမှုဖြင့် ပူးပေါင်းအုပ်ချုပ်စီမံမှုနှင့် ပတ်သက်၍ အတွေ့အကြုံ နည်းပါးခဲ့သည်။ နှစ်ဖက်စလုံးမှ လူထုထံသို့ အားကောင်းသော တာဝန်ယူတာဝန်ခံမှုကို မပြသနိုင်ခဲ့ပါ။[30]

တရားဝင်ဖွဲ့စည်းပုံများနှင့်စည်းမျဉ်းများအပေါ်ယုံကြည်မှုအကန့်အသတ်ရှိမှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာနိုင်ငံရေး အားကောင်းမှုတို့ကြောင့် အတိုက်အခံအစုအဖွဲ့များကြား ယုံကြည်မှုစတင်ထူထောင်ရန်မှာ မြန်မာနိုင်ငံ စေ့စပ် ညှိနှိုင်းရေးများ၏ မရှိမဖြစ်အရေးကြီးသော သွင်ပြင်လက္ခဏာတစ်ခုဖြစ်သည်။ သမ္မတဦးသိန်း စိန်လက်ထက် စေ့စပ်ညှိနှိုင်းရေးများအတွင်း ယုံကြည်မှုတည်ဆောက်ခြင်းကို အလွန်အလေးထားဆောင်ရွက်ခဲ့သည်။ EAO များနှင့် ဆွေးနွေးပွဲများအတွက် အဓိကပွဲစားအဖြစ် ခန့်အပ်ခဲ့သော ဗိုလ်ချုပ်ဟောင်း ဦးအောင်မင်းသည် လက်နက်ကိုင်အဖွဲ့အခေါင်းဆောင်များနှင့် နီးကပ်သောဆက်ဆံရေး ထူထောင်နိုင်ခဲ့မှုကြောင့် အောင်မြင်သော ဥပမာအဖြစ် ရှုမြင်ကြသည်။ အရင်လူများနှင့် မတူပဲ သူသည် နှိမ့်ချတတ်သော၊ ရိုးရှင်းသော၊ အခြားမတူသော အမြင်များကို ထည့်သွင်းစဉ်းစားပေးလိုသူဟူ၍ သိရှိရသည်။ နှစ်ဖက်အပစ်အခတ်ရပ်စဲရေး ကာလတွင် ဦးအောင်မင်းသည် KNU က အဆိုပြုသည့် အခြေအနေ ၁၂ ရပ်လုံးကို ချက်ချင်းလက်ခံလိုက်ခြင်းဖြင့် KNU ကို အံ့အားသင့်စေခဲ့သည်။[31]

ပုံ ၃။ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၀၁၆) ဒေါ်အောင်ဆန်းစုကြည်သည် EAO ကိုယ်စားလှယ်များနှင့် အကြီးတန်းပုဂ္ဂိုလ်များ အလည်တွင် ထိုင်သည်။ ညီလာခံသည် ထောက်ခံမှု အချို့ရရှိခဲ့သော်လည်း ပါဝါမညီမျှမှုများကို ပြန်လည်ချိန်ညှိရန် ပျက်ကွက်ခဲ့ခြင်းနှင့် အပေါ်ယံဖြစ်သော ဆောင်ရွက်မှုများကြောင့် ဝေဖန်ခံခဲ့ရသည်။ ဓာတ်ပုံရင်းမြစ်: Pyay Kyaw / The Irrawaddy

NLD မှ အစိုးရခေါင်းဆောင်ပိုင်းတာဝန်ယူသည့်အခါ ဤစေ့စပ်ညှိနှိုင်းမှု ချဉ်းကပ်မှု နည်းလမ်းနှင့် တိုးတက်မှုတို့ကို ပစ်ပယ်လျစ်လျူရှုခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အစိုးရသည် EAO များနှင့် ယုံကြည်မှုတည်ဆောက်မှုတွင် ရင်းနှီးမြှုပ်နှံမှု အလွန်နည်းပါးခဲ့သည်။ တိုင်းရင်းသားခေါင်းဆောင်များ အပေါ် ထားရှိပြသသည့် သဘောထားမှာ တင်စီးပြီး လုံလောက်သော လေးစားမှုမရှိဟု ဖော်ပြသတ်မှတ်ခံခဲ့ကြ သည်။

EAO များသည် ဒီမိုကရေစီဆန်သော ပူးပေါင်းဆောင်ရွက်မှု အပြုအမူများစွာကို ပြသခဲ့သည်။ အချို့သည် ဤ နယ်ပယ်များတွင် ဆွေးနွေး တိုင်ပင်မှုဆိုင်ရာ ယန္တယားများနှင့် ကျွမ်းကျင်မှုအရည်အချင်းများ တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ဥပမာအားဖြင့် KNU သည် ၎င်း၏စီမံအုပ်ချုပ်ရေး ယန္တယားများနှင့် ဆွေးနွေးတိုင်ပင်ရေး လုပ်ငန်းစဉ်များကြောင့် ၎င်းလူထု၏ တရားဝင်မှုရှိသော ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီနည်းကျသည်ဟု ယူဆကြသည်။[32] အခြားအဖွဲ့များ ဥပမာ KIA နှင့် KNPP တို့သည် အရပ်သားလူမှုအသိုင်းအဝိုင်းသို့ တုံ့ပြန် ဆောင်ရွက်မှုကို တရားဝင် စတင်ဆောင်ရွက်လာကြသည်။[33] အခြားအဖွဲ့အများအပြားသည် သက်ဦးဆံပိုင် စနစ်ပိုဆန်ပြီး လက်နက်ကိုင်တပ်များမှ အဓိကချုပ်ကိုင်ထား၍ လူမှုအသိုင်းအဝိုင်းများအနေဖြင့် ဆုံးဖြတ်ချက် ချခြင်းနှင့် စီမံအုပ်ချုပ်မှုတို့တွင် ပါဝင်နိုင်သည့် အခွင့်အလမ်းအလွန်နည်းပါးသည်။[34] ရလဒ်အနေဖြင့် လူထု ကိုယ်စားပြုမှုနှင့် ပတ်သက်သော EAO များ၏ ပြောဆိုမှုများ၏ တရားဝင်မှုတို့မှာ ကွဲပြားပြီး ၎င်းတို့သည် မကြာခဏဆိုသလို ဖိုဝါဒနှင့် အပေါ်မှအောက် ဖွဲ့စည်းပုံများဖြစ်သည်ဟု ဖြေဆိုသူများက မှတ်ချက်ပြုကြသည်။

စိန်ခေါ်မှု ၃။ ပဋိပက္ခ ဖြစ်ပွားစေသော အကြောင်းအရာများကို ဖြေရှင်းခြင်း

လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ ထိန်းချုပ်မှုအောက်ရှိ တရားဝင်နှင့်တရားမဝင် စီးပွားရေးလုပ်ငန်းများ ထံမှ များပြားသော ပါဝါနှင့် အကျိုးအမြတ်များ ရရှိခဲ့သည်။ဤကဏ္ဍများကို ဖျက်သိမ်းရန် သို့မဟုတ် တရားဝင် လုပ်ငန်းစဉ်အတွင်း ဝင်အောင်လုပ်ရန် လက်ခံနိုင်ဖွယ်ရှိသော နည်းလမ်းများရှာဖွေခြင်းမှာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် မပါဝင်ခဲ့ပါ။

မြန်မာစစ်တပ်သည် တရားဝင်နှင့်တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပြီး နောက်ပိုင်းတွင် မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှု၊ "မီးခိုးရောင်" သယံဇာတထုတ်ယူခြင်း၊ ကာစီနိုများနှင့် အခြားလုပ်ငန်း များတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်စွာ ပါဝင်ပတ်သက်လာသည်။ EAO များသည်လည်း စီးပွားရေးနယ် ပယ်အများအပြားတွင် ပါဝင်နေကြပြီး တချို့ဖြစ်ရပ်များတွင် စစ်တပ် သို့မဟုတ် စစ်တပ်မိတ်ဘက်များနှင့် ရေရှည် စီးပွားရေးဆိုင်ရာ ဆက်ဆံပတ်သက်မှုများရှိကြသည်။ EAO ခေါင်းဆောင်များသည် တရားဝင်ပြည်တွင်း စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေကြသည်။ ယင်းစီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်ခြင်း သို့မဟုတ် အမြတ် ဝေစုရရှိခြင်း သို့မဟုတ် အခွန်နှင့် အကာကွယ်ပေးမှုအတွက် ရရှိသော ငွေကြေးစသည်တို့မှ ရရှိငွေများဖြစ် သည်။ ကျောက်စိမ်းနှင့်ရွှေမှသည် သစ်နှင့်အခြားသယံဇာတများ အထိ ကုန်ပစ္စည်းအမျိုးမျိုး အလွတ်သဘော သို့မဟုတ် တရားမဝင် ကူးသန်းရောက်းဝယ်မှုများတွင် ပါဝင်ပတ်သက်နေသော အတိုက်အခံအဖွဲ့များကြားရှုပ်ထွေးပြီး အပြန်အလှန်ဖြစ်သော ဆက်ဆံရေးများ ပေါ်ပေါက်လာခဲ့သည်။[35]

၎င်းတို့၏ ဩဇာလွှမ်းမိုးမှုနှင့် ရင်းမြစ်များ ပိုမိုတိုးပွားလာရန်နှင့် ၎င်းတို့၏ခုခံတော်လှန်ရေးလှုပ်ရှားမှုများကို ဆက်လက်ထိန်းသိမ်းရန် အလွတ်သဘော စီးပွားရေးအကျိုးအမြတ်ရမည့် လုပ်ငန်းများသည် EAO အများအပြား အတွက် အရေးကြီးသည်။ ပြည်တွင်း အာဏာရှိသူများ၏ ထောက်ခံမှုကို ရရှိရန် နှင့် တိုင်းရင်းသား အတိုက်အခံများကြား သွေးခွဲအုပ်ချုပ်ရန် စစ်တပ်သည် စီးပွားရေးအခွင့်အလမ်းများကို မက်လုံးအဖြစ် ကာလ ကြာရှည်စွာ အသုံးပြုခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ စစ်တပ်ဘက်မှ အဓိကပုဂ္ဂိုလ်ဖြစ်သော ဦးအောင်မင်း က သူ၏ ရည်ရွယ်ချက်မှာ "EAO များကို ချမ်းသာအောင်လုပ်ပေးဖို့" ဖြစ်ပြီး သို့မှသာ သူတို့သည် "သူတို့၏ တပ်များကို အလိုလျောက်စွန့်ခွာ သွားစေရန်" ဖြစ်သည်ဟု ပြောခဲ့သည်။[36] အထူးသဖြင့် စီးပွားရေးနှင့် လုံခြုံရေး အကျိုးစီးပွားတို့ အပြန်အလှန်ဆက်စပ်ရှုပ်ထွေးနေသော မြန်မာ့ အတိုက်အခံ ဖြစ်ပွားနေသည့် နယ်မြေ များတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပဋိပက္ခတို့ကြား ဆက်သွယ်မှုတို့သည် ရိုးရှင်းလေ့မရှိပါ။ ဤရှုပ်ထွေးမှုဖြစ်စဉ်ကို အောက် ဖော်ပြပါ ပုံ ၄ တွင် ဖော်ပြထားသည်။[37]

အဆိုပါ ပဋိပက္ခစီးပွားရေးများကို ဖျက်သိမ်းရန် စိန်ခေါ်မှုကို လေ့လာသုံးသပ်သူများနှင့် အလှူရှင်များက သိရှိ နားလည်ခဲ့သော်လည်း ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကဏ္ဍများသည် ဘယ်သောအခါမှ ၎င်းနှင့် ထိထိရောက် ရောက်ရောက် မပါဝင်ခဲ့ကြပေ။ ဤသုတေသနအတွက် နိုင်ငံရေးလေ့လာသုံးသပ်သူနှင့် တွေ့ဆုံမေးမြန်းမှုအရ-

> တည်ငြိမ်တဲ့နိုင်ငံတော်တစ်ခု နောက်ပိုင်းတွင် ဖြစ်လာဖို့အတွက် အချို့အစုအဖွဲ့တွေက နိုင်ငံရေး အာဏာနဲ့ အကျိုးစီးပွားတွေကို လက်လွှတ်ပေးရမယ်ဆိုတာ ထင်ရှားပါတယ်။ ဆိုလိုတာကတော့ မူးယစ်ဆေး၊ သယံဇာတထုတ်ယူတဲ့လုပ်ငန်းများ၊ ကာစီနိုများနှင့် ဗဟိုတရားဝင်စီးပွားရေးတို့ကို မည်သို့ပေါင်းစည်းနိုင်မလဲဆိုတာကို အဖြေရှာဖို့ လိုအပ်ပါတယ်။[38]

တရားမဝင်လုပ်ငန်းများတွင် ပါဝင်နေသော လက်နက်ကိုင်များအတွက် အစားထိုးဝင်ငွေဖန်တီးပေးမှု အပါ အဝင် တရားမဝင်နှင့် အလွတ်သဘော စီးပွားရေးလုပ်ငန်းများကို တရားဝင် စီးပွားရေးသို့ အသွင်ကူးပြောင်းမှု နှင့် ပတ်သက်ပြီး စဉ်းစားချက်များ အလွန်နည်းခဲ့သည်။ လက်နက်ဖျက်သိမ်းခြင်းသို့မဟုတ် အဖွဲ့များနှင့် ပြည်သူ့စစ်များကို ဖက်ဒရယ် သို့မဟုတ် နိုင်ငံတော်တပ်မတော်အဖြစ် ပေါင်းစည်းခြင်းများကို မည်သို့ ပံ့ပိုးရမည် ဟူသည့် ရှုပ်ထွေးသော စိန်ခေါ်မှုများအတွက်လည်း ချဉ်းကပ်ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။ ယခင် စစ်ရေးဗျူဟာ များတွင် အထောက်အကူဖြစ်စေသော အခြေအနေများကို ပြောင်းလဲခြင်းထက် ခေါင်းဆောင်များကို ရွေးချယ် တင်မြှောက်ရန် အဓိက အလေးထားခဲ့သည်။



ပုံ ၄။ နယ်မြေစိုးမိုးရေး ပဋိပက္ခစက်ဝန်း၊ *မြန်မာနိုင်ငံ၏ အတိုက်အခံဖြစ်ပွားနေသည့် ဒေသများ စာတမ်းမှ*

စိန်ခေါ်မှု ၄။ အစုအဖွဲ့အားလုံး ပါဝင်စုစည်းခြင်း

အနှစ်ချုပ်။ NCA လုပ်ငန်းစဉ်၏ ရလဒ်သည် လက်နက်ကိုင်အဖွဲ့အားလုံး အတွက် ထိုအချိန်က စိတ်ဝင်စားဖွယ် မက်လုံးများနှင့် အကျိုးစီးပွားများကို ထင်ဟပ်ခြင်းမရှိသည့် သဘောတူညီချက်တစ်ခု ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ပဋိပက္ခ ချုပ်ငြိမ်းစေသည့် ယန္တယားတစ်ခု မဖြစ်ခဲ့ပါ။

နိုင်ငံတွင်း ပဋိပက္ခများသည် ကွဲပြားပြီးရှုပ်ထွေးနေသော်လည်း တိုးတက်မှုအတွက် မျှော်လင့်ချက်များသည် "သေနတ်ကြီးကြီးရှိတဲ့သူတွေသဘောတူလိုက်ပါ လာကြလျှင် အခြားသူများပါ လိုက်ပါလာကြလိမ့်မည်" ဟူသည့် တွေးမြင်မှုအပေါ် အခြေခံခဲ့ကြသည်။[39] သို့သော်လည်း UWSA၊ NDAA၊ MNDAA၊ TNLA၊ SSPP နှင့် KIA အပါအဝင် အဓိကအဖွဲ့အများအပြားက NCA တွင် လက်မှတ်မရေးထိုးခဲ့ကြပါ။ NCA မူဘောင်အတွင်း တစ်ဖွဲ့ တည်းသော ရခိုင်ပြည်နယ်ကိုယ်စားပြုမှာ ဆီလျော်မှု အကန့်အသတ်ရှိသော သဘောထားကွဲလွဲမှုများရှိသည့် အဖွဲ့ငယ် ရခိုင်ပြည် လွတ်မြောက်ရေးပါတီဖြစ်သည်။ လုပ်ငန်းစဉ်တွင် အင်အားကြီး အရေးပါလာသည့် ရက္ခိုင့်တပ်တော် မပါဝင်ခဲ့သလို ရိုဟင်ဂျာ တိုင်းရင်းသားများ၏ အသံလည်းမပါခဲ့ပါ။[40]

အထက်တွင်ဖော်ပြခဲ့သော စစ်တပ်နှင့် EAO များ၏ ဆက်ဆံရေးပုံစံများ အရ ပြီးပြည့်စုံသော သဘောတူညီချက် တစ်ခုရရှိရန်မှာ မျှော်မှန်းချက်မျှသာ ဖြစ်ခဲ့သည်။ UWSA ကဲ့သို့သော အဖွဲ့များသည် ၎င်းတို့လက်ရှိအနေအထားမှ ပြောင်းလဲရန်အတွက် အကျိုးအမြတ်အနည်းငယ်သာရှိမည်ဟု ယူဆကြသောကြောင့် NCA လုပ်ငန်းစဉ်တွင် မပါဝင်ရန် ရွေးချယ်ခဲ့ကြသည်။ အခြားအဖွဲ့များသည် လုပ်ငန်းစဉ်တွင် မပါဝင်မီ - အထူးသဖြင့် အရေးကြီးဆုံး အခြေအနေသတ်မှတ်ချက်ဖြစ်နိုင်သည့် စစ်ရေးလှုပ်ရှားမှုများရပ်တန့်ခြင်းစသည့် အချို့သော အခြေအနေများ ဖြစ်စေလိုခြင်း သို့မဟုတ် အချို့အစိတ်အပိုင်းများပါဝင်စေလို ကြသည်။ အချို့ EAO များသည် အလွတ်သဘောအစည်းအဝေးများတွင် ပါဝင်လေ့ရှိသော်လည်း တရားဝင်အစည်းအဝေးတွင် ချန်လှပ်ထားသည်။ အလုပ်ဖြစ်သော ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခုကို ဖန်တီးရာတွင် အချို့အဖွဲ့များမှ အခြားအဖွဲ့များသို့ အာဏာလွှဲပြောင်းပေးအပ်ခြင်း နှင့် လုံလောက်သော မက်လုံးများရှိရန် လိုအပ်ခြင်း စသည့် ပါဝါချိန်ခွင်လျှာညှိခြင်းသည် မလွဲမသွေလိုအပ်ချက်တစ်ခုဖြစ်သည်။ [41]

ဖြေဆိုသူများသည် ဒေသတွင်း မတူကွဲပြားနှင့် လူမှုအသိုင်းအဝိုင်းကြားတင်းမာမှုများသည် ရေရှည်တွင် တစ်နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှု ရှိလာနိုင်သောကြောင့် ယင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။ KIA သည် ကချင်ပြည်နယ်တွင် တစ်ခုတည်းသော အစိုးရမဟုတ်သော အစုအဖွဲ့ဖြစ်သည်ဟူသော ယူဆချက်သည် လီဆူနှင့်ရှမ်းနီကဲ့သို့သော တိုင်းရင်းသား အသိုင်းအဝိုင်းငယ်များ၏ အမြင်များနှင့်ပတ်သက်သော စိုးရိမ်မှုများမြင့်တက်လာခဲ့သည်။ အလားတူပင် ရှမ်းပြည်နယ်အတွင်းရှိ ရှုပ်ထွေးသောအကြောင်းအရာများနှင့် ဆက်ဆံရေးများနှင့်ပတ်သက်၍လည်း လုံလောက်သော အာရုံစိုက်မှု မရှိခဲ့ပါ။[42] အခြားနေရာဒေသများတွင် ပြည်သူ့စစ်များနှင့် နယ်ခြားစောင့် တပ်ဖွဲ့များက လှုပ်ရှားဆောင်ရွက်နေကြပြီး အနောက်နိုင်ငံအလှူရှင်များသည် ၎င်းတို့၏ ဖွဲ့စည်းပုံများ၊ လုပ်ငန်း ဆောင်ရွက်မှုများနှင့် အင်အားကြီး EAO အဖွဲ့များနှင့် ဆက်ဆံရေးတို့နှင့်ပတ်သက်ပြီး သိမြင်နားလည်မှု အကန့်အသတ်သာရှိသည်။

အခြားအစုအဖွဲ့များနှင့် ထိတွေ့ဆက်ဆံမှုနှင့် နားလည်သိရှိမှု ကင်းမဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးတိုးတက်မှုများ ရရှိရန်အတွက် တရားဝင်ကြိုးပမ်းအားထုတ်မှုများအားကောင်းလာသော်လည်း ထိတွေ့ဆက်ဆံမှု အဝန်းအဝိုင်းမကျယ်ပြန့်လာခဲ့ပါ။ အရပ်ဘက်လူမှုအသိုင်းဝိုင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလွတ်သဘော လမ်းကြောင်းများမှတဆင့် အခြားရှုထောင့်အမြင်များကို ပါဝင်ရန် ကြိုးပမ်းမှုများရှိခဲ့သော်လည်း အရာမထင်ခဲ့ ပါ။[43] လူအများအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပံ့ပိုးကူညီရေးသည် သိသိသာသာ အကန့်အသတ်ဖြင့် ရှိခဲ့သည်။ လုပ်ငန်းစဉ်သည် တိုးတက်မှုအဟုန်ကို စုစည်းရန်ပျက်ကွက်ခဲ့သဖြင့် ပြုပြင်ပြောင်းလဲမှုအတွက် မက်လုံးများ တည်ဆောက်နိုင်ရေးနှင့် သဘောထားတင်းမာသူများကို ဘေးဖယ်ထားနိုင်ရေး စသည့် မျှော်လင့်ချက်များ အကောင်အထည်မပေါ်ခဲ့ပေ။ NCA ပြင်ပရှိ စစ်တပ်ထိပ်ပိုင်းခေါင်းဆောင် အများအပြားနှင့် EAO ခေါင်းဆောင်အများစုတို့သည် စစ်မှန်သောပူးပေါင်းပါဝင်မှုပြုလုပ်ရန် စိတ်ဝင်စားမှုအနည်းငယ်သာ ဆက်လက်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အာဏာပိုမိုအားကောင်းခိုင်မာလာစေရန် အခွင့်အလမ်းတစ်ခု အဖြစ်သာ အသုံးချခဲ့ကြသည်။

NCA လုပ်ငန်းစဉ်သည် အလွန်ကွဲပြားခြားနားသော တိုင်းရင်းသား အစုအဖွဲ့များကို ဆွေးနွေးပွဲ စကားဝိုင်းသို့ ခေါ်ဆောင်နိုင်ခဲ့ ပါတယ်။ ဒါက အလွန် ထူးခြားပါတယ်။ ရှုပ်ထွေးနသေော အခြေ အနေများအတွင်းမှာပင် အလွန်အရေးကြီးသော တွေ့ဆုံ ဆွေးနွေးမှုများကို ပြလုပ်နိုင်ခဲ့တယ်။

(NCA လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားခေါင်းဆောင် တစ်ဦး၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၇ရက်။)

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်အပေါ် ပြန်လည် သုံးသပ်ချက် များ နှင့်တွေ့ရှိချက်များ

ဤအပိုင်းတွင် တရားဝင် ငြိမ်းချမ်းရေး ကြိုးပမ်းရှာဖွေမှုအတွက် အထူးသဖြင့် NCAကို အဓိက လမ်းကြောင်း အဖြစ် အလေးထားအာရုံစိုက်ထားသည်။ သဘောတူညီချက်၏ ထင်ရှားသော အပိုင်းများကို သုံးသပ် ဆင်ခြင်ထားပြီး မျှော်မှန်း ထားသည့် တိုးတက်မှု လမ်းကြောင်းများကို ဆန်းစစ်လေ့လာထားသည်။ ၂၀၁၅ ခုနှစ်တွင် EAO ရှစ် ဖွဲ့သာ ပထမဆုံး NCA လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာစစ်တပ်၊ အရပ်သားအစိုးရနှင့် အလှူရှင် အသီးသီးတို့က သဘောတူညီချက်နှင့်ပတ်သက်၍ မတူညီသော လမ်းကြောင်းအမျိုးမျိုးကို မျှော်မှန်းခဲ့ ကြသည်။ ထင်ရှားသည့် ခန့်မှန်းချက်တစ်ခုမှာ NCA သည် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်အတွက် အဓိကကျောရိုး ဖြစ်လာ၍ လက်မှတ်မရေးထိုးသေးသော EAO များမှ လုပ်ငန်းစဉ်တွင် ပါဝင်လာကြပြီး နောက်ဆုံးတွင် အဖွဲ့အားလုံးအတွက် တပြေးညီ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခု ပေါ်ပေါက်လာမည်ဟူ၍ ဖြစ်သည်။ နိုင်ငံခြားအစိုးရ အများအပြားကလည်း စစ်တပ်နှင့် မြန်မာအစိုးရ နှစ်ခုလုံးသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖော်ဆောင်ရန်အတွက် စစ်မှန်သော စိတ်ဝင်စားမှုရှိကြသည်ဟု ထင်မြင်ယူဆခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် NCA လက်မှတ်မရေးထိုးမီကာလကဲ့သို့ပင် အတူတကွ ဆက်လက်အလုပ်လုပ်ကြမည်ဟု ယူဆခဲ့ကြသည်။ NLD ၏ ရွေးကောက်ပွဲ သည် လုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်လိမ့်မည်ဟု လူအများအပြားက မျှော်မှန်းခဲ့ကြသည်။ ဤအပိုင်းသည် NCA က ၎င်း၏ ကတိကဝတ်များကို မဖော်ဆောင်နိုင်မှုကို ရှုစမ်းထားသည့် သုတေသန၏ ရှုထောင့် ကဏ္ဍများကို ရေးသားထားပါသည်။

ပြန်လည်သုံးသပ်ချက် ၁။ NLD အစိုးရ အကူးအပြောင်း

၂၀၁၅ NLD ရွေးကောက်ပွဲအောင်ပွဲသည် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အခရာကျသော အခိုက် အတန့်ဖြစ်ခဲ့ပြီး NCA အလုပ်ဖြစ်အောင် တာဝန်ယူဆောင်ရွက်ခဲ့သည့် အင်စတီကျူးရှင်းများ နှင့် ခေါင်းဆောင် များအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ရှိခဲ့သည်။ တိုးတက်မှုအခြေအနေ မည်သို့ပင်ရှိစေကာမူ ဖြစ် ပေါ်နေသော ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြား ညှိုဖျင်းသော ပေါင်းစည်း ဆောင်ရွက်မှုကြောင့် အခွင့်အလမ်းများ လက်လွှတ်ခဲ့ရပြီး တိုးတက်မှုအရှိန် ပျောက်ဆုံးသွားခဲ့သည်။ အစိုးရ အသစ် အကူးအပြောင်းကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လုံလောက်စွာ ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိပဲ ၎င်း၏ လုပ်ငန်းဆောင်တာများအပေါ် ကြီးမားသောသက်ရောက်မှုများရှိခဲ့သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်များသည် ဘယ်သောအခါမျှ တသမတ်တည်းမဖြစ်ပဲ တင်ကြိုမှန်းဆနိုင်သော လမ်းကြောင်းများအတိုင်း ဖြစ်ခဲ့သည်။ ၎င်းတို့သည် နိုင်ငံရေးထောက်ခံမှုကို တည်ဆောက်ပြီး ငြိမ်းချမ်းရေး သဘောတူညီချက်များဆီသို့ တိုးတက်ဖြစ်ပေါ်သည့် အပစ်အခတ်ရပ်စဲရေးများကို ဖြစ်ပေါ်စေနိုင်သည့် ပိုမိုကျယ်ပြန့်သောဖြစ်ရပ်များနှင့် ပြုပြင်ပြောင်းလဲမှုများအပေါ် တည်မှီပါသည်။ မြန်မာနိုင်ငံတွင် NCA ကို ပေါ်ပေါက်လာစေခဲ့သည့် ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်မှာ ရှေ့ဆက်တိုးဆောင်ရွက်နိုင်ရန်အတွက် မလုံလောက်ခဲ့ပါ။ အဓိကပါဝင်သူများသည် NCA တွင်ပြုလုပ်ခဲ့သော ကတိကဝတ်များကို ဖော်ဆောင်ရန်လိုအပ်သည့် နားလည်မှု၊ လိုက်လျောညီထွေ ဆောင်ရွက်နိုင်မှု၊ နိုင်ငံရေးစိတ်ဆန္ဒနှင့် အတွေ့အကြုံများကို ပြသရန် ပျက်ကွက်ခဲ့ကြသည်။ NCA လက်မှတ်ထိုး ပြီးမကြာမီ NLD အစိုးရတက်လာပြီး ၎င်း၏ကိုယ်ပိုင် အစီအစဉ် ဖြစ်သော လွှတ်တော်နှင့် အစိုးရအတွင်း နိုင်ငံရေး အသွင်ကူးပြောင်းခြင်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

NCA လုပ်ငန်းစဉ်ကို အမှန်တကယ် လိုက်လျောမှုများ ပြုလုပ်ရန် ဆန္ဒရှိပုံမရသော စစ်တပ်နှင့် အစိုးရ စေ့စပ် ညှိနှိုင်းသူများက အဓိက ချုပ်ကိုင်ခဲ့သည်။ အခြား ပြဿနာများမှာ စစ်တပ်နှင့် အစိုးရကြား (ကာချုပ် မင်းအောင်လှိုင်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ မပြေလည်သော ဆက်ဆံရေးကြောင့် ပိုမိုဆိုးရွားလာသည့်) ချိတ်ဆက်ဆောင်ရွက်မှု မရှိသည်တို့မှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် NLD အစိုးရ ရွေးကောက်ခံရမှုနှင့်အတူ အစိုးရ၏ စေ့စပ်ညှိနှိုင်းမှုများမှာ ခေါင်းဆောင်တစ်ဦးထဲမှ ဦးဆောင်သည့် တစ်စု တစ်စည်းထဲဖြစ်မှုမှသည် အမျိုးမျိုးသော စစ်ဘက်နှင့် အရပ်ဘက်အပိုင်းများဖြင့် ဖွဲ့စည်းထားသည့် နှစ်ခြမ်းကွဲနေသည့်အဖွဲ့ဖြစ်သွားသည်။ တိုင်းရင်းသား ခေါင်းဆောင်တစ်ဦး မှတ်ချက်ပြုသည်မှာ “ ကျွန်တော်တို့က အဖွဲ့နှစ်ဖွဲ့နဲ့ ညှိနှိုင်းဆွေးနွေးရတာဖြစ်ခဲ့ပါတယ်။ ဒါက စည်းမျဉ်းသတ်မှတ်ချက်တွေအပေါ် အခြေခံတာ မဟုတ်ပဲ ခေါင်းဆောင်နှစ်ဦးကြား ကိုယ်ရေးကိုယ်တာ သဘောထားကွဲလွဲမှုတွေကြောင့် ဖြစ်တာပါ”[44]

အစိုးရသည် သဘောတူညီချက်ကို ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီတွင် အလျင်အမြန်လက်မှတ်ထိုးရန် ဆောင်ရွက်ခဲ့သော စစ်တပ်ဘက်တော်သား ယခင်အုပ်ချုပ်ရေးအဖွဲ့မှ လက်ဆင့်ကမ်းလက်ခံရရှိသည့် တည်ရှိပြီးသား လုပ်ငန်းစဉ်အတွက် ခိုင်မာသော တာဝန်ယူမှု မရှိခဲ့ပါ။ အစိုးရသည် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်ကဲ့သို့သော ရှင်းလင်းစွာ ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်ရှိသော လုပ်ငန်းစဉ်များတွင်လည်း ခေါင်းဆောင်မှုကို အမြဲမပြသခဲ့ပါ။ ယင်းအစား၊ NCA လုပ်ငန်းစဉ်၏ အဓိကရည်မှန်းချက်များနှင့် သက်ဆိုင်သူများနှင့် ကြီးမားစွာ ထပ်တူဖြစ်နေသော်လည်း လွှတ်တော် လုပ်ထုံးလုပ်နည်းနှင့် အဓိက ဆုံးဖြတ်ချက်ချမှတ်သူမှ ဆုံးဖြတ်ချက်များချမှတ်သည့် အဓိက လမ်းကြောင်ဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေးကို အဓိက ဦးစားပေးခဲ့သည်။ (ပုံ ၅)

တစ်ချိန်တည်းတွင်ပင် တည်ရှိပြီးသား ငြိမ်းချမ်းရေးအဆောက်အဦ၏ သြဇာလွှမ်းမိုးမှုနှင့် ရင်းမြစ်များကို ဖျက် သိမ်းခဲ့သည်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဗဟိုကော်မတီ နှင့် MPC တို့ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖြင့် အစားထိုးခဲ့သည်။သို့ကြောင့် NCA သည် နိုင်ငံအဆင့်တွင် နိုင်ငံရေးအရှိန် ပျောက်ဆုံး သွားခဲ့သည်။ ၂၀၁၈ ခုနှစ်အောက်တိုဘာလတွင် ပြုလုပ်ခဲ့သော အမည်ခံ “၁၀ + ၁၀” တွေ့ဆုံမှုများသည် NCA ၏ နိုင်ငံရေးသက်ရောက်မှုများနှင့် ကျရှုံးနိုင်ခြေတို့ကို ပုံဖော်ခဲ့သည်။နှစ်ရက်ကြာ ထိပ်သီးဆွေးနွေးပွဲသည် NCA ဆွေးနွေးပွဲများ၏ အကြပ်အတည်းကို ဖြေရှင်းဆွေးနွေးရန်နှင့် ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စု ဖော် ဆောင်နိုင်ရန် လုပ်ငန်းစဉ်တွင် ယုံကြည်မှုပြန်လည်တည်ဆောက်ရန်တို့အတွက် အစိုးရ၊ စစ်တပ်နှင့် EAO များကို တစ်စုတစ်စည်းတည်း တွေ့ဆုံစေခဲ့သည်။ ဤတွေ့ဆုံမှုသည် ပြဿနာရပ်ကို မဖြေရှင်းနိုင်ခဲ့ပဲ NCA လက်မှတ်မရေးထိုးသေးသော အစုအဖွဲ့များ၏သဘောထားကွဲလွဲမှုများကို NCA လုပ်ငန်းစဉ်တွင် ပေါင်းစည်းဆောင်ရွက်ရန် မဖြစ်နိုင်မှုနှင့် ဖြစ်ပေါ်နေဆဲ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များကိုလည်း (NCA လုပ်ငန်းစဉ်သည်) အကျိုးရှိအောင်အသုံးမချနိုင်ဟူသည့် အချက်များကို မီးမောင်းထိုးပြခဲ့သည်။[45]

အခြားလက်တွေ့စိန်ခေါ်မှုများလည်း ပေါ်ပေါက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အသေးစိတ်အချက်အ လက်များကအစ သိလိုသည့် အကုန်လိုက်ပါစီမံတတ်သူဖြစ်ပြီး NLD အတွင်း မည်သူ့ကိုမျှ ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ပြုရန် ယုံကြည်မှုနှင့် အခွင့်အာဏာ မပေးလိုသူဖြစ်ကြောင်း သိရသည်။[46] စစ်တပ်သည် NCA ၏ (အောက် တွင်ဖတ်ပါ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး



ပုံ ၅။ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များ

ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ရှိ ၎င်း၏ ခေါင်းဆောင်မှုအခန်းကဏ္ဍကို အလေးအနက်မထားပဲ NCA ကျင့်ဝတ်ဖောက်ဖျက်မှုများနှင့် အပစ်အခတ် ရပ်စဲရေး ချိုးဖောက်မှုများကို လုံလောက်စွာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်၏ အာဏာရှင်ဆန်ဆန်ချဉ်းကပ်မှုသည် မြန်မာစစ်တပ်၏ အထက်အောက်ယဉ်ကျေးမှုကို ထင်ဟပ်ခဲ့သည်။ စစ်တပ်တစ်ခုအတွက် ခိုင်မာအားကောင်းသည့် အမိန့်ပေးကွပ်ကဲမှုကွင်းဆက် (chain of command) ရှိရန် လိုအပ်သော်လည်း မြန်မာစစ်တပ်တွင်း အာဏာကို အလွန်သေးငယ်သော ခေါင်းဆောင် တစ်စုကသာ ဆုပ်ကိုင်ထားသည်။ ဤသည် က JMC အနေဖြင့် လက်တွေ့တွင် အမှီအခိုကင်းသော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် မဖြစ်နိုင်စေခဲ့ပါ။

အစိုးရ၏ ချဉ်းကပ်ပုံ အပြောင်းအလဲများသည် ရိုးရှင်းစွာပင် NLD ၏ ထိန်းချုပ်မှုအောက်သို့ ကူးပြောင်းခြင်း အပါအဝင် လက်တွေ့ကျသော နိုင်ငံရေး အကြောင်းပြချက်ကို ထင်ဟပ်ခြင်းဖြစ်နိုင်သော်လည်း အသွင် ကူးပြောင်းမှု ဖြစ်ပေါ်ပုံနှင့် အစိုးရသစ်၏ ပြဿနာကိစ္စရပ်များပေါ် သိရှိနားလည်မှုနှင့်ပတ်သက်ပြီး မေးခွန်းများ ရှိလာစေသည်။ အခြားနိုင်ငံများတွင် ငြိမ်းချမ်းရေးလုပ် ငန်းစဉ်ကဲ့သို့သော အကဲဆတ်သည့် ကိစ္စရပ်များတွင် အနှောင့်အယှက် အနည်းဆုံးဖြစ်ရန် ရွေးကောက်ပွဲမတိုင်မီကာလ၌ အတိုက်အခံခေါင်းဆောင်များအချင်းချင်း ဆက်သွယ်ညှိနှိုင်းကြမည်ဖြစ်သည်။ အကူးအပြောင်းများကို စီမံခန့်ခွဲခြင်း၊ နိုင်ငံရေးဦးဆောင်မှုတို့တွင် အတွေ့အကြုံမရှိခြင်းနှင့် စစ်တပ်နှင့် အရပ်သား ခေါင်းဆောင်များကြား ကာလရှည်မပြေလည်မှုများကလည်း အကြောင်းအရင်းတစ်ခုဖြစ်ခဲ့သည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံရေးဖြစ်စဉ်အဖြစ် လက်ခံခဲ့သော်လည်း NLD အစိုးရသည် လုံခြုံရေးဆိုင်ရာကိစ္စရပ်အဖြစ်မြင်ခဲ့ပြီး စစ်တပ်ထံသို့ တာဝန်လွှဲပြောင်းပေးခဲ့သည်ဟု လေ့လာစောင့်ကြည့်သူတစ်ဦးက မှတ်ချက်ပြုခဲ့သည်။ အကောင်းဆုံးမှာ NLD အနေဖြင့် ၎င်းတို့၏ အကူး အပြောင်းဖြစ်စဉ်တွင် အစောပိုင်းကထဲက ဆွေးနွေးတိုင်ပင် မှုများရှိခဲ့သင့်သည်။ သို့သော် ဤသို့ဖြစ်ရန်မှာ ဦးသိန်းစိန်အစိုးရက အလျှောပေးမှုအချို့ကို ပြသရန်နှင့် NLD ဘက်မှလည်း ဆက်သွယ်ဆောင်ရွက်ရန် စိတ်ဝင်စားမှုကို ပြသရန် လိုအပ်သည်။ NLD အနေဖြင့် တိုင်းရင်းသားများ၏ မကျေနပ်မှုများကို သေချာစွာနားလည်သဘောပေါက်ရန်နှင့် ထိုအချိန်က ၎င်းတို့၏ အမျိုးသား ဒီမိုကရေစီ အမြင်ကွဲပြားချက်ကို အသိအမှတ်ပြုလိုသည့် ဆန္ဒရှိရန်လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှလည်း ခက်ခဲသောအခြေအနေများရှိသော်လည်း “နှိုင်းဆ ချင့်ချိန်တတ်သော မိတ်ဆွေ” အဖြစ် အကြံဉာဏ်များပေးနိုင်ခဲ့သင့်သည်။

ပြန်လည်သုံးသပ်ချက် ၂။ သဘောတူညီ ချက်သည် အလွန်အလွန် ရှုပ်ထွေးပါသလား

ရေးသားပြီးစီးသည့် သဘော တူညီချက် သည် အသေးစိတ်အချက်များ အထိ ရှုပ်ထွေးပြီး လက်တွေ့အခြေအနေ များကို တုံ့ပြန်ဆောင်ရွက်ရန် လိုက်လျော ညီထွေ မဖြစ်ခဲ့ပါ။ ရလဒ်အနေဖြင့် လုပ်ငန်းစဉ် သည် နှေးကွေး စွာ ရှေ့ဆက်ခဲ့ ပြီး ၎င်း အပေါ် စိတ်ဝင်စားမှု လျော့ကျ စေ ခဲ့သည်။

ဖြေဆိုသူများ၏ ဘုံအမြင်တစ်ခုမှာ NCA သည် အလွန်ရှုပ်ထွေးပြီး ရည်မှန်းချက်ကြီးလွန်းသည်ဟူ၍ ဖြစ်သည်။ ကောက်နုတ် ချက် ၂ တွင် သဘော တူညီချက်၏ များပြားသော အစိတ် အပိုင်းများကို ဖော်ပြထား သည်။ အပစ်အခတ် ရပ်စဲရေး ပြဋ္ဌာန်းချက်များ ကိုသာ အဓိကအာရုံစိုက်ခဲ့သင့်သည်။ ဆက်စပ်လေ့လာမှုတွေ့ရှိမှုတစ်ခုမှာ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်နှင့် ကော်မတီဖွဲ့စည်းပုံတို့သည် အလွန် ရှုပ်ထွေးပြီး ယခင်က အောင်မြင်ခဲ့သော စေ့စပ်ညှိနှိုင်းမှုများနှင့် ကွဲပြားခဲ့သည်။ (အများအားဖြင့် အဓိက ခေါင်းဆောင် များနှင့် ကြီးစိုးထားသည့် လက်နက် ကိုင်အဖွဲ့များအကြား)။[47]

အကောင်းဘက်မှဆိုလျှင်မူ ဖွဲ့စည်းပုံသည် လက်တွေ့တွင် မှန်း ထားသည်ထက် ပိုမိုလိုက်လျောညီ ထွေမှုရှိခဲ့သည်။

မူဘောင် ပါဝင်ရေးဆွဲခဲ့သည့် အဓိကတိုင်းရင်းသားလူမျိုးတစ်ဦးမှလည်း နိုင်ငံရေးဆွေးနွေးမှုအတွက် အခြားပုံစံ က ပိုမိုထိရောက်နိုင်ခဲ့လိမ့်မည်ဟု ပြန်လည်ဆင်ခြင်သုံးသပ်ခဲ့သည်။

> အခုဆိုလျှင် (နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်တွင်) နိုင်ငံရေးပါတီတွေ အားလုံး သို့မဟုတ် EAO များအား လုံးကို အမျိုးအစားအလိုက် တစ်စုတည်း ထည့်ထားမှာမဟုတ်ပါဘူး။ ဒါက အမှားတစ်ခု ဖြစ်ခဲ့ပါတယ် ဘာလို့လဲဆိုတော့ အာဏာအရှိဆုံးအစုအဖွဲ့တွေက (၎င်းတို့ရဲ့ အခန်းကဏ္ဍတွင်) ကြီးစိုးခဲ့လို့ဖြစ်ပါတယ်။ ကချင်၊ ရှမ်း စသဖြင့် ပထဝီအနေအထားအရ အဖွဲ့များကိုရောထားလျှင် ပိုမို ကောင်းမွန်ပါလိမ့်မယ် ဘာလို့လဲဆိုတော့ ဒီအဖွဲ့တွေ အားလုံးဟာ အနာဂတ်မှာ အလုပ်အတူလုပ်ရ မှာဖြစ်တာကြောင့် ဒီလိုခွဲလိုက်ခြင်းအားဖြင့် ကဏ္ဍအလိုက် အာဏာလျှော့ချနိုင်ခဲ့ပါလိမ့်မယ်။[48]

NCA ၏ မတူညီသောကဏ္ဍများကို သေချာ စွာမကြီးကြပ်နိုင်မှုက လုပ်ငန်းစဉ်တစ်ခုလုံးအပေါ် ယုံကြည်မှုကို လျော့ကျစေခဲ့ပြီး ချိတ်ဆက် ဆက်စပ်မှုကို ကင်းမဲ့စေခဲ့သည်ဟု လေ့လာ စောင့်ကြည့်သူများက မှတ်ချက်ပြုခဲ့သည်။ ၎င်းက တိုးတက်မှုများ ရပ်တန့်သွားသောအခါ အရေးကြီး သောအခိုက်အတန့်များတွင် စေ့စပ်ညှိနှိုင်းရေးများတွင် ပိုမိုရင်းနှီး မြှုပ်နှံခြင်း သို့မဟုတ် ပြဿနာဖြစ်နေသောအရာများကို အသစ်တဖန် အလေးထားဆောင်ရွက်မှုများဖြင့် တုံ့ပြန်ဆောင် ရွက်ခြင်းကဲ့သို့သော အပြုသဘောဆောင်သည့် ကြားဖြတ်အစီအမံများကို ပြုလုပ်ရန်လည်း ခက်ခဲ စေခဲ့သည်။ ၎င်းသည် အရေးကြီးသော အခိုက်အတန့်များတွင် စေ့စပ်ညှိနှိုင်း အားထုတ်မှုကို ပိုမို ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် အသစ်တစ်ဖန် အာရုံစူးစိုက်မှုဖြင့် တုံ့ပြန်ခြင်းကဲ့သို့သော တိုးတက်မှု ရပ်တန့်သွားသည့်အခါ အပြုသဘောဆောင်သော ကြားဝင်ညှိနှိုင်းဆောင်ရွက်မှုများကို ခက်ခဲစေ သည်။ ထိုသို့သော ကြားဝင်ညှိနှိုင်းဆောင်ရွက်မှုများသည် အတားအဆီးများကို တပြိုင်နက် လုပ်ဆောင်နေချိန်တွင် တိုးတက်မှုဖြစ်ပေါ်နေသည်ကို အသိအမှတ်ပြုကာ ညှိနှိုင်းမှုများ၏ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် အတက်အကျအလိုက် လိုက်လျောညီထွေဖြစ်စေရန် ဆန္ဒရှိရန် လိုအပ်သည်။

ပြန်လည်သုံးသပ်ချက် ၃။ EAO များ ကြား မညီညွတ်မှု

ပိုမိုညီညွတ်မှုက ညှိနှိုင်းဆွေးနွေးမှုများတွင် EAO များ၏စုပေါင်းလွှမ်းမိုးနိုင်မှုကို တိုးမြင့်လာစေနိုင်ခဲ့လိမ့်မည်ဟု လေ့လာသူအများအပြားက ယူဆခဲ့ကြသည်။ဤသည်က ၂၀၁၅ နောက်ပိုင်းတွင် နောက်ထပ် EAO များ NCA လက် မှတ်ရေးထိုးနိုင်မည့် ဖြစ်နိုင်ချေကိုလည်း မြင့်တက်စေနိုင်ခဲ့သည်။ ယင်းအစား NLDအစိုးရ တက်လာချိန် တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဘက်တွင် ကွဲလွဲမှုရှိလာခဲ့သည်။

EAO များ၏ မတူကွဲပြားသော ရပ်တည်ချက်များ၊ မျှော်မှန်းချက်များ နှင့် တောင်းဆိုမှုများအပါအဝင် အခြား အကြောင်းအရာများ ပေါင်းစည်းမှုကလည်း ဤကိစ္စရပ်အပေါ် လွှမ်းမိုးမှုရှိခဲ့ကြောင်း ဖြေဆိုသူများက ပြောခဲ့သည်။ EAO အချို့ (ဥပမာ KIA နှင့် TNLA)၏ အရေးကြီးသောတောင်းဆိုမှုမှာ ၎င်းတို့အနေဖြင့် NCA လက်မှတ်မရေးထိုးမီ သို့မဟုတ် ညှိနှိုင်းဆွေးနွေးမှု

ကောက်နုတ်ချက် ၂။ NCA သဘောတူညီချက်၏ အဓိကအစိတ်အပိုင်း များ အနှစ်ချုပ်

နိဒါန်း

အခန်း ၁။အခြေခံမူများ

အခန်း ၂။ဦးတည်ချက်နှင့်ရည်ရွယ်ချက်များ

- နိုင်ငံရေးဆွေးနွေးမှုနှင့် နိုင်ငံရေးလမ်းပြမြေပုံ
- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ
- ယခင်အပစ်အခတ်ရပ်စဲရေးများကို အသိအမှတ်ပြုရန်
- ပါဝင်သင့်ပါဝင်ထိုက်သော EAOs အားလုံးပါဝင်ရန်

အခန်း၃နှင့်၄။ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ကိစ္စရပ်များ

- စည်းမျဉ်းစည်းကမ်းများ
- စစ်ဘက်ဆိုင်ရာကျင့်ဝတ်
- JMC
- ဆက်ဆံရေးရုံးများ

အခန်း၅။နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ

- နိုင်ငံရေးလမ်းပြမြေပုံ
- နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း
- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ

အခန်း၆။ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

- ယုံကြည်မှုတည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ရမည့် အချက်များ
- ကြားကလအတွင်းဆောင်ရွက်ရမည့်အစီအစဉ်များ

အခန်း၇။ အထွေထွေ

- ညှိနှိုင်းဖြေရှင်းခြင်း
- သဘောတူစာချုပ်အကျိုးသက်ရောက်ခြင်း
- သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း

များတွင် မပါဝင်မီတွင် စစ်တပ်က စစ်ရေးလှုပ်ရှားမှုများကို အလုံးစုံရပ်တန့်ပေးရမည်ဟူ၍ဖြစ်သည်။[49] NCA လက်မှတ်မရေးထိုးမီတွင် EAO အချင်းချင်း ဆက်သွယ် ဆောက်ရွက်နိုင်မည့် ပလက်ဖောင်းတစ်ခုအဖြစ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့်အဖွဲ့များကို ကိုယ်စားပြုနိုင်ရန် ညီညွတ်သော တိုင်းရင်း သားလူမျိုးများ ဖက်ဒရယ်ကောင်စီ ကိုဖွဲ့စည်းခဲ့သည်။ ၂၀၁၅ နောက်ပိုင်းတွင် မတူညီသော EAO များကြား နီးစပ် မှုနှင့် ပါဝင်ဆောင်ရွက်မှု ဆိုင်ရာ ကွဲပြားချက်များက NCA လုပ်ငန်းစဉ်အတွင်း နိုင်ငံရေးသဘောထား ကွဲလွဲမှုများ စတင်ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၆နောက်ပိုင်း အစိုးရညှိနှိုင်းဆွေးနွေးမှုဘက်၏ NLD အုပ်ချုပ်ရေးအဖွဲ့သစ်နှင့် စစ်တပ်ခေါင်းဆောင်မှုတို့ကြား အကွဲအပြဲက EAO ဘက် ညီညွတ်မှုကို ပိုမိုရှုပ်ထွေးစေခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် "၀" ဦးဆောင်သည့် မဟာမိတ်အဖွဲ့သစ် ဖြစ်သည့် ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကော်မတီသည် အင်အားကြီးမားသော မြောက်ပိုင်း အခြေစိုက်အဖွဲ့များနှင့် နီးကပ်သော ဆက်ဆံရေးများတည်ဆောက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ဩဇာကြီးထွားလာခဲ့သည်။ ဤသည်က ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ် ကောင်စီ ပြိုကွဲမှုကို ဖြစ်စေခဲ့ပြီး လက်မှတ်မရေးထိုးသေးသော အဓိက EAO များနှင့် ညှိနှိုင်းဆွေးနွေးမှုများကို ရပ်တန့်စေခဲ့သည်။

တစ်ဦးချင်းနှင့် အင်စတီကျူးရှင်းအဆင့်များတွင် ပိုမိုကြီးမားသော ညီညွတ်မှုရရှိရန် အဟန့်အတားဖြစ်စေသည့် အချက်များတွင် မတူညီသောအဖွဲ့များ၏ ခေါင်းဆောင်မှုအရည်အသွေး ကွဲပြားခြင်း၊ အရပ်ဘက်-စစ်ဘက် ကွဲပြားမှုများမှ ထွက်ပေါ်လာသော တင်းမာမှုများ၊ ကိုယ်ကျိုးစီးပွားများနှင့် စစ်တပ်မှ သွေးခွဲအုပ်ချုပ်ခြင်း နည်းလမ်းများ ကို ဆက်လက်အသုံးပြုနေခြင်းတို့ ပါဝင်သည်။ ဤသည်နှင့်ပတ်သက်၍ ဖြေဆိုသူတစ်ဦးမှ EAO များဘက်တွင် အဓိက "ဦးအောင်မင်းလို" စေ့စပ်ညှိနှိုင်းသူမရှိခြင်းမှာ ကံမကောင်း အကြောင်းမလှခြင်း ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သော်လည်း ၎င်းတို့၏ များပြားသော မတူခြားနားမှုများကြောင့် ဤသို့ဖြစ်ရန်မှာ ဖြစ်နိုင်ချေမရှိခဲ့ပါ။ တရားဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည့် အဓိကတိုင်းရင်းသားလူမျိုးတစ်ဦးမှ မှတ်ချက်ပြုခဲ့သလို

> အစပိုင်းတွင် EAO များ၏ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း NLD အစိုးရလက် ထက်တွင် ဂိုဏ်းဂဏကွဲမှု အများအပြား ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် စေ့စပ်ညှိနှိုင်းမှုများသည် နောက် တန်းသို့ရောက်သွားသည်။ ဤအခြေအနေတွင် NCA လုပ်ငန်းစဉ်သည် သဘောထားတင်းမာမှုများ ကိုဖြစ်စေခဲ့သည်။ စာသားအပေါ်တွင် လူတိုင်းသဘောတူခဲ့ကြသော်လည်း လက်မှတ်မထိုးရသေး သော အဖွဲ့များအတွင်း သိသာထင်ရှားသည့် အကွဲအပြဲများဖြစ်ပေါ်ခဲ့သည်။ အချို့ကိုယ်ရည် ကိုယ်သွေး စရိုက်များမှာ အလုပ်အတူလုပ်ရန် အလွန်ခက်ခဲခဲ့သည်။ ၂၀၁၅ ခုနှစ်တွင်

"ဒေါ်စုက လူတိုင်းကို သူ့ရဲ့ 'ငြိမ်းချမ်းရေး ရထား' အပေါ် လိုက်ပါစေချင်ပမေ့ဲ သူတို့ အားလုံးက မတူတဲ့ဘူတာရုံတွေမှာဆင်းဖို့ လက်မှတ်ဖြတ်ထားပြီးသား ဆိုတာကို သူတကယ်ကို နားမလည်ခဲ့ဘူး"

(နိုင်ငံတကာငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စောင့်ကည့်လေ့လာသူတစ်ဦး၊ ၂၀၂၃ခုနှစ် ဇူလိုင်လ ၁၉ရက်နေ့တွင် မေးမန်းခဲ့သည်။)

> KIA ခေါင်းဆောင်များသည် ရန်ကုန် သို့လာရောက်၍ NCA စာသားများကို သဘောတူခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းတို့ပါဝင်ဆောင်ရွက်မှုကို ငြင်းဆိုခံခဲ့ရသောကြောင့် KIA မှ အလွန်စိတ်ပျက် သွား ခဲ့သည်။[50]

နိုင်ငံခြားအစိုးရများနှင့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည်လည်း ထိုအချိန်က EAO အများအပြား ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်မှုကို အားပေးခြင်း သို့မဟုတ် နှောင့်နှေးစေခြင်းတို့ကို ပြုလုပ်ခဲ့ ကြသည်။ မြန်မာနိုင်ငံ၏ လစ်ဘရယ်ဒီမိုကရေစီသို့ သွားရာလမ်းကြောင်းတွင် ရင်းနှီးမြှုပ်နှံထားသည့် အနောက် နိုင်ငံအများအပြားသည် EAO များကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာလိုမှုများသည် ကျယ်ပြန့်သော တိုးတက်မှုတစ်ရပ်အဖြစ်မြင်ခဲ့ကြသည်။ EAO အများအပြားက ဤအမြင်ကိုသဘောမတူခဲ့ကြပဲ NCA ကို သဘောတူရန် အနောက်နိုင်ငံများ၏ ဖိအားပေးခြင်းသည် ဆန့်ကျင်ဘက်သက်ရောက်မှုကိုဖြစ်စေခဲ့သည်ဟု မြင်ခဲ့ကြသည်။

ပြန်လည်သုံးသပ်ချက် ၄။ တစ်နိုင်ငံလုံး အကျိုးဝင်မှု မရှိခဲ့သလို အားလုံးပါဝင်မှုလည်း မရှိခဲ့ပါ။

NCA လုပ်ငန်းစဉ်တလျှောက်တွင် မည်သူက ပါဝင်ခဲ့သည်၊ မည်သူတို့က မပါဝင်ခဲ့ပါ နှင့် မည်သူတို့က သဘော တူညီချက်အရ ချည်နှောင်ထားခြင်းရှိသည် မည်သူတို့ကမရှိ ဟူသည့် ကိစ္စရပ်များမှ ပြဿနာများ ပေါ်ပေါက် ခြင်းဖြစ်သည်။ NCA တွင် အဓိက EAO အဖွဲ့များ မပါဝင်ခဲ့ခြင်းက မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုအဆင့်များ လျော့ကျစေရေးတွင် ၎င်း၏သက်ရောက်မှုကို လျော့ပါးစေခဲ့သည်။

NCA သည် နိုင်ငံရေးအသွင်ကူးပြောင်းမှုဆိုင်ရာ ကတိကဝတ်များပါဝင်သည့်အတွက် သမားရိုးကျ အပစ်အခတ် ရပ်စဲရေး စာချုပ်ထက် ကျော်လွန်ခဲ့သည်။ရေးဆွဲရာတွင်ပါဝင်ခဲ့သော ဖြေဆိုသူတစ်ဦးမှ မှတ်ချက်ပြုသည်မှာ ၎င်းသည် "ကစားပွဲကို အပြောင်းအလဲဖြစ်စေသည့်" ("game-changing") အရာဖြစ်သော်လည်း NCA တွင် ပါဝင်သော အသွင်ကူးပြောင်းမှု နိုင်ငံရေးဆွေးနွေးချက်၌ အဓိကနိုင်ငံရေးအစုအဖွဲ့များအား ထည့်သွင်းထား ခြင်းမရှိပေ။ အကြံပြုထားသည်မှာ NLD နှင့် အခြား နိုင်ငံရေးခေါင်းဆောင်များ ပါဝင်နိုင်ခဲ့သင့်သည် သို့မဟုတ် ဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့သင့်သည်။[51] ဤသည်က ကာလရှည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အကြပ်အတည်း - မည်သူတို့ကို ပါဝင်စေရမည် နှင့် လုပ်ငန်းစဉ်၏ မည်သည့်အပိုင်းတွင်ပါဝင်စေရမည်လဲ ကိုပေါ်ပေါက်စေခဲ့ သည်။ လူအများအပြားကို စောစီးစွာပါဝင်ခွင့်ပြုလိုက်ခြင်းသည် ထိန်းချုပ်မှုဆုံးရှုံးမည်ကို ကြောက်ရွံ့သော အခြားသက်ဆိုသူများ (ဤကိစ္စတွင် စစ်တပ်) ကို ကင်းကွာသွားစေခြင်းဖြင့် ထိခိုက်လွယ်သော လုပ်ငန်းစဉ်ကို ကျရှုံးစေနိုင်သည်။ ကာလကြာရှည် နိုင်ငံရေးရည်မှန်းချက်များအတွက် နေရာဆုပ်ကိုင်ထားသူနှင့် စနစ်တကျ ဖွဲ့စည်းပြဋ္ဌာန်းထားသည့် လုပ်ငန်းစဉ်တို့ (ဆင့်ကဲပြောင်းလဲမှုအတွက် လိုက်လျောညီထွေ ဆောင်ရွက်နိုင်စွမ်း နည်းပါးသော) အကြား တင်းမာမှုသာ ကျန်ခဲ့သည်။

ယခင်ကလက်မှတ်ရေးထိုးခဲ့ပြီးသော အပစ်အခတ်ရပ်စဲရေးများကို အသိအမှတ်ပြုခြင်းနှင့် ပတ်သက်သည့် နောက်ထပ် မရေရာမှုများက အချို့ EAO များကို NCAတွင် ဘာကြောင့် ၎င်းတို့အနေဖြင့် ပါဝင်သင့်သလဲဟု မေးခွန်းထုတ်လာစေခဲ့သည်။ ဤသည်ကြောင့် အချို့က ဘေးထွက်ရပ်နေခဲ့ပြီး ၎င်းတို့အနေဖြင့် ကတိကဝတ်များမပြုခင် လေ့လာစောင့်ကြည့်ခဲ့ကြသည်။ အခြားအဖွဲ့များက NLD အစိုးရတက်လာသည့်အထိ စောင့်ပြီး ထိုအချိန်ကျမှ ညှိနှိုင်းလျှင် ၎င်းတို့အတွက် အကျိုးအမြတ်ရရှိလိမ့်မည်ဟု ယူဆခဲ့ကြသည်။ ဤ အမြင်အယူအဆနှစ်ခုလုံးသည် နိုင်ငံရေးဆွေးနွေးမှုအတွင်း စုပေါင်း EAO ညှိနှိုင်းဆွေးနွေးမှု၏ အကျိုးအမြတ် ရှိနိုင်ချေကို စဉ်းစားခြင်းမရှိပဲ အပစ်အခတ်ရပ်စဲရေးအပိုင်းကိုသာ အဓိက အလေးထားခဲ့ကြသည်။

EAO များ အားလုံးပါဝင်မှုနှင့်ပတ်သက်သည့် ရှုပ်ထွေးမှုများအပြင် နိုင်ငံရေးပါတီများသည် အဓိကNCA ညှိနှိုင်း ဆွေးနွေးမှုများနှင့် အလှမ်းဝေးကွာလျက်ရှိသည်။ ၎င်းတို့သည် တွေ့ဆုံပွဲများသို့ ဖိတ်ကြားမခံခဲ့ရပဲ စစ်တပ်နှင့် EAO များကြား သဘောတူညီမှုများ ပြုလုပ်ပြီးသောအခါမှသာ အကြောင်းကြားခံခဲ့ရသည်။ ရခိုင်ပြည်နယ်နှင့် ရှမ်း ပြည်နယ် အချို့နေရာများကဲ့သို့သော နိုင်ငံ၏ နေရာအများအပြားတွင် ဗဟိုအာဏာပိုင်များနှင့် အတိုက်အခံများသည် လက်နက်ကိုင်အဖွဲ့အဖြစ်မှ နိုင်ငံရေးပါတီများအဖြစ်သို့ ပြောင်းလဲခဲ့ကြသည်။ NCA ဖွဲ့စည်းပုံတွင် ယင်းတို့ သည် အကျိုးမဝင်ခဲ့ပဲ လွှတ်တော်လုပ်ငန်းစဉ်များတွင်လည်း ၎င်းတို့၏အသံများကို ကြားနိုင်သည့် အခြေအနေမရှိခဲ့ပါ။ ၁၀ အပေါင်း ၁၀ တွေ့ဆုံမှုနောက် NCA၏ နောက်ပိုင်းလုပ်ငန်းစဉ်တွင်မှ နိုင်ငံရေးပါတီများ ပါဝင်ရန် ခွင့်ပြုမှု (အထိမ်းအမှတ်သာသာ ဖြစ်နိုင်သည်) ရှိခဲ့သည်။ သို့သော် ၎င်းတို့ကို ချန်လှပ်ထားခဲ့မှုသည် လက်နက်ကိုင်အဖွဲ့များသည်သာ အဓိက ဆုံးဖြတ်ချက်ချသူများဖြစ်သည်ဟူသည့် အယူအဆကို ပိုမိုအားကောင်းစေခဲ့သည်။

ပြန်လည်သုံးသပ်ချက် ၅။ တမျိုးသားလုံးအရေး နှင့် ဗဟို အစိုးရ ကြီးကြပ်မှု

NCA လုပ်ငန်းစဉ်အပေါ် ဗဟိုအစိုးရမှ ချုပ်ကိုင်မှုရရှိရန် ဆောင်ရွက်မှုများသည် ထပ်တိုးရှုပ်ထွေး မှုများကို ဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံ၏ ခေါင်းဆောင်များသည် "တမျိုးသားလုံးနှင့် သက်ဆိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်" ဟု ၎င်းတို့ ခေါ်ဆိုသည့် လုပ်ငန်းစဉ်တစ်ခုကို စတင်ခဲ့ပြီး ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိထားခဲ့ပါသည်။ ၂၀၁၅ ခုနှစ် နောက်ပိုင်း NLD အစိုးရလက်ထက် တွင် ဆက်လက်ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒအရ

> ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ပထမရည်မှန်းချက်မှာ အမျိုးသားပြန်လည်သင့်မြတ် ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုကြီး ဖြစ်တည်လာ စေရေးကို အထောက်အပံ့ဖြစ်စေသည့် မူဝါဒအဖြစ်ကျင့်သုံးရန်ဖြစ်သည်။ ဖွံ့ဖြိုးမှုအကူအညီအားလုံး သည် နိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများ ကို အထောက်အပံ့ဖြစ်စေရေးနှင့်အညီ ဒီဇိုင်းရေးဆွဲထားသင့်သည်။(၂၀၁၇ ခုနှစ် ၉ လပိုင်း ၂၈ ရက် Section 2.2)[52]

ဤမူဝါဒကို အကောင်ထည်ဖော်ရာတွင် ဗဟိုအစိုးရကြီးကြပ်နိုင်မှုကို သေချာစေသည့် အချို့ ယန္တရားများမှ တဆင့်နှင့် အချို့ဖြစ်ရပ်များတွင် ငြိမ်းချမ်းရေး တည်ဆောက်ရေး လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေစီးဆင်းမှုများ မှသည် နည်းပညာအကူအညီထိ စသည့် ပြင်ပပံ့ပိုးကူညီမှုများနှင့်ပတ်သက်ပြီး တိုက်ရိုက်ဆုံးဖြတ်ချက်ချသည့် အခွင့်အာဏာများမှတဆင့်ဆောင်ရွက်ခဲ့သည်။ လူသိများသော ယန္တရားတစ်ခုမှာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဖြစ် သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ဆက်စပ်သည့် အစီအစဉ်များအပေါ် ရန်ပုံငွေ ခွဲဝေနေရာချထားမှုနှင့် အသုံးစရိတ်အကန့်အသတ်များကို စိစစ်ရန် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အဖွဲ့ဖြစ်သည်။ ဒေါ်အောင်ဆန်စုကြည်မှ ပြောကြားခဲ့သည့် (အဖွဲ့၏) ရည်မှန်းချက်မှာ "အလှူရှင်အခြေပြုထက် တကယ့်လက်တွေ့အခြေအနေအပေါ်မူတည်၍ ရန်ပုံငွေများကို လိုအပ်သည့်ကဏ္ဍများကို ခွဲဝေခြင်းနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်းဖြင့် မျှတစွာနှင့် ထိရောက်စွာ စီမံခန့်ခွဲရန်" ဖြစ်သည်။[53] ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် အစိုးရနှင့် EAO များမှ တန်းတူရည်တူကိုယ်စားပြုမှုဖြင့် ဖွဲ့စည်းထားသော်လည်း အမှန်တကယ် ဆုံးဖြတ်ချက် ချမှတ်ခြင်း လွှမ်းမိုးမှုမှာ အစိုးရ တွင်ရှိသည်ဟု မှတ်ချက်ပြုသူများက ပြောခဲ့ကြသည်။ အလှူရှင်အများအပြား ပါဝင်ပံ့ပိုးသည့် Joint Peace Fund အတွက် ဤသို့သော အစိုးရ ကြီးကြပ်မှုသည် ၎င်းတို့၏ ရန်ပုံငွေ ထိန်းချုပ်မှုအတွက် မည်သို့သော အဓိပ္ပာယ်သက် ရောက်မည် နှင့် EAO နှင့် ရန်ပုံငွေလက်ခံသူ CSO များ၏ အကဲဆတ်သော အချက်အလက်များကို ပေါက်ကြားနိုင်မှုအပေါ် စိုးရိမ်ချက်များရှိခဲ့သည်။

တမျိုးသားလုံးနှင့်သက်ဆိုင်သော မူဝါဒဆိုသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဖွဲ့စည်းပုံများနှင့် လုပ်ထုံး လုပ်နည်းများကို အခြားအကြောင်းအရာ အခြေအနေများ၏ ဘုံအလေ့အကျင့်များမှ လွှမ်းမိုးမှုနည်းပြီး၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ ကြားဝင်စေ့စပ်ခြင်းတို့တွင် နိုင်ငံတကာ ပါဝင်ဆောင်ရွက်မှု မရှိခြင်းတို့ကိုဆိုလို သည်။ လုပ်ငန်းစဉ်၏ တိုးတက်မှုနှင့် အောင်မြင်မှုများသည် နိုင်ငံတကာသတ်မှတ်ထားသည့် လမ်းကြောင်း (အပစ် အခတ်ရပ်စဲရေး ပထမ၊ နောက်တွင် နိုင်ငံရေးအဖြေရှာခြင်း) အတိုင်း မလိုက်ပဲ ဤသည်က နိုင်ငံတကာ စောင့်ကြည့်လေ့လာသူနှင့် ပံ့ပိုးသူအသိုင်းအဝိုင်းအား မျှော်လင့်ချက်အမှားများ နှင့် အဓိပ္ပာယ်ကောက်လွဲခြင်း တို့ကိုဖြစ်ပေါ်စေခဲ့သည်။ ငြိမ်းချမ်းရေး သဘောတူညီချက်အတွင်း ဖြေရှင်းရမည့် ကိစ္စရပ်ပြဿနာများကို အပြည့်အဝ ဖော်ပြခြင်းမရှိသည့် မြန်မာနိုင်ငံတွင်၊ အမျိုးသားအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိပ္ပါယ်ကို သက်ဆိုင်သူများမှ မရှင်းလင်းဘဲ၊ အမျိုးသားရေး လက္ခဏာနှင့် နိုင်ငံတော်၏ တရားဝင်မှု သဘောတရားတို့ကို အခြေခံအားဖြင့် အငြင်းပွားလျက်ရှိသည်။

ပြန်လည်သုံးသပ်ချက် ၆။ စောင့်ကြည့် ကြီးကြပ်မှုနှင့် လိုက်နာဆောင်ရွက်စေမှုဆိုင်ရာ ပြဿနာများ

အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ကြီးကြပ်ရန်နှင့် လိုက်နာဆောင်ရွက်စေသည့် NCA၏ ကဏ္ဍ သည် လုပ်ငန်းစဉ်အောင်မြင်မှု၏ အဓိကအချက်ဖြစ်သည်။ဤသို့ဆောင်ရွက်ရန် ရှုပ်ထွေးစေသည့် အကြောင်း ချင်းရာနှစ်ခုရှိသည်။ NCA၏ အခြားသောကဏ္ဍများကဲ့သို့ပင် ရှုပ်ထွေးမှုနှင့် အကြမ်းဖက်ဖြစ်ရပ်များကို လျှော့ချရန် နှင့် အခြားပြင်ပအစုအဖွဲ့မှ စောင့်ကြည့်ကြီးကြပ်မှုကို ခွင့်ပြုရန် ပဋိပက္ခအစုအဖွဲ့များကြား စစ်မှန်သော ဆန္ဒ မရှိခြင်းတို့ဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကို NCA ၏ အဓိကကျသော အစိတ်အပိုင်းအဖြစ် ၂၀၁၅ တွင် စတင်ဖွဲ့စည်းခဲ့သည်။ ရှုပ်ထွေးပြီး အဆင့်များစွာဖြင့်ဖွဲ့စည်းထားသော ကော်မတီများနှင့် အတွင်းရေးမှူးရုံးများ မှတဆင့် JMC သည် ဒေသန္တရအဆင့်၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်များရှိ အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများ သို့မဟုတ် အငြင်းပွားမှုများကို စီမံခန့်ခွဲရန် နှင့် တာဝန်ယူမှု တာဝန်ခံမှုတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်ခဲ့သည်။ အငြင်းပွားမှုဖြေရှင်းရေး အမြင့်ဆုံး အဆင့်မှာ ဥက္ကဋ္ဌ တာဝန်ယူထားသော မြန်မာစစ်တပ်၏ ဗိုလ်ချုပ်ရာပြည့် ဖြစ်သည်။ ထို့ကြောင့် ပြင်ပအစုအဖွဲ့ သို့မဟုတ် ကြားနေယန္တယားတစ်ခုမရှိခြင်းကြောင့် စစ်တပ်က အပေးအယူလုပ်ရန် သို့မဟုတ် အမှားကို ဝန်ခံရန် ငြင်းဆိုသောအခါ EAO များကို စိတ်ပျက်စေပြီး "[EAOများနှင့် စစ်တပ်ကြား] လက်ညှိုးထိုးအပြစ်တင်ခြင်း" များ ဖြစ်စေသည့် ဖွဲ့စည်းပုံဆိုင်ရာ ဘေးကျပ်နံကျပ်ကို ဖန်တီးခဲ့သည်။[54] အတိုင်းအတာတစ်ခုအထိ အရပ်ဘက် အစုအဖွဲ့များအတွက် ပြင်ပအခန်းကဏ္ဍများရှိခဲ့သော်လည်း JMC ဖွဲ့စည်းပုံအတွင်း ၎င်းတို့၏အခန်းကဏ္ဍနှင့် ပတ်သက်၍ လက်နက်ကိုင်အစုအဖွဲ့များမှ ကောင်းစွာ နားမလည်ခဲ့သောကြောင့် နောက်ထပ်တင်းမာမှုများ ဖြစ်ခဲ့သည်။[55] အစုအဖွဲ့များကြား အကန့်အသတ်ရှိသော ယုံ ကြည်မှုကြောင့် အစုအဖွဲ့များများကြား နောက်ထပ် အငြင်းပွားမှုများ ဖြစ်လာခဲ့ပြီး အာဏာချိန်ခွင်လျှာမှာ စစ်တပ် ဘက်သို့ ရောက်ရှိသွားခဲ့သည်။ လေ့လာသူ အချို့က ဤသို့သောဖွဲ့စည်းပုံမျိုးသည် အစိုးရမဟုတ်သောအုပ်စုများ နှင့် ပြောက်ကျားတပ်ဖွဲ့များပါသည့် အချိုးမညီသော ပဋိပက္ခများထက် သမားရိုးကျပြည်တွင်းစစ်ပွဲများအတွက် ပိုမိုသင့်လျော်သည်ဟု ယူဆခဲ့ ကြသည်။[56] တကယ့်လက်တွေ့တွင် ဤသည်၏ အကောင်ထည်ဖော်ဆောင်ရွက်နိုင် စွမ်းမရှိမှုကို ကရင်ပြည်နယ်ဖြစ်ရပ်ကို ဥပမာအဖြစ် တွေ့မြင်နိုင်သည်။

> တပ်မတော်သည် ဘုန်းကြီးကျောင်းမြေများကို စစ်ရေးရည်ရွယ်ချက်များဖြင့် အသုံးပြုဝင်ရောက်ခဲ့သည်။ ဤကဲ့သို့သော ချိုးဖောက်မှုသည် ဒေသန္တရအဆင့်တွင် ဖြေရှင်းရမည့် ကိစ္စရပ်ဖြစ်သော်လည်း ဆုံးဖြတ်ချက်တစ်ခုချရန်အဆင့်ပေါင်းများစွာ ကျော်ဖြတ်၍ ပြည်ထောင်စု အဆင့်အထိ ရောက်သွားခဲ့သည်။ ဤသို့ဖြစ်ပါက လပေါင်းများစွာကြာမည် သို့မဟုတ် ဘယ်သောအခါမှ (ဆုံးဖြတ် ချက်) ဖြစ်လာမည် မဟုတ်တော့ပေ။ ဒေသန္တရအဆင့် JMC အတွက် လုပ်ပိုင်ခွင့်များ ရှင်းရှင်းလင်းလင်း ရှိထားသော်လည်း တကယ့်လက်တွေ့ဖြစ်ရပ်များက ရည်ရွယ်ထားသည်များနှင့် မကိုက်ညီခဲ့ပါ။ ပါဝင်ဆောင်ရွက်နေသည့် အရပ်သားများသည် ၎င်းတို့၏အခန်းကဏ္ဍများ၊ ဤကိစ္စရပ်များနှင့် ပတ်သက်ပြီး ရှင်း လင်းစွာသိရှိသော်လည်း စစ်တပ်က ၎င်းတို့၏အမြင်များကို လက်မခံခဲ့ပါ။[57]

> ***ကောက်နုတ်ချက် ၃။ EAO ဆက်ဆံရေးရုံးများ***
>
> ဤရုံးများသည် စစ်တပ်နှင့်အခြားအစုအဖွဲ့များကြား ဆက်သွယ်ရေးအတွက် အဖိုးတန်သော လမ်းကြောင်းများ ဖြစ်ပြီး သို့မဟုတ်ပါက သတင်းအချက်အလက်ရရှိရန် ပုဂ္ဂိုလ်ရေး ဆက်ဆံရေးနှင့် အလွတ်သဘော လမ်းကြောင်းများပေါ်တွင် လုံးဝအားကိုးနေရမည်ဖြစ်သည်။[59] NCA မတိုင်မီ၊ သို့သော် NCA တွင် ထပ်လောင်း အသိအမှတ်ပြုသည့် ၁၉၉၀ ခုနှစ်များ အစောပိုင်းကာလအတွင်း အစိုးရနှင့်ညှိနှိုင်းခဲ့သော နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများနောက်ပိုင်းတွင် ဆက်ဆံရေးရုံးများ စတင်ဖွဲ့စည်းခဲ့သည်။[60] ၂၀၁၁ နောက်ပိုင်း တွင် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အများအပြားသည် အပစ်အခတ်ရပ်စဲရေး ဆက်ဆံရေးရုံး များကို ရည်ညွှန်းသည်။ ၂၀၁၃ ခုနှစ်တွင် "မွန်၊ ချင်း၊ ကယား၊ ရှမ်း၊ ရခိုင်ပြည်နယ်များနှင့် တနင်္သာရီနှင့် ပဲခူးတိုင်း ဒေသကြီးတို့တွင် ရုံးပေါင်း ၃၀ ကျော်ရှိလာခဲ့သည်။[61] ၎င်းတို့၏ တရားဝင်လုပ်ငန်းဆောင်တာများ အပြင် ရုံးများသည် EAO များအတွက် ပွင့်လင်းမြင်သာ၍ တရားဝင်ဖြစ်သော ပုံရိပ်ကို ပြသပုံပိုးပေးခဲ့ပြီး ၎င်းတို့၏ တည်ရှိမှုကို ပုံမှန်ဖြစ်စေကာ NCA ၏ အပြုသဘောဆောင်သော အပြောင်းအလဲများကို မြင်သာသော အထောက်အထားများဖြင့် ပြသခဲ့သည်။ NCA လုပ်ငန်းစဉ် တိုးတက်မှုမရှိသောအချိန်တွင်ပင် ၎င်းတို့၏ ဆောင်ရွက်မှုများက "အခြေ အနေများ ပိုမိုဆိုးရွားလာခြင်းကို နှေးကွေးစေခဲ့သည်။[62]

JMC ၏ အကျအရှုံးများစွာနှင့် အနည်းငယ်မျှသော အောင်မြင်မှုတို့က မြန်မာစစ်တပ်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် စစ်မှန်သော ကတိကဝတ်ထားရှိခဲ့ရဲ့လားဆိုသည့် မေးခွန်းများကို ဖြစ်ပေါ်လာစေသည်။ ဘက်ပေါင်းစုံတွင် ချိုးဖောက်မှုများရှိခဲ့ပြီး မြန်မာစစ်တပ်သည် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် စိတ်ဝင်စားမှုမရှိဟု JMC နှင့်နီးစပ်သူများက ခံစားခဲ့ရသည်။ ဤသည်တို့ကို စစ်တပ်က လမ်းများဆက်လက် ဖောက်လုပ်နေခြင်းနှင့် အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင် စစ်တပ်စခန်းချမှုများပြုလုပ်ခြင်းတို့တွင် သက်သေခံမြင်နိုင်သည်။ ဤသည်ကပင် NCA ၏ တိုးတက်မှုကို တားဆီးရန်ပြုလုပ်သော စစ်တပ်၏ နည်းလမ်းတစ်ခုဖြစ်မည်ဟု အချို့က ယူဆသည်။[58]

ပြန်လည်သုံးသပ်ချက် ၇။ အရပ်ဘက်လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍ

အရပ်ဘက်လူ့အဖွဲ့အစည်းသည် အထူးသဖြင့် အချို့သောတိုင်းရင်းသားလူမျိုး အများစုနေထိုင်ရာ ဒေသများ တွင် တစ်နိုင်ငံလုံးသဘောတူညီချက်အပေါ် ဩဇာလွှမ်းမိုးမှုအဆင့် အမျိုးမျိုးရှိခဲ့သည်။ အရပ်ဘက် လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်အပါအဝင် "Track 1.5"တွင် ၎င်းတို့၏ အကြံဉာဏ်များကို ပံ့ပိုးခဲ့သည်များ ရှိသော်လည်း အရပ်ဘက်ခေါင်းဆောင်များသည် NCA တွင် ချမှတ်ထားသည့် ငြိမ်းချမ်းရေးတွင် တရားဝင် အခန်းကဏ္ဍအနေဖြင့် မပါဝင်ခဲ့ပါ။

မတူညီသော နေရာဒေသများရှိ CSOs များသည် လူ့အခွင့်အရေးများကို လေးစားရန် တိုက်တွန်းလှုံ့ဆော်ခြင်း နှင့် ပဋိပက္ခဆိုင်ရာမတရားမှုများ အကြောင်း အသိပညာပေးမြှင့်တင်ခြင်းများ စသည်တို့ဖြင့် EAOများ၏ အပြုအမူများနှင့်ပတ်သက်ပြီး အားကောင်းသောလွှမ်းမိုးဆောင်ရွက်မှု ရှိသည်။ ဤသို့သောဆောင်ရွက်မှုများ သည် အဆိုပါအရေးကြီးသည့်ကိစ္စရပ်များကို ဆွေးနွေးအဖြေရှာနိုင်ရန် လမ်းများဖွင့်ပေးနိုင်ခဲ့သော်လည်း အချို့အဖွဲ့များကိုမူ ကင်းကွာသွားစေခဲ့သည်။ ပို၍သိမ်မွေ့သော ချဉ်းကပ်မှုက ပိုမိုကောင်းမွန်သော အပြုအမူဆိုင်ရာ ပြောင်းလဲမှုကိုဖြစ်စေလိမ့်မည်ဟု အချို့ဖြေဆိုသူများက အကြံပြုကြသည်။ အရပ်ဘက် အဖွဲ့အစည်း/ ပုဂ္ဂိုလ်များသည် ငြိမ်းချမ်းရေးအခင်းအကျင်းတွင် EAO များထက် ကွဲပြားမှုများတွင်ပိုမိုထိရောက်စွာ အလုပ် လုပ်ဆောင်နိုင်သောကြောင့် ၎င်းတို့သည် EAO များကြား ဆွေးနွေးမှုများဖြစ်ပေါ်လာရန်နှင့် လုပ်ငန်းစဉ် ရှေ့ရောက်အောင် ပံ့ပိုးနိုင်မည်ဟု ဖြေဆိုသူများက ယူဆကြသည်။

တက်ကြွလှုပ်ရှားသော အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပြည်သူ့အရေးကိစ္စများကို EAOများ၏ ပိုမိုအသိအမှတ် ပြုနားလည်လာမှုကြား ဆက်ဆံရေးကိုလည်း CSO ခေါင်းဆောင်များက မှတ်ချက်ပြုခဲ့သည်။ ဤသို့သော ဆက်ဆံရေးကို KIA ၊KNU နှင့် KNPP တို့တွင် မြင်သာနိုင်သည်။ ကချင်ပြည်နယ် ဒေသများတွင် အချို့ ခေါင်းဆောင်များသည် အလွန်ရဲရင့်ပြီး အရပ်ဘက်လူ့အဖွဲ့အစည်းတွင် သိသာထင်ရှားသည့် အာဏာကို ကိုင်စွဲထားနိုင်ခဲ့သည်။ ဥပမာအား ဖြင့် ကချင်နှစ်ခြင်းခရစ်ယာန်ခေါင်းဆောင် သိက္ခာတော်ရ ဆရာတော် ဆမ်ဆွန်မှ KIA ခေါင်းဆောင်များနှင့် ထိပ် တိုက်တွေ့၍ ၎င်းတို့၏ဖွဲ့စည်းပုံများတွင် ဒီမိုကရေစီစံနှုန်းအခြေခံ များကို ထင်ဟပ်အသုံးပြုရန်နှင့် ရွေးကောက်ပွဲများ ကျင်းပရန် ပြောကြားခဲ့သည်။ ပြည်နယ်အဆင့်တွင် အရပ်ဘက်လူ့အဖွဲ့အစည်း အားနည်းသောဒေသများတွင် ခေါင်းဆောင်များသည် စစ်ဘက်ဆိုင်ရာ စိတ်ဓာတ်အပြုအမူများပြုလုပ်နိုင်ခြေပိုများကြောင်း ဤသုတေသနတွင် ပါဝင်သည့် ဖြေဆိုသူများက မှတ်ချက် ပြုခဲ့သည်။ မြန်မာစစ်တပ်သည် CSO များနှင့် အုပ်ချုပ်ရေးယန္တယားများတွင် "အရပ်သားတဖြစ်လဲ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ" ကို ထည့်သွင်းရန် ဆောင်ရွက်ခဲ့ပြီး အရပ်ဘက်လူ့အဖွဲ့အစည်းကို လွှမ်းမိုးရန် ကြိုးစားခဲ့မှုများကြောင့် ၎င်းတို့ကိုယ်ခ္ဌက အဆိုပါအယူအဆကို လက်ခံကြောင်း မြင်နိုင်သည်။[63]

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များတွင် ဦးဆောင်ကဏ္ဍမှပါဝင်ခြင်း၊ နိုင်ငံရေးဆွေးနွေးမှု မူ ဘောင်ဆိုင်ရာ မူဝါဒများအတွက် နည်းပညာကဏ္ဍမှ ပါဝင်ခြင်း စသည်တို့ဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း သည် NCA လုပ်ငန်းစဉ်ပေါ် လွှမ်းမိုးပါဝင်ဆောင်ရွက်ခဲ့သည်။[64] ၂၀၁၄ခုနှစ်တွင် KIA နှင့် မြန်မာစစ်တပ်ကြား တဖန်ပြန်လည်ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် ထိခိုက်ခံစားရသူများအား လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ပံ့ပိုးမှုများပေးရန် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုးဖွဲ့က ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့ (Joint Strategy Team) ကို ဖွဲ့စည်းခဲ့သည်။ ဤကွန်ရက်သည် ပွင့်လင်းမြင်သာသော ဆက်သွယ်မှုများကို အားပေးခြင်း၊ ဝင်ရောက်ခွင့်များကို ညှိနှိုင်းခြင်းနှင့် ပဋိပက္ခများကို တားဆီးခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့နေရာဒေသများရှိ အစုအဖွဲ့ များနှင့် ဖြေရှင်းဆက်သွယ် စီမံဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ နိုင်ငံရေးအသွင်ကူးပြောင်းမှုသည်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် များပြားသော စိန်ခေါ်မှုများကို ယူဆောင်လာခဲ့သည်။ NLD ၏ CSO များအပေါ် မယုံကြည်မှု နှင့် အတိုက်အခံဖြစ်သောအမြင် များကြောင့် NLD ၏ ရွေးကောက်ပွဲသည် အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုနယ်ပယ်ကို ကျဉ်မြောင်းစေခဲ့သည်ဟု ဖြေဆိုသူများ၏ပြောကြားခဲ့သည်။ ထို့အပြင် NLD အစိုးရနှင့် ပဋိပက္ခပြဿနာရပ်များ ကို အဓိကထားဆောင်ရွက်သည့် တိုင်းရင်းသားအခြေပြု လူမှုအဖွဲ့အစည်းများကြားညှိဖျင်းသော ဆက်ဆံရေး သည် အရပ်ဘက်အဖွဲ့အစည်းနယ်ပယ်၌ ပိုမိုကြီးမားသောအကွဲအပြဲ - ဗဟိုအစိုးရကို ထောက်ခံမှုနည်းသည့် တိုင်းရင်းသားအစုအဖွဲ့များနှင့် NLD နှင့် ၎င်း၏နိုင်ငံရေးရည်မှန်းချက်များနှင့် ဆက်စပ်သော ဗမာအဖွဲ့အစည်း များကြား အကွဲအပြဲကို ဖြစ်ပေါ်စေခဲ့သည်။

မြန်မာ့ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် နိုင်ငံခြားပံ့ပိုးမှု ဆိုင်ရာ အတွေ့အကြုံသင်ခန်းစာများ

ခြုံငုံသုံးသပ်ချက် - မြန်မာ့ ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် ပံ့ပိုးခြင်းများ ၊ ၂၀၁၀–၂၀၂၀

ဤစာတမ်းသည် ၂၀၁၀–၂၀၂၀ နှစ်များအတွင်း နိုင်ငံတကာ အလှူရှင်များက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖြစ်စဉ်များ အပေါ် မည်ကဲ့သို့ ပံ့ပိုးခဲ့သည်ကို စူးစမ်းလေ့လာထားသည်။ ယင်းကာလအတွင်း မြန်မာနိုင်ငံ၌ နိုင်ငံတကာထိတွေ့ဆက်ဆံမှု နှင့် နိုင်ငံခြား အကူအညီ စီးဆင်းမှုများဆိုင်ရာ ခြုံငုံသုံးသပ်ချက်ကို ပထမဦးစွာ တင်ပြထားပြီးနောက် ပဋိပက္ခ ဖြေရှင်းရေးအတွက် အထောက်အပံ့ ဖြစ်စေသည့် အချက်များကို ဆွေးနွေးကာ အဓိကတွေ့ရှိချက် ၈ ချက်ကို တင်ပြထားသည်။ ဤတွေ့ရှိချက်များသည် ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရှင်များ၊ အလှူရှင်နိုင်ငံများမှ သံတမန်များ၊ အစိုးရအရာရှိများ နှင့် မြန်မာနိုင်ငံ သို့မဟုတ် အခြားသောနေရာများတွင် ငြိမ်းချမ်းရေးကို ပံ့ပိုးနေသူများ အတွက် ဆီလျော်ပါသည်။ သတင်းအချက်အလက်များကို ဖော်ပြပါ နှစ်ကာလများအတွင်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီခဲ့သော ပြည်တွင်းနှင့် နိုင်ငံတကာ ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံမေးမြန်းမှုများမှ အဓိက ရရှိသည်။ ယခင်ရှိပြီးသား စာအုပ်စာတမ်းများကလည်း ဤလေ့လာအကဲဖြတ်မှု အတွက် အထောက်အပံ့ ဖြစ်စေခဲ့ပြီး ၎င်း၏ အကူအညီ ကြောင့် သုတေသနအဖွဲ့အနေဖြင့် အဓိကတွေ့ရှိချက်များ နှင့် အနာဂတ်ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အတွက် သက်ရောက်မှုများကို ဖော်ထုတ်နိုင်ခဲ့သည်။ ဤစာစဉ်၏ စာစဉ်အမှတ် (၁) ဖြစ်သော *ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အခင်းအကျင်း - အမြစ်တွယ်နေသော စိန်ခေါ်မှုများနှင့် တစ်စိတ်တစ်ပိုင်း ပြုပြင် ပြောင်းလဲမှုများ* စာတမ်းတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် နိုင်ငံခြား အကူအညီများပေးခြင်းဆိုင်ရာ နောက်ခံအကြောင်းအရာနှင့် နည်းလမ်းများကို အသေးစိတ်ဖော်ပြဆွေးနွေးပြီး အကဲဖြတ်လေ့လာထားသည်။

ဤစာတမ်းတွင် ဖော်ပြထားသည့် နိုင်ငံခြားအကူအညီများတွင် အဓိကအားဖြင့် Global North အဖွဲ့ဝင်နိုင်ငံ များ (စီးပွားရေးပူး ပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်း OECD အဖွဲ့ဝင်များ) နှင့် နိုင်ငံပေါင်းစုံ အဖွဲ့ အစည်းများ ဖြစ်သော ကုလသမဂ္ဂအေဂျင်စီများ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်များ ထံမှ တရားဝင် ထောက်ပံ့ငွေများ နှင့် အတိုးနှုန်းနည်း ချေးငွေများပါဝင်သည်။ တရုတ်နိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ အကူအညီများကိုလည်း ထည့်သွင်းစဉ်းစားထားသည်။[65] မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် (EAO) ၈ ဖွဲ့ တို့အကြား တနိုင်ငံလုံးဆိုင်ရာပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (NCA)သည် ယခု စာတမ်းလေ့လာမှုကာလအတွင်း ငြိမ်းချမ်းရေးဆိုင်ရာ အထင်ရှားဆုံး ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဤကာလ အတွင်း ငြိမ်းချမ်းရေးနှင့် ပတ် သက်သော နိုင်ငံခြားအကူအညီ များ၏ အာရုံစိုက်ရာ အချက်အချာ ဖြစ်ခဲ့သည်။ ဤစာတမ်းသည် NCA နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်သော အထောက်အပံ့ အကူအညီကို အဓိကထား လေ့လာထားပြီး (NCA လက်မှတ်မထိုးခဲ့သော EAO များ ရှိသည့် နိုင်ငံ၏မြောက်ပိုင်းဒေသများတွင် တင်းမာမှုများကို ဖြေရှင်းရန် EAO တစ်ဖွဲ့ချင်းနှင့် ပြုလုပ်သော ကာလကြာရှည် နှစ်ဖက်အသဘောတူ အပစ်အခတ်ရပ်စဲခြင်းများ အပါအဝင်)၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုခုနှင့် အတိအကျ ဆက်နွယ်မှုမရှိသော ရပ်ရွာအဆင့် လုပ်ငန်းအစီအစဉ်များကဲ့သို့ အခြားသော စီမံဆောင်ရွက်မှုများကို လည်း လေ့လာထားသည်။

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး နှင့် နိုင်ငံခြား အကူအညီ စီးဆင်းမှုများ

၂၀၁၀ခုနှစ်တွင် ပြုပြင်ပြောင်းလဲမှုများ စတင်ဖြစ်ပေါ်လာသည်နှင့် အနောက်နိုင်ငံများသည် မြန်မာနိုင်ငံနှင့် ၄င်းတို့၏ ဆက်ဆံရေးများကို ပြန်လည်စဉ်းစားလာကြသည်။ ၁၉၄၈ ခုနှစ်မှစ၍ တစ်စစ လျော့ပါးလာခဲ့သော "တရားဝင် ဖွံ့ဖြိုးရေး အထောက်အပံ့"ဟု OECD က ခေါ်သည့် အကူအညီသည် ပြန်လည်စတင် စီးဝင်လာခဲ့ သည်။[66]

ဦးသိန်းစိန်လက်ထက် ရွေးကောက်ပွဲနှင့် အရပ်သားတစ်ပိုင်း အစိုးရဖွဲ့စည်းပြီးနောက် မြန်မာနိုင်ငံသည် အနောက် နိုင်ငံများ နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ကမ္ဘာ့ဘဏ် နှင့် ဒေသတွင်း အာရှဖွံ့ဖြိုးရေး ဘဏ် စသည့် နိုင်ငံပေါင်းစုံအဖွဲ့အစည်းများ အပါအဝင် တရားဝင်အလှူရှင် အများအပြားနှင့် ဆက်ဆံရေးကို အရှိန်အဟုန်ဖြင့် ပြန်လည် စတင်ခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၁၀ တွင် အကူအညီအထောက်အပံ့ လက်ခံ ရရှိမှု အဆင့် ၇၉ မှ ၂၀၁၅ ခုနှစ်တွင် သတ္တမမြောက် အကြီးဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။ ၂၀၁၇ တွင် ဒေသတွင်း တစ်ဦးချင်း လက်ခံရရှိမှု တတိယအကြီးဆုံးဖြစ်လာပြီး၊ လူဦးရေ အလွန်နည်းပါးသော လာအိုနှင့် ကမ္ဘောဒီးယားတို့နောက်တွင်သာ ရပ်တည်နေသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နီးကပ်သော ရေရှည်တည်တံ့သော ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ရန် အဓိကမျှော်မှန်းခဲ့ခြင်းဖြစ်သည်။[67]

ယခင်က အနောက်နိုင်ငံများနှင့် သံတမန်ဆက်ဆံရေးများသည် အဓိကအားဖြင့် လူ့အခွင့်ရေးချိုးဖောက်မှုများ နှင့် ဒီမိုကရေစီ ဖိနှိပ်မှုတို့ကို တုံ့ပြန်သည့်အနေဖြင့်ပြုလုပ်သော ပိတ်ဆို့အရေးယူမှုများသာဖြစ်ခဲ့သည်။ ၁၉၆၂ တွင် စတင်ခဲ့သော စစ်အာဏာရှင်အစိုးရ ကာလအတွင်း အလှူရှင်အများစုက မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးရေးပူးပေါင်း ဆောင်ရွက်မှုများကို လျှော့ချခဲ့သည်။ ဤကာလတွင် မြန်မာနိုင်ငံသည် အာရှနိုင်ငံများထံမှ အထောက်အပံ့ကို ရှာဖွေခဲ့သည်။[68] ဂျပန်နိုင်ငံ နောက်တွင် တရုတ်နှင့် အခြားအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများသည် ထောက်ပံ့ ငွေ၊ အတိုးနှုန်း သက်သာသော ချေးငွေများပေးခြင်း၊ သင်တန်းနှင့် အရာရှိများ ဖလှယ်ခြင်း စသည့်ပံ့စံများဖြင့် ထောက်ပံ့သည့် အရေးကြီးဆုံးသော နိုင်ငံခြားအကူညီ ပံ့ပိုးသူများဖြစ်သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ဩဇာလွှမ်းမိုးမှုသည် ၁၉၈၀ ပြည့် နှောင်းပိုင်းနှစ်များတွင် စတင်ကြီးထွားလာသည့်နှင့်အမျှ ၎င်းသည် မြန်မာ နိုင်ငံ၏ အဓိကပြင်ပ မိတ်ဖက်နှင့် ဩဇာလွှမ်းမိုးမှု ဖြစ်လာခဲ့သည်။ ဘေဂျင်းသည် စစ်အစိုးရနှင့် ဆက်ဆံရေး တည်ဆောက်ခဲ့ပြီး၊ တစ်ချိန်တည်းတွင်ပင် ဆက်စပ်နယ်စပ်တလျှောက်တွင် လှုပ်ရှားနေသော EAO များနှင့် လည်း ဆက်သွယ်ဆောင်ရွက်မှုများထားရှိပြီး သတ္တုတွင်း၊ ဆည်များ၊ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာစိုက်ပျိုးရေးတို့တွင် မဟာဗျူဟာမြောက် အစိုးရနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများဖြင့်လည်း ကျားကန်ထား သည်။[69]

၂၀၀၀ ပြည့် အစောပိုင်းနှစ်ကာလများတွင် မြန်မာနိုင်ငံ၏ စစ်အစိုးရသည် နိုင်ငံရေးအာဏာကို ထိန်းသိမ်းထား စဉ်အတွင်းပိုင်း ပြုပြင်ပြောင်းလဲမှုအချို့ကို ဖြည်းညင်းစွာ အကောင်ထည်ဖော်ဆောင်ရွက်ခဲ့သည်။ အဓိက ဦးစားပေးတစ်ခုမှာ တရုတ်နိုင်ငံ၏ လွန်ကဲလာသော သြဇာလွှမ်းမိုးမှု စိုးရိမ်ချက်ကို တုံ့ပြန်ဆောင်ရွက်ရန် အတွက် နိုင်ငံခြားဆက်ဆံရေး အထူးသဖြင့် အနောက်နိုင်ငံများနှင့်ဆက်ဆံရေး တိုးတက်စေရန် ဆောင်ရွက် ခြင်းဖြစ်သည်။ ရောဂါသုံးမျိုးရန်ပုံငွေ (3DF) မှတဆင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးအတွက် ပံ့ပိုးကူညီမှုအပါ အဝင် အထောက်အပံ့များသည် ဤအချိန်တွင် တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ ရွှေဝါရောင်တော်လှန်ရေး ဟု လူသိများသော လူထုဆန္ဒပြပွဲများကို အကြမ်းဖက်ဖြိုခွင်းပြီး နောက်မကြာမီကာလတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်တစ်ခုကို ၂၀၀၈ တွင် ပြဋ္ဌာန်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တစ်စိတ်တစ်ပိုင်း ဒီမိုကရေစီ စနစ်အတွက် တစ်ပိုင်းတစ်စပြုပြင်ပြောင်းလဲမှုများကို ချမှတ်ထားပြီး နိုင်ငံရေးတွင် စစ်တပ်၏ ဆက်လက် လွှမ်းမိုးသက်ရောက်မှုကို လည်းဖော်ပြသတ်မှတ်ထားသည်။ ခန့်မှန်းခြေ သေဆုံးမှုပေါင်း ၁၄၀,၀၀၀ ဖြစ်စေခဲ့ သော ရန်ကုန်တောင်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသကို ဖျက်ဆီးခြေမှုခဲ့သည့် မြန်မာ့မှတ်တမ်းသမိုင်းတွင် အဆိုးရွား ဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက်တွင် အနောက်နိုင်ငံ များနှင့် နိုင်ငံပေါင်းစုံ အဖွဲ့အစည်းများထံမှ အကူအညီအထောက်အပံ့ စီးဆင်းမှုများသည် ၂၀၀၈ ခုနှစ်တွင် စတင်ပြောင်းလဲခဲ့သည်။ ပြည်တွင်းအဖွဲ့များက ထိခိုက်ခံစားခဲ့သည့် လူထုအသိုင်းအဝိုင်းကို ကူညီထောက်ပံ့ရန် စည်းရုံးမှုများပြုလုပ်ခဲ့ချိန်တွင် မြန်မာ အစိုးရက နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုများအတွက် တံခါးဖွင့်ခဲ့သည်။ ပွင့်လင်းမှုတိုးမြင့်လာခြင်း၏ သီးခြား လက္ခဏာတစ်ရပ်အဖြစ် အိန္ဒိယနိုင်ငံသည် ကုန်သွယ်မှု နှင့် ကူးသန်းရောင်းဝယ်မှုကို မြှင့်တင်ရန် ရည်ရွယ်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းကို ၂၀၀၈ တွင် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ၎င်း၏ စီးပွားဆက်သွယ်ရေးကို မြှင့်တင်ခဲ့သည်။[70]

စောင့်ကြည့်လေ့လာသူ အများအပြားက တရားမဝင်ဟု ယူဆကြသည့် ၂၀၁၀ ရွေးကောက်ပွဲပြီးနောက်တွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်း၊ အခြားနိုင်ငံများသို့စွန့်ခွာသွားကြ ရသည့်



ပုံ ၆။ ထိပ်တန်းအလှူရှင် ၁၀ နိုင်ငံမှ မြန်မာနိုင်ငံသို့ ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် တရားဝင် အထောက်အပံ့ပေးအပ်မှု
(အရင်းမြစ် - OECD Creditor Reporting System)

နိုင်ငံသားများ ပြန်လာစေရန် အားပေးသည့် စီမံမှုများပြုလုပ်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုကို အရှိန်မြင့်ခဲ့ သည်။ သိသာထင်ရှားသော တိုးတက်မှုကို မြင်လာခြင်းကြောင့် နိုင်ငံတကာယုံကြည်မှု မြင့်တက်လာစေပြီး ပိတ်ဆို့အရေးယူမှုများဖြေလျှော့လာခဲ့ကြသည်။ အနောက်နိုင်ငံ အလှူရှင်များသည် မြန်မာနိုင်ငံတွင်းသို့ ပိုမိုဝင် ရောက်လာခဲ့ကြပြီး ဖွံ့ဖြိုးရေးအကူအညီများကို တိုးမြင့်ကာ အစိုးရဌာနများနှင့် လုပ်ငန်းများကို တိုးချဲ့ခဲ့သည်။ ၂၀၁၁ တွင် တရုတ်နိုင်ငံမှ ထောက်ပံ့သည့် မြစ်ဆုံရေကာတာစီမံကိန်း ဖျက်သိမ်းမှုကို အရေးပါသော ဖြစ်ရပ် အဖြစ် မှတ်ယူနိုင်ပြီး မြန်မာအစိုးရကို ဘေဂျင်းနှင့် ဝေးကွာသွားစေခဲ့သည်။ ဤသည်မှာ ပြည်သူ့အကျိုးစီးပွား ထံသို့ ပိုမိုတုံ့ပြန်ဆောင်ရွက်မှုရှိသည့် ချဉ်းကပ်နည်းဖြစ်ကြောင်း ညွှန်ပြခဲ့သည်။[71] မူဘောင်အသစ်များ ချမှတ်ခြင်းနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းများဖြင့် အကူအညီ စီးဆင်းမှုသည် ပိုမို ကြီးထွား လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်နှစ်ခုက အနောက်နိုင်ငံများနှင့် ဆက်ဆံရေး ဆက်လက် ပုံမှန်ရှိမည့် လမ်းကြောင်းကို သေချာစေခဲ့သည်။ အရပ်သားတစ်ပိုင်းအစိုးရနှင့် EAO ၈ ဖွဲ့တို့ က NCA လက်မှတ် ရေးထိုးခဲ့ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အပြတ်အသတ် အနိုင်ရရှိခဲ့သော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲ ဖြစ်ပေါ်ခဲ့သည်။

OECD ဒေတာအချက်အလက်များအရ ၂၀၁၁ အစ မှ ၂၀၁၅ နှစ်ကုန်ပိုင်းကာလအတွင်း မြန်မာနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၃.၇ ဘီလီယံ ရရှိခဲ့သည်။ ယခင်အကြွေး အမေရိပကန်ဒေါ်လာ ၆.၅ ဘီလီယံကျော် အတွက်ကိုလည်း လျော်ပစ်ပေးခဲ့ကြသည်။ ဂျပန် ၊ ကမ္ဘာ့ဘဏ် ၊ ယူကေနှင့် အမေရိကန်တို့သည် အကြီးဆုံး သော ပံ့ပိုးသူများဖြစ်သည်။ အမျိုးသားအဆင့်လည်ပတ်ဆောင်ရွက်သော စီမံကိန်းများတွင် အကူအညီအများ အပြားရရှိပြီး ကျန်းမာရေး၊ စွမ်းအင်နှင့် သယံဇာတပို့ဆောင်ရေးကဏ္ဍများသည် အထောက်အပံ့ အများဆုံး ရရှိခဲ့ သည်။[72]

သို့သော်လည်း မြန်မာနိုင်ငံတွင် အမြစ်တွယ်နေသောပဋိပက္ခများမှ ပေါ်ပေါက်လာသည့် ပြဿနာများမှာ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ NCA လုပ်ငန်းစဉ်သည် အပစ်အခတ်ရပ်စဲရေးမျှသာဖြစ်ပြီး EAO အများအပြား မပါဝင်ခဲ့ပေ။ ၂၀၀၈ အခြေခံဥပဒေက ရွေးကောက်ခံ အရပ်သားခေါင်းဆောင်များ၏ လုပ်ပိုင်ခွင့် အာဏာကို တင်းကြပ်စွာ ကန့်သတ်ထားပြီး စစ်တပ်သည် အမှီခိုကင်း၍ တာဝန်မခံရပဲ ဆက်လက်တည်ရှိနေခဲ့သည်။ NCA သည် ငြိမ်းချမ်းရေးသို့ နောက်ထပ်တိုးတက်မှုအတွက် အခြေခံအုတ်မြစ် ဖြစ်နိုင်ခဲ့သော်လည်း အဖြစ်အပျက်များမှာ လမ်းကြောင်းပြောင်းသွားခဲ့သည်။ ရွေးကောက်ခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရသစ်သည် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူညီချက် အခင်းအကျင်းတွင် အားလုံးပိုမိုပါဝင်နိုင်သော ငြိမ်းချမ်းရေး ဆွေးနွေးမှုတစ်ခု ဖော်ဆောင်ရန် ရုန်းကန်ခဲ့ရပြီး အစိုးရသစ်မှပြုလုပ်ခဲ့သည့် အပြောင်းအလဲများက ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ကို ရပ်တန့်သွားစေခဲ့သည်။

အနောက်နိုင်ငံများနှင့် ကုလသမဂ္ဂ တို့က မြန်မာစစ်တပ်ကို လူမျိုးစုရှင်းလင်းမှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့ ဖြင့် စွပ်စွဲခဲ့သည့် ၂၀၁၇–၂၀၁၈ ရိုဟင်ဂျာ အရေးအခင်းက (အစိုးရသစ်၏) ပျားရည်ဆမ်းကာလ (ဟန်နီးမွန်း)ကို အဆုံးသတ်ခဲ့ပြီး အလှူရှင်များနှင့် သံတမန်များအကြား မြန်မာနိုင်ငံတွင်းရှိ အမြစ်တွယ်နေသော ပြဿနာများ မှာ ကြေလည်အောင် ဖြေရှင်းနိုင်ရန်လိုသေးကြောင်း သဘောထားအမြင်တစ်ခုထွက်ပေါ်လာခဲ့သည်။ ၂၀၂၀ ရွေးကောက်ပွဲ ပြီးနောက် အောင်ဆန်းစုကြည်၏ NLD ပါတီ ဒုတိယသက်တမ်းကာလတွင် ပိုမိုကောင်းမွန်ပြီး ပြန်လည်ပြင်ဆင်ထားသည့် ငြိမ်းချမ်းရေးပုံစံအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သောကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် မျှော်လင့်ချက်အသစ်တချို့ရှိလာခဲ့သည်။ ဤအချိန်တွင်၊ စစ်တပ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အရပ်သားအစိုးရကို ဖယ်ရှား၍ အာဏာသိမ်းယူပြီး၊ ကျယ်ပြန့်သော ပဋိပက္ခများကို အစပျိုးပေးခဲ့ခြင်း ကြောင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများကို အံ့အားသင့်စေခဲ့သည်။

ကောက်နုတ်ချက် ၄။ နည်းနာ နှင့် ဒေတာအချက်အလက်ဆိုင်ရာ စိန်ခေါ်မှုများ

သတင်းအချက်အလက် များပြားမှု၊ မတူကွဲပြားသော ရှုမြင်မှုများနှင့် ၂၀၁၀ မှ ၂၀၂၀ အတွင်း မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသော အလှူရှင်ထောက်ပံ့သော စီမံကိန်းအရေအတွက်တို့ကြောင့် မတူညီသောဖြစ်ရပ်များ အားလုံးကို ချိတ်ဆက်ပေးနိုင်မည့်အကြောင်းအရာတစ်ခု (common threads) ကို ဖော်ထုတ်သတ်မှတ်ရန် ခက် ခဲစေသည်။ စီမံကိန်း သို့မဟုတ် အစီအစဉ်များအကြား အကဲဖြတ်ခြင်းနှင့် နှိုင်းယှဉ်ခြင်းတို့ ပါဝင်မည့် ပုံမှန်စံပြုနည်းလမ်းဖြစ်သည့် ပြန်လည်သုံးသပ်ခြင်း (meta-evaluation) နည်းမှာ ဆီလျော်သော သတင်း အချက်အလက် များစွာကို ကန့်သတ်ထားဆဲဖြစ်သောကြောင့် အလုပ်မဖြစ်ပါ။ ထို့အပြင် လေ့လာလိုသည့် အဓိကအချက်များမှာ မဟာဗျူဟာများ၊ ဦးစားပေးများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံခြားထောက်ပံ့ကူညီမှု ပေးအပ်ပုံကို ပုံဖော်သည့် ဆက်ဆံရေးများနှင့် ဆက်စပ်သောကြောင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စီမံကိန်း သို့မဟုတ် အစီအစဉ်များ အဆင့်တို့ အထက်တွင် ရှိနေတတ်သည်။ဤသို့ ပိုမြင့်သောအဆင့်နှင့်ပတ်သက်သည့် အချက်အလက်များမှာ အများပြည်သူ လက်လှမ်းမီ ကြည့်ရှုနိုင်သောနေရာများတွင် အနည်းငယ်သာရှိသည်။

ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် ကူညီထောက်ပံ့မှုများနှင့် ပတ်သက်သော ပြည့်စုံသော ဒေတာအချက် အလက် မရှိခြင်းက ဆန်းစစ်လေ့လာမှုနယ်ပယ်ကို အကန့်အသတ်ဖြစ်စေသည်။ နှစ်စဉ် တရားဝင်ဖွံ့ဖြိုးရေး အကူအညီများကို မှတ်တမ်းတင်ထားသည့် အပြည့်စုံဆုံး ဒေတာစုစည်းမှု ဖြစ်သည့် OECD Creditor Reporting System တွင် ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် လျာထားသော ကူညီထောက်ပံ့မှုများကို ခြေရာခံရန် အသုံး ပြုနိုင်သည့် “ပဋိပက္ခ၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး” အမျိုးအစားကဏ္ဍ တစ်ခုပါဝင်သည်။[73] OECDတွင် အလှူရှင် ၁၇၃ ခု၏ အစီအရင်ခံစာများကိုသာ တွေ့ရှိရသောကြောင့် ဤဒေတာများအရ အလုံးစုံခြုံငုံ မမြင်နိုင်ပါ၊ ယင်းတို့အနက် အလှူရှင် ၅၀ မှာ နိုင်ငံများဖြစ်ပြီး၊ ကျန်အလှူရှင်များမှာ ဘက်ပေါင်းစုံပါဝင်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် ပုဂ္ဂလိက အလှူရှင်များဖြစ်သည်။ ထူးခြားသည်မှာ ဤယန္တရားမှတစ်ဆင့် ၎င်းတို့၏ နိုင်ငံခြားအကူအညီများကို အစီရင်ခံသည့် နိုင်ငံ ၅၀ အနက် အာရှနိုင်ငံများမှာ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ထိုင်ဝမ် နှင့် တီမောလက်စ် နိုင်ငံများသာ ဖြစ်သည်။ မြန်မာနိုင်ငံဖြစ်ရပ်တွင်မူ ဤဒေတာမရှိခြင်းကြောင့် တရုတ်နှင့် စင်ကာပူအပါအဝင် နိုင်ငံများမှ ကြီးမားသော ထောက်ပံ့ကူညီမှုများကို ကျန်ခဲ့သည်။ ပဋိပက္ခလျှော့ချရေး ကြိုးပမ်းမှုများ၏ အကဲဆတ်သော သဘောသဘာဝသည် လုပ်ငန်းအစီအစဉ်များစွာကို အစီရင်မခံခြင်းကို ဖြစ်စေနိုင်သည်။ ထို့အပြင် ရန်ပုံငွေများကို နောက်ဆုံးရရှိသူများကိုလည်း အများအားဖြင့် မသိရှိနိုင်သောကြောင့် ကွဲပြားသော အကျိုးခံစားခွင့်ရှိသူများအကြား အကူအညီအထောက်အပံ့ကို မည်သို့ မျှတစွာရောက်ရှိပုံကို သိရှိရန်ခက်ခဲသည်။ နောက်ဆုံးအနေဖြင့် ဤကာလတွင် အကူအညီအထောက်အပံ့သည် ဖွံ့ဖြိုးရေးအတွက် တစ်ခုတည်းသော တွန်းအား မဟုတ်ခဲ့ပါ။ ၂၀၁၁ နှင့် ၂၀၁၅ ကြားကာလတွင် မြန်မာနိုင်ငံအတွင်းသို့ သိသာထင်ရှားသည့် ပုဂ္ဂလိက အရင်းအနှီးများ စီးဆင်းဝင်ရောက်နေပြီဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍ တိုးတက်လာမှု က ဆင်းရဲမွဲတေမှု လျော့ကျခြင်းနှင့် နိုင်ငံတစ်ဝှမ်း ပဋိပက္ခဒဏ်ခံရသော ဒေသများအပါအဝင် လူနေမှုဘဝ အခြေအနေများ တိုးတက်မှုကို ဖြစ်ပေါ်စေခဲ့သည်။

ငြိမ်းချမ်းရေးအတွက် နိုင်ငံခြား ကူညီထောက်ပံ့မှုများ

စစ်အေးကာလ ပြီးဆုံးပြီးနောက် အကူအညီအထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအတွက် လုပ်ငန်းဆောင် ရွက်နိုင်သည့် အဝန်းအဝိုင်း ကျယ်ပြန့်လာခဲ့မှု နှင့်အတူ နယ်မြေစိုးမိုးရေးပဋိပက္ခများ မြင့်တက်လာခြင်း အပေါ်စိုးရိမ်မှု တို့က ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ချဉ်းကပ်နည်းအသစ်များအတွက် အခြေခံတစ်ခု ဖြစ် လာစေသည်။ အစောပိုင်း အလေးပေးမှုမှာ ဖွံ့ဖြိုးရေးရန်ပုံငွေများကြောင့် ထိခိုက်မှုမဖြစ်စေရေး (do no harm) ကို အဓိကထားခဲ့ကြသည်။ အကြောင်းမှာ ယခင်က မူဝါဒများနှင့် စီမံကိန်းပရောဂျက်များသည် စနစ်တကျ အကြမ်းဖက်မှုကို မရည်ရွယ်ပဲ ပံ့ပိုးပေးခဲ့မိသော စိတ်ပျက်ဖွယ် မှတ်တမ်းရှိခဲ့ခြင်းကြောင့်ဖြစ်သည်။[74]

ပဋိပက္ခအပေါ် အကဲဆတ်မှု (conflict sensitivity) ပုံစံသည် အကူအညီအထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအတွက် လုပ်ငန်းဆောင်ရွက်ရေး နည်းလမ်းတစ်ခုဖြစ်လာပြီး အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ကျွမ်းကျင်ဌာနများကို များမကြာမီတွင် ဖွဲ့စည်းထားရှိလာ ကြသည်။[75] OECD မှ ထုတ်ပြန်သော နိုင်ငံတကာ လမ်းညွှန်ချက်များက ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်မှု ကာကွယ်ရေးကို မည်သို့ကူညီပံ့ပိုးရမည်ဆိုသည်တို့ကို ဖော်ပြထားသည်။[76]

နိုင်ငံခြား ကူညီထောက်ပံ့မှုများ၊ ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် ပဋိပက္ခ တို့ကြား ရှုပ်ထွေးသော အပြန်အလှန်ဆက်သွယ်မှုများမှ တစ်ကမ္ဘာလုံးဆိုင်ရာ သိနားလည်မှု သို့မဟုတ် ပညာရပ်တို့ကို ရရှိခဲ့သည်။ မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ချိန်တွင် နိုင်ငံတွင်း လုပ်ငန်းဆောင်ရွက်ခြင်းကို သေချာစွာ မရင်းနှီး မသိရှိသေးသော်လည်း အကူအညီအထောက်အပံ့ပေးသည့် အဖွဲ့အစည်းအများစုသည် ပဋိပက္ခဒဏ်ခံ အခင်းအကျင်းများတွင် လုပ်ငန်းဆောင်ရွက်သည့် အတွေ့အကြုံရှိခဲ့ကြသည်။ အချို့က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်လာစ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အသုံးဝင်မည့် လုပ်ငန်းစဉ်များကို ပံ့ပိုးရန်နှင့် အလှူရှင်နိုင်ငံ အများစုက ဖွံ့ဖြိုးရေးရန်ပုံငွေများကို အသုံးပြုပြီး ၎င်းတို့၏ သံတမန်ရေးရာ ထိတွေ့ဆောင်ရွက်မှုများတွင် ထည့်သွင်းကြသည်။ နိုင်ငံတကာ စည်းရုံး လှုံ့ဆော်သူများ၊ အခြားနိုင်ငံများတွင် ရောက်ရှိနေထိုင်သော မြန်မာများနှင့် နိုင်ငံတွင်းရှိ အတိုက်အခံအုပ်စုများနှင့် ကာလရှည်ကြာ ချိတ်ဆက်မှုများက လုပ်ငန်းအစီစဉ် ရေးဆွဲရေးအတွက် အခြေခံဖြစ်သည်။ ကနဦးအနေဖြင့် နှစ်ပေါင်းများစွာ လူသားချင်း စာနာထောက်ထားမှုဆိုင် ရာ လုပ်ငန်းများဆောင်ရွက်နေသော ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အဓိက ထားဆောင်ရွက်ခဲ့ပြီး အလှူရှင် ကူညီထောက်ပံ့မှုများသည် နိုင်ငံတကာ NGO များ သို့မဟုတ် အခြားသော ကြားခံများမှတဆင့် စီးဆင်းခဲ့သည်။

အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် EAO များကို ပံ့ပိုးကူညီမှုများ ပါဝင်သော လုပ်ငန်းများနှင့် ကဏ္ဍ အမျိုးမျိုးတွင် အစပျိုးဆောင်ရွက်မှုများ တဟုန်ထိုး တိုးမြင့်လာသည်။

- ***ကြားဝင်စေ့စပ်ခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း အထောက်အပံ့ ။*** အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများ၊ ငြိမ်းချမ်းရေး လုပ်ငန်း စဉ်များ နှင့် နိုင်ငံရေးစကားဝိုင်းများအတွက် ထောက်ပံ့ပေးသည့် အစပြုလုပ်ဆောင်မှုများ နှင့် အစိုးရနှင့် EAO ခေါင်းဆောင်များအား စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာအကြံပေးခြင်းများ ပြုလုပ်ခြင်း တို့ ဖြစ်သည်။ ဤသည်တို့ကို များသောအားဖြင့် သိုသိပ်စွာနှင့် ထိပ်သီးအဆင့်တွင် ဆောင်ရွက်သည်။ အလှူရှင်များက ပံ့ပိုးသောအဖွဲ့အစည်းများတွင် Euro-Burma Office၊ ငြိမ်းဖောင်ဒေးရှင်း၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအရေး လေ့လာမှုစင်တာ (Centre for Peace and Conflict Studies)၊ Center for Humanitarian Dialogue၊ Sasakawa Peace Foundation နှင့် Intermediate တို့ပါဝင်သည်။
- ***ယုံကြည်မှုတည်ဆောက်ရန် အစပြုလုပ်ဆောင်မှုများ ။*** ဖြစ်ပွားနေဆဲ တင်းမာမှုများကို ဖြေရှင်းရန်၊ ငြိမ်းချမ်းရေးရရှိရန် အခက်အခဲ အတားအဆီးများကို လျှော့ချရန်၊ ငြိမ်းချမ်းရေး အသီးအပွင့် ဖော်ဆောင် ရရှိရန် သို့မဟုတ် ဖြစ်နိုင်ချေရှိသော ငြိမ်းချမ်းရေး ပျက်စီးနိုင်မည့်အရာများကို ပြေပျောက်စေရန် အစီအစဉ် အများအပြားကို ပဋိပက္ခဒဏ်ခံရသော ဒေသများတွင် အခြေစိုက် ဆောင်ရွက်သည်။ ၎င်းတို့တွင် ဒေသဖွံ့ဖြိုးရေး နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အစီအစဉ် လုပ်ဆောင်မှုများ ပါဝင်သည်။ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများကို ပံ့ပိုးကူညီရန် လုပ်ငန်းစီမံကိန်း အချို့ကို EAO နှင့် စစ်တပ် ခေါင်းဆောင်များနှင့် တိုက်ရိုက် အလုပ်လုပ်ကြပြီး အချို့မှာ မြေပြင်/ရပ်ရွာအဖွဲ့အစည်းများနှင့် အလုပ်လုပ် ကြသည်။ ဥပမာများမှာ အမေရိကန်မှ ထောက်ပံ့သော ကမ်းလက်၊ နော်ဝေနိုင်ငံမှ အစပြုသော Myanmar Peace Support Initiative ၊ဂျပန်နိုင်ငံက ထောက်ပံ့သော နိပ္ပန်ဖောင်ဒေးရှင်း နှင့် မြန်မာ NGO အများအပြား ဖြစ်သည်။
- ***ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် တိုက်ရိုက်ရန်ပုံငွေပံ့ပိုးခြင်း။*** မြန်မာအစိုးရ၏ တောင်းဆိုချက်များ အတိုင်း အလှူရှင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစီတ်အပိုင်းများကို ပံ့ပိုးကူညီရန် ဆန္ဒရှိကြသည်။ ဤတွင် အရေးကြီးအစည်းအဝေးများ တက်ရောက်နိုင်ရန် EAO ခေါင်းဆောင်များကို ပံ့ပိုးခြင်းနှင့် အခြား အရင်းမြစ်များ ပံ့ပိုးခြင်း၊ အစိုးရဦးဆောင်သော မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (Myanmar Peace Center)ကို အထောက်အပံ့ပေးခြင်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် EAO များအတွက် ဆက်ဆံရေးရုံးများအပါအဝင် NCA ၏ လိုအပ်ချက်များ ပြည့်မြောက်စေရန် ထောက်ပံ့မှုများပြုလုပ်ခဲ့သည်။
- ***စွမ်းရည်မြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်း ။*** ကြားခံများမှတဆင့် ထောက်ပံ့ကူညီမှုများ အဆင့်များစွာကို ပံ့ပိုးခဲ့သည်။ အစီအစဉ်များသည် ပညာရှင်အကြံဉာဏ်များ၊ သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် ၊ လေ့လာရေး ခရီးစဉ်များကို အစိုးရအရာရှိများနှင့် ခေါင်းဆောင်များ၊ EAO များ၊ NGOများ၊ အမျိုးသမီးများ၊ လူငယ်များ နှင့် ရပ်ရွာအခြေပြု အဖွဲ့များနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအတွက် ပံ့ပိုးပေးသည်။ အစပြုဆောင်ရွက်မှု များတွင် အသိပညာပေးခြင်း၊ သုတေသန၊ မူဝါဒ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နည်းပညာဆိုင် ရာကဏ္ဍများ အတွက် ပံ့ပိုးကူညီခြင်းများအပြင် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း၊ သဘာဝသယံဇာတ စီမံခန့်ခွဲ ခြင်း၊ ဒီမိုကရေစီ၊ ကျား-မ (ဂျန်ဒါ) တန်းတူညီမျှမှုနှင့် တာဝန်ခံမှု စသည့် ဆက်စပ်အကြောင်းရာများ ပါဝင်သည်။
- ***ပဋိပက္ခဒဏ်ခံရသော ဒေသများတွင် အကြီးစား ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ ။*** အများအားဖြင့် အလှူရှင်အများအပြားက ငွေကြေးထောက်ပံ့သည့် အကြီးစားအစီအစဉ်များသည် ပဋိပက္ခဒဏ်ခံရသော ဒေသများသို့ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ဥပမာများမှာ 3MDG ကျန်းမာရေးရန်ပုံငွေ၊ အသက်မွေး ဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) နှင့် Myanmar Education Consortium တို့ ဖြစ်သည်။ အလှူရှင်များက ရန်ပုံငွေ ပံ့ပိုးသည့် အစပြုဆောင်ရွက်ချက်အချို့ကို မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်ကဲ့သို့သော ပြည်တွင်း NGO များက အကောင် အထည်ဖော်ဆောင်ရွက်ပြီး အချို့မှာ အခြေခံအဆောက်အအုံ၊ အစိုးရဝန်ဆောင်မှုများ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍစီးပွားရေး တိုးတက်မှုအပေါ် အာရုံစိုက်လုပ်ဆောင်ကြသည်။
- ***သုတေသနနှင့် ဆန်းစစ်လေ့လာချက် ။*** အလှူရှင်များသည် အကဲဖြတ်လေ့လာမှုများစွာအတွက် ရန်ပုံငွေ ပံ့ပိုးပေးခဲ့ ကြပြီး ယေဘုယျအားဖြင့် ၎င်းတို့ ကိုယ်ပိုင်နားလည်မှုကို တည်ဆောက်ရန်ဖြစ်သည်။ ၎င်းတို့၏ ခြေရုံချဉ်းကပ်နည်းနှင့် အစီအစဉ်အချို့အတွက် ပဋိပက္ခ အကဲဆတ် (conflict sensitivity) လုပ်ငန်းဆောင် ရွက်မှုအတွက်လည်း ရင်းမြစ်များကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ပဋိပက္ခ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ် လေ့လာမှုနှင့် အဓိကကျသော NCA နိုင်ငံရေးဆွေးနွေးမှု ခေါင်းစဉ်များအတွက် သံလွင် ပြည်သူ့ရေးရာ မူဝါဒ လေ့လာရေးအဖွဲ့၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျူနှင့် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) တို့ကဲ့သို့ ပြည်တွင်း အင်စတီကျူးရှင်းများကို သုတေသန စွမ်းရည်များ တိုးတက်လာစေရန် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ကောက်နှတ်ချက် ၅။ မြန်မာနိုင်ငံသို့ ဂျပန် အထောက်အပံ့နှင့် နိုပွန်ဖောင်ဒေးရှင်း၏ ငြိမ်းချမ်းရေး တည်ဆောက် ခြင်း လုပ်ငန်း

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ရေရှည်ဆက်ဆံရေးရှိပြီး ၎င်း၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဂျပန်အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် နိပွန်ဖောင်ဒေးရှင်းတို့မှတဆင့် ၁၉၆၀ ခုနှစ်များကထဲက မြန်မာနိုင်ငံ၏ အဓိက ကူညီထောက်ပံ့မှုများပေးသည့် အလှူရှင်များထဲမှ တစ်ခုဖြစ်သည်။ OECD ဒေတာအရ ဂျပန်နိုင်ငံသည် ၂၀၁၀–၂၀၂၀ ကာလအများစုတွင် မြန်မာနိုင်ငံ၏ တစ်ခုတည်း အကြီးဆုံးသော အလှူရှင်ဖြစ် သည်။ (ပုံ-၁ ကိုကြည့်ပါ) မြန်မာနိုင်ငံရှိ ဂျပန် ကူညီထောက်ပံ့မှု အစီအစဉ်အများစုမှာ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးနှင့် သင်တန်းဖြစ်သည်။[78] ဂျပန်နိုင်ငံသည် နိပွန်ဖောင်ဒေးရှင်းနှင့် အခြားအစီအစဉ်များမှ ဆောင်ရွက် သော ငြိမ်းချမ်းရေးနှင့်ဆက်နွယ်သော အလုပ်များအတွက် အလွတ်သဘောရန်ပုံငွေများထောက်ပံ့ခဲ့ သော် လည်း ၎င်း၏ တရားဝင်ဖွံ့ဖြိုးရေးအထောက်အပံ့တွင် ငြိမ်းချမ်းရေးအတွက် သီးသန့်ခွဲဝေချထား ပေးမှုမှာ အလွန် သေးငယ်သော အချိုးအစားသာဖြစ်သည်။[79]

ဂျပန်မှ ပုဂ္ဂလိကပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သည့် နိပွန်ဖောင်ဒေးရှင်းသည် နယ်စပ်ဒေသများနှင့် နိုင်ငံရေး အာဏာရရှိရန် ယှဉ်ပြိုင်နေသည့် နေရာဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ကူညီမှုများအပါဝင် ၁၉၇၀ နှစ်များ ကထဲက မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများကို ပံ့ပိုးခဲ့သည်။ ၂၀၁၁ ခုနှစ်မှ စတင်၍ ဂျပန်နိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုနှင့် ၎င်းက အစိုးရနှင့် EAO များကြား ယုံကြည်မှုတည်ဆောက်ခြင်း၊ ပဋိပက္ခဒဏ်ခံရသော ပြည်သူများကို ပံ့ပိုးကူညီခြင်းနှင့် အရပ်သားအုပ်ချုပ်မှုစနစ်ကို နားလည်မှုမြှင့်တင်ခြင်း စသည့် ရည်ရွယ်ချက် သုံးခုပေါ် အခြေခံသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်း အစပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် နိပွန် ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်ဆက်နွယ်သော အလုပ်များအတွက် အမေရိကန်ဒေါ်လာ ၈၆ သန်းကျော်သုံးစွဲခဲ့ကြောင့်း အစီရင်ခံတင်ပြခဲ့သည်။[80]

ယုံကြည်မှုတည်ဆောက်ခြင်းအပေါ် နိပွန်ဖောင်ဒေးရှင်း၏ အလေးထားမှုမှာ အလွန်သိသာထင်ရှားသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင်ပါသော မတူညီသော အစုအဖွဲ့များကြား ဆက်သွယ်ရေးတည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုများ၊ ပဋိပက္ခဒဏ်ခံရသောဒေသများသို့ အစားအစာနှင့် အစားအစာမဟုတ်သော ပစ္စည်း များ ဖြန့်ဖြူးခြင်းနှင့် အိမ်ယာများ၊ ကျောင်းများနှင့် ကျန်းမာရေးစင်တာများကဲ့သို့သော ယုံကြည်မှုတည်ဆောက်ခြင်း အခြေခံအဆောက်အဦ စီမံကိန်းများ ပါဝင်သည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်သော နိပွန်ဖောင်ဒေးရှင်းနှင့် နီးစပ်သူမှ ပုံဖော်ရာတွင် " အာရှနည်း လမ်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း" ဟု ဖော်ပြသည်။ အနောက်နိုင်ငံ အဖွဲ့များ၊ပုဂ္ဂိုလ်များ၏ တရားဝင် သမားရိုးကျ ဆက်သွယ်ဆောင်ရွက်မှုများနှင့် နှိုင်းယှဉ်ပါက ဤနည်းသည်ပို၍ ပုဂ္ဂိုလ်ရေးဆန်ပြီး ဗျူရိုကရက် တစ်လုပ်ထုံးလုပ်နည်းများ နည်းပါးကာ ခြိမ်းခြောက်မှုမဖြစ်စေသော ချဉ်းကပ် နည်းဖြစ်သည်။[81] ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ်၌ဖြစ်ပွားခဲ့သော ရိုဟင်ဂျာလူမျိုးများ အစုလိုက်အပြိုလိုက်သတ်ဖြတ်ခံရမှုပြီး နောက်တွင် ဂျပန်အစိုးရက နေပြည်တော်ရှိ အစိုးရနှင့် ၎င်းတို့ အကြပ်အတည်း နောက်ဆက်တွဲကို ဖြေရှင်းသည့် ပုံစံကို ဆက်လက်ပံ့ပိုးပေးနေသောကြောင့် ဤကွာခြားမှုသည် ပိုမိုကြီးမားလာသည်။[82] မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းတွင် နိပွန်ဖောင်ဒေးရှင်းသည် ရပ်ရွာအသိုင်းအဝိုင်းများနှင့် လုံလောက်စွာ တိုင်ပင်ဆွေးနွေးရန် ပျက်ကွက်ခြင်းနှင့် တာဝန်ခံမှုမရှိသော ခေါင်းဆောင်များအပေါ် ယုံကြည်မှုလွန်ကဲခြင်းကြောင့် ၎င်း၏ ကြိုးပမ်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အငြင်းပွားမှုများကို ဖြစ်လာစေခဲ့သည်။

- ***ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှင့်ပတ်သက်ပြီး ပြည်သူများ၏ အသိပညာ မြင့်မားလာစေရန် သတင်းအချက် အလက်မျှဝေခြင်း ။*** အလှူရှင်များသည် ဤနယ်ပယ်ကို ပံ့ပိုးရန် နောက်ကျခဲ့သော်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် လူထု၏သဘောထားအမြင်ကို နားလည်ရန်နှင့် လူမှုသဟဇာတဖြစ်မှုကို မြှင့်တင်ရန် "အသိပညာ၊ သဘောထား နှင့် အလေ့အကျင့်များ" လေ့လာမှုများကို ထောက်ပံ့ခဲ့သည်။ နိုင်ငံတကာ မြန်မာ့ သတင်းအဖွဲ့ (BNI) ကဲ့သို့သော သတင်းမီဒီယာအဖွဲ့အစည်းများကို ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက် စေရန်အတွက် ကူညီထောက်ပံ့မှုပေးခဲ့ပြီး ရေဒီယိုဇာတ်လမ်း (BBC Media Action) နှင့် ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုများမှ တဆင့် အများပြည်သူကြား ငြိမ်းချမ်းရေးကို မြှင့်တင်ပံ့ပိုးခဲ့သည်။

ပြုပြင်ပြောင်းလဲမှုများ ဖြစ်လာသည်နှင့် နိုင်ငံတကာဆက်ဆံရေးများ တိုးတက်လာပြီး ငြိမ်းချမ်းရေးဆွေးနွေးမှု များလည်း ဆက်လက်ရှိခဲ့သည်။ ငြိမ်းချမ်းရေးနှင့်ဆက်စပ်သော ကူညီထောက်ပံ့မှုကတိကဝတ်များလည်း အရှိန် အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။ ၂၀၁၀ တွင် အမေရိကန်ဒေါ်လာ ၁၁ သန်းမှ ၂၀၁၂ တွင် အမေရိကန်ဒေါ်လာ ၁၈ သန်း ဖြစ်လာပြီး ၂၀၁၅ တွင် အမေရိကန်ဒေါ်လာ ၁၂၀ သန်းကျော်ထိ ရှိလာသည်။[77] ငြိမ်းချမ်းရေးပံ့ပိုးမှုသည် ကျယ်ပြန့်ပြီး နယ်ပယ်များစွာတွင် အရေးပါသော ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း မြန်မာသို့ ပေးသည့် နိုင်ငံခြားထောက်ပံ့ကူညီမှု စုစုပေါင်း၏ နည်းပါးသော အချိုးအစားအဖြစ်သာ ရှိနေသေးသည်။ ၂၀၁၂ မှ ၂၀၂၁ ထိ ထောက်ပံ့ကူညီမှု ရန်ပုံငွေစုစုပေါင်း၏ ၀.၈ ရာနှုန်းမှ ၃.၆ ရာနှုန်း ကြားသာရှိသည်။

တနိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် ဖွံ့ဖြိုးရေးနှင့် အကောင်ထည်ဖော် ဖြစ်မြောက်ရေးတို့တွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ များပြားသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သည့် ၂၀၁၅ ခုနှစ်မှာ ငြိမ်းချမ်းရေး အတွက် နိုင်ငံတကာထောက်ပံ့ကူညီမှု အမြင့်ဆုံးအဆင့် ("ပဋိပက္ခ၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး" ဟု OECD က သတ်မှတ်ထားသည်) ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ထောက်ပံ့ကူညီမှု ကျဆင်းမှုမှာ ၂၀၁၅ ခုနှစ်တွင် အကြီးစားထောက်ပံ့မှုများကို သုံးစွဲပြီးခြင်းကြောင့် ဖြစ်သော်လည်း နောက်ပိုင်း ကတိကဝတ် လျာထားမှုများကျဆင်းလာမှုမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကျဆင်းလာသောကြောင့်ဖြစ် သည်။ အဓိက EAO အများအပြားက ၎င်းတို့၏ ပါဝင်မှုကို ဆိုင်းငံ့လိုက်သောကြောင့် ၂၀၁၈ ခုနှစ်တွင် ပြဿနာများသည် ပေါ်ပေါ်ထင်ထင် စတင်မြင်သာလာခဲ့သည်။ ဤအကျပ်ဆိုက်မှုသည် နိုင်ငံတကာအလှူရှင် အများအပြားအား NCA မူဘောင်ပြင်ပတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုရရှိရန် မည်သို့ဆက်လက် ဆောင်ရွက်ရမည်ကို မသေချာမှုများဖြစ်လာစေသည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် စစ်ရေးအရ အရေးယူ ဆောင်ရွက်မှုများ ကြောင့် အလှူရှင်များက မြန်မာအစိုးရနှင့် ၎င်းတို့၏ ဆက်ဆံရေးအပေါ် ပြန်လည်အကဲဖြတ်မှုများ ပြုလုပ်ခဲ့သည်။

အကြီးစား အခြေခံအဆောက်အဦ အစီအစဉ်များ သို့မဟုတ် နိုင်ငံအဆင့် ကျန်းမာရေး စီမံကိန်းများ နှင့် နှိုင်းယှဉ် လျှင် အလှူရှင်အတွက် ကုန်ကျစရိတ်နည်းပြီး သေးငယ်သော အစီအစဉ် များမှတဆင့် ငြိမ်းချမ်းရေးတည် ဆောက်ရေး ကူညီထောက်ပံ့မှုများကို ပေးလေ့ရှိသည်။ ဥပမာ ငြိမ်းချမ်းရေးထိန်းသိမ်းသူများ နေရာချထားမှု သို့မဟုတ် ပဋိပက္ခအလွန် ဖွံ့ဖြိုးရေးအစပြုအစီအစဉ်များ စသည့် နိုင်ငံတကာ အင်စတီကျူးရှင်းအလိုက် ပါဝင်မှု မရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး တည်ဆောက်ရေး ရင်းနှီးမြှုပ်နှံမှုများမှာ နည်းပါးခဲ့သည် (ဤကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းများအရ)။ ပုံ ၈ တွင် ဤကာလတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အဓိက ငြိမ်းချမ်းရေး တည်ဆောက်ရေး အစီအစဉ်များကို ဖော်ပြထားသည်။ ယင်းတို့အနက် သုံးခုမှာ အလှူရှင်အများ အပြားက ရန်ပုံငွေထောက်ပံ့ထားပြီး မြန်မာနိုင်ငံ ပဋိပက္ခ ဒဏ်ခံရသောဒေသများတွင် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ပုံ ၇။ OECD အလှူရှင်များထံမှ မြန်မာနိုင်ငံသို့ ပေးသည့် စုစုပေါင်း ထောက်ပံ့ကူညီမှု နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် သီးသန့် ထောက်ပံ့မှု (OECD Creditor Reporting Systemမှ ကိန်းကဏန်းများကို အခြေခံထားသည်)

ကောင်းမွန်စွာ ဒီဇိုင်းဆွဲထားသော၊ ဂရုတစိုက် အကောင်အထည်ဖော်ဆောင်ရွက်သော အစီအစဉ်များ အထူးသဖြင့် သတ်သတ်မှတ်မှတ်၊ ဒေသန္တရ ဦးတည်ချက်များ (ကောက်နုတ်ချက် ၆ ကိုကြည့်ပါ) မှတဆင့် နည်းလမ်းအမျိုးမျိုးဖြင့် မြင့်မားသော အကျိုးသက်ရောက်မှုကို ရရှိနိုင်ပါသည်။ ၂၀၁၅ ခုနှစ်တွင် Joint Peace Fund ၏ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖန်တီးမှုသည် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ရည်ရွယ်လုပ်ဆောင်မှုများကို အဆင့်မြှင့်တင်ရန် အဓိကအခွင့်အလမ်းများ ဖြစ်ခဲ့သည်။ အလားတူပင် ရန်ပုံငွေ ခွဲဝေနေရာချထားမှု ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ မကျေနပ်ချက်အသစ်များ ပေါ်ပေါက်လာနိုင်ချေလည်း ရှိသည်။

တစ်ချိန်တည်းတွင်ပင် ထောက်ပံ့ကူညီမှုဆိုင်ရာ အသုံးစရိတ်များ သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများဖြင့် ရန်ပုံငွေစီးဆင်းမှု အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့သည်။ မြန်မာနိုင်ငံရှိ ပဋိပက္ခဒဏ်ခံ ရသော ဒေသများတွင်ပုဂ္ဂလိကနှင့် အစိုးရ/ပြည်သူ့ကဏ္ဍ ဖွံ့ဖြိုးရေး လုပ်ငန်းအစီစဉ်များသည် ပဋိပက္ခတင်းမာမှုများကို ပိုမိုဆိုးရွားစေပြီး ကာလကြာရှည်စေခဲ့သည်။ ဗဟိုအာဏာပိုင်များက အခြေခံအဆောက်အဦ လုပ်ငန်း များဖြစ်သော လမ်းများနှင့် ရေကာတာများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများချဲ့ထွင်ခြင်းနှင့် ပြန်လည်နေရာချ ထားရေးအစီအစဉ်များဖြင့် ထိန်းချုပ်မှုကို ချဲ့ထွင်ရန်နည်းလမ်းတစ်ခုအဖြစ် ဖွံ့ဖြိုးရေးရန်ပုံငွေများကို ရည်ရွယ် ချက်ရှိရှိအသုံးပြုခဲ့ကြသည်။[83] သတ္တုတွင်းနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် အဆက်သွယ်ကောင်းရှိသော ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် ဒဏ်ခတ်မခံရခြင်း (impunity) ဖြင့် လုပ်ငန်းများလုပ်ကိုင်နိုင်ကြ သည်။[84] ဤနောက်ခံအခင်းအကျင်းက အရပ်ဘက်လူ့မှုအဖွဲ့အစည်းများ၊ ဒေသခံများနှင့် အချို့ EAO များ အတွက် ထောက်ပံ့ကူညီမှုအစီအစဉ်များတွင် ပဋိပက္ခအကဲဆတ်မှု (conflict sensitivity) ရှိစွာ လုပ်ဆောင်နိုင် ရေးကို အဓိကထားလာစေသည်။ NCA တွင် ဤစိုးရိမ်မှုများကို ထင်ဟပ်ထားပြီး EAO များသည် ၎င်းတို့ ထိန်းချုပ်နယ်မြေများတွင် နိုင်ငံခြားထောက်ပံ့ကူညီမှု ရယူနိုင်မည့် အခွင့်အာဏာရှိပြီး "ပြည်သူများအတွက် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ကျန်းမာရေးနှင့် ပညာရေး တိုးတက်လာရန်နှင့် ဒေသဖွံ့ဖြိုးရေး" တို့ကို EAO များနှင့် စစ်တပ်တို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ဟု NCA တွင် ရှင်းလင်းစွာဖော်ပြထားသည်။[85] ကောက်နုတ်ချက် ၉ တွင် နယ်စပ်ဖြတ်ကျော်အကူအညီနှင့် ပေါင်းစည်းခြင်းဆိုင်ရာ ပြဿနာများကို ဆက်လက်စူးစမ်းလေ့လာထားသည်။

အမည်	အလှူရှင်များ	အဓိကဦးတည်ချက်များ
Myanmar Peace Support Initiative	နော်ဝေ၊ဖင်လန်၊နယ်သာလန်၊ဒိန်းမတ်၊ယူကေ၊ဆွစ်ဇာလန်၊ဥရောပသမဂ္ဂ နှင့် သြစတြေးလျ	ဖြစ်ပေါ်နေဆဲ အပစ်အခတ်ရပ်ဆဲရေး ညှိနှိုင်းဆွေးနွေးမှု များ ကို ပံ့ပိုးရန်နှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန် နှင့် သီးခြား နိုင်ငံရေးဖြစ်စဉ်များအတွက် အထောက်အပံ့ ဖြစ်စေမည့် ရပ်ဝန်းတစ်ခု ပေါ်ပေါက်ရန်အတွက် ငြိမ်းချမ်းရေး အသီး အပွင့်များကို ပေးနိုင်စေရန် ရေတိုကြိုးပမ်း ဆောင်ရွက်မှု။
Kann Lett	USAID Office of Transition Initiatives (USAID/OTI)	***ပထမအဆင့်။*** ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပြုပြင် ပြောင်းလဲမှုတွင် အားလုံးပါဝင်နိုင်မှုနှင့် ပါဝင်ဆောင်ရွက်မှု တို့ကို မြှင့်တင်ရန်နှင့် အသွင်ကူးပြောင်းရေးတွင် အရေးကြီး သော အဟန့်အတားများကို ဖြေရှင်းရန်။ ***ဒုတိယအဆင့်။*** ပြုပြင်ပြောင်းလဲမှုများ ပိုမိုခိုင်မာရန်နှင့် ရေရှည်တည်တံ့ရန် နှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး တရား ဝင် လုပ်ငန်းစဉ်များ မြှင့်တင်ရန်။
Nippon Foundation[86]	ဂျပန်	ရေရှည်တည်တံ့ပြီး တဆင့်ချင်းမြင့်လာသည့် ယုံကြည်မှု ပေါ်ပေါက်လာရေးနှင့် ပံ့ပိုးမှု (SITES)။ ဤချဉ်းကပ်နည်းလမ်း သည် ပြည်နယ်အစိုးရများနှင့် EAOများကို အတူတကွ ဆွေး နွေးပွဲများ ပြုလုပ်ပြီး ပဋ္ဌိပက္ခဒဏ်ခံရသော လူမှုအသိုင်း အဝိုင်းများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးသည့် အစီအစဉ်များ ကို ပူးတွဲအကောင်အထည်ဖော်ခြင်းဖြင့် ခေါင်းဆောင်များ ကြား ယုံကြည်မှုတည်ဆောက်ရန် ဖြစ်သည်။
Peace Support Fund, later the Paung Sie Facility	ယူကေ၊သြစတြေးလျ၊ ဆွီဒင်	မြန်မာ့လူမှုအဖွဲ့အစည်းများအတွင်း လူမှုသဟဇာတဖြစ်မှုကို မြှင့်တင်ပေးသည့် လိုအပ်ချက်အခြေပြုသော၊ ဂျန်ဒါအလေး ပေးသော အသေးစား အစပြုလုပ်ငန်းအစီအစဉ်များကို ပံ့ပိုး သည်။
Joint Peace Fund	ယူကေ၊ အမေရိက၊ ဖင်လန်၊ ဂျပန် (အစပိုင်း)၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ ဂျာမနီ၊ အီတလီ၊ သြစတြေးလျ၊ ဒိန်းမတ်	၂၀၂၀ ခုနှစ်အထိ ရည်မှန်းချက်မှာ "သဘောတူညီချက်များ နှင့် အားကောင်းခိုင်မာသော ပါဝင်ပတ်သက်သူများ၊ အင်စတီ ကျူးရှင်းများနှင့် လုပ်ငန်းစဉ်များမှတဆင့် အားလုံးပါဝင်သော ငြိမ်းချမ်းရေး သို့ ရောက်ရှိရန်" ဖြစ်ပြီး ထိုမှတဆင့် ပဋ္ဌိပက္ခ စီမံခန့်ခွဲမှုယန္တရားများ၊ ဆွေးနွေးပွဲများ၊ ညှိနှိုင်းဆွေးနွေးမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တွင် ပြည်ထောင်စုနှင့် ပြည်နယ် ပါဝင်မှု အားကောင်းခိုင်မာလာမည် ဖြစ်သည်။

ပုံ ၈။ အဓိကမြန်မာ ငြိမ်းချမ်းရေးတည်ဆောက်ရေး အစီအစဉ်များ၊ ၂၀၁၀–၂၀၂၀။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၏ ဝတ်တာ်ဆိုက်များနှင့် စီမံကိန်း အစီရင်ခံစာများမှ ရရှိသော အချက်အလက်များအပေါ် အခြေခံထားသည်။

ကောက်နုတ်ချက် ၆။ အနာဂတ်ခေါင်းဆောင်မှု စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေခြင်း။ ရေရှည် ငြိမ်းချမ်းရေး ပံ့ပိုးမှု ဥပမာတစ်ခု

ကျွန်ုပ်တို့ သုတေသန၏ ဖြေဆိုသူတစ်ဦးဖြစ်သော မြန်မာ့အရေး အလုပ်လုပ်ခဲ့ဖူးသော သံတမန်တစ်ဦးက ၈၈ မျိုးဆက်ကျောင်းသားများနှင့် အခြားမြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများ၏ ပညာရေးတွင် ရေရှည်ရင်းနှီး မြှုပ်နှံမှုများပြုလုပ်ခြင်းသည် ငြိမ်းချမ်းရေးအတွက် မော်မြင်မှုအရှိဆုံး သော ပံ့ပိုးကူညီမှုများထဲမှတစ်ခုဟုယူဆ ခဲ့ပြီး၊ အဘယ်ကြောင့်ဆိုသော် အမျိုးသားပြုပြင်ပြောင်းလဲရေးတွင် ၎င်းတို့၏အခန်းကဏ္ဍကြောင့်ဖြစ်သည်ဟု သုံးသပ်ခဲ့သည်။

လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးဖြစ်စဉ်သို့ လမ်းဖောက်တည်ဆောက်ခဲ့သောကြောင့် နှစ်များစွာအကြာတွင် ဤအားထုတ်ဆောင်ရွက်မှုများ ပေါင်းစည်းတွေ့ဆုံလာခဲ့သည်။ ပြည်ပရောက်မြန်မာများ နှင့် နိုင်ငံတကာတက္ကသိုလ်အသီးသီးမှ ဘွဲ့ရသူများက Bangkok Dialogue နှင့် စင်ကာပူနိုင်ငံတွင် ပြုလုပ်ခဲ့သည့် Burma Studies Conference နှင့် Vahu Development Institute တို့ ကဲ့သို့သော အစပြုဆောင်ရွက်မှုများရှိခဲ့သည်။ မြန်မာနိုင်ငံရှိ ပညာတတ်များနှင့် စွန့်ဦးတီထွင်သူများက Myanmar Egress ကိုစတင်တည်ထောင်ခဲ့ပြီး အဓိကထိပ်ပိုင်းခေါင်းဆောင်များကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် ဆွေးနွေးမှု များဖြစ်ပေါ်ရန် အားထုတ်ကြိုးပမ်းခဲ့ပြီး မျိုးဆက်သစ် ခေါင်းဆောင်များ ပေါ်ပေါက်လာရန်လည်း ဆောင်ရွက်ခဲ့ သည်။ Hope International အဖွဲ့အစည်းက အမေရိကန်ရှိ ငြိမ်းချမ်းရေးတည်ဆောက်မှု အင်စတီကျူးရှင်းများ တွင် ပညာသင်ကြားမှုကို ပံ့ပိုးပေးခြင်းဖြင့် လူမှုအဖွဲ့အစည်းအတွင်း (အထူးသဖြင့် ငြိမ်းဖောင်ဒေးရှင်းမှ) ငြိမ်းချမ်းရေးတည်ဆောက်သူများအစုအဖွဲ့ကို ဖြည်းဖြည်းချင်းတည်ဆောက်ခဲ့သည်။ ဤသို့ စွမ်းရည်၊ကျွမ်းကျင် မှုနှင့် ဆွေးနွေးမှု များတွင် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုသည် ၎င်းတို့နောက် လိုက်ပါလာသည့် စိတ်တူကိုယ်တူ ပုဂ္ဂိုလ်များအတွက် အခြေခံအုတ်မြစ်များဖြစ်လာစေသည်။

နိုင်ငံခြားကူညီထောက်ပံ့မှု ချဉ်းကပ်နည်းများနှင့် ပတ်သက်၍ အဓိက တွေ့ရှိချက်များ

တွေ့ရှိချက် ၁။ ငြိမ်းချမ်းရေး အသွင်ကူးပြောင်းမှု နှင့် ပတ်သက်၍ အလှူရှင်များ၏ ထင်မြင်ယူဆချက်များ

နိုင်ငံတကာအလှူရှင်များသည် အထူးသဖြင့် NCA လုပ်ငန်းစဉ်အတွက် ကာလကြာရှည် ဆက်လက်တည်ရှိနေ သည့် တင်းမာမှုများနှင့် ရှေ့ဆက်ဖြစ်လာမည့် ထိခိုက်နိုင်ခြေများကို ကောင်းစွာ သတိမမူမိကြပါ။ အနောက်နိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှု ပုံစံများအပေါ် မျှားစွာမမှီတည်ပဲ ဒေသန္တရအခြေအနေလေ့လာဆန်းစစ်ချက် များ ပိုမိုပြုလုပ်ခဲ့မည်ဆိုပါက ဤထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ခဲ့မည်ဖြစ်သည်။

အနောက်နိုင်ငံစောင့်ကြည့်လေ့လာသူများ၏ ရှုထောင့်မှဆိုလျှင် ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ် တိုးတက်လာသော ကျယ်ပြန့်သည့် အသွင်ကူးပြောင်းမှုများနှင့် ပြုပြင်ပြောင်းလဲမှုများတွင် ဆက်စပ်နေသော အပိုင်းသုံးပိုင်းရှိသည်။ ယင်းတို့မှာ စီးပွားရေးလွတ်လပ်ခွင့်ရရှိလာခြင်း၊ နိုင်ငံရေး ဒီမိုကရေစီအသွင်ကူးပြောင်း ခြင်းနှင့် NCA ဖြစ်စဉ်မှ ပေါ်ထွက်လာသော ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းတို့ ဖြစ်သည်။ ဤပြုပြင်ပြောင်းလဲမှု သုံးမျိုးသည် လစ်ဘရယ်ငြိမ်းချမ်းရေးဟုခေါ်ဆိုကြသော စစ်အေးခေတ်အလွန် ပုံစံ၏ တိုးတက်မှုများရရှိသည့် ကျယ်ပြန့်သော မျှော်မှန်းချက်များနှင့် ကိုက်ညီသည်။ ဤမျှော်မှန်းချက်နှင့် မြန်မာနိုင်ငံ ထင်ရှားစွာ ကိုက်ညီမှု ကြောင့် ငြိမ်းချမ်းရေးသို့ ကောင်းမွန်သော တိုးတက်မှုများဖြစ်ပေါ်ပြီး အားလုံးပိုမိုပါဝင်သော ဒီမိုကရေစီ နည်းကျ နိုင်ငံတည်ဆောက်မှု ရရှိမည်ဟု သံတမန်များ၊ အလှူရှင်များနှင့် နိုင်ငံရေးသမားများက ထင်မြင်ခဲ့ သည်။[87]

လစ်ဘရယ်ငြိမ်းချမ်းရေး နမူနာပုံစံ၏ ယူဆချက်များသည် အလွန်အကျွံ စာအုပ်ကြီးဆန်ခြင်း၊ ကျဉ်းမြောင်း ခြင်း နှင့် ရိုးစင်းလွန်းခြင်း စသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခံခဲ့ရသည်။[88] မြန်မာနိုင်ငံဖြစ်ရပ်တွင် ဆန်းစစ် ဝေဖန်မှုမရှိပဲ ဤနည်းလမ်းကို အသုံးပြုခြင်းက ရှုပ်ထွေးသော ပြည်တွင်းကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက် ခဲ့သည်။ ဥပမာ ဒီမိုကရေစီ ပိုမိုရရှိခြင်းက ပင်မ-အစွန်အဖျားဆက်ဆံရေးများ (core-periphery relations) ကို တိုးတက်လာစေမည် သို့မဟုတ် EAO ခေါင်းဆောင်များတွင် ခိုင်မာစွာ အမြစ်တွယ်နေသော စိုးရိမ်မှုများနှင့် နာကြည်းမှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဟူသည့် အာမခံမှုပေးနိုင်ခြင်းမရှိပါ။ ရွေးကောက်ခံနှင့် အခြားနိုင်ငံရေးစနစ်များ၊ လူနည်းစုအသံများကို ကာကွယ်ရန် အပြန်အလှန် ထိန်းကျောင်း မှုများ ရှိမှုနှင့် နိုင်ငံတော်အဆင့်အောက် ခေါင်းဆောင်များရရှိသည့် အခွင့်အာဏာ အတိုင်းအတာ(ဒီဂရီ) အပေါ် မူတည်၍ ပြောင်းပြန် အကျိုးသက်ရောက်မှုများပင်ရှိနိုင်သည်။[89] ထို့ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင် ပြောင်းလဲမှုများသည် NCA ထက်ကျော်လွန်သော တိုးတက်မှုများဖြစ်လာနိုင်စေမည်ဆိုသည့် အာမခံချက် မရှိပေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သတ်မှတ်ချက်များကြောင့် ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်မှာ အကန့်အသတ်ရှိနေပြီး NCA သည် သမိုင်းကြောင်း ရှည်လျားသည့် ဗဟိုစစ်တပ်အုပ်ချုပ်မှုနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရသည်။[90]

ငြိမ်းချမ်းရေး ပံ့ပိုးမှုအတွက် ပိုမိုတွေးခေါ်မှု နှင့် ပိုမိုဆီလျော်သော မူဘောင်များသည် ဤ အခြေအနေအခင်း အကျင်းရှုပ်ထွေးမှုများကို ပို၍ကောင်းမွန်စွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။ ဥပမာ ကမ္ဘာ့ဘဏ်၏ *Pathways for Peace* အစီရင်ခံစာတွင် ဖော်ပြထားသည့် ချဉ်းကပ်မှုနည်းလမ်းသည် မတူညီသော အစုအဖွဲ့၊ အခင်းအကျင်း ဖွဲ့စည်းပုံအချက်များ၊ အဓိကလူပုဂ္ဂိုလ်/အဖွဲ့အစည်းများ

ကောက်နုတ်ချက် ၇။ ငြိမ်းချမ်းရေးအတွက် ယခင်ကြိုးပမ်းဆောင်ရွက်မှုများပေါ် အသိအမှတ်ပြုမှု အကန့်အသတ် ရှိခြင်း၊ ဆက်ဆံရေးရုံးများအပေါ် အလှူရှင်များအမြင်

၂၀၁၀ မတိုင်မီ မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ အဆက်ပြတ်မှုကြောင့် အလှူရှင်အများစုမှာ နိုင်ငံနှင့်ပတ်သက် ပြီး အဖွဲ့အစည်းဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဗဟုသုတ အနည်းငယ်သာရှိခဲ့သည်။ ရလဒ်အနေဖြင့် ၎င်းတို့ သည် အစောပိုင်းကာလက အရေးပါသည့် ရရှိပြီးသားအောင်မြင်မှုများကို သတိမပြုမိပဲ အချို့သော အစီအစဉ် များကို အသစ်ထွက်ပေါ်လာသည်ဟု ယူဆပြီး ပံ့ပိုးပေးခဲ့ကြသည်။ ဥပမာ ဒေသတွင်း အတိုက်အခံဖြစ်နေသော အင်အားစုများကြား ပဋိပက္ခကို ထိန်းသိမ်းရန်အတွက် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ရန် ရည်ရွယ်တည်ထောင်ထားသည့် EAO ဆက်ဆံရေးရုံးများသည် မြန်မာနိုင်ငံတွင် ရှည်ကြာသော သမိုင်းကြောင်းရှိပြီး ဖြစ် သည်။ NCA လုပ်ငန်းစဉ်တွင် ပါဝင်သော အချို့ ဆက်ဆံရေးရုံးများသည် ၁၉၉၀ခုနှစ်အစောပိုင်းကာလအတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ နောက်တွင် စတင်ဖွဲ့စည်းခဲ့ ခြင်းဖြစ်သည်။ ဥပမာ ယခုအခါ ပြည် သူ့စစ်အဖွဲ့အဖြစ် အသွင်ပြောင်းသွားသော ပအိုဝ်းအမျိုးသားတပ်မတော် သည် ၁၉၉၁ ခုနှစ်တွင် ဆက်ဆံရေးရုံးအဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အနောက်နိုင်ငံအလှူရှင်များသည် EAO ဆက်ဆံရေးရုံးများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်း အဖြစ် ပံ့ပိုးပေးခဲ့သည်။ ဤရုံးများသည် ဖွံ့ဖြိုးရေးအဖွဲ့များအပါအဝင် စစ်တပ်နှင့် အခြားအစုအဖွဲ့များကြား ဆက်သွယ်ရေးအတွက် အဖိုးတန်သော လမ်းကြောင်းများဖြစ်သည်။ သို့မဟုတ်ပါက ထိုအဖွဲ့များသည် သတင်း အချက်အလက်ရရှိရန် ကိုယ်ရေးကိုယ်တာ ဆက်ဆံရေးများပေါ်တွင်သာ မှီခိုခဲ့ရသည်။ နိုင်ငံခြား မစ်ရှင်များနှင့် အလှူရှင်ကရန်ပုံငွေထောက်ပံ့သော စီမံကိန်းဝန်ထမ်းများက ဆက်ဆံရေးရုံးများသည် EAO များနှင့် ချိတ်ဆက် ဆောင်ရွက်ရန်အတွက် အသုံးဝင်ကြောင်း ပြောခဲ့ကြသည်။ သို့သော် အလှူရှင်များသည် ယခင်ကရှိပြီးသား အောင်မြင်မှုများကို လျစ်လျူ။ရှုမှု မကြာခဏ ဖြစ်လေ့ရှိသည်။ ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ တည်ထောင်မှုသည်သာ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှု၏ အစပထမ ဖြစ်သည်ဟု ထင်မြင် ယူဆပြီး သဘောတူလက်မှတ်မထိုးမီ ဖြစ်ပေါ်ခဲ့သည့် အရေးပါသော လုပ်ငန်းများကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည်။ ဤ အသေးအဖွဲပြဿနာသည် မြန်မာနိုင်ငံတွင် ယခင်ကငြိမ်းချမ်းရေး ကြိုး ပမ်းဆောင်ရွက်မှုများကို အလှူရှင်များက အပြည့်အဝ နားမလည်ကြောင်းကို ပုံဖော်ပြနေသည်။ NCA လုပ်ငန်းစဉ်အပေါ် ပဋိပက္ခအဖွဲ့များနှင့် လူထုမှ မယုံကြည်မှုများဖြစ်ပေါ်သည်မှာ ဤ ပျက်ကွက်မှု၏ ရလဒ် တစ်စိတ်တစ်ပိုင်းဖြစ်သည်။

နှင့် အဓိကအင်စတီကျူးရှင်းများကြား အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများကို အခြေခံ၍ ချဉ်းကပ်နည်းလမ်း ရေးဆွဲရန် အကြံပြုထားသည်။[91] အလှူရှင် အများစု (နှင့် ပြည်တွင်းအစုအဖွဲ့ အများအပြား) သည် တကယ့်လက်တွေ့ကမ္ဘာငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရှုပ်ထွေးမှုများနှင့် သိမ်မွေ့သော ကွဲပြားချက်များကို အကန့်အသတ်ဖြင့်သာ နားလည်ခဲ့သည်။

အလှူရှင်များကြား ဤသို့သော သိမ်မွေ့သည့်ကွဲပြားမှုကို မမြင်နိုင်ခြင်းသည် အစိုးရနှင့်နီးကပ်စွာ အလုပ်လုပ် သည့်အခါ ပြဿနာပိုဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံသည် နေရာအများစုတွင် ကောင်းစွာစီမံအုပ်ချုပ်နိုင်နေသည့် အားကောင်းခိုင်မာသည့် လွတ်လပ်မှုနောက်ခံရှိသည့် နိုင်ငံဖြစ်သောကြောင့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအနေဖြင့် အချုပ်ခြာအာဏာ စည်းမျဉ်းများကို လေးစားလိုက်နာရမည်ဖြစ်သည်။ EAO များ၏ အနေအထားမှာ အစိုးရမဟုတ် သော အဖွဲ့အစည်းများဖြစ်ပြီး ပဋ္ဌိပက္ခအခင်းအကျင်းတွင် ပါဝါမညီမျှမှု ကြောင့် ၎င်းတို့ကို တူညီသော လေးစားမှုကို ပြသရန်မလိုခဲ့ပါ။[92] ၂၀၁၅ ရွေးကောက်ပွဲပြီးနောက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အစိုးရတို့သည် နိုင်ငံခြားထောက်ပံ့ကူညီမှုကို ပိုမိုထိန်းချုပ်ရန် ကြိုးပမ်းခဲ့ သည်။ ၂၀၁၆ ခုနှစ်တွင် အစိုးရက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်သော လုပ်ငန်းစဉ်များအတွက် အသုံးစရိတ်ကို ကန့်သတ်ရန်နှင့် ရန်ပုံငွေခွဲဝေနေရာချထားမှုများကို စိစစ်ရန် ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။[93] ငြိမ်းချမ်းရေးလုပ်ငန်းအစီအစဉ်များအတွက် ပံ့ပိုးသည် ထောက်ပံ့မှုပမာဏသည် မြင်သာမှု မရှိသောကြောင့် ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင် တင်းကြပ်စွာ ထားရှိသင့်ပြီး ပင်မ NCA လုပ်ငန်းစဉ်သို့သာ ခွဲဝေပေးသင့်သည်ဟု အစိုးရက မြင်ခဲ့သည်။

ဤသို့သောစိန်ခေါ်မှုများများသော ပတ်ဝန်းကျင်တွင် အလှူရှင်များသည် အခြေအနေအခင်းအကျင်းနှင့် မကိုက်ညီသော ပုံမှန်စံသတ်မှတ်ချက် ဖွံ့ဖြိုးရေးစီမံကိန်းများကို အစိုးရကို ပံ့ပိုးရန် အလွန်မြန်မြန် လုပ် ဆောင်ခဲ့ကြသည်။ ဥပမာတစ်ခုမှာ ကမ္ဘာ့ဘဏ်၏ လူသိများထင်ရှားသော ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်သည်။ ၄င်း၏ ကနဦးအဆင့်ဆောင်ရွက်မှုများသည် ပဋ္ဌိပက္ခတင်းမာမှုများ လျော့ကျနေ ပြီးဖြစ်သည်ဟု ယူဆပုံရှိသောကြောင့် စောင့်ကြည့်လေ့လာသူများကို စိတ်ပျက်စေခဲ့သည်။[94] မကြာခင်ကာလကမှ နယ်မြေစိုးမိုးမှုရရှိခဲ့သောနေရာ သို့မဟုတ် နိုင်ငံရေးအာဏာရရှိရန် ယှဉ်ပြိုင်နေသည့်နယ်မြေများတွင် ထိန်းချုပ်မှု ရရန်အတွက် အစိုးရမှ ဖွံ့ဖြိုးရေး အစပြုလုပ်ငန်းအစီအစဉ်များကို အသုံးချခဲ့သည့် ဖြစ်ရပ်မှတ်တမ်းများရှိသော ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ပဋ္ဌိပက္ခဒဏ်ခံရသော မြို့နယ် အပါအဝင် မြန်မာနိုင်ငံ၏ လူနည်းစုဒေသများသို့ စီမံကိန်းကို ရွှေ့ပြောင်းဆောင်ရွက်သည်နှင့် ပြဿနာများ ပေါ်ပေါက်လာခဲ့သည်။ ဤကနဦးအဆင့်တွင် တိုင်းသား ခေါင်းဆောင်များနှင့် သေချာ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခြင်းက အခက်အခဲ အတားအဆီးများကို ဖော်ထုတ်သိရှိနိုင်ခဲ့မည်ဖြစ်သည်။ အချိန် ကြာလာသောအခါ ပညာရှင်များ ထံမှ အကြံဉာဏ်ရယူပြီး ဒေသန္တရအဆင့်တွင် ထဲထဲဝင်ဝင် ဆက်သွယ်ပူး ပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ဘဏ်က အပြုသဘောဆောင်စွာ တုံ့ပြန် ဆောင်ရွက်ခဲ့သည်။ အစိုးရနှင့်သာ တစ်ခုတည်း ဆောင်ရွက်ခြင်းထက် ကနဦးစီမံကိန်းနေရာများမှ NGO များနှင့် မိတ်ဘက်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းက ပဋ္ဌိပက္ခ ဖြစ်ပွားလျက်ရှိနေဆဲနေရာများတွင် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို လျှော့ချနိုင်စေသည်။ အစိုးရ မိတ်ဖက်များနှင့် ဆက်ဆံရေး တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာစေခြင်းက စီမံကိန်းမန်နေဂျာများကို တင်းမာမှုများကို သိရှိပြီး ဖြေရှင်းမှုများပြုလုပ်စေနိုင်သည်။

တွဲ့ရှိချက် ၂။ အရပ်ဘက်-စစ်ဘက် ကွဲပြားမှုတွင် အမြစ်တွယ်နေသည့် ပြဿနာများကို နားလည်ခြင်း

ပံ့ပိုးကူညီမှု အစီအစဉ်များသည် စစ်တပ်နှင့် အရပ်ဘက်အထက်တန်းလွှာတို့ကြား တင်းမာမှုများနှင့် ပတ်သက် ပြီး ရောထွေးသော နားလည်မှုများ ရှိနေခဲ့သည်။ နိုင်ငံရေး၏ အမြင့်ဆုံးသောအဆင့်များ၌ အမြစ်တွယ်နေသော တင်းမာမှုများကြောင့် မတည်မငြိမ်ဖြစ်နေသော ပတ်ဝန်းကျင် ဖြစ်နေပြီး အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဒုတိယအဆင့်(secondary level) သို့ ပို့ထားသည်။

စစ်တပ်ခေါင်းဆောင်များသည် အမှီခိုကင်းကင်းဖြင့် ပြုမူဆောင်ရွက်နေကြသည်ကို အလှူရှင်များ မြင်လာ ကြသည်။ရပ်သားခေါင်းဆောင်များမှာ စစ်တပ်နှင့် ၎င်းတို့၏ ဆက်ဆံရေးကို အများအားဖြင့် အလေးထား ဆောင်ရွက်နေရသည်။ ၂၀၂၁ စစ်တပ်အာဏာသိမ်းမှုသည် ပြုပြင်ပြောင်းလဲမှုများက ငြိမ်းချမ်းရေးဖြစ်စဉ် အတွက် တည်ငြိမ်သော နေရာတစ်ခု ဖန်တီးပေးထားသည်ဟူသည့် မျှော်လင့်ချက်များမှာ မှားယွင်းကြောင်း ပြသခဲ့သည်။ နိုင်ငံရေးတွင် တပ်၏ အခန်းကဏ္ဍကို လျှော့ချရန် တပ်နှင့် ညှိနှိုင်းမှုများနှင့်သဘောတူညီမှု ရရှိအောင် ပြုလုပ်ရသည်မှာ မြန်မာနိုင်ငံအတွက် ကာလရှည်ကြာဆုံး တည်ရှိနေသော စိန်ခေါ်မှုတစ်ရပ်ဖြစ် သည်။ ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ ရပ်တည်မှုနေရာကို တပ်၏ နိုင်ငံရေးတွင်ပါနေမှုကို ဆန့်ကျင်ခြင်း ဖြင့် တိုးတက်အောင်လုပ်သကဲ့သို့ အခါအခွင့်အလျဉ်းသင့်သောအချိန်များတွင်လည်း တပ်နှင့် သဘောတူ ရပ်တည်မှုများလည်းရှိခဲ့သည်။ ဆယ်စုနှစ် များစွာကြာမှ စစ်တပ်နေအိမ်အကျယ်ချုပ်မှ လွတ်လာခဲ့ပြီး သူသည် သူ့မိသားစု၏ တပ်နှင့် ပတ်သက်သော သမိုင်းကြောင်းရှိမှုကို ခေတ်မီမြန်မာနိုင်ငံနှင့်တပ်မတော် တည်ထောင်ခဲ့သည့် သူ့ဖခင်၏ သမိုင်းဝင် အခန်းကဏ္ဍကို မကြာခဏပြန်လည်ပြောလေ့ရှိပြီး "ကျွန်မ(တို့) တပ်မတော်" ဟု ရည်ညွှန်းသုံးနှုန်းလေ့ရှိသည်။ ၂၀၁၉ ခုနှစ်တွင် သူသည် ရိုဟင်ဂျာများကို လူမျိုးတုံးသတ်ဖြတ်မှုဖြင့် နိုင်ငံတကာ တရားရုံး၌ စွဲချက်တင်ခံရသော စစ်ခေါင်းဆောင်များဘက်မှ ခုခံကာကွယ်ခဲ့သည်။ ဤသို့ဖြစ်ပွားနေသော နိုင်ငံရေးအကြပ်အတည်းက အခြားကိစ္စရပ်များ အထူးသဖြင့် တိုင်းရင်းသား ခေါင်းဆောင်များနှင့် ရိုဟင်ဂျာများ အပါအဝင် လူနည်းစုများ၏ အကျိုးစီးပွားကို ဘေးဖယ်ထားမှုများဖြစ်စေသည်။

တွဲ့ရှိချက် ၃။ တရုတ်နိုင်ငံ၏ အရေးပါမှုကို အသိအမှတ်ပြုခြင်း/သိရှိခြင်း

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံပေါ် ၄င်း၏ သြဇာလွှမ်းမိုးမှုကို အသုံးချပြီး NCA လုပ်ငန်းစဉ်နယ်ပယ်ကို လျော့ကျ စေသည့် ၄င်းကိုယ်ပိုင် ချဉ်းကပ်မှုနည်းလမ်းကို လုပ်ဆောင်ခဲ့သည်။ အနောက်နိုင်ငံ အလှူရှင်များသည် ကာလကြာရှည် ကြီးမားသောနယ်စပ်တလျောက် ဆက်ဆံရေးသမိုင်းအတွင်း ပဋ္ဌိပက္ခ လျှော့ချရေး အစီအစဉ် များတွင် တရုတ်၏ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်မှုနှင့် မြန်မာနိုင်ငံ၏ အရှိန်အဟုန် ဖြင့် ဖွံ့ဖြိုးမှုအပေါ် တရုတ်နိုင်ငံခြားရေးမူဝါဒ ရပ်တည်ချက်ကို နားလည်ရန် ခက်ခဲခဲ့သည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော နိုင်ငံအားလုံးတွင် သိသာထင်ရှားသော မူဝါဒနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အကျိုးစီးပွားများ ရှိနေသော်လည်း အနောက်နိုင်ငံအများအပြားနှင့် တဖန်ပြန်လည် ဆက်သွယ် ဆောင်ရွက်မှုများပြုလုပ်ပြီးသည့် ကာလအထိ တရုတ်နိုင်ငံသည် သြဇာအကြီးမားဆုံး ပြင်ပပါဝါ အဖြစ် ဆက်လက်တည်ရှိနေသည်။ ၂၀၁၅ ရွေးကောက်ပွဲအပြီးတွင် အောင်ဆန်းစုကြည်သည် ဝါရှင်တန် ဒီစီသို့ မသွားခင် ဘေဂျင်းသို့ ဦးစားပေးသွားရောက်ခဲ့သည်။[95] တရုတ်အစိုးရသည် မြန်မာ နိုင်ငံ၏ တပ်နှင့်အရပ်သား ခေါင်းဆောင် များနှင့် နီးကပ်သော ဆက်ဆံရေးကို ဆက်လက်ထားရှိပြီး တချိန်တည်းတွင်ပင် အထူးသဖြင့် ၄င်း၏နယ်စပ်အနီးရှိ အင်အားကြီးမားသော ဝပြည်သွေးစည်းညီညွတ်ရေးတပ် ကဲ့သို့သော EAO များနှင့် သမိုင်းဝင်ဆက်ဆံရေးများ ကိုလည်း ဆက်လက်ထိန်းသိမ်းထားသည်။ တရုတ်နိုင်ငံသည် NCA လုပ်ငန်းစဉ်၏ ကဏ္ဍအချို့အတွက် ပံ့ပိုးကူညီမှုများ ပေးခဲ့သော်လည်း အပြည်အဝပါဝင်ခြင်း ဘယ်သောအခါမျှ မရှိခဲ့ပါ။[96] တရုတ်အရာရှိများနှင့် မြန်မာ စစ်တပ် နှစ်ဖက်စလုံးသည် NCA တွင် မြောက်ပိုင်း EAO များပါဝင်လာမှုကို အားပေးမှု ရှိပုံမပေါ်ပေ။[97] အောင်ဆန်းစုကြည်ထံမှ တရားဝင်အကူအညီ တောင်းခံမှုရပြီးနောက်တွင်မူ တရုတ်နိုင်ငံသည် ၄င်းတို့အား ပြည်ထောင်စု ငြိမ်းချမ်းရေးညီခံသို့ တက်ရောက်ရန် ဖိအားပေးခဲ့သည်။[98] တရုတ်နိုင်ငံသည် ၄င်း၏ နယ်စပ်တွင် အနောက်နိုင်ငံများ၏ သြဇာလွှမ်းမိုးမှုကို ကန့်သတ်ရန်လည်း လုပ်ဆောင်ခဲ့သည်။ တရုတ်နိုင်ငံမှ တာဝန်ရှိသူများအတွက် အမေရိ

ကန်၏ ပါဝင်ပတ်သက်မှုသည် အကဲဆတ်ပြီး ရန်ကုန်ရှိ အမေရိကန် သံအမတ်အား ကချင် ပြည်နယ်သို့ မသွားရောက်ရန်ပင် အကြံပြုခဲ့ဖူးကြ သည်။[99]

မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ အရေးပါမှုကို အနောက်အလှူရှင်များက ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားကြ သော်လည်း ထောက်ပံ့ကူညီပေးသည့် အရာရှိများမှာ မည်သို့ တုံ့ပြန်ဆောင်ရွက်ရမည်ကို မသေချာကြပါ။ တရုတ်အရေးကျွမ်းကျင်သူမှ မှတ်ချက်ပြုသည်မှာ

> အနောက်အုပ်စုသည် မြောက်ပိုင်း EAO များအားကောင်းခိုင်မာလာရေးအတွက် တရုတ်၏ ပံ့ပိုးကူညီမှု အခြေအနေ အနေထားများကို လုံလောက်စွာ သိရှိနားလည်မှုမရှိပဲ ၄င်းကို ကိုင်တွယ်ဖြေရှင်းမည့် နည်းဗျူဟာ မရှိသလို ဒီပဋ္ဌိပက္ခတွေက NCA ကို ဘယ်လိုသက်ရောက်မှုတွေ၊ ပြောင်းလဲမှုတွေဖြစ်စေ နိုင်တယ်ဆိုတာ ကိုတောင် နားလည်မှုမရှိပါဘူး။[100]

တရုတ်နိုင်ငံနှင့် မြောက်ပိုင်းအဖွဲ့များနှင့် သံတမန်ရေးအရ ကြိုးပမ်းအားထုတ်မှုအနည်းငယ်မှလွဲ၍ အနောက်နိုင်ငံ အလှူရှင်များသည် မြန်မာစစ်တပ် သို့မဟုတ် အရပ်သားအစိုးရကို စိတ်ပျက်စေမည် စိုးသော ကြောင့် ထိုဆက်ဆံရေးများ တည်ဆောက်ရေးတွင် မပြတ်မသားရှိခဲ့လှသည်။[101] သို့အတွက် ထောက်ပံ့ကူညီမှု ဆောင်ရွက်ရသော ဝန်ထမ်းများနှင့် အရာရှိများမှာ ခိုင်မာစွာအမြစ်တွယ်နေသော ပြိုင်ဆိုင်မှုများ၏ နောက်ဆက်တွဲ အကျိုးဆက်များကို ဖြေရှင်းရမည့် မကောင်းလှသည့်အခြေအနေတွင် ရောက်ရှိသွားခြင်းမှာ အံ့သြစရာမရှိပါ။ အနောက်နိုင်ငံ သံတမန်အချို့က မြန်မာနိုင်ငံတွင် ၄င်းတို့ရောက်ရှိနေမှုမှာ (ဒေသတွင်း တရုတ်၏ လွှမ်းမိုးမှုကို ရင်ဆိုင်ရန် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအမံများအဖြစ်} တရုတ်နှင့် ပထဝီနိုင်ငံရေးအရ အင်အားချိန်ခွင်လျှာညီခြင်း အဖြစ်မြင်ကြသည်။ အခြားသူများမှာ တရုတ်နိုင်ငံမှ တာဝန်ရှိသူများက အလှူရှင်များ၏ ညှိနှိုင်းဆောင်ရွက်မှုအစီအစဉ်များတွင် ပါဝင်မှုနည်းပါးသော ကြောင့် မည်သို့ ဆက်ဆံရမည်ကို မသိကြပါ။

အနောက်နိုင်ငံ အလှူရှင်အများစုသည် မြန်မာနိုင်ငံရှိ တရုတ်မူဝါဒကို ထိန်းကျောင်းနေသော ဗျူဟာကျ အကျိုးစီးပွားများ သို့မဟုတ် တရုတ်နှင့် EAO များကြား ရှုပ်ထွေးသော ဆက်ဆံရေးကို နားမလည်ခဲ့ပါ။ ဘင်္ဂလားပင်လယ်အော်သို့ ဝင်ရောက်လိုသည့် တရုတ်၏အကျိုးစီးပွားစိတ်ဝင်စားမှု၊ ယင်နှင့်ဆက်စပ်သော အခြေခံ အဆောက်အဦနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ အရေးပါမှု၊ မြောက်ပိုင်း EAO များနှင့် ၄င်းတို့၏ ဆွေးနွေးမှုများနှင့် ဤသည်က NCAအပေါ် ယင်းတို့၏ ထောက်ခံမှုကို မည်သို့သက်ရောက်သနည်း ဆို သည်တို့အေပါ် နားလည်မှု အားနည်းခဲ့သည်။ အကြိမ်များစွာပင် တရုတ်ကို အရေးပါသောသူအဖြစ်ထက် ရှောင်ကြဉ်ရမည့် "ပွဲဖျက်သူ" အဖြစ်သာ မျက်နှာစာတစ်ဖက်ထဲမှ မြင်ခဲ့ကြသည်။သဘာတရားရေးရာအဆင့်တွင် ငြိမ်းချမ်းရေးပံ့ပိုးကူညီမှု သည် မျှော်မှန်းချက်အတူမျှဝေသော "နိုင်ငံတကာအသိုင်းအဝိုင်း" တစ်ခု အဖြစ်ယူဆပုံရသည်။ ဤအစုအဖွဲ့တွင် တရုတ်ကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့သော အနောက်နိုင်ငံ တာဝန်ရှိသူများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် အလွန်အမင်း အကောင်းမြင်အကဲဖြတ်မှုများနှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် အနောက်နိုင်ငံ ချဉ်းကပ်နည်းမဟုတ်သော အခြားနည်းလမ်းများကို လျစ်လျူရှုခဲ့မှုများကိုဖြစ်ပေါ်စေခဲ့သည်။

တွေ့ရှိချက် ၄။ ထိတွေ့ဆက်ဆံခြင်းကို အရှိန်မှန်မှန်ဖြင့် ဆောင်ရွက်ခြင်း

အလှူရှင်များသည် ရေရှည်အမြင်ထားရှိရန်၊ အဟန့်အတားများကို လက်ခံရန်နှင့် အန္တရာယ်များကို လျှော့ချရန် ချဉ်းကပ်နည်းများကို လိုက်လျောညီထွေပြောင်းလဲရန် ရှုန်းကန်ခဲ့သည်။

၂၀၁၂ ခုနှစ်မှစ၍ အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင်းရှိရန် အများအားဖြင့် ၄င်းတို့၏ နှစ်ရှည်ရုံးခွဲများကို ထိုင်းနိုင်မှ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ခြင်းဖြင့် အလျင်အမြန်ဆောင်ရွက်ခဲ့ကြ သည်။ အချို့မှာ အကောင်းမြင်ဝါဒလှိုင်းများနှင့် ရောက်ရှိလာပြီး ဤသည်က "အစတွင် အားလုံးအတွက် ကပြောင်းကပြန်နိုင်သော လွတ်လပ်မှု"[102] ကို ဦးတည်သွားစေပြီး အလှူရှင်အဖွဲ့အစည်းများကလည်း ၄င်းတို့၏ အကျိုးစီးပွားနယ်ပယ်များကို ကာကွယ်ရန်နှင့် သက်ဆိုင်ရာအားသာချက်များကို ဆောင်ရွက်ရန် အားပေးခဲ့ကြ သည်။ ဤသို့သော ရေပွက်ရာငါးစာချ သဘောထားအမြင် ဖြင့် ဆောင်ရွက်မှုများသည် ရေရှည်အမြော်အမြင် မရှိသောဆုံးဖြတ်ချက်များကို ဦးတည်စေခဲ့ သည်။ ဥပမာ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သော ကျေးရွာအဆင့် အုပ်ချုပ်ရေး (အစိုးရ) မပါဝင်သော အစီအစဉ်များကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းက နိုင်ငံရေးအရ လက်ခံလာကြသောအချိန်တွင် လုံးဝဖျက်သိမ်းခဲ့ခြင်းများဖြစ်သည်။ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံသို့ ပေးသည့် နိုင်ငံခြား ထောက်ပံ့ကူညီမှု သုတေသန၏ ခေါင်းစဉ် " Too Much Too Soon" သည် ဤစိုးရိမ်ချက်များ ကို လိုရင်းတိုရှင်းဖြင့် ထိထိမိမိဖော်ပြနိုင်ခဲ့သည်။[103]

အထူးသဖြင့် ၂၀၁၅ ရွေးကောက်ပွဲပြီးနောက်ပိုင်းတွင် မြန်ဆန်သောပြုပြင်ပြောင်းလဲမှုများ၏ စိတ်လှုပ်ရှားမှု ကြောင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုး

> ***ကောက်နုတ်ချက် ၈။ ဆုံးရှုံးသွားသော အခွင့်အလမ်းများ - ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ***
>
> EAO နှင့် အလှူရှင်များက JMC ကို စစ်တပ်နှင့် အပြုသဘောဆောင်စွာ ထိတွေ့ဆက်ဆံနိုင်သည့် နည်းလမ်းတစ်ခု အဖြစ် အသုံးမချခဲ့သည်ကို ပစ်ခတ်မှု ရပ်စဲရေး ကျွမ်းကျင်သူ ပညာရှင် (ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အနီးကပ် လေ့လာစောင့်ကြည့်နေသော) များက သတိပြုမိခဲ့ ကြသည်။[104] ဖြစ်ပျက်ခဲ့သည် များကို ပြန်လည်ကြည့်ရှုပါက အလှူရှင်များသည် အောက်ဖော်ပြပါ ချဉ်းကပ်နည်းလမ်းများ အပေါ်ရန်ပုံငွေ ပံ့ပိုးခဲ့ ခြင်းများနှင့် အားပေးခဲ့ခြင်း များ ပြုလုပ်နိုင်သင်ခဲ့သည် -
>
> - JMC သည် ပြဿနာတိုင်းကို ဖြေရှင်းရန် အကောင်းဆုံးနည်းလမ်းမဟုတ်ကြောင်း သိရှိလက်ခံခြင်း၊ ပြဿနာရှိသော လုပ်ပိုင်ခွင့်အချို့ကို ဖယ်ရှားခြင်း (ဥပမာ - နယ်နိမိတ်သတ်မှတ်ခြင်း၊ လုံခြုံရေးကဏ္ဍပြုပြင် ပြောင်းလဲရေး နှင့် မိုင်းရှင်းလင်းခြင်း) နှင့် အခြားယန္တယားများ၊ ဖွဲ့စည်းပုံပုံစံနှင့် ချဉ်းကပ်နည်းလမ်းများကို စမ်းသပ်အသုံးပြုခြင်း[105]
> - ဒေသတွင်း ဖြေရှင်းနိုင်သည့် အသေးစား ချိုးဖောက်မှုများနှင့် သြဇာအာဏာရှိသူများ (high-level) ပါဝင်သော နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုများတွင် ထည့်သွင်းဆွေးနွေးသင့်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုလုံးကို လမ်းချော်သွားစေနိုင်သည့် အဓိကပြဿနာများကို ရှင်းလင်းပြတ်သားစွာ ခွဲခြားသတ်မှတ်ခဲ့ ခြင်း[106]
> - အောင်မြင်နိုင်သည်ဟု ဖော်ထုတ်သတ်မှတ်ထားသော နေရာများတွင် ဒေသအခြေပြုနှင့် ရှေ့ပြေးဖြစ်သော ဖြေရှင်းမှုများကို စမ်းသပ်ဆောင်ရွက်ခြင်း။ အလှူရှင်များသည် အစိုးရနှင့် စစ်တပ်တို့ကို ဒေသအခြေပြု နည်းလမ်းပုံစံများ၏ အားသာချက်များကို ထောက်ခံပြောဆိုပြီး ပြုလွယ်ပြောင်းလွယ်၊ ဆန်းသစ်သော ရင်းမြစ်များကို ပံ့ပိုးပေးနိုင်ခဲ့ခြင်း။ ဤနည်းဖြင့် အပြုသဘောဆောင်ပြီး၊ တာဝန်ဝတ္တရားကို လက်အောက် အရာရှိသို့ လွှဲပြောင်းပေးသော ပြဿနာဖြေရှင်းခြင်းကို ခိုင်မာအားကောင်းစေနိုင်သည်။

ထားမှုများကို လိုက်နာဆောင်ရွက်ခြင်းမရှိသည်များနှင့် ရှမ်းပြည် နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် အခြားနေရာများတွင် အကြမ်းဖက်မှုများမြင့်တက်လာသည့် အထောက် အထားများရှိသော်လည်း အလှူရှင်များက မြန်မာနိုင်ငံကို ပဋ္ဌိပက္ခလွန်ကာလ အခြေအနေရပ်ဝန်းအဖြစ် သဘောထားဆက်ဆံခဲ့ကြသည်။ စစ်မှန်ပြီး ပြီးပြည့်စုံသော ငြိမ်းချမ်းရေးပေါ်ထွက်လာရန် အချိန်မည်မျှ ကြာမြင့်မည်နှင့် မြန်မာ့ နိုင်ငံရေးရှုပ်ထွေးမှုများကို ဖြေရှင်းရန်အတွက် မည်သည်တို့လိုအပ်သည်ဆိုသည်နှင့် ပတ်သက်၍ထားရှိသည့် မျှော်မှန်းချက်များမှာ လက်တွေ့နှင့်ကင်းကွာလှသည်။ ဤအဖွဲ့အစည်းဆိုင်ရာ အကောင်းအမြင်လွန်ခြင်းကို လူအများအပြားက သတိပြုမိကြသော်လည်း မြန်မာနိုင်ငံတွင် လစ်ဘရယ် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲမှုတို့ကို အောင်မြင်စွာရရှိရန် ခိုင်မာအားကောင်းသော နိုင်ငံတကာ ကတိကဝတ်က ပွင်းလင်းစွာဝေဖန်မှုများကို အသံတိတ်သွားစေခဲ့သည်။ ဝေဖန်သူများကို ဆန့်ကျင်ဘက်ပြော သူများ သို့မဟုတ် အဆိုးမြင်ဝါဒီများအဖြစ် တံဆိပ်ကပ်ခံရပြီး အမှီလိုက်ဖို့ "(get with the program") လိုအပ်နေပြီဟုပြောခံကြရသည်။ ဤသဘောထားအမြင်က မျှော်လင့်ချက်များ အလွန်အကျွံမဖြစ်အောင် ထိန်းသိမ်းရန် ခက်ခဲစေပြီး ဒေသန္တရ ငြိမ်းချမ်းရေးဖော်ဆောင်သူများကို နိုင်ငံတကာမှ ထိရောက်စွာ ပံ့ပိုး ကူညီနိုင်မှုကို လျော့ကျစေသည်။

အလှူရှင်အများစုသည် ကျရှုံးမှုမှ သင်ခန်းစာယူပြီး ပြောင်းလဲသွားသော အခြေအနေအခင်းအကျင်းနှင့် လိုက် လျောညီထွေဖြစ်သည့် ပြောင်းလွယ်ပြင်လွယ်ရှိသော ချဉ်းကပ်နည်းများကို ပြောင်းသုံးရန် နှေးကွေးကြသည်။ လက်တွေ့မဆန်သော မျှော်လင့်ချက်များကြောင့် ရှောင်လွှဲမရနိုင်သော ကျရှုံးမှုများကို သိရှိလက်ခံရန် သို့မဟုတ် အတွေ့အကြုံများမှတဆင့် ဆက်လက်တည်ဆောက်ရမည့် နည်းလမ်းများကို သိရှိရန် ၎င်းတို့သည် နေရာမှန်တွင် ရှိမနေခဲ့ပေ။ ဥပမာ တစ်ခုမှာ အလှူရှင်အချို့သည် JMC နှင့် ပတ်သက်ပြီး ယင်း၏ အထောက် အပံ့များနှင့် ပြောင်းလဲမှုအတွက် ဖြစ်နိုင်ချေရှိသော ပံ့ပိုးမှုပေးနိုင်မှုတို့ သေချာစွာ အကဲဖြတ်စိစစ်မှုများ မပြုလုပ်ပဲ ထိရောက်မှု မရှိဟူ၍ ပယ်ချခဲ့ခြင်းဖြစ်သည်။ (ကောက်နုတ်ချက် ၈ ကိုကြည့်ပါ) မြင့်မားသော မျှော်လင့်ချက်များကို ပြည့်မီအောင်လုပ်ဆောင်ရသော ဖြစ်စဉ်တွင် အလှူရှင်များ၏ တုံ့ပြန်ဆောင်ရွက်မှုမှာ တိုးတက်မှု မရှိခြင်းကို ညည်းညူသာနေခဲ့ပြီး အလုပ်မဖြစ်သော ယန္တယားကို ဆက်လက်ပံ့ပိုးပေးနေခဲ့သည်။ ဤသည်မှာ အပြောင်းအလဲ ဖြစ်လာနိုင်သည်ဟူသော အမှန်တကယ်ဖြစ်မလာနိုင်သည့် မျှော်လင့်ချက်ဖြင့် "မြင်းသေကိုနှင်တံဖြင့် ရိုက်နေခြင်း" ပင်ဖြစ်သည်။

တွေ့ရှိချက် ၅။ လုပ်ငန်းစွမ်းရည် အကန့်အသတ်များကို ဖြေရှင်းခြင်း

ယုံကြည်စိတ်ချရသည့် လုပ်ငန်းဖော်ဆောင်မှု မိတ်ဖက်များလိုအပ်ခြင်းကလည်း နိုင်ငံတကာအသိုင်းဝိုင်း၏ ထောက်ပံ့ကူညီမှုအတွက် အကန့်အသတ်ဖြစ်စေသည်။ ရှိပြီးသား NGO နှင့် CSO များသည် အရေးပါသော ကဏ္ဍမှပါဝင်ပြီး တခါတရံ အခင်းအကျင်းနှင့် ဗျူဟာနှင့်ပတ်သက်ပြီး အရေးပါသော အကြံပေးသူများဖြစ်ကြ သည်။

ဤမိတ်ဖက်ဆောင်ရွက်မှုများသည် ပြည်တွင်း အဖွဲ့/လူပုဂ္ဂိုလ်များကို ၎င်းတို့၏ အဓိကပင်မ အလုပ်များမှ သွေဖည်စေနိုင်ပြီး ရန်ပုံငွေရရှိမှုနှင့် လက်လှမ်းမီမှုတို့နှင့်ပတ်သက်ပြီး တင်းမာမှုများဖြစ်လာနိုင်စေသည်။

စီမံကိန်းများကို လျင်မြန်စွာချဲ့ထွင်ရန် လိုအပ်မှုသည် ယုံကြည်ရသည့် မိတ်ဖက်မရှိခြင်းနှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေး စံနှုန်းများနှင့် မျှော်မှန်းချက်များအတိုင်း ကြားဝင်ဆောင်ရွက်မှုများ ဆောင်ရွက်ရန် ကနဦးတွင် လုပ်ကိုင်နိုင်စွမ်းရည် နိမ့်ပါးမှုကို မီးမောင်းထိုးပြခဲ့သည်။ အစိုးရ သို့မဟုတ် အစိုးရမဟုတ်သည်ဖြစ်စေ စီမံကိန်းများဖော်ဆောင်ပို့ဆောင်ခြင်းအတွက် မိတ်ဖက် အနည်းငယ်ကသာ သင်တန်းနှင့် အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုများ မလိုအပ်ပဲ ကြီးမားသော စီမံကိန်းများကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ အလှူရှင်တစ်ဦး က မှတ်ချက်ပြုသည်မှာ-

> ရွေးချယ်စရာများစွာ ရှိခဲ့သော်လည်း တစ်ခုကမှ စံကိုက်ညီတာ မရှိပါဘူး။ အပေးအယူတွေက ဘာတွေ ရှိမလဲနဲ့ ဘယ်အရာတွေက ဘယ်လမ်းကြောင်းကတဆင့် သွားဖို့ဆန္ဒရှိမလဲ။ ဒါတွေက တူတွေက နှက်ဖို့ အကိုက်ညီဆုံး သံကိုလိုက်ရှာနေတာနဲ့တူပါတယ်။ ရန်ပုံငွေအချို့က အဲ့လိုမျိုးသတ်မှတ်ပြီးသား လုပ်ငန်းစဉ်တွေအတွက် ဖြစ်ပါတယ်။[107]

မြန်မာအစိုးရ၏ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အတူပူးပေါင်းဆောင်ရွက်သည့် အတွေ့အကြုံမရှိခြင်းက ပါဝင် ပတ်သက်သူအားလုံးအတွက် စိန်ခေါ်မှုဖြစ်စေသည်။ တစ်ဖက်တွင်မူ ကာလကြာရှည် ဆက်ဆံ ရေးများမရှိခြင်း၊ နားလည်ရန်ခက်ခဲသောစနစ်များနှင့် အကျိုးထိရောက်မှု၊ တာဝန်ခံမှု နှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ စိုးရိမ်မှုများ ကြောင့် အလှူရှင်များသည် အစိုရဌာနအဖွဲ့များနှင့် အလုပ်လုပ်ရန် ခက်ခဲခဲ့သည်။ EAO များ သို့မဟုတ် ၎င်းတို့နှင့် ဆက်နွယ်သော CSO များနှင့် အလုပ်လုပ်ရန်လည်း အလားတူပင် ခက်ခဲခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ အလှူရှင်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အတွေ့အကြုံမရှိခြင်းနှင့် လက်နက်ကိုင်များကို ပံ့ပိုးကူညီမှုဖြစ်နိုင်သည်ဆိုသည့် စိုးရိမ်မှုများ ကြောင့်ဖြစ်သည်။ ဤအခြေအနေက တိုင်းရင်းသားများ၏ စွမ်းဆောင်ရည် တည်ဆောက်မှုကို ပံ့ပိုးရန်နှင့် အလှူရှင်များ၏ ယုံကြည်အပ်နှံမှုဥပဒေရေးရာနှင့် ဂုဏ်သိက္ခာ ဆိုင်ရာတို့ကို ထိခိုက်စေနိုင်သည့် အန္တရာယ်များကို လျှော့ချရန် လုပ်ငန်းဖော်ဆောင်မှု မိတ်ဘက်များ သို့မဟုတ် NGO ကြားခံများကို ရှာဖွေရသည်မှာ ပုံမှန်ဖြစ်လာသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အလှူရှင်များသည် နောက်ဆက်တွဲ ကွဲလွဲမှုများ၊ ထိုအဖွဲ့အစည်းများအပေါ် ပါဝင်ပတ်သက်သူများမှ အထင်မြင်လွဲမှားခြင်းဖြစ်လာ နိုင်မှုနှင့် ၎င်းတို့အလုပ် အာရုံစိုက်မှု ပြောင်းလဲခြင်း အပါအဝင် ဖြစ်တန်ချေရှိသည်များကို သတိပြုမိကြသည်။[108]

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရှုပ်ထွေးသော အင်္ဂါရပ်တစ်ခုမှာ စေ့စပ်ညှိနှိုင်းရေးကျွမ်းကျင်သူများအတွက် နိုင်ငံ တကာ ထောက်ပံ့ကူညီမှု ပေးခြင်းဖြစ်သည်။ ကျွမ်းကျင်ပညာရှင် အမျိုးစား နှစ်မျိုး ပါဝင်သည်။ ကာလတို ခရီးစဉ်အတွင်း အကြံဉာဏ်ပေးသည့် ထင်ရှားသည့်ပုဂ္ဂိုလ်များနှင့် ကာလကြာရှည်နေထိုင်ပြီး အကြံဉာဏ်နှင့် စွမ်းရည်ဆိုင်ရာ ပံ့ပိုးမှုများပေးသည့် မထင်ရှားသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ တိုင်းရင်းသားခေါင်းဆောင်များ သည် အခြေအနေအခင်းအကျင်းနှင့်ဆီလျော်သော အကြံဉာဏ်ပေးနိုင်ပြီး ယုံကြည်မှုရရှိရန်အတွက် အချိန်ရင်း နှီးမြှုပ်နှံထားသော ရေရှည်နေထိုင်သော ပညာရှင်များက ပိုမိုထိရောက်မှုရှိသည်ဟု တိုင်းရင်းသားခေါင်းဆောင် များကယူဆကြသည်။ ကျွမ်းကျင်ပညာရှင်များသည် အများအားဖြင့် ရာထူးကြီးသူ၊ အမျိုးသားနှင့် ဥရောပ နောက်ခံက သူများဖြစ်လေ့ရှိပြီး ဤနယ်ပယ်ကို ပိုမိုကျယ်ပြန့်အောင်ကြိုးပမ်းအားထုတ်မှု အနည်းငယ်သာရှိခဲ့ သည်။ ဒေသန္တရနှင့် ပြည်တွင်းအဖွဲ့များစွာက ဆွေးနွေးမှု ဒိုင်ယာလော့ဂ်များပေါ်ပေါက်ရန် ကြိုးပမ်းခဲ့သည်။ ဥပမာ ကချင် ပြည်နယ်ရှိ ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ ည် မတူကွဲပြားသော ပါဝင်ဆွေးနွေး သူများနှင့် သမားရိုးကျမဟုတ်သော ရှုထောင့်အမြင်များနှင့် ဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။

အလှူရှင်များ၏ လုပ်ငန်းဖော်ဆောင်မှု မိတ်ဘက်များကို ရှာဖွေမှုသည် ထောက်ပံ့ကူညီမှု ပံ့ပိုးရေး မညီမျှမှုများ ကိုဖြစ်စေသည်။ ဥပမာ ကရင်လူမှုအသိုင်းအဝိုင်းတွင်းရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ဆက်ဆံရေးများ တည်ဆောက်ထားသော်လည်း အခြားနေရာများတွင်မူ ထိရောက်အကျိုးရှိသော မိတ်ဖက်အနည်းငယ်သာ ရှိခြင်းတို့ဖြစ်သည်။ သတင်းအချက်အလက် စီးဆင်းမှုသည် အများအားဖြင့် ရန်ပုံငွေပံ့ပိုးခြင်းဆိုင်ရာ ဆက်ဆံရေးများနှင့် ဆက်စပ်နေသောကြောင့် အလှူရှင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နားလည်မှုသည် ၎င်းတို့အများဆုံး ထိတွေ့ဆက်သွယ်ဆောင်ရွက်နေသည့် နေရာဒေသများ၏ အခြေအနေများ ပေါ်တွင်သာ တည်မီတတ်သည်။

၂၀၁၂ ခုနှစ်မှ စတင်သော မြန်မာနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်မှုသည် အရပ် ဘက်လူ့အဖွဲ့အစည်း၏ ကဏ္ဍကို

သိသာစွာ ပြောင်းလဲစေခဲ့သည်။ အရပ်ဘက်အဖွဲ့ အစည်း တည်ဆောက်မှု အတွက် အပြုသဘောဆောင်သော ပံ့ပိုးမှုများကို ကောက်နုတ်ချက် ၁၂ တွင် ရေးသားဖော်ပြထားသော်လည်း တစ်နှစ်တာ ကာလစက်ဝန်းသာရှိသော ရေတိုရန်ပုံငွေ ထောက်ပံ့မှုများသည် လက်ခံရရှိသည့်အဖွဲ့၏ အခြေအနေကို နားလည်သိရှိမှုထက် အလှူရှင်များ၏ ရန်ပုံငွေပေးအပ်ခြင်း အလေ့အထများ ကိုသာ ရောင်ပြန်ဟပ်သော "စီမံကိန်းသက်သက် လုပ်ဆောင်မှုများ (project machines)" ကို ဖြစ်စေတတ်သည်ဟု ဖြေဆိုသူများက ဖြေကြားခဲ့သည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ အလုပ်များနှင့် လိုက်နာဆောင်ဆောက်ရွက်ရမှုများသည် ၎င်းတို့၏ အာရုံစိုက်ဆောင်ရွက်ရာနှင့် လူ့စွမ်းအားအရင်းမြစ် ထိထိရောက်ရောက်အသုံးချနိုင်ခြင်း တို့ကို ပြောင်းလဲစေကာ သေးငယ်သော ဒေသခံအဖွဲ့များ သို့မဟုတ် အနောက်တိုင်းအဖွဲ့အစည်းပုံစံများနှင့် မကိုက်ညီသော အဖွဲ့များထက် ဦးစားပေးလက်ခံသူများဖြစ်သည့် ကြီးမားပြီး လွှမ်းမိုးမှုရှိသောအဖွဲ့အစည်းများ ကို ဖန်တီခြင်းသို့ ဦးတည်စေခဲ့သည်။ (ကောက်နုတ်ချက် ၁၁ တွင်ကြည့်ပါ "စီမံချက်သက်သက် ဖော်ဆောင် ခြင်း (projectization)" နှင့် "ကာလအပိုင်းအခြားတစ်ခုအပေါ်အမြင် (အထူးသဖြင့်ကာလရှည်) (timescapes)'').

တွေ့ရှိချက် ၆။ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များတွင် အမျိုးသမီး အများအပြား ပါဝင်နိုင်ခဲ့ခြင်း မရှိပါ။

မြန်မာနိုင်ငံရှိ ထောက်ပံ့ကူညီမှု စီမံကိန်းများနှင့် အစီအစဉ်များတွင် အများအားဖြင့် အမျိုးသမီးပါဝင်မှု ပြဌာန်း သတ်မှတ်ချက်များ ပါဝင်လေ့ရှိခဲ့သော်လည်း အများစုသည် လုပ်ငန်းဖော်ဆောင်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် စိတ်ဆန္ဒမရှိခြင်းတို့ကြောင့် ကျား-မ(ဂျန်ဒါ) တန်းတူညီမျှမှုကို ဖြစ်စေမည့် အပြောင်းအလဲရလဒ်များ မရှိခဲ့ပါ။

ငြိမ်းချမ်းရေးဖော်ဆောင်ရေး အင်စတီကျူးရှင်းများနှင့် ပဋိပက္ခလျှော့ချရေးနှင့် ဆက်စပ်သော လုပ်ငန်းစဉ်များ အပါအဝင် နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ် အားလုံးတွင် ဖွဲ့စည်းပုံဆိုင်ရာ ဂျန်ဒါ တန်းတူညီမျှမှု မရှိခြင်းများဖြစ် နေသည်။ အဓိကအစုအဖွဲ့များတွင် အမျိုးသမီးပါဝင်မှုမှာ အဆင့်အမျိုးမျိုးရှိပြီး EAO များက ပိုမိုပွင့်လင်းသည် ဟုယူဆရသည်။[109] အမျိုးသမီး အခွင့်အရေးနှင့်

ကောက်နုတ်ချက် ၉။ နယ်စပ်ဖြတ်ကျော် အကူအညီနှင့် ပေါင်းစည်းခြင်း

ရန်ပုံငွေ ပမာဏမှာ နည်းပါးသော်လည်း ၂၀၁၂ မတိုင်မီကာလတွင် အနောက်နိုင်ငံအလှူရှင်များက မြန်မာနိုင်ငံ နှင့် ဆက်သွယ်ဆောင်ရွက်သော နယ်စပ်ဖြတ်ကျော် ထောက်ပံ့ကူညီမှုသည် အဓိကအားဖြင့် ထိုင်းနိုင်ငံမှ တဆင့် ဝင်လာခြင်းဖြစ်သည်။ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းစင်တာများနှင့် ဒုက္ခသည်စခန်းများတွင်သာ အလေးပေး ဆောင်ရွက်မှုမဟုတ်ပဲ နယ်စပ် တလျှောက် လုပ်ဆောင်နေသော အထူးသဖြင့် ကရင်ပြည်နယ်ရှိ CSO များကို လည်း ပံ့ပိုးမှုများပေးခဲ့သည်။

တစ်စိတ်တစ်ပိုင်း လွတ်လပ်စွာရပ်တည်သော်လည်း ဒေသတွင်း အဓိက EAO များနှင့် ခိုင်မာသော ဆက်နွယ်မှုများရှိသော ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ရက်နှင့် ကရင် ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာနကဲ့သို့သော အဖွဲ့များမှတဆင့် ထောက်ပံ့ကူညီမှုများကို ပံ့ပိုးခဲ့သည်။ အချိန် ကြာလာသည်နှင့်အမျှ ပိုမိုများပြားသော တိုင်းရင်းသား CSO များမှ ရန်ပုံငွေ ရရှိလာခဲ့သည်။။ အဓိကအားဖြင့် EAO များမှ ၎င်းတို့ သြဇာလွှမ်းမိုးသောနယ်မြေများတွင် ၎င်းတို့ အုပ်ချုပ်မှု၏ တရားဝင်မှု သွင်ပြင်လက္ခဏာဟု သတ်မှတ်ထားသော ဒေသန္တရ ဝန်ဆောင်မှုများ ဆောင်ရွက်ရန်အတွက်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်ရေးများကို ပုံမှန်ပြုလုပ်ရန် အလှူရှင်များ၏ တွန်းအားပေးမှုကြောင့် နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်းများသည် ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံရှိ အခြားမြို့များတွင် ရုံးများ ဖွင့်လှစ်ခဲ့ သည်။ အလှူရှင်များက ဝန်ဆောင်မှုပေးခြင်းကို နည်းပညာရှုထောင့်မှ ရှုမြင်လေ့ရှိကြပြီး ဗဟိုအစိုးရနှင့် ဆက်သွယ်ဆောင်ရွက်မှုသည် အရေးကြီးဆုံးနှင့် ထိရောက်မှုအရှိဆုံး အပိုင်းအဖြစ်မြင်ကြသည်။ အလှူရှင်များ သည် ပဋိပက္ခ ဒဏ်ခံရသော ဒေသများတွင် "အုပ်ချုပ်မှု လေဟာနယ်" များဖြစ်ပေါ်မည်ဟု ထင်မြင်ယူဆချက် များ စွဲကိုင်ထားတတ်သည်။ လက်တွေ့တွင်မူ အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးခြင်း စနစ်များသည် ဒေသန္တရ အဆင့်တွင် လည်ပတ်ဆောင်ရွက်ကြသည်။[110] တိုင်းရင်းသာ ကျန်းမာရေးနှင့် ပညာရေးပံ့ပိုးသူများနှင့် EAO များ ၏ အမြင်မှာ ဝန်ဆောင်မှုပေးခြင်းသည် နိုင်ငံရေးပိုဆန်သည်။

ဝန်ဆောင်မှုပေးခြင်းတွင် ပံ့ပိုးကူညီမှုများလာသည်နှင့် ဗဟိုအစိုးရဌာနများသည် ၎င်းတို့၏ လက်တံများကို ချဲ့ထွင်ရန် အားထုတ်ကြပြီး တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများမှာ ပေါင်းစပ် စီစဉ်မှုများ သို့မဟုတ် ၎င်းတို့ ကိုယ်ပိုင်စနစ်များကိုသာ ပို၍ သဘောကျကြသည်။ အလှူရှင်များနှင့် ဗဟိုအစိုးရသည် မတူကွဲပြားသော စနစ်များနှင့် အများအားဖြင့် ထပ်တူဖြစ်နေသော စနစ်များကို ၎င်းတို့က ကျိုးကြောင်းဆီလျော်သော ဝန်ဆောင် မှုပေးခြင်းဖြစ်မည်ဟု မှတ်ယူသော နိုင်ငံအဆင့်ပုံစံ တစ်ခုအောက်တွင် ပေါင်းစည်းစေလိုကြသည်။ ဆန့်ကျင် ဘက်အားဖြင့် တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများသည် ပေါင်းစပ်စီစဉ်မှုများ သို့မဟုတ် ၎င်းတို့ ကိုယ်ပိုင် စနစ်များကိုသာ ပိုမိုနှစ်ခြိုက်ကြသည်။ ၎င်းတို့သည် အများအားဖြင့် အလှူရှင်များ၏ ပေါင်းစည်းခြင်းကို တွန်းအားပေးမှုနှင့် နယ်စပ်ဖြတ်ကျော် အကူညီများကို အဆုံးသတ်မှုကို စနစ်တကျ သေချာတည်ဆောက်ပြီး သား ဒေသန္တရ စီမံခန့်ခွဲမှုများကို ခြိမ်းချောက်နိုင်သော ဗဟိုမှချဲ့ထွင်လွှမ်းမိုးမှုကို ကျိုးကြောင်းမကျပဲ ပံ့ပိုး ကူညီမှုအဖြစ် မြင်ကြသည်။

ပေါင်းစည်းခြင်းကို အားပေးသောသူများက ဤသည်မှာ ဒေသတွင်းအစုအဖွဲ့ ပုဂ္ဂိုလ်များက ပဋိပက္ခဖြစ်သည် များကို အတူတကွ ဖြတ်ကျော်ကြပြီး ၎င်းတို့ဦးဆောင်သည့် ပဋိပက္ခအသွင်ကူးပြောင်းရေး ဖြစ်စဉ်အဖြစ် ရှုမြင် ကြသည်။ သို့ရာတွင် ဒေသန္တရအဆင့်တွင်မူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အပေါ် ယုံကြည်မှု အကန့်အသတ်ရှိနေသည်။ ပေါင်းစည်းခြင်း အားပေးရာတွင် စိန်ခေါ်မှုနှင့် သင်ခန်းစာများမှာ-

- မတူကွဲပြားသော အစုအဖွဲ့များမှ သူများအကြား ခိုင်မာစွာအမြစ်တွယ်နေသော မယုံကြည်မှု ကို ကျော် လွှားရန် အချိန် လိုအပ်ခဲ့သည်။
- ဒေါင်လိုက်ပေါင်းစည်းမှုအပေါ် အလှူရှင်များ၏ အလေးသာမှုနှင့် ဒေသန္တရအလိုက်ရှိပြီးသား ဝန်ဆောင်မှု ပေးခြင်းတို့ကို တိုင်းရင်းသားများ၏ ပိုမိုနှစ်သက်မှုကြား တင်းမာမှုများ။
- အထူးသဖြင့် အစုအဖွဲ့နှစ်ခုလုံးမှ ထိန်းချုပ်လွှမ်းမိုးမှုကို အခိုင်အမာပြောကြသောအခါများတွင် နယ်မြေသတ်မှတ်မှုများ၊ အမည်နာမအခေါ်အဝေါ်များ နှင့် အစုအဖွဲ့များကြား သြဇာလွှမ်းမိုးမှုရှိသည့် နယ်မြေများအပေါ် ကွဲပြားခြားနားသော နားလည်မှုများ
- ဗဟိုချုပ်ကိုင်မှု ချဲ့ထွင်ခြင်းနှင့် ဗမာလူမျိုးကြီးဝါဒ အပေါ် အမြဲတစေရှိနေသော စိုးရိမ်ပူပန်မှုများ

ဦးဆောင်မှုကို အဓိကဆောင်ရွက်သည့် အဖွဲ့အစည်းများမှာ အမျိုးသားအဆင့်နှင့် ဒေသန္တရအဆင့်နှစ်ခုလုံးတွင်ရှိကြပြီး ဒိုင်ယာလော့ဂ်များနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ တွင် မြန်မာအမျိုးသမီးများက အဓိကပံ့ပိုးဆွေးနွေးသည့် အခန်းကဏ္ဍများမှ ပါဝင်ခဲ့သည့် လူသိများသော ဖြစ်ရပ်အချို့ရှိခဲ့သည်။ အရပ်သားအစိုးရ၊ နိုင်ငံရေးပါတီများနှင့် မြန်မာစစ်တပ် အတွင်းတွင် ဆုံးဖြတ်ချက်ချသည့်အဆင့်၌ အမျိုးသမီးကိုယ်စားပြုနှုန်းမှာ သုညနီးပါးဖြစ်ပြီး (ဒေါ်အောင်ဆန်းစုကြည်မှာမူ ထူးခြားသော ခြွင်းချက်ဖြစ်သည်။) ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ထိပ်သီးစကားပိုင်းများ၌ အမျိုးသမီးမပါဝင်ခြင်းကိုဖြစ် စေသည်။

ဤအခင်းအကျင်းတွင် နိုင်ငံခြား အထောက်ပံ့ပေးသည့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ပါဝင်ပတ်သက် သူများ၏ ပိုမိုကောင်းမွန်သော ကျား-မ (ဂျန်ဒါ_ တန်းတူညီမျှမှုရရှိရေး တောင်းဆိုမှုများ ပိုမိုထိရောက်အောင် ဆောင်ရွက်ရာတွင် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများနှင့် ရည်မှန်းချက်များကို ကမ္ဘာလုံးဆိုင်ရာ အထောက် အထားများ၊ အခြားငြိမ်းချမ်းရေးဖော်ဆောင်ရေး အခင်းအကျင်းများမှ ကောင်းမွန်သော အလေ့အထများနှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ အကြီးတန်း နိုင်ငံအဆင့် ဆုံးဖြတ်ချက်ချမှတ်သူများကြား ထောက်ခံမှုရရှိရန် အခက်အခဲများအပြင် လက်တွေ့အကောင်အထည်ဖော်ရန် ထင်ရှားသော စိန်ခေါ်မှုများရှိစေခဲ့သည်။ ထိရောက်သော အမျိုးသမီးပါဝင်ရေးနှင့် ကျား-မ(ဂျန်ဒါ) စံနှုန်းများ ပြောင်းလဲရေးတို့ကို ငြိမ်းချမ်းရေးဖော်ဆောင်ရေး အစီအစဉ်များ၏ အဓိက ရည်ရွယ်ချက်များ အဖြစ် ဦးစားပေး မဆောင်ရွက်ခဲ့ပဲ ဤအရေးကိစ္စများအတွက် စစ်မှန်သော ပြောင်းလဲမှု နယ်ပယ်ကို ကန့်သတ်ထားသည်။ ဥပမာ အားဖြင့် အလှူရှင်မှ ငွေကြေးထောက်ပံ့သော လုပ်ငန်းအစီစဉ်များတွင် တက်ရောက်သူအမျိုးသမီးခွဲတမ်းအရေ အတွက်ကို ကျား-မ (ဂျန်ဒါ) ပါဝင်မှုအတွက် အဓိက ညွှန်းကိန်းအဖြစ် အသုံးပြုလေ့ရှိသည်။ အမျိုးသမီး ပါဝင်မှု အတွက် စံသတ်မှတ်ချက်ထားရှိခြင်းသည် အပြုသဘောဆောင်သော လုပ်ဆောင်မှုဖြစ်သော်လည်း ဤခွဲတမ်း အရေအတွက်များသည် ပါဝင်သူများက မည်သူများဖြစ်သည်နှင့် မည်သို့သော ပါဝင်ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ သည်ဆိုသည်တို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ သတ်မှတ်ထားသောကြောင့် ဆွေးနွေးမှု၏ အကြောင်းအရာသို့မဟုတ် ရလဒ်များအပေါ် လွှမ်းမိုးမှု အလွန်နည်းပါးသည်။

ကျား-မ (ဂျန်ဒါ) ပါဝင်မှုနှင့်ပတ်သက်ပြီး အပေါ်ယံဆန်သော ချဉ်းကပ်နည်းများကို ဦးတည်မှုသည် အလှူရှင်များ နှင့် အကောင်ထည်ဖော်ဆောင်ရွက်သူ မိတ်ဖက်များကြား ဆက်ဆံရေးများကိုလည်း သက်ရောက်မှုရှိသည်။ အမျိုးသမီးအဓိကနှင့် အမျိုးသမီးဦးဆောင်သော အဖွဲ့အစည်းများသည် ကျား-မ (ဂျန်ဒါ) စံနှုန်းများကို ပြောင်းလဲမှုပြုလုပ်ရန်အတွက် ရေရှည်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် အကောင်ဆုံးနေရာတွင်ရှိ သော်လည်း ဤအဖွဲ့များမှာ သေးငယ်ပြီး ဖွဲ့စည်းပုံအတည်တကျမရှိသောကြောင့် စီမံခန့်ခွဲရန်ခက်ခဲသော လုပ်ထုံးလုပ်နည်းဆိုင်ရာလုပ်ငန်းစဉ်များမှတဆင့် နိုင်ငံခြားရန်ပုံငွေများ ရရှိနိုင်ရန် ၎င်းတို့အတွက် အလွန် ခက်ခဲသည်။ ထို့အပြင် ကျား-မ (ဂျန်ဒါ) တန်းတူညီမျှရေးနှင့် လူမှုပါဝင်မှုတို့အတွက် ပံ့ပိုးသော ရန်ပုံငွေများ ပံ့ပိုးမှုရရှိသည့် အချိန်ကာလမှာ တိုတောင်းလေ့ရှိပြီး အဖွဲ့အစည်းဆိုင်ရာ ခိုင်မာအားကောင်းရေးအတွက် ပံ့ပိုးပေးနိုင်မှုမှာ အဖွဲ့၏ ကိုယ်ပိုင် (အဓိက) ရန်ပုံငွေကဲ့သို့သော အကန့်အသတ်ရှိသော အတိုင်းအတာဖြင့်သာ ပံ့ပိုးပေးနိုင်သည်။ ငြိမ်းချမ်းရေးပံ့ပိုးမှုတွင် ကျား-မ (ဂျန်ဒါ) ပါဝင်မှုဆိုင်ရာ စိန်ခေါ်မှုများ အကြောင်း အသေးစိတ် ကို " မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် အဓိကရန်ပုံငွေပံ့ပိုးမှုများ ၂၀၁၀–၂၀၂၀" စာတမ်းတွင် တွေ့မြင်နိုင်သည်။

တွေ့ရှိချက် ၇။ ပံ့ပိုးမှု အစီအစဉ်များ ဖော်ဆောင်ရာတွင် ပဋိပက္ခ အကဲဆတ်မှု (conflict sensitivity) ရှိခြင်း

လွန်ခဲ့သည့် ဆယ်စုနှစ် အနည်းငယ်အတွင်း နိုင်ငံတကာ အလေ့အထကောင်းများနှင့် အတွေ့အကြုံ များစွာရှိ သော်လည်း အလှူရှင်များသည် မြန်မာနိုင်ငံတွင် ၎င်းတို့၏ မဟာဗျူဟာများနှင့် ရန်ပုံငွေ ပံ့ပိုးရေး ယန္တရားများ တွင် ပဋိပက္ခဆင်ခြင်ရှောင်ရှားနိုင်မှုကို ထည့်သွင်းအသုံးပြုသည့် အတိုင်းအတာ ကွဲပြားကြသည်။ နိုင်ငံ အဆင့်နှင့် ဒေသန္တရအဆင့်များတွင် ဆောင်ရွက်ခဲ့သည့် အလှူရှင်ပံ့ပိုးသော လုပ်ငန်းစဉ်များမှ ဖြစ်လာနိုင်သော ဆိုးကျိုးများကို လျော့ပါးစေရန် အများအပြားပိုမိုဆောင်ရွက်နိုင်ခဲ့သင့်သည်။

ကမ္ဘာတဝှမ်း ပဋိပက္ခဒဏ်ခံရသော ဒေသများတွင် ဘေးကင်းစွာနှင့် ထိရောက်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေသည့် အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများအတွင်း ပဋိပက္ခဆင်ခြင် ရှောင်ရှားနိုင်မှု ချဉ်းကပ်မှု နည်းလမ်းများကို အသုံးပြုနေကျဖြစ်သည်။[111] ပဋိပက္ခဆင်ခြင်ရှောင်ရှားနိုင်မှု ချဉ်းကပ်မှုနည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဤအဖွဲ့အစည်းများသည် ၎င်းတို့အစီအစဉ်များ လုပ်ငန်းဖော်ဆောင်ရာ အခြေအနေ အခင်းအကျင်းကို နားလည်ရန်၊ ပဋိပက္ခအပေါ် ယင်းတို့၏ ဖြစ်နိုင်ချေရှိသော သက်ရောက်မှုများကို အကဲဖြတ်ရန်နှင့် ဤသည်တို့ကို စီမံကိန်းဒီဇိုင်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်တို့ပြုလုပ်ရန် လုံလောက်သော အရည်အချင်း လိုအပ်သည်။ ဒေသတွင်း ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများကို သေချာဂရုတစိုက်ပြုလုပ်ခြင်းသည် စီမံကိန်းဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်း ဖြစ်သည်။ ပဋိပက္ခဆင်ခြင်ရှောင်ရှားနိုင်မှုသည် မူဝါဒနယ်ပယ်ကို လွှမ်းခြုံမှုရှိပြီး၊ နိုင်ငံနှင့်အလှူရှင်၏ မူဝါဒများ သည် ပဋိပက္ခဒဏ်ခံရသော ဒေသများနှင့် ပဋိပက္ခကို ပြောင်းလဲစေနိုင်သောအားကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အစောပိုင်းတွင် ဖော်ပြခဲ့သလို အလှူရှင်များ (နှင့် အစိုးရတာဝန်ရှိသူများ) အနေဖြင့် ပဋိပက္ခ ဒဏ်ခံရသောဒေသများနှင့် ဝေးသော ရန်ကုန်တွင် အလုပ်လုပ်နေသောအခါ သို့မဟုတ် နေပြည်တော်သို့အသွားအပြန်ခရီးသွားလာ နေရသောအခါ မြန်မာနိုင်ငံရှိ ပဋိပက္ခဒဏ်ခံရသောနေရာများကို လျစ်လျူရှုရန် လွယ်ကူသည်။ သို့မဟုတ် NCA လုပ်ငန်းစဉ်သည် ဆူပူအကြမ်းဖက်မှုများကို အဆုံးသတ်ပေးလိုက်ပြီဟု လွဲမှားစွာ ယူဆလွယ်သည်။[112]

ပေါင်းစပ်ချဉ်းကပ်နည်းများ။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းအချို့သည် ပဋိပက္ခဆင်ခြင် ရှောင်ရှားနိုင် မှုကို ၎င်းတို့အစီအစဉ်များတွင် ပေါင်းစည်းထည့်သွင်း ရန်အတွက် သိသာထိရောက်သော အစီအမံများကို လုပ်ဆောင်ခဲ့သည်။ ဥပမာ ဆွီဒင်အစိုးရအလှူရှင်အဖွဲ့ Sida သည် အကြီးပေး ပံ့ပိုးမှုအတွက် သီးခြားအလုပ် ငါးခုအတွက် စာချုပ်ချုပ်ဆိုခဲ့သည်။ တစ်ခုမှာ ၎င်း၏ လုပ်ငန်းအစီအစဉ်များတွင် ပဋိပက္ခဆင်ခြင် ရှောင်ရှားနိုင်င်မှုကို ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်စွမ်းကို အကဲဖြတ်ရန်ဖြစ်ပြီး ကျန်ရှိသည်များမှာ အစပြု လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်ပြီး ရန်ပုံငွေပံ့ပိုးခြင်း ဆုံးဖြတ်ချက်များအတွက် အချက်အလက်ရယူရန် ဖြစ်သည်။ အလားတူပင် ကုလသမဂ္ဂမှ ဆောင်ရွက်သော အမျိုးသားကျန်းမာရေးရန်ပုံငွေသည် အကြီးပေး ကျွမ်းကျင်ပညာရှင်များကို ခန့်အပ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်သည့် မိတ်ဖက်များကို စွမ်းရည်ဆိုင် ရာ ပံ့ပိုးခြင်းနှင့် အစိုးရနှင့် EAO များနှင့် ဆက်ဆံရေးများ အတွက် ဂရုတစိုက် စီစဉ်ရေးဆွဲခြင်း စသည်တို့ကို မပြုလုပ်မီ ပဋိပက္ခဒဏ်ခံရသောဒေသများတွင် ၎င်း၏ မဟာဗျူဟာမြောက် ချဉ်းကပ်နည်းကို အကဲဖြတ်လေ့လာမှုများ ပြုလုပ်ရန် ရင်းနှီးမြှုပ်နှံခဲ့သည်။[113]

ညံ့ဖျင်းသော အလေ့အထများ။ ထောက်ထားစာနာမှုမရှိသော ဥပမာများစွာကို မှတ်တမ်းတင်ထားရှိသည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူများများ အထူးသဖြင့် စခန်းများအတွင်း ကျဉ်းကြပ်စွာနေထိုင်ရပြီး လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်မရှိသောသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အပါအဝင် အခြား ချဉ်းကပ်လုပ်ဆောင်များ၏ တိုက်ရိုက်နှင့်ဖွဲ့စည်းပုံဆိုင်ရာ

အကျိုးသက်ရောက်မှုများနှင့် ပတ်သက်ပြီး မေးခွန်းထုတ်မှုများစွာရှိခဲ့သည်။ ဒေသတွင်း ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးရန် ပျက်ကွက်ခဲ့ခြင်း သို့မဟုတ် EAO ထိန်းချုပ် နယ်မြေနှင့် အတိုက်အခံဖြစ်ပွားနေသည့် ကျယ်ပြန့်သော နယ်မြေတခွင်တွင် ရှိနေသည့် ရှုပ်ထွေးသော အုပ်ချုပ်ရေးအစီအမံများကို သေချာစွာ ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့သည့် မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းရှိ အစိုးရစီမံကိန်းအတွက် ဂျပန်နိုင်ငံ၏ ပံ့ပိုးမှုကဲ့သို့သော စီမံကိန်းများ ကလည်း စိုးရိမ်မှုများကို မြင့် တက်စေခဲ့သည်။ (ကောက်နုတ်ချက် ၁၀ တွင် ကြည့်ပါ) ဤမှားယွင်းမှုးများ၏ အကြောင်းရင်းတစ်ခုမှာ နိုင်ငံတကာနှင့် ပြည်တွင်း အဖွဲ့များ၏ NCA နှင့်ပတ်သက်ပြီး အထူးသဖြင့် ဖွံ့ဖြိုးရေး ချဉ်းကပ်နည်းများသည် NCA သဘောတူညီချက်ကို ထိခိုက်စေနိုင်မှု အလားအလာကို မြင့်တက်စေသည့် ကြားဖြတ် စီမံဆောင်ရွက်မှု များနှင့်ပတ်သက်သော အပေါ်ယံနားလည်မှုများကြောင့်ဖြစ်သည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် အစိုးရအပေါ် မယုံကြည်မှု၊ ရခိုင်ပြည်နယ်ရှိ လူမျိုးရေး ပဋိပက္ခများနှင့် နိုင်ငံတဝှမ်းဖြစ်ပွားနေသော ပဋိပက္ခများကြောင့် အငြင်းပွားဖွယ်ဖြစ်ခဲ့သည်။ နိုင်ငံသားဖြစ် ခွင့်နှင့် ပတ်သက်ပြီး တင်မာမှုများရှိနေဆဲဖြစ်ပြီး သန်းခေါင်စာရင်းတွင် ယခင်စစ်ခေါင်းဆောင်များ ချမှတ်ခဲ့ သည့် ဘာသာရေးနှင့်လူမျိုးရေး တဖက်သတ် သတ်မှတ်ချက်စနစ်ကို အသုံးပြုခဲ့သည်။ သန်းခေါင်းစာရင်း အတွက် နည်းပညာပိုင်းဆိုင်ရာအကူအညီကို ကုလသမဂ္ဂ အေဂျင်စီတစ်ခုမှ ပံ့ပိုးပေးခဲ့ပြီး အစပိုင်းတွင် ပဋိပက္ခ ဆင်ခြင်ရှောင်ရှားနိုင်မှုနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ စီမံမှုတို့ကို သေချာစွာ အာရုံမစိုက်ခဲ့ပါ။ ၎င်း၏ အကဲဖြတ်ဌာန အရ-

> သတိပေးချက်များစွာ ရှိခဲ့သော်လည်း UNFPA (ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့) သည် တိုင်းပြည် နိုင်ငံရေး အခင်းအကျင်းအတွင်း လူမျိုးရေး ဆိုင်ရာ မေးခွန်းများ၏ အကဲဆတ်မှုကို လျှော့တွက်ခဲ့သည်။ ယေဘုယျအမြင်မှာ UNFPA အနေဖြင့် ဒေသတွင်း အခြေအနေ နှင့် သန်းခေါင်စာရင်း၏ နည်းပညာ ပိုင်းဆိုင်ရာ လှုပ်ရှားနိုင်ငံရေးအပေါ် သက်ရောက်မှုများကို နားလည်ရန် ပိုမိုအားထုတ် ကြိုးပမ်းမှုများ ပြု လုပ်ခဲ့သင့်သည်။[114]

"ငြိမ်းချမ်းရေးဖစ်စဉ်ကို အစပျိုးတွေ၊ လုပ်ဆောင်မှု တွေ နဲ့ ပံ့ပိုးမှုတွေ စတာတွေ ပါတဲ့ ဖစ်စဉ်တစ်ခုဖစ်ပြီး ကနဦး အမင်္ဂ ဘယ်လိုပဲ ဖစ်ဖစ် အမှန်တကယ်ကျရုံးမှု တစ်ခု တော့ မဟုတ်ပါဘူး။ ဒါက ဖစ်စဉ်ရဲ့ အစိတ်အပိုင်း တစ်ခု သာ ဖစ်ပြီး ၂၀၁၁ မ တိုင်ခင်က ပျလုပ်ခဲ့ တဲ့ ပံ့ပိုးမှုတွေနဲ့ အတိတ်ကအရာတွေပေါ်မှာ တည်ဆောက်လာတာ ဖစ်ပါ တယ်။"

(ငြိမ်းချမ်းရေးအလုရှင် ကျွမ်းကျင်သူနှင့် တွေ့ဆုံ မေးမန်းမှု ဇေပြာ ၁၃ရက် ၂၀၂၃ ခုနှစ်)

NCA လုပ်ငန်းစဉ်တွင် တန်းတူညီမျှသော ဆက်ဆံမှု။ NCA လုပ်ငန်းစဉ်တွင် အလှုရှင် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်မှုကိုယ်ခ္ဍက တခါတရံတွင် အခြေအနေမသိမှုများဖြစ်ခဲ့သည်။ အချို့ EAO ခေါင်းဆောင်များက နိုင်ငံခြား ကူညီထောက်ပံ့မှုသည် ရှိပြီးသား နိုင်ငံရေးအာဏာ (ပါဝါ) မညီမျှမှုကို ပိုမိုကြီးမားစေခဲ့သည်ဟု ယုံကြည်ကြသည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရသို့ ထောက်ပံ့မှုများ ပိုမိုပံ့ပိုးပေးခြင်းက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ၎င်း (အစိုးရ) ဖြစ်စေလိုသည့်အတိုင်း ဖြစ်စေရန် အားဖြည့်ပေးခဲ့သည်ဟု ယူဆခြင်းဖြစ် သည်။[115] တိုင်းရင်းသားဒေသများ၏ နိုင်ငံရေးပါဝင်မှုကို ဖယ်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးမှုအကျိုးရလဒ်များထံမှ ၎င်းတို့ကိုဘေးဖယ်ထားသည့် သမိုင်းသည် မြန်မာနိုင်ငံ ပဋိပက္ခ၏ အဓိက အကြောင်းရင်းခံများဖြစ်သည်။ နိုင်ငံခြားအဖွဲ့အစည်းများသည် အစိုးရတစ်ရပ်၏ အချုပ်အခြာအာဏာကို အကြွင်းမဲ့ လေးစားရန်နှင့် အမျိုးသား အဆင့်တွင် ဗဟိုအစိုးရ၏ အဓိက ကျမှုကို အသိအမှတ်ပြုရန် လိုအပ်သော် လည်း မမျှတသော ဆက်ဆံရေး သမိုင်းကြောင်းနှင့် ဤတာဝန်ဝတ္တရားများကို မျှခြေရှိအောင် မထိန်းနိုင်ခဲ့ခြင်းက EAO များနှင့် ကင်းကွာသွား စေခဲ့ပြီး ရေရှည်တည်တံ့သော သဘောတူညီချက်ရရှိရန် အခွင့်အလမ်းများကို လျော့ကျစေခဲ့သည်။

တွေ့ရှိချက် ၈။ ပိုင်းကန့်ခွဲခြား စဉ်းစားနည်းကို ရှောင်ကြဉ်ခြင်း

ထောက်ပံ့ကူညီမှု အစီအစဉ်များသည် တစ်ဖွဲ့ချင်း သီးသန့် သီးခြားစီမံကိန်းများကို ဆောင်ရွက်ကြပြီး အများအားဖြင့် ၎င်းတို့၏ အစီရင်ခံခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီရန်အတွက် အလျားလိုက် (ရေပြင်ညီ) ချိတ်ဆက်ဆောင်ရွက်ခြင်း မရှိပေ။ အလှုရှင်များနှင့် ကုလသမဂ္ဂတို့သည် ၎င်းတို့၏ ဖွံ့ဖြိုးရေး ၊ လူသားချင်း ဆိုင်ရာစာနာထောက်ထားမှုနှင့် ပဋိပက္ခ တုံ့ပြန်ဆောင်ရွက်ရေး ယန္တရားများကို သီးခြားစီဆောင် ရွက်ကြသည့် ပဋိပက္ခပတ်ဝန်းကျင်များတွင် ဤပြဿနာသည် ပိုမိုပြင်းထန်သည်။ ဤနယ်ပယ်သုံးခုကို ချိတ်ဆက်ဆောင်ရွက်ပြီး စဉ်းစားသော ("သုံးထပ်ကွမ်းချိတ်ဆက်မှု (triple nexus)"ပုံစံ) မှာ လက်တွေ့တွင် အောင်မြင်အောင်ဆောင်ရွက်ရန် ခက်ခဲသည်။

ဤစိန်ခေါ်မှုများသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ရန်ပုံငွေပံ့ပိုးရေး ယန္တယားများဖြစ်သည့် နိုင်ငံခြား ထောက်ပံ့ ကူညီမှုသည် တည်ငြိမ်သော အခြေအနေ ဥပမာ ငြိမ်းချမ်းရေးသဘောတူညီချက် စာချုပ်ချုပ်ဆိုပြီးသည့် အချိန် တွင် အလုပ်ပိုဖြစ်သည့် ရလဒ် ဦးစားပေးနည်းလမ်းများနှင့် ဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်သည်။ ရန်ပုံငွေကို သုံးစွဲ မည့် သေချာစွာသတ်မှတ်ထားသော ပုံသဏ္ဌာန်တစ်ခုရှိသောအခါ စီမံကိန်းများနှင့် ၎င်းတို့၏ စီမံခန့်ခွဲရေး အထောက်အကူပြုများကို ရေးဆွဲနိုင်သည်။ သို့ရာတွင် ၎င်းတို့သည် ပြောင်းလွယ်ပြင်လွယ်မှုမရှိခြင်း သို့မဟုတ် ဦးတည်ချက်နှင့် လိုအပ်ချက်ပြောင်းလဲမှုများအတွက် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းမရှိခြင်းကြောင့် ရှုပ်ထွေးပြီး မှန်းဆမရသော နိုင်ငံရေးဖြစ်စဉ်များအတွက် မသင့်တော်ပါ။ (ကောက်နုတ်ချက် ၁၁ "projectization" နှင့် "timescapes" တွင်ကြည့်ပါ။)

တရားသေဆန်သော စီမံကိန်းယန္တရားများနှင့် နှစ်စဉ်ဘတ်ဂျက်စက်ဝန်းများ၏ အကန့်အသတ်များနှင့် အကျိုး ဆက်များသည် မြန်မာနိုင်ငံတွင် သိသာထင်ရှားသည်။ ဥပမာ NCA လုပ်ငန်းစဉ်အတွက် အဓိက ပံ့ပိုးရာ လမ်း ကြောင်းဖြစ်လာခဲ့သည့် Joint Peace Fund သည် ၎င်း၏ လုပ်ငန်းအစီအစဉ်များ၊ ညှိနှိုင်းဆွေးနွေးမှုများနှင့် ဒိုင် ယာလော့များအတွက် မှန်းခြေများကို ၂၀၁၅ ခုနှစ်တွင် သက်တမ်းကုန်ဆုံးခဲ့သည့် ဦးသိန်းစိန်အစိုးရနှင့် အတွေ့အကြုံများအပေါ် အခြေခံခဲ့ကြောင်း အလှုရှင်များကပြောခဲ့သည်။ တူညီသောအရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်မှုကို အကောင်အထည်ဖော်နိုင်ခြင်းမရှိပဲ မျှော်မှန်းထားသည်နှင့် အမှန်တကယ်ဖြစ်လာ သည့် တိုးတက်မှုနှုန်းကြားတွင် ကိုက်ညီမှုမရှိသောကြောင့် အသုံးမပြုပဲ ကျန်နေသည့် ဘတ်ဂျက်များရှိလာခဲ့ သည်။[116]

အပြုသဘောဆောင်သော အတွေ့အကြုံများလည်း ပေါ်ထွက်လာခဲ့သည်။ ဥပမာ ယခင်သမ္မတရုံး ဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် အရေးပါသော ငြိမ်းချမ်းရေးအင်စတီကျူးရှင်း တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနအတွက် ဥရောပသမဂ္ဂနှင့် အခြား အဖွဲ့များသည် မရှိမဖြစ်လိုအပ်သည့် ပံ့ပိုးမှုများကို ဆောလျင်စွာ ပံ့ပိုးပေးနိုင်ခဲ့သည်။ အခြားအလှူရှင်များကလည်း အလွန်အရေးကြီးသည့်အခိုက်အတန့်များတွင် လိုက်လျောညီထွေ ပြောင်းလွယ်ပြင်လွယ်သော ရန်ပုံငွေများကို အသုံးပြုနိုင်ခဲ့သည်။

ကောက်နှတ်ချက် ၁၀။ ပြည်ထောင်စုဦးဆောင်သော ဖွံ့ဖြိုးရေးအစီအစဉ်များအား ပံ့ပိုးထောက်ပံ့ခြင်း ဆိုင်ရာ ပြဿနာများ

တည်ရှိနေသော ပဋိပက္ခများကို သိရှိနားလည်ပြီး ဆီလျော်သော တုံ့ပြန်ဆောင်ရွက်မှုပြုရန် ပျက်ကွက်ခဲ့သည့် ဥပမာတစ်ခုမှာ JICA (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူပေါင်းဆောင်ရွက်ရေးအေဂျင်စီ) က ပံ့ပိုးခဲ့သော ဒေသအဆင့် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် JICA သည် *မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသရှိ တိုင်းရင်းသားလူနည်းစုများအား အထောက်အပံ့ပေးသည့် ဒေသဆိုင်ရာ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အတွက် အကြိုလေ့လာမှု* အသေးစိတ် ကနဦးအဆိုပြုလွှာကို ထုတ်ပြန်ခဲ့သည်။ ဤလေ့လာမှုစစ်တမ်းကို ကရင်နှင့် မွန်ပြည်နယ် သို့ ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာ မိသားစုများ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် အခြေအနေများကို ပြင်ဆင်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သည်။ အခြားအခြေအနေအခင်း အကျင်းများ၏ အလှူရှင် စံသတ်မှတ်ချက် အလေ့အထ အတိုင်း JICA ၏ အဓိက ဆက်သွယ် ဆောင်ရွက်မှုမှာ အစိုးရနှင့် ဖြစ်သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်း ၂၈ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ရက်က အဆိုပြုထားသည့် လုပ်ငန်းစဉ်များသည် "စောလွန်းနေပြီး အားနည်းချက်များရှိကာ ဒေသတွင်း ပဋိပက္ခများ ပိုမိုဆိုးရွားလာနိုင်စေသည့် အလားအလာရှိသည်" ဟု တွေ့ရှိခဲ့သည်။[117] JICA စစ်တမ်းအပေါ် ၎င်းတို့၏ ဆန်းစစ် ဝေဖန်မှုတွင် ဒေသခံများကိုယ်တိုင် သဘောမတူသည့် ထင်မြင်ယူဆချက်များ အထူးသဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုက ဒုက္ခသည်များ ပြန်လည်လာရောက်စေရန် အထောက်အပံ့ဖြစ်စေမည်ဟူသည့် ယူဆချက်ကို ထောက်ပြထားသည်။ ဆန်းစစ်ချက်တွင် နှစ်ပေါင်း ၆၀ ကြာ ပဋိပက္ခများအတွင်း စစ်အာဏာပိုင်များ၏ သဘာဝ သယံဇာတများကို ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် မြေယာလုပ်ပိုင်ခွင့်များကို အလွဲသုံးစားလုပ်ခြင်းတို့က ပိုအရေးပါသော အချက်များဖြစ်ကြောင်း အကြံပြုထားသည်။ ဗဟိုနှင့် ပြည်နယ်အစိုးရများနှင့် အဓိက လက်တွဲ အလုပ်လုပ်ခြင်းနှင့် ဒေသခံလူမှု အသိုင်းအဝိုင်းများ သို့မဟုတ် အရပ်သားခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်မှု အတွက် အကန့်အသတ်ဖြစ်ခဲ့သောကြောင့် JICA သည် ဗဟိုအစိုးရ မူဝါဒများကို အားဖြည့်ပေးပြီး တည်ရှိပြီး တင်းမာမှုများကို ပိုမိုဆိုးရွားလာစေနိုင်ခဲ့သည်။

အလှူရှင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပံ့ပိုးရန် ပူးပေါင်းရန်ပုံငွေ ယန္တရားများကို ထူထောင်ခဲ့သည်။ အထင်ရှားဆုံးမှာ ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေ အဖွဲ့ (JPF) ဖြစ်သည်။ သဘောတရားများအရ ပူးတွဲချဉ်းကပ်မှုသည် ပူးပေါင်းဆောင်ရွက်မှုကို မြင့်မားစေမည်ဖြစ်ပြီး၊ အကျိုးထိရောက်မှုအမြင့်ဆုံး၊ အသိပညာနှင့်ကျွမ်းကျင်မှု များကို စုစည်းစေပြီး အေဂျင်စီတစ်ခုမှ ထိခိုက်မှုမရှိပဲ ထိခိုက်နိုင်ခြေရှိသည်များကို ခန့်မှန်းသိရှိနိုင်မည်ဖြစ် သည်။ JPF သည် အထင်ကြီးဖွယ် သီးခြားအလှူရှင် ၁၁ ဖွဲ့ကို အောင်မြင်စွာ စုစည်းနိုင်ခဲ့ချိန်တွင် အလှူရှင် အများစုမှာ ပူးပေါင်းရန်ပုံငွေ ပြင်ပတစ်ဖွဲ့ချင်းအလိုက်လည်း ပံ့ပိုးမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ ဤသည်က ပူးပေါင်းချဉ်းကပ်မှု၏ တန်ဖိုးကို လျှော့ချနိုင်ချေရှိပြီး ၊ လက်တွေ့တွင် လျှော့ချခြင်းထက် ရှုပ်ထွေးပြီး ထပ်နေ သော အလှူရှင် ရန်ပုံငွေ ယန္တရားများနှင့် စီမံကိန်းများကို ထပ်ပေါင်းထည့်ခြင်းဖြစ်လာစေသည်။[118] ထိခိုက်နိုင်ခြေ ခံနိုင်ရည်စွမ်းကို မြင့်တင်ရမည့်အစား အလှူရှင်အများအပြားပါသော ယန္တယားများတွင် ပံ့ပိုးသူများက ထိခိုက်နိုင်ခြေအနည်းဆုံးသာ ဖြစ်လိုသောကြောင့် အကန့်အသတ်များစွာ ရှိတတ်သည်။[119] ထို့အပြင် ထိခိုက်နိုင် ခြေ အကဲဖြတ်မှုများပြုလုပ်သည့်အခါ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကိုသာ အဓိကဦးတည်ပြုလုပ်ခဲ့ပြီး၊ ကြားဝင်ညှိနှိုင်းမဆောင်ရွက်ခဲ့ပါက ဖြစ်ပေါ်လာနိုင်မည့် ထိခိုက်နိုင်ခြေနှင့် ဆုံးရှုံးသွားတဲ့ အခွင့်အရေးတစ်ခုရဲ့ တန်ဖိုးကို ထည့်သွင်းစဉ်းစားခြင်းမရှိပါ။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ EAO ခေါင်းဆောင်များက နိုင်ငံတကာ ထောက်ပံ့ကူညီမှုသည် ၎င်းတို့ကို NCA လုပ်ငန်းစဉ်တွင် ရန်ပုံငွေများပံ့ပိုးခြင်းဖြင့် ပိုမိုအဓိပ္ပာယ်ရှိစွာ ပါဝင်နိုင် စေခဲ့ပြီး ဤသို့မဟုတ်ပါက ၎င်းတို့အဖွဲ့များအနေဖြင့် (ရန်ပုံငွေ) ရရှိရန် အခြားနည်းလမ်းများကို အသုံးပြုရနိုင် သည်ဟု မှတ်ချက်ပြုခဲ့သည်။

သြဇာအာဏာရှိသူများ (high-level) ကြားဝင်စေ့စပ်ခြင်း လုပ်ငန်းစဉ်များနှင့် နီးစပ်သော စောင့်ကြည့်လေ့လာ သူများက ညှိုဖျင်းသော ညှိနှိုင်းဆောင်ရွက်မှုကို ဝေဖန်ခဲ့ကြသည်။ ဖြေဆိုသူတစ်ဦးမှ "ဒီကြိုးပမ်းအားထုတ်မှုအားလုံး၊ အထူးသဖြင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုတွေမှာ လုံလောက်စွာ အတူတကွ ပူးပေါင်းဆောင် ရွက်ခြင်းမရှိ၊ တရုတ်သံတမန်နှင့် ချိတ်ဆက်ခြင်းမရှိ" ဟု ပြောခဲ့သည်။[120]

ပိုင်းကန့်ခွဲခြား စဉ်းစားနည်းသည် ငြိမ်းချမ်းရေးပံ့ပိုးမှုအား အခြားနည်းလမ်းများဖြင့်လည်း အဟန့် အတားဖြစ် စေခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများ အတွင်း ဖော်ပြခဲ့သည့် အားကောင်းသည့် ဥပမာတစ်ခုမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အများပြည်သူ သိရှိမှု အထူးသဖြင့် ဗမာအများစုကြားတွင် သိရှိအောင် ရင်းနှီးမြှုပ်နှံ မှု မလုပ်ခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲများကို ထောက်ခံမှုတည်ဆောက်ရန် သတင်းအချက်အလက် စည်းရုံး လှုံ့ဆော်မှု(ကမ်ပိန်း)များ ပြုလုပ်ခြင်းသည် အခြားအလားတူအခြေအနေများတွင်လည်း နိုင်ငံခြား ထောက်ပံ့ ကူညီမှုတွင် ပြုလုပ်လေ့ရှိသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤကဲ့သို့သော နည်းလမ်းများသည် နိုင်ငံအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အားကောင်းခိုင်မာသော နိုင်ငံရေးအုတ်မြစ် ဖြစ်ပေါ်လာစေနိုင်သည်။ သို့ရာတွင် ဤနယ်ပယ်နှင့်ပတ်သက်သော ငြိမ်းချမ်းရေးပံ့ပိုးမှုမှာ အနည်းဆုံးဖြစ်ခဲ့သည်။[121]

"အလှူရှင် အသိုင်းအဝိုင်းသည် စိတ်မသက်သာဖွယ် အမှန်တရားများ ကို လျစ်လျူရှုခင်းတွင် အလွန်တော် ကြာယ်"

(အလှူရှင်တစ်ဦးနှင့် တွေ့ဆုံမေးမန်းမှု ၊ ဇေါ်လြ ၇ရက် ၂၀၂၃ ခုနှစ်)

ပိုင်းကန့်ခွဲခြားဖယ်ထုတ်ထားသည့် ထောက်ပံ့ကူညီမှု ချဉ်းကပ်မှုများကို အခြားနေရာများတွင်လည်း တွေ့ခဲ့ရ သည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် စစ်ဘေးရှောင်/နေရပ်စွန့်ခွာ လူမှုအသိုင်းအဝိုင်းများ အတွက် ထောက်ပံ့မှုများကို လုပ်ဆောင်လျက်ရှိသောကြောင့် ကချင်ပြည်နယ်ကို လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုဇုန်အဖြစ် သတ်မှတ်လိုခဲ့ကြသည်။ ငြိမ်းချမ်းရေးအစပျိုးမှုများနှင့် လက်နက်ကိုင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲ ရှုပ်ထွေးသောအခြေအနေတစ်ခုကို ဘက်စုံဆန်းစစ်လေ့လာမှုတစ်ခု သည် အဖွဲ့အစည်းများအနေဖြင့် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေးနှင့် ရှည်ကြာနေသော အကြပ် အတည်းများအတွင်း ငြိမ်းရေးဆောင်ရွက်မှုများ စသည်တို့ကို ပေါင်းစည်းခြင်းဖြင့် “triple nexus” “သုံးထပ်ကွမ်းချိတ်ဆက်မှု” ပုံစံကို ဆောင်ရွက်စေနိုင်ခဲ့သည်။[122]

တစ်ဖွဲ့ချင်း သီးသန့်အလုပ်လုပ်ခြင်းနှင့် တွေးခေါ်ခြင်းအတွက် အထင်ရှားဆုံးဥပမာတစ်ခုမှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသော ပြင်းထန်သည့်အကြပ်အတည်းနှင့် ယင်း၏ NCA လုပ်ငန်းစဉ်မှ ခွဲထွက်ခြင်းတို့ပေါ် တုံ့ပြန်ဆောင်ရွက်မှုများဖြစ်သည်။ ရခိုင်ပြည်နယ်သည် တင်းမာမှုအများအပြားကို ခံစားခဲ့ရသည်။ ပထမတစ်ခုမှာ မြန်မာနိုင်ငံ၏ အခြားနေရာများကဲ့သို့ပင် ဗဟိုအစိုးရနှင့် ဆက်ဆံရေးမှာ ရှုပ်ထွေးပြီး အတိုက်အခံဖြစ်သည်။ ဒုတိယတစ်ခုမှာ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ နှင့် အခြား မူစလင် လူနည်းစုများပေါ် ဆက်ဆံမှုနှင့်ပတ်သက်ပြီး ပြင်းထန်သော မယုံကြည်မှုနှင့် သဘောထားကွဲလွဲမှုများက အကြမ်းဖက်မှုနှင့် အဓမ္မတို့၏ ဆက်စပ်သော်လည်း သီးခြားဖြစ်သည့် အရင်းမြစ်များဖြစ်သည်။ မြန်မာစစ်တပ်က ရခိုင်ပြည်နယ်နှင့် ရိုဟင်ဂျာ လူမျိုးများ ခံစားရ သော အခြေအနေများသည် မြန်မာနိုင်ငံ၏အခြားဒေသများနှင့် သီးခြားမသက်ဆိုင်ကြောင်း ယူဆရန် လိုလား ပြီး အနောက် နိုင်ငံ အလှူရှင်များအား ဤဒေသတွင် သေချာထိန်းချုပ်ထားသော လူသားချင်းစာနာထောက်ထား မှု အကူအညီများမှလွဲ၍ အခြားလုပ်ငန်းများဆောင်ရွက်ခြင်းကို ပြင်းထန်စွာ ဟန့်တားခဲ့သည်။[123] ရခိုင်ပြည်နယ် ကို ထင်ထင်ရှားရှား သီးခြားရပ်တည်နေသောကိစ္စရပ်အဖြစ်သတ်မှတ်ပြီး ပြင်းထန်သော ဒေသအလိုက် တင်းမာ မှုများကို ကျော်သွားခြင်းဖြင့် အလှူရှင်များသည် ရှုပ်ထွေးသော အခင်းအကျင်းတွင် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပြီး အစိုးရနှင့်ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့သည်။ ရက္ခိုင့်တပ်တော်က နယ်မြေများရရှိလာခြင်း နှင့် ဘင်္ဂလားဒေ့ရှ် သို့ ရိုဟင်ဂျာများ အပြင်းအထန် နေရပ်စွန့်ခွာထွက်ပြေးလာရခြင်းကြောင့် စစ်တပ်ဦးဆောင်သော လူမျိုးတုံး သတ်ဖြတ်မှုဟု နိုင်ငံတကာမှ စွပ်စွဲမှုများရှိလာခြင်းတို့ကြောင့် ပိုင်းကန့်ခွဲခြား ဆောင်ရွက်ခြင်း၏ ပြဿနာများ မှာ ပိုမိုထင်ရှားလာခဲ့သည်။ ရခိုင်ပြည်နယ်ရှိ အလှူရှင်များ၏ ငြိမ်းချမ်းရေးတည်ဆောက်ရေး အစီအစဉ်များကို NCA လုပ်ငန်းစဉ်၏ မူဘောင်ပြင်ပတွင် ဆောင် ရွက်ခဲ့ပြီး အများအားဖြင့် ကျယ်ပြန့်သော နိုင်ငံရေးအရှိတရား နှင့် ချိတ်ဆက်မှု အကန့်အသတ်ရှိသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် လူမှု သဟဇာတဖြစ်မှု လုပ်ငန်းအစီအစဉ်များကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည်။[124]

ကောက်နှတ်ချက် ၁၁။ စီမံချက်သက်သက် ဖော်ဆောင်ခြင်း (“projectization”) နှင့် အချိန်သတ်မှတ်ချက် (“timescapes”) ၏ အကန့်အသတ်များ

တင်းကြပ်သော စီမံကိန်းယန္တယားများသည် ထိလွယ်ရှလွယ် ဝန်းကျင်များရှိ ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းများ၏ အကျိုးထိရောက်မှုကို အဟန့်အတားဖြစ်နိုင်သည်။ ၎င်းတို့၏ ရလဒ်ဦးစားပေး (မြန်မာနိုင်ငံတွင် မူ “လွန်လွန်ကဲကဲ” ဟု အလှူရှင်တစ်ဦးက ဖော်ပြခဲ့)၊ အချိန်သတ်မှတ်ချက်ရှိသော တင်းကြပ်သော ဘတ်ဂျက် ဆိုင်ရာ စည်းမျဉ်းများနှင့် တရားသေဆန်သောပြီးဆုံးရက် သတ်မှတ်ချက်များ (“timescapes”) အားလုံးသည် အခက်အခဲအတားအဆီးများကို ဖန်တီးခဲ့သည်။ ဤသို့သော စီမံကိန်းဖော် ဆောင်မှု (“projectization”) သည် ဘဏ္ဍာရေးစီမံခန့်ခွဲမှု နှင့် အပေါ်ယံတာဝန်ခံမှုအဆင့်အတွက် အကျိုးဖြစ်ထွန်းမှုတစ်ချို့ ဖြစ်ပေါ်စေသော် လည်း တိုးတက်မှုသည် ရှင်းလင်းသော မိုင်တိုင်များအစဉ်အတိုင်း တသမတ်တည်း ဖြစ်လာမည်ဟူသော ယူဆမှုသည် ကြိုတင်မှန်းဆမရသော၊ အောင်မြင်သော ငြိမ်းချမ်းချမ်းရေးတည်ဆောက်မှုအတွက် အထောက်အပံ့ဖြစ်သော အများအားဖြင့် ထပ်ကာထပ်ကာ ပြုလုပ်ဆောင်ရွက်ရသည့် ဖြစ်စဉ် ယုံကြည်မှုနှင့် ယုံကြည်မှုတည်ဆောက်ခြင်း စသည့် ကြိုတင်မှန်းဆမရသော ဆက်နွယ်နေသော အခြေအနေများနှင့် ထိပ်တိုက်တွေ့နိုင်သည်။

ဥပမာ အဆက်အသွယ်များ၊ ယုံကြည်မှုနှင့် ဆီလျော်သော လုပ်ငန်းနည်းလမ်းများ သိရှိ ၊ ရရှိရန် နှစ်များစွာ အချိန်ယူရသည့် ပဋိပက္ခဒဏ်ခံရသော ရှမ်းပြည်နယ်ရှိ သက်မွေးဝမ်းကျောင်းမှု အစီအစဉ်များသည် အကူအညီ စနစ် လိုအပ်ချက်များနှင့် ကိုက်ညီရန်အတွက် အလွန်တိုတောင်းသော အချိန်ကာလအတွင်း ရလဒ်များထွက် အောင် ဆောင်ရွက်ရန် တွန်းအားပေးခံခဲ့ရသည်။[125] အလားတူပင် ထောက်ပံ့ငွေအဆိုပြုလွှာများတွင် လုပ်ငန်း စဉ်များကို အတိအကျ သတ်မှတ်ရန် လိုအပ်မှုနှင့် နောက်ဆက်တွဲ ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် ခက်ခဲ သော ဗျူရိုကရေစီ စည်းမျဉ်းများက အမြဲပြောင်းလဲနေသော နိုင်ငံရေးဖြစ်စဉ်များကို ထိရောက်စွာ တုံ့ပြန် ဆောင်ရွက်ရန် ခက်ခဲစေသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စီမံကိန်းဆောင်ရွက်နေသော ဝန်ထမ်းများသည် အဓိက EAO ခေါင်းဆောင်များနှင့် လူအခွင့်ရေး ဆွေးနွေးမှုများ ပြုလုပ်ရမည့် အလားအလာရှိပြီး တန်ဖိုးကြီး သည့် အခွင့်အလမ်းကို အလှူရှင်စည်းမျဉ်းများက သတ်မှတ်ထားသည့် သင်တန်းအစီအစဉ် အချိန်ဇယားမှ လွဲ ချော်ခြင်းကို ခွင့်မပြုသောအခါ ယင်း အခွင့်အလမ်းကို လက်လွှတ်ခဲ့ရသည်။

ကောက်နုတ်ချက် ၁၂။ မြန်မာ့ ငြိမ်းချမ်းရေးအတွက် နိုင်ငံခြားအကူအညီများ၏ အပြုသဘောဆောင်သော ပံ့ပိုးမှုများ

ဖြေဆိုသူများကို မြန်မာနိုင်ငံငြိမ်းချမ်းရေး တည်ဆောက်မှုတွင် နိုင်ငံခြား ထောက်ပံ့ကူညီမှု၏ အပြုသဘော ဆောင်သော ပံ့ပိုးကူညီမှုများဟု ၎င်းတို့ယူဆသည့်အရာများကို မေးမြန်းခဲ့ပါသည်။ ဤတွင် ဖော်ပြထားသော ဥပမာများသည် တစ်သီးပုဂ္ဂလအမြင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လေ့လာဆန်းစစ်သူများနှင့် အလှူရှင်များ ပါဝင်သော အများစုအမြင်များကို ထင် ဟပ်ပါသည်။

- **အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းရည်။** ၁၀ နှစ်ကျော်ကာလအတွင်း CSO များအကြား အဖွဲ့အစည်းဆိုင် ရာ အသိပညာနှင့် စွမ်းရည် တိုးတက်မှုသည် ကဏ္ဍတိုင်းနီးပါးနှင့် သီးခြားအထူးပြုအုပ်စုများအတွင်း၌ အားကောင်းသည်ဟု ဖြေဆိုသူများမှ ယူဆကြသည်။ တိုင်းရင်းသား ခေါင်းဆောင် တစ်ဦးက“ဒါက အမျိုးသမီး၊ လူငယ် နဲ့ သဘာဝပတ်ဝန်းကျင် ကိစ္စရပ်တွေမှာ JPF ရဲ့ အောင်မြင်မှုပါပဲ။ အရမ်းကို အားတက် စရာကောင်းပါတယ်” ဟု မှတ်ချက်ပြုခဲ့သည်။ ကမ်းလက်နှင့် ပေါင်းစည်း ကဲ့သို့သော အခြားအစီအစဉ် များက အရပ်ဘက်အဖွဲ့အစည်းနှင့် လူငယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် သိသာထင်ရှားစွာ ပံ့ပိုးမှုပြုနိုင်ခဲ့ သည်။
- **အမျိုးသမီးပါဝင်မှုနှင့် ကွန်ရက်များ။** ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးတန်းတူညီမျှမှုနှင့် ပါဝင်မှု စံသတ်မှတ်ချက်အသစ်များကို ချမှတ်နိုင်ခဲ့ပြီး အချို့အစုအဖွဲ့များက အဆိုပါစံနှုန်းများအတိုင်း မဆောင် ရွက်နိုင်ခဲ့သော်လည်း အခြေခံမူများကို အုတ်မြစ်ချနိုင်ခဲ့သည်။ အမျိုးသမီးအဖွဲ့အစည်းများအတွက် ရန်ပုံငွေ ယာထားချက်များရှိခြင်းက ပိုမိုအားကောင်းခိုင်မာသော ကွန်ရက်များနှင့် ၎င်းတို့ကြား အပြန် အလှန် ထောက်ပံ့ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ဖြစ်စေခဲ့သည်။အာဏာသိမ်းမှု မတိုင်မီ ရလဒ်မှာ အစိုးရနှင့် EAO များ အား ပိုမိုကောင်းမွန်သော စည်းရုံးလှုံ့ဆော်မှုများ လုပ်နိုင်ခဲ့ပြီး တရားဝင် ငြိမ်းချမ်းရေး လုပ် ငန်းစဉ် ယန္တယားတစ်ခုဖြစ်သော CSO ဖိုရမ်အတွက် သြဇာလွှမ်းမိုးမှု ပိုရှိ လာခြင်းဖြစ်သည်။ အနာဂတ် အတွက် အရေးကြီးသော အထောက်အပံ့များဖြစ်သည့် အဖွဲ့အစည်းနှင့် ဗျူဟာပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုး မှု ကိုလည်း ပံ့ပိုးခဲ့သည်။ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခက်အခဲများကြောင့် အမျိုးသမီးအဖွဲ့အားလုံး အနေဖြင့် နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်နိုင်မှုမရှိခဲ့သော်လည်း ကြီးမားသောတိုးတက်မှုရှိခဲ့ပြီး ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု ကိစ္စရပ်များနှင့် ပတ်သက်ပြီး ထုတ်ဖော်ပြောဆိုမှု အသစ်များ ပေါ်ထွက်လာခဲ့ သည်ဟု ဖြေဆိုသူအချို့က ဖြေကြားခဲ့သည်။
- **စေ့စပ်ညှိနှိုင်းသူများ။** အချို့က ပိုပြီးလုပ်နိုင်ခဲ့သင့်သည်ဟု ယူဆသော်လည်း EAO အချို့တွင် ညှိနှိုင်းဆွေး နွေးမှုများအတွက် ကောင်းစွာ ပြင်ဆင်နိုင်သော၊ အဖွဲ့အလိုက်အလုပ်လုပ်နိုင်ပြီး ကွဲပြားသော ညှိနှိုင်းဆွေး နွေးမှု အခြေအနေအမျိုးမျိုးကို တုံ့ပြန်ဆောင်ရွက်နိုင်သည့် ပိုမို အားကောင်းသော စေ့စပ်ညှိနှိုင်းသူများ ပေါ်ထွက်လာခဲ့သည်။ ရလဒ်အနေဖြင့် ဤEAOများ၏ လူငယ်ခေါင်းဆောင်သစ်များသည် ယုံကြည်မှု နှင့် အသိ ပညာများ တိုးလာခဲ့သည်။ အာဏာမသိမ်းမီကာလတွင် JPF ၏ နောက်ဆုံးအကဲဖြတ် အဖွဲ့က တင်ပြခဲ့သည် မှာ “ ညှိနှိုင်းဆွေးနွေးနေ သော ပါဝင်ပတ်သက်သူများအကြား ဆက်ဆံရေးများသည် ပိုမိုတိုးတက်ကောင်း မွန်ပြီး ရင့်ကျက်လာသည်ကို ၎င်းတို့အချင်းချင်း အပြန်အလှန် ဆက်သွယ်မှု ပြောင်းလဲမှုများကို ကြည့်၍ သိနိုင်သည်။ ကိစ္စရပ်များအပေါ် ရပ်တည်ချက်များကိုသာ ပြောဆိုခြင်းကနေ တရားဝင်အထိုင် အခင်းအ ကျင်းပြင်ပသို့ထွက်၍ ပြဿနာများနှင့် ဖြေရှင်းနည်းများကို မျှဝေခြင်းနှင့် ဆွေးနွေးခြင်းတို့ ပြုလုပ်လာကြ သည်” ဟူ၍ဖြစ်သည်။
- **EAO၏ စွမ်းရည်။** အာဏာသိမ်းမှု မတိုင်မီတွင် EAOများသည် နိုင်ငံရေးဆွေးနွေးမှုမူဘောင်တွင်း အဓိက အကြောင်းအရာများဖြစ်သော ဖက် ဒရယ်စနစ်နှင့် ဖက်ဒရယ် ဘဏ္ဍာရေးစနစ် များနှင့်ပတ်သက်ပြီး နားလည် မှုမြင့်တက်ခဲ့သည်။ အချို့ EAOများသည် ငြိမ်းချမ်းရေးနှင့် ဒီမိုက ရေစီတို့ကို နားလည်လက်ခံကျင့်သုံးခဲ့ပြီး ဒီမိုကရေစီယဉ်ကျေးမှု ပိုမိုကျင့်သုံးလာနိုင်စေရန် ကူညီခဲ့သည်။ ဥပမာ ကချင်လူထုက ၎င်းတို့၏ ခေါင်း ဆောင်များကို တာဝန်ခံမှုရှိစေရန် ပိုမိုဆောင်ရွက်လာခဲ့ကြပြီး ဒီမိုကရက်တစ် ပိုဖြစ်သော ကရင်တွင် ဤကိစ္စတွင် ပိုမိုရှေ့တိုး ဆောင်ရွက် ခဲ့သည်။ တရားဝင်နယ်မြေများရှိသည့် EAOများအနေဖြင့် ယခုအခါ ၎င်းတို့၏ ကတိစကားများ အတိုင်း ဆောင်ရွက်ရန်၊ ဝန်ဆောင်မှုများ ပေးရန်၊ လူမှုသဘောတူညီမှု ရှိရန်နှင့် စီမံအုပ်ချုပ်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုတို့ တိုးတက်ကောင်းမွန်လာအောင် ပြုလုပ်ရန် လိုအပ်လာသည်။
- **ဆက်ဆံရေး နှင့် ဆက်သွယ်ရေး။** လက်မှတ်ရေးထိုးထားသည့် အဖွဲ့များနှင့် မထိုးထားသည့်အဖွဲ့များ အပါအဝင် EAO များကြား ဆက်ဆံ ရေးနှင့် ဆက်သွယ်ရေးများ ပိုမိုအားကောင်းလာစေရန် ပံ့ပိုးမှုများက ဆောင်ရွက်ခဲ့သည်။ NCA လုပ်ငန်းစဉ်အတွင်း မပေါ်လွင်ခဲ့သည့် ဤ တိုးတက်မှု၏အထောက်အထားမှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ(NUCC)တို့ ပေါ်ပေါက်လာ မှုဖြစ်သည်။ ပြဿနာ အများအပြားရှိသော်လည်း အချင်းချင်း ပံ့ပိုးကူညီရန် အတူတကွ ဆောင် ရွက်နေကြဆဲဖြစ်သည်။

နိုဂုံးချုပ်နှင့် အကြံပြုချက်များ

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ ဒေသများစွာကို ဆယ်စုနှစ်များစွာ ထိခိုက်စေခဲ့သည့် ပဋိပက္ခများကို တရားမျှတစွာဖြေရှင်းဆောင် ရွက်နိုင်ရေးအတွက် နိုင်ငံတကာ ပံ့ပိုးကူညီမှုဆိုင်ရာ လိုရင်းတိုရှင်းကျသော သင်ခန်းစာများကို ရေးသားဖော်ပြထားပါသည်။ တွေ့ရှိချက်များသည် မြန်မာနိုင်ငံအတွက် နိုင်ငံအဆင့်ဆီလျော်မှုရှိသကဲ့သို့ အခြားသောနိုင်ငံများတွင် ပဋိပက္ခ လျှော့ချရေးအတွက် လည်း သင့်တော်သည်။ ခြေဦးဆိုရလျှင် မြန်မာနိုင်ငံ၏ ရှုပ်ထွေးသော သဘောသဘာဝ၊ အခြားသော အကြောင်းအရင်းများစွာ နှင့် ကွဲပြားသည့် နိုင်ငံတကာ ထိတွေ့ဆောင်ရွက်မှုများကြောင့် ၂၀၁၀ မှ ၂၀၂၀ အတွင်း နိုင်ငံတကာငြိမ်းချမ်းရေး ပံ့ပိုးမှု၏ အကျိုးသက်ရောက်မှုမှာ အမျိုးမျိုး အစုံစုံဖြစ်ခဲ့ပါသည်။

၂၀၁၅ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) နှင့် ပဋိပက္ခဖြေရှင်းဆောင်ရွက်ရေး အခြားသော ကြိုးပမ်းမှုများသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန်အတွက် လိုအပ်သည့် အဆင့်များကို သိရှိနားလည်မှု တည်ဆောက် နိုင်ခြင်း နှင့် အချို့နေရာများတွင် အကြမ်းဖက်မှု အဆင့်များကို လျှော့ချနိုင်ခဲ့သည်။ သို့ရာတွင် မြန်မာ့ ပြုပြင်ပြောင်းလဲရေး ကာလကို ရုတ်တရက်အဆုံးသတ်ပေးလိုက်သည့် ၂၀၂၁ စစ်တပ်အာဏာသိမ်းမှု မဖြစ်ခင်ကပင် အကြမ်းဖက်မှုများ ရပ်တန့်ခြင်း မရှိခဲ့သလို၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နောင့်နှေးနေမှုကြောင့် မျှော်မှန်းချက်များ မပြည့်မီခဲ့ပါ။ ပြန်လည်သုံးသပ်ကြည့်ရာတွင် အလှုရှင်များသည် ဤကာလတွင် အမှားအယွင်းများ သို့မဟုတ် မှားယွင်းသော တွက်ချက်မှုများ ပြုလုပ်ခဲ့ကြောင်း ထင်ရှားပြီး အပြောင်းအလဲ၏ အရှိန်နှင့် အတိမ်အနက်တို့အပေါ် လက်တွေ့မကျသည့် မျှော်မှန်းချက်များ ထားရှိခဲ့ကြသည်။ ခြေဦးဆိုရလျှင် ပဋိပက္ခ လျှော့ချရန် NCA ပျက်ကွက်မှုကို ဖြစ်စေသည့် အဓိကအကြောင်းအရင်းများမှာ အားနည်းသော သို့မဟုတ် မဆီလျော်သော နိုင်ငံခြား အကူအညီများကြောင့် ဆိုသည်ထက် ပဋိပက္ခအစုအဖွဲ့များအကြား ဘုံသဘောတူညီချက်မရှိခြင်းနှင့် အဓိကပြည်တွင်းအစု အဖွဲ့များ၏ လုပ်ဆောင်ချက်များကြောင့်သာဖြစ်သည်။

၂၀၁၁ နှင့် ၂၀၂၀ ကြားကာလတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် သုံးစွဲခဲ့မှုဖြင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ နိုင်ငံတကာသံတမန်ရေးရာနှင့် နိုင်ငံခြားပံ့ပိုးမှု သည် သိသာထင်ရှားသော်လည်း ယင်းသည် မြန်မာအတွက် စုစုပေါင်း ပံ့ပိုးမှု၏ နည်းပါးသော ပမာဏဖြစ်ပြီး စစ်တပ် သို့မဟုတ် EAO များ၏ အလုံးစုံသော မက်လုံးများကို ပြောင်းလဲရန်အတွက် မလုံလောက်ခဲ့ပါ။ နိုင်ငံခြားငြိမ်းချမ်းရေးပံ့ပိုးကူညီမှု၏ အမှန်တကယ် အကျိုးသက်ရောက်မှု ဖြစ်စေသည်မှာ ဘဏ္ဍာငွေလွှဲပြောင်းမှုများ၏ စုပေါင်းသက်ရောက်မှု မဟုတ်ပဲ သီးသန့်အစပြုဆောင်ရွက်မှုများ၏ အသေးစိတ်လုပ်ဆောင်မှု များဖြစ်ပါသည်။ အမျိုးမျိုးသော စီမံကိန်းများနှင့် အစီအစဉ်များ၊ အကြံဉာဏ်များနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုတို့သည် သက်ဆိုင်ရာ နယ်ပယ်များတွင် ကြီးမားသည့် သက်ရောက်မှုများရှိခဲ့သည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ထို့ပြင် ပံ့ပိုးကူညီမှုနှင့် ကနဦး ဆောင်ရွက်ချက်အများအပြားကြောင့် ရရှိလာသည့် အသိအမြင်များနှင့် အတွေ့အကြုံများမှာမူ အနာဂါတ်ကို သယ်ဆောင်လာနိုင်ဖွယ်ရှိသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် စိတ်အားထက်သန်မှုများက လက်ရှိဖြစ်ပွားနေဆဲ ဖွဲ့စည်းပုံတည်ဆောက်ပုံဆိုင်ရာ ပြဿနာများကို အသိအမှတ်ပြုမှုကို အဟန့်အတားဖြစ်စေခဲ့သည်။ အနောက်နှင့် အခြားဒီမိုကရက်တစ် နိုင်ငံများကြား မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အခိုင်အမာထောက်ခံပံ့ပိုးမှုသည် အဓိကအမြစ်တွယ်နေသည့် ပြဿနာရပ်များကို လျစ်လျူရှုခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ အောင်မြင်မှုဇာတ်လမ်းတစ်ခုဖြစ်လာပြီး၊ ဒီမိုကရေစီ မြှင့်တင်လိုသူများအတွက် ရှားရှားပါးပါး နိုင်ငံခြားရေးမူဝါဒ အောင်ပွဲတစ်ခုအဖြစ် ရှုမြင်ကြသည်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ခုလုံးသည် နိုင်ငံတွင်း ရင်ဆိုင်နေရသည့် နိုင်ငံအဆင့် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် စိန်ခေါ်မှုများကို အခြေခံကျကျ မဖြေရှင်းနိုင်ခဲ့သော်လည်း အဆိုပါအခြေအနေများသည် ပြုပြင်ပြောင်းလဲရေးများကို ပံ့ပိုးပေးရန် မက်လုံးများကို ဖန်တီးပေးခဲ့ပြီး အပြုသဘောဆောင်သည့် ဇာတ်လမ်းတစ်ခုအဖြစ် ပြသခဲ့ကြသည်။ အနောက်နိုင်ငံမှ အထောက်အပံ့အကူအညီ ပေးရေးဆိုင်ရာ အရာရှိများနှင့် လေ့လာသုံးသပ်သူများသည် ၂၀၂၁ ဖေဖော်ဝါရီ အာဏာသိမ်းမှုကို မြန်မာနိုင်ငံမှ လူအများအပြား ထက်ပိုရှိ၍အံ့အားသင့်ခဲ့ကြသည်။ ဤသည်မှာ ဖွံ့ဖြိုးတိုးတက်ရေး အလှုရှင်များနှင့် စစ်တပ်ခေါင်းဆောင်များကြားတွင် ထပ်တလဲလဲ အဆက်အသွယ်ပြတ်တောက်မှုကို ဖော်ပြနေသည်။

လူပုဂ္ဂိုလ်အများစုနှင့် အဖွဲ့အစည်းအချို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သေချာစွာ နားလည်သဘောပေါက်သော်လည်း တိုင်းရင်းသား အသိုင်းဝိုင်းများရှိ ပဋိပက္ခများကို အလှုရှင်များက နိုင်ငံအဆင့်ပြုပြင်ပြောင်းလဲမှုများ၏ နောက်ဆက်တွဲ ကျယ်ပြန့်သော အခန်းကဏ္ဍတစ်ခုအဖြစ်သာ မြင်ကြသည်။ ထိုပြင် အခြားထိုကဲ့သို့ ထင်မြင်ယူဆချက်တူညီကြသူများ၏ ပူးပေါင်းအားဖြည့်မှုဖြင့် နိုင်ငံအဆင့်ပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြားအပေးအယူများကို တခါတရံတွင် ဖြစ်ပေါ်စေခဲ့သည်။ ဥပမာ ၂၀၁၅ ရွေးကောက်ပွဲကျင်းပခြင်းဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို လမ်းကြောင်းပေါ်တွင် ရှိစေ ခြင်းနှင့် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းခြင်းကို အသိအမှတ်ပြုခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုအတွက် အခွင့်အလမ်း ပိုမိုရှိနိုင်သည်ဟူသည့် စဉ်းစားချက်အကြား အနောက်နိုင်ငံသံရုံးများအတွင်း တင်းမာမှုဖြစ်ခဲ့သည်။ ရွေးကောက်ပွဲပြီးနောက်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အစိုးရအသစ်အတွက် အားကောင်းသည့် နိုင်ငံခြားထောက်ခံမှုနှင့် ယခုအချိန်တွင် ဒီမိုကရက်တစ်နိုင်ငံဖြစ်လာပြီဟူသည့် အမြင်ကြောင့် သံတမန်ဆက်ဆံရေးများ ခိုင်မာအားကောင်းလာအောင် လုပ်ဆောင်ရန် လိုအပ်မှုတို့ကြောင့် အလှုရှင်များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သူမ၏ မှားယွင်းသည့်ချဉ်းကပ်နည်းကို အပြုသဘောဖြင့် ဝေဖန်အကြံပြုရန် ခက်ခဲစေခဲ့သည်။ ဗဟိုအစိုးရအတွက် ပံ့ပိုးမှုသည် ဒေသတွင်း တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး မျှော်မှန်းချက်များကို တိုက်ရိုက်ဆန့်ကျင်နေသောကြောင့် ဤအပြောင်းအရွှေ့သည် အလှုရှင်များ ကိုယ်စားလှယ်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ၏ ရပ်တည်ချက်များကို တို့ပြန်ဆောင်ရွက်ရန် ပိုမိုခက်ခဲစေခဲ့သည်။

အမှန်တကယ်ပင် အလှုရှင်များသည် ပေးထားသည့် ကြားဝင်ညှိနှိုင်းဆောင်ရွက်မှုတစ်ခု၏ "ပြဿနာဖော်ပြချက်" ကို လုံလောက်စွာ စဉ်းစားသုံးသပ်ရန် ပျက်ကွက်လေ့ရှိသည်။ ၎င်းတို့အနေဖြင့် မည်သည့်ပြဿနာရပ်ကို ဦးတည်ဆောင်ရွက်နေ သည်ကို အမှန်တကယ်သိရှိခဲ့ပါသလား။ ၎င်းတို့၏ အစီအစဉ်များနှင့် ရန်ပုံငွေပံ့ပိုးခြင်းချဉ်းကပ်နည်းများသည့် တကယ့်ပြဿနာ ကို ဖြေရှင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများ ဖြစ်ခဲ့ပါသလား။ ညံ့ဖျင်းစွာ ဖော်ထုတ်သတ်မှတ်ထားသည့်မဟာဗျူဟာများသည် ပြဿနာရပ်၏အဓိကအရင်းခံများကို မဖြေရှင်းနိုင်သည့် နိုင်ငံရေးသဘော သက်ဝင်မှုမရှိသည့် ကြားဝင်ညှိနှိုင်းဆောင် ရွက်မှုများကို ဦးတည်စေခဲ့သည်။ ဥပမာအားဖြင့်၊ ဗိုဝါဒကြီးစိုးသော စနစ်များရှိ အရင်းခံများ၏ မည်မျှမှုကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်သည့် ကျား-မ (ဂျန်ဒါ) တန်းတူညီမျှမှု စီမံဆောင်ရွက်မှုများသည် အောင်မြင်နိုင်ချေမရှိပါ။

အနောက်နိုင်ငံအလှုရှင်များသည် NCA ၏ ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်ဖော်ဆောင်နိုင်မှုအပေါ် အလွန်အမင်းအကောင်း မြင်ခဲ့ကြသည်။ ၎င်းတို့၏ အစီအစဉ်များကို NCA မှ မြေပြင်တွင် တပြေးညီ တိုးတက်မှုများဖြစ်စေခဲ့သည့် နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသများတွင်သာ အများအပြား အာရုံစိုက်လုပ်ဆောင်ခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် ရှည်လျားသည့် မြန်မာ့ အပစ်အခတ်ရပ်စဲရေး သမိုင်းကြောင်းနှင့် စစ်တပ်အပေါ် နက်ရှိုင်းစွာ ယုံကြည်မှုမ

ရှိခြင်းတို့ကြောင့် တိုင်းရင်းသားခေါင်း ဆောင်အများစုနှင့် ဝေဖန်သုံးသပ်သူ တို့သည် NCA အပေါ် ၎င်းတို့၏ ထောက်ခံမှုကို ပြသရာတွင် သတိကြီးစွာ ထားခဲ့ကြသည်။ လက်တွေ့တွင် မြန်မာနိုင်ငံရှိ အင်အားကြီး EAO အများအပြား အပြင် နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်များသည် NCA တွင် ပါဝင်ခြင်းမရှိသည့် အပြင် စစ်တပ်သည်လည်း မြောက်ပိုင်းဒေသများနှင့် ရခိုင်ပြည်နယ်တွင် မတူညီ သောလုပ်ငန်းစဉ်တစ်ရပ်ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံဆိုင်ရာ ကန့်သတ်ချက်များ၊ ညီညွတ်မှုအားနည်းသော အကျိုးစီးပွားများနှင့် အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများသည် ကြီးမားသည့် စိန်ခေါ်မှုများကို ဖန်တီးခဲ့သည်။ ငြိမ်းချမ်းရေးအတွက် တိုးတက်မှုအရှိန်ကို ဖန်တီးပေးရန် ထက် ၂၀၁၅ တွင် ပိုမိုဒီမိုကရေစီနည်းကျသည့် အစိုးရအဖြစ်သို့ အသွင်ကူးပြောင်းမှုတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ယန္တရားများကို ပြောင်းလဲ ခြင်း သို့မဟုတ် အောက်ခြေကလှိုက်စားခြင်းတို့ကြောင့် နောက်ထပ်ရှုပ်ထွေးမှု များကို တိုးလာခဲ့သည်။ စစ်တပ်သည် NCA ကို ဦးတည်ချက် အသစ်အတွက် အခြေခံအုတ်မြစ်အဖြစ်ထက် "လုပ်ငန်းစဉ်များမှတဆင့် သီးခြား အနိုင်ရ လဒ်တစ်ခုရရှိရန်" ကြိုးပမ်းမှုများအတွက် အထောက်အကူပြုတစ်ခုအဖြစ် အသုံးပြုခဲ့ပြီး၊ လက်နက်ကိုင်အဖွဲ့များကို အရပ်သား ထိန်းချုပ်မှုအောက်တွင် ထားရှိရေးမှာ ပျက်ကွက်နေဆဲဖြစ်သည်။

နိုဂုံးချုပ်အနေဖြင့်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပါဝင်ခဲ့သည့် အနောက်နိုင်ငံအလှူရှင်များသည် ဒေသတွင်း အင်အားကြီး နိုင်ငံများကို လုံ လုံလောက်လောက် ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ပေ။ NCA အတွက် အဓိက နိုင်ငံခြား ပံ့ပိုးကူညီမှုသည် အနောက်နိုင်ငံများနှင့်အတူ ဂျပန်နိုင်ငံမှ ဖြစ် သော်လည်း တရုတ်နိုင်ငံသည် မြောက်ပိုင်း EAO များနှင့် ထိတွေ့ဆောင်ရွက်မှု တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး စစ်တပ်နှင်လည်း ပိုမိုနီးကပ်သောဆက်ဆံ ရေးကို ထိန်းသိမ်းထားသည်။ အနောက်နိုင်ငံများ၏ အခိုင်အမာ ပံ့ပိုးကူညီ မှုသည် တရုတ်နိုင်ငံအစိုးရအတွင်း ၎င်းတို့၏ ရပ်တည်ချက်ကို ခြိမ်းခြောက် လာမည်ကို စိုးရိမ်မှုများ ဖြစ်စေ ခဲ့သည်။ အခြားအိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် ထိုင်းနိုင်ငံသည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အနည်းငယ်မျှ သာ ပါဝင်ပတ်သက်ခဲ့သည်။ အနာဂတ်တွင် ဒေသတွင်း အင်အားကြီးနိုင်ငံများ နှင့် မြန်မာ့ အိမ်နီးချင်းနိုင်ငံများသည် ပဋိပက္ခ ဖြေရှင်းရာတွင် သိသိသာသာ လွှမ်းမိုးမှုများ တိုးလာဖွယ်ရှိသည်။

ထိုအချိန်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် ရင်ဆိုင်နေရသည့် အဓိက ဆက်စပ်နေသော စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ခြင်းမှ သုတေသန မှ အဓိကအချက်များစွာ ပေါ်ထွက်လာသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အမျိုးသားရေးချဉ်းကပ်မှုတွင် ကြီးမားသော ကန့်သတ်ချက်များရှိခဲ့ပြီး ၎င်းတို့ကို နိုင်ငံခြား အလှူရှင်များ မှ ပိုမိုကောင်းမွန်စွာ ကြိုတင်စဉ်းစားမှု ပြုလုပ်သင့်ခဲ့သည်။ NCA ၏ လုပ် နိုင်စွမ်းအပေါ် ကျယ်ပြန့်သည့် ထောက်ခံမှုရရှိရန်အတွက် တစ်ခုတည်းသော သဘောတူညီမှု ရရှိရန်မှာ လိုအပ်သည့် အစိတ်အအပိုင်းတစ်ခုဖြစ်သော်လည်း မြန်မာ့ပဋိပက္ခများ၏ မတူညီသော်အခြေအနေများနှင့် မတူကွဲပြားသည့် အစု အဖွဲ့များသည် ပိုမိုဘက်စုံထောင့်စုံသော ချဉ်းကပ်မှု လိုအပ်ပါသည်။ စိန်ခေါ် မှုများသည် အလွန်ရှုပ်ထွေးခက်ခဲပြီး "ဖြေရှင်းရန်ခက်ခဲသောပြဿနာများ" ဖြစ်သောကြောင့် ပိုမိုသိမ်မွေ့ပြီး ကွဲပြားသောချဉ်းကပ်မှု လိုအပ်နေသည်။ တိုင်းရင်းသားခေါင်းဆောင်များသည် မြန်မာနိုင်ငံတဝှမ်းရှိ မတူကွဲပြားမှုများ ကို ပိုမိုအသိအမှတ်ပြုလက်ခံမှုကို ပိုမိုလိုလားကြပြီး၊ အရွယ်အစားတစ်ခုသည် အားလုံးနှင့်မတော်သည်ကို သိရှိနားလည်ပြီး အချို့နေရာများတွင် စင်ပြိုင် အုပ်ချုပ်မှုစနစ်များကို လက်ခံသည်။ အနာဂတ် အုပ်ချုပ်မှုအခြေအနေများ အကြောင်း ဆွေးနွေးမှုနှင့် ငြင်းခုံမှုအတွက် နိုင်ငံခြား ပံ့ပိုးမှုသည် အောက်ခြေ မှ ထိတွေ့ဆက်ဆံမှုနှင့် မတူကွဲပြားမှုတို့ကို ထိရောက်သော နည်းလမ်းများဖြင့် ပိုမိုပါဝင်လာစေနိုင်သည်။

အလှူရှင်အချို့၏ အစီအစဉ်များသည် ထိရောက်မှုရှိသော်လည်း အချို့မှာ မူ ရည်ရွယ်ချက်အတွက် သင့်တော်မှုမရှိပါ။ အစီ အစဉ်ချဉ်းကပ်နည်းများ၊ အလားအလာရှိသော မိတ်ဘက်ပြုဆောင်ရွက်မှုများနှင့် ထိတွေ့ဆောင်ရွက်မည့် နည်းလမ်းများ နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ခိုင်မာ အားကောင်းသည့် အကြောင်းအရာအပေါ် သိမြင်နားလည်မှု သို့မဟုတ် ကိုယ်စားပြု တိုင်ပင်ဆွေးနွေးမှုများပေါ် တသမတ်တည်းအခြေခံ၍ ပြုလုပ် ထားခြင်းမရှိပါ။ နိုင်ငံခြားအစုအဖွဲ့အများအပြားသည် ပံ့ပိုးကူညီမှုပမာဏ မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ဗဟိုချုပ်ကိုင်မှုများသည့် လုပ်ငန်းဖော်ဆောင်မှု ယန္တရား များသို့ ပြောင်းလဲခဲ့သော ကြောင့် ပံ့ပိုးကူညီမှု အကျိုးသက်ရောက်မှုတို့သည် ကြိုတင်သတ်မှတ်ထားသည့် အပေါ်ယံပန်းတိုင်များ၊ ပြင်ပမှ ဒီဇိုင်းရေးဆွဲ ဖော် ဆောင်သည့် ကြားဝင်ညှိနှိုင်းဆောင်ရွက်မှုများ၊ သက်သေအထောက်အထား အားနည်းမှု၊ နိုင်ငံခြားအတိုင်ပင်ခံများအပေါ် အလွန်အမင်း အားကိုးမှုနှင့် မြေပြင်အခြေအနေ လိုအပ်ချက်များနှင့် ရလဒ်များ မကိုက်ညီမှုတို့ကြောင့် အ ကန့်အသတ်များဖြစ်စေခဲ့သည်။ နယ်ပယ်ကျဉ်းပြီး၊ ဖော်ထုတ်နိုင်သော ပန်းတိုင် များသည် တာဝန်ခံမှုကို သက်သေပြသရန်အတွက် အထောက်အကူ ဖြစ်နိုင် သော်လည်း၊ ၎င်းတို့သည် အတက်အကျများရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ် အခြေအနေနှင့် ကိုက်ညီမှုရှိရန် ပြုပြင် ပြောင်းလဲခြင်းမပြုလုပ်နိုင်ပါက ထိရောက်မှုကို အကန့်အသတ်ဖြစ်စေသည်။ ဤသို့သော အကန့်အသတ်များ ကြောင့် ဤနယ်ပယ်တွင် ထင်ရှားသည့်ရည်မှန်းချက်များဖြစ်သည့် ကျား-မ (ဂျန်ဒါ) ပါဝင်မှုနှင့် တန်းတူညီမျှမှုတို့အတွက် ပံ့ပိုးမှုများကို အစည်း အဝေးများ တွင် အမျိုးသမီးပါဝင်သူအရေအတွက် ခွဲတမ်းသတ်မှတ်မှုကဲ့သို့သော အပေါ်ယံ စီမံကိန်းရလဒ်များအဖြစ်သို့ လျော့ကျ စေသည့် သက်ရောက်မှုများရှိခဲ့သည်။

ပဋိပက္ခဖြစ်ပွားနေဆဲဒေသများ၌ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင်အထူးသတိထား မှုရှိရန် လိုအပ်ပြီး နိုင်ငံတကာ အင်အားစုများ အနေဖြင့် ထိခိုက်နိုင်ခြေများကို ဖော်ထုတ်ရန်နှင့် သင့်လျော်သည့် ဖြေရှင်းနည်းများကို ရေးဆွဲရန် ဒေသတွင်း ရှိ ရှိရင်းစွဲ အကောင်းဆုံး အလေ့အထများကို အသုံးချနိုင်သည်။ မြန်မာနိုင်ငံ ရှိ နေရာအများအပြားတွင် အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှု များ သိသာစွာ လျော့ကျလာမှုကို တွေ့မြင်ခဲ့ရသော်လည်း အထူးသဖြင့် အလှူရှင်များသည် ၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်းတွင် ဗဟိုအစိုးရနှင့် ဆက်ဆံရေးအားကောင်း ခိုင်မာအောင် ဆောင်ရွက်မှုကြောင့် ၎င်းတို့၏ ပဋိပက္ခအလွန်သဘောထားအမြင် များ သည် အစီအစဉ်ဖော်ဆောင်ခြင်းများကို လိုက်လျောညီထွေပြောင်းလဲနိုင်မ ည့် နယ်ပယ်ကို ကန့်သတ်မှုဖြစ်စေခဲ့သည်။ ရုံးခွဲများ ကို ပိတ်သိမ်းခြင်း၊ နယ်စပ် ရှိအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်မှုများကို လျှော့ချခဲ့ခြင်းများ၊ သေချာ စွာတိုင်ပင် ဆွေးနွေး ရန် ပျက်ကွက်မှုကြောင့် နိုင်ငံရေးအာဏာရရှိရန် ယှဉ်ပြိုင် နေသည့် နေရာဒေသများတွင် အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လက်တွေ့အခြေအနေများအပေါ် ပြည်တွင်းနှင့် နိုင်ငံတကာ စီမံကိန်းဝန်ထမ်း များမှ နားလည်မှု အကန့်အသတ်ဖြစ်စေ ခဲ့သည်။

လျင်မြန်စွာပြောင်းလဲနေသည့် အခြေအနေများတွင် ပြောင်းလွယ်ပြင်လွယ် မှုကို ထိန်းသိမ်းထားနိုင်ပြီး အန္တရာယ်ကို စီမံခန့်ခွဲနိုင်သည့် စွမ်းရည်ရှိခြင်းက ပိုမိုထိရောက်သော ပံ့ပိုးကူညီမှုကို ပေးနိုင်သည်။ ပြည်တွင်းမိတ်ဘက်အဖွဲ့ များသည် အလှူရှင်လိုအပ်ချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန်အတွက် ကြီးမားသောစီမံခန့်ခွဲမှု ဝန်ထုပ်ဝန်ပိုးများကို အများအား ဖြင့် ရင်ဆိုင်ကြုံတွေ့ရ လေ့ရှိပြီး အောက်ခြေသို့ တာဝန်ခံမှုမရှိခြင်း (အလှူရှင်များနှင့် ကြားခံများသည် ပံ့ပိုးမှုလက်ခံသူများထက် ၎င်းတို့၏ သက်ဆိုင်ရာအစိုးရများကိုသာ အဓိက အားဖြင့် ဖြေရှင်းတာဝန်ခံကြသည်) ကြောင့် အပြုသဘောဆောင်သည့် မိတ် ဘက်ဖွဲ့စည်းမှုများပြုလုပ်နိုင်ခြင်းကို အကန့်အသတ်ဖြစ်စေခဲ့သည်။ ရှုပ်ထွေး သော နိုင်ငံရေးအခြေအနေများနှင့် လိုက်ဖက် သည့် ပိုမိုများပြားသော ယန္တရား အမျိုးမျိုးထားရှိပေးပြီး မတူညီသော ချဉ်းကပ်နည်းများအတွက် ပြောင်း လွယ်ပြင်လွယ်သော နည်းလမ်းများကို အသုံးပြုခြင်းဖြင့်၊ ပြည်တွင်းမိတ် ဘက်အဖွဲ့များကို ပိုမိုများပြားသော အခွင့်အလမ်းများနှင့် ရွေးချယ်စရာများ ကို အလှူရှင်များက ဆောင်ရွက်ပေးနိုင်သည်။ လျင်မြန်စွာပြောင်းလဲနေပြီး အမျိုးမျိုးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အဓိကကဏ္ဍများကို ပံ့ပိုး ရာတွင် ပြောင်းလွယ်ပြင်လွယ်သော ရန်ပုံငွေပံ့ပိုးမှုယန္တရားများသည် အလွန် အရေးကြီးသည်။ ကျရှုံးနိုင်ခြေ ရှိမှုအချို့နှင့် စွန့်စားမှုများမပြုလုပ်ပဲ လမ်းရိုး အတိုင်းဆောင်ရွက်ခြင်းထက် "နိုင်ငံရေးစွန့်စားမှုများ"သို့မဟုတ် ဂုဏ်သတင်း ထိပါးနိုင်မှုတို့ကို လက်ခံနိုင်သည့် စိတ်ဆန္ဒရှိမှုသည် ထိရောက်သည့် အစီအ

စဉ်ရေးဆွဲအကောင်ထည်ဖော်မှုကို အထောက်အကူဖြစ်စေသည်။ အလှူရှင်များ၏ ပံ့ပိုးမှုကို ပေါင်းစပ်ထားသည့် စုပေါင်းရန်ပုံငွေများ သည် အမျိုးသမီး အခွင့်အရေး လှုပ်ရှားသူ (feminist) နှင့် အမျိုးသမီး အခွင့်အရေးအဖွဲ့များ အပါအဝင် အရပ်ဘက် ကွန်ရက်အဖွဲ့များနှင့် အဖွဲ့ငယ်များ အတွက် အဖွဲ့အစည်း သီးသန့် ပံ့ပိုးမှု အပါအဝင် ဆန်းသစ်စွာ ပံ့ပိုးမှုပေးခြင်းဖြင့် အန္တရာယ်များကို ဖြန့်ကျက်လျော့နည်းစေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ၎င်းတို့သည် ခက်ခဲသော လုပ်ထုံးလုပ်နည်းများ၊ ရှည်ကြာသည့် ကြန့်ကြာမှုများနှင့် အမျိုးသားအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တိုးတက်မှုအရှိန်အဟုန်ပျောက်ဆုံးသွားသည့် အတွက် ပြောင်းလဲနေသည့် အခြေအနေများကို တုံ့ပြန်နိုင်စွမ်းမရှိခြင်းတို့နှင့် ဆက်စပ်နေသည်။

ပဋိပက္ခ၏ နက်ရှိုင်းစွာအမြစ်တွယ်နေသည့် အကြောင်းချင်းရာများကို ကျော်လွှားရန်အတွက် ဆက်စပ်အခြေအနေ အခြေခံ သော၊ ရေရှည်ဖြစ်သော၊ နိုင်ငံရေးအရ ပါဝင်ပတ်သက်သော ပံ့ပိုးကူညီမှု လိုအပ်သည်။ မြန်မာနိုင်ငံ၏ ဒေသအလိုက် ပဋိပက္ခများ အချိုးမညီမှုသည် သမားရိုးကျ အလှူရှင် ချဉ်းကပ်နည်းလမ်းများအတွက် စိန်ခေါ်မှုဖြစ်သည်။ ငြိမ်းချမ်းရေးပံ့ပိုးမှု အပါအဝင် ထောက်ပံ့ကူညီမှုအစီအစဉ်များသည် ပုံမှန်အားဖြင့် အလှူရှင်နှင့် လက်ခံရယူသည့် အစိုးရကြား သံတမန်ရေးရာ သို့မဟုတ် အလုပ်သဘောဆက်ဆံရေးများမှတဆင့် သဘောတူဆောင်ရွက်ကြခြင်းဖြစ်သည်။ လက်ခံသူအစိုးရသည် ပဋိပက္ခ အစုအဖွဲ့တစ်ခုဖြစ်နေသည့်အခါ ဤသည်မှာ အဓိက အတားအဆီးအခက်အခဲ ဖြစ်လာသည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြား ပံ့ပိုးကူညီမှုတို့သည် လုံလောက်သော မျှခြေမရှိပဲ အစိုးရအဖွဲ့အစည်းများကို ထောက်ပံ့ခြင်းဖြင့် နိုင်ငံရေးအာဏာ အချိုးမညီမှုကို ပိုဆိုးလာစေသည်ဟု EAO ခေါင်းဆောင်အချို့က ယူဆခဲ့ကြသည်။ အတိုက်အခံအုပ်စုများကြား၊ အာဏာရှိသူများကြားနှင့် ကျယ်ပြန့်သောလူထုများကြား ယုံကြည်မှု ကွာဟချက်များသည် မည်သည့်သဘောတူညီချက်ကိုမဆို ဆုပ်ကိုင်ထားနိုင်မှုကို အတားအဆီးဖြစ်ခဲ့သည်။ နိုင်ငံခြားအစုအဖွဲ့များသည် နိုင်ငံရေးအရ လိမ္မာပါးနပ်သည့် အစီအစဉ်များရေးဆွဲခြင်းနှင့် ဆက်ဆံရေးကို တိုးမြင့်လာစေရန် သို့မဟုတ် ယုံကြည်မှုတည်ဆောက်ရန်တို့အတွက် ပံ့ပိုးကူညီမှုနည်းလမ်းများမှတဆင့် အချို့ အတားအဆီးအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်သည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများအတွက် အကြံပြုချက်များ

ဤအဆိုပြုထားသည့် စီမံဆောင်ရွက်မှုများသည် မြန်မာနိုင်ငံတွင် အနာဂတ် ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန် ဆောင်ရွက်နေသည့် နိုင်ငံခြား ပံ့ပိုးကူညီမှု အစုအဖွဲ့များနှင့် ၎င်းတို့၏မိတ်ဘက်အဖွဲ့များအတွက် အဓိက ရည်ရွယ်သည်။ ၂၀၂၁ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုနောက်ပိုင်း ဒီမိုကရေစီခေါင်းဆောင်များမှ စစ်တပ်ခေါင်းဆောင်များ နှင့် တွေ့ဆုံဆွေးနွေးမှုကို ပယ်ချထားသည်ကို သိရှိလက်ခံထားပြီး ဤအကြံပြုချက်များသည် အနာဂတ် သင့်လျော်သည့်အချိန်တွင် ကြားဝင်ညှိနှိုင်း ဆောင်ရွက်မှုများ ပြုလုပ်ရာတွင် အသုံးပြုနိုင်ရန်အတွက် စာတမ်းပြုစုသူများက အလေးပေးဖော်ပြထားသည်။ အနာဂတ် ငြိမ်းချမ်းရေးအစပြုဆောင်ရွက်မှုများသည် ယခင်ကဆောင်ရွက်ခဲ့မှုများနှင့် အလွန်ကွာခြားပါလိမ့်မည်။ သို့ရာတွင် မတူကွဲပြား သည့် အခြေအနေတွင်ပင် အတိတ်မှ သင်ခန်းစာများသည် အရေးကြီးနေပါသေးသည်။

၁။ ရေရှည် အမြင်ထားရှိရန်နှင့် မျှော်မှန်းချက်များကို စစ်ဆေးပါ။

- ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ပြင်ပပံ့ပိုးမှု၏ အချိန်မတန်မီ တိုးတက်မှုကို မျှော်လင့်သည့် စွန့်စားမှုများနှင့် လျင်မြန်သော အကျိုးသက်ရောက်မှုများကို အကန့်အသတ်ဖြစ်စေသည့် အကန့်အသတ် အတားအဆီးများကို ထည့်သွင်းစဉ်းစားပါ။ ကျယ်ပြန့်သော အများသဘောတူညီမှုအပေါ် ယုံကြည်မှုနှင့် သဘောတူညီချက်များကို ရွေးကောက်ပွဲများ အပါအဝင် ပြည်တွင်းနိုင်ငံရေး အပြောင်းအလဲများနှင့်တင်းမာမှုတို့က ပျက်ပြားစေနိုင်ကြောင်း သတိပြုပါ။
- ပဋိပက္ခအလွန်အခြေအနေသို့ လျင်မြန်စွာတိုးတက်လာမည်ဟု အချက်ပြခြင်းသည် ထိလွယ်ရှလွယ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပျက်ပြားစေနိုင်ချေရှိသည်။ အကြမ်းဖက်မှုကို လျော့နည်းစေရန် ရည်ရွယ်သည့် အပစ်အခတ် ရပ်စဲ ရေးသဘောတူညီမှုနှင့် ကျယ်ပြန့်သော ရေရှည်ခြေလှမ်းများကြား ခွဲခြားသိမြင်ပါ။ အလှူရှင်များသည် ကြမ်းတမ်းပြီး မခန့်မှန်းနိုင်သည့် ငြိမ်းချမ်းရေးဆီသို့ သွားရာ လမ်းကြောင်းများအတွက် ပြင်ဆင်ထားသင့်သည်။
- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အလွန်ကွဲပြားသော အခြေအနေများနှင့် အကျိုးစီးပွားများကို ကိုင် တွယ်ဖြေရှင်းရန် လိုအပ်သည်။ အမျိုးသားအဆင့် ချဉ်းကပ်မှုတစ်ခုသည် ဒေသတွင်းသတ်မှတ်ထားသော တုံ့ပြန်မှုများ ကို လုပ်ဆောင်ရန်လိုအပ်ပြီး၊ ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် နည်းလမ်းများသည် ပိုမိုထိရောက်နိုင်ဖွယ်ရှိသည်။
- တိုးတက်မှုအရှိန်အဟုန်ဖန်တီးရန်၊ ယုံကြည်မှုတည်ဆောက်ရန်နှင့် တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းရန်တို့အတွက် ပူးပေါင်းစောင့်ကြည့်ကြီးကြပ်မှု သို့မဟုတ် နယ်နိမိတ်သတ်မှတ်ရေး ကော်မရှင်များနှင့် ကနဦး ဖွံ့ဖြိုးရေး အစပြု ဆောင်ရွက်မှုများ ကဲ့သို့သော တိုးတက်မှုဆိုင်ရာ အစီအမံများကို ထားရှိနိုင်သည်။ ထိုကဲ့သို့သော အစပြုဆောင်ရွက် မှုများဆိုင်ရာ အထောက်အထားများကို သေချာစွာပြန်လည်သုံးသပ်ခြင်းသည် အတိတ်ကအမှားများကို ထပ်ခါထပ်ခါ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်နိုင်စေမည်။

၂။ အခြေအနေများပေးလာသည်နှင့် ယုံကြည်မှုတည်ဆောက်ရေးနှင့် လူထုယုံကြည်မှု အစီအမံများကို ပံ့ပိုးကူညီပါ။

- ပဋိပက္ခဖြေရှင်းရေး၊ ဒိုင်ယာလော့ဂ်နှင့် အစိုးရ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းတို့နှင့် ဆွေးနွေးညှိနှိုင်းမှု ဆိုင်ရာ ပြည်တွင်းလုပ်ငန်းဖော်ဆောင်နိုင်စွမ်းရည်ကို စောစီးစွာ ပံ့ပိုးပေးခြင်းဖြင့် စတင်ပါ။
- အပစ်အခတ်ရပ်စဲရေးသို့ ဦးတည်သည့် တိုးတက်မှုဖြစ်စဉ်တွင် NCA မတိုင်မီ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ယုံကြည်မှုနှင့်ကိုးစားမှုတို့ကို အဓိကအလေးထားဆောင်ရွက်သည့် အစပြုဆောင်ရွက်မှု များကို ပံ့ပိုးပါ။
- အများသူငှာ သဘောထားအမြင်နှင့် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်မျှဝေခြင်း အစီအစဉ်များကို ပံ့ပိုးကူညီပါ သို့မဟုတ် အားပေးပါ။ ယခင်က ပဋိပက္ခအစုအဖွဲ့များ၊ အစိုးရတာဝန်ရှိသူများနှင့် အလှူရှင်အချို့မှ စိတ်ဝင်စားမှု နည်းပါးခဲ့သော်လည်း နိုင်ငံတဝှမ်းနှင့် ပဋိပက္ခဒဏ်ခံစားနေရသောဒေသများတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် လူထုပံ့ပိုးမှုနှင့် လူထုနားလည်မှု တည်ဆောက်ခြင်းသည် အရေးကြီးပြီး အသိအမှတ်ပြုမှု နည်းပါးနေသည်။

- လက်နက်ကိုင်အဖွဲ့များအတွင်း ခေါင်းဆောင်များ၏ မတူညီသော ရပ်တည်ချက်များနှင့်အမြင်များကို နားလည်သိရှိ ရန် ရင်းနှီးမြှုပ်နှံပြီး၊ အပြောင်းအလဲအတွက် အံဝင်ခွင်ကျနှင့် သင့်လျော်သော မက်လုံးများ ကို ဖန်တီးရန်အတွက် သတင်းအချက်အလက်များကို အသုံးပြုပါ။ ဤ တွင် ကွဲပြားမှုများကို ပေါင်းကူးပေးနိုင်သည့် ယုံကြည်ရသော ကြားဝင် ဖျန်ဖြေပေးသူများ သို့မဟုတ် စေ့စပ်ညှိနှိုင်းပေးသူများကို ရှာဖွေခြင်းနှင့် ပံ့ပိုးပေးခြင်းတို့ လိုအပ်နိုင်သည်။

၃။ အပြန်အလှန်နားလည်မှုပေါ်ပေါက်လာစေရန် ဆောင်ရွက်ပြီး မတူညီသော အစုအဖွဲ့များ၏ ကွဲလွဲသည့် အကျိုးစီးပွားများကို တုံ့ပြန်ဆောင်ရွက်ရန်။

- ဒီမိုကရက်တစ်ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ ကြား ယခင်က အကွဲအပြဲများနှင့် မကျေနပ်ချက် များကို ပြေလျော့စေ ရန် တရားဝင်ပလက်ဖောင်းများ သို့မဟုတ် အလွတ်သဘောဆွေးနွေးနိုင် မည့်နေရာများမှတဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပံ့ပိုးပါ။
- ပဋ္ဌိပက္ခအစုအဖွဲ့အားလုံးကို တန်းတူညီမျှ လေးစားမှုဖြင့် ဆက်ဆံ ဆောင်ရွက်ပါ။ အစိုးရမဟုတ်သော အစုအဖွဲ့များကို အစိုးရများနည်းတူ တန်းတူညီမျှမှုကို အမြဲပေးနိုင်မည်မဟုတ်သော်လည်း ၎င်းတို့၏စိန်ခေါ် မှုများကို နားလည်သိရှိရန် လိုအပ်ပြီး ၎င်းတို့၏ ရပ်တည်မှုများကို အသိအမှတ်ပြုရန်လိုအပ်သည်။

၄။ အိမ်နီးချင်းနိုင်ငံများနှင့် မည်သို့ အလုပ်လုပ်ရမည် ဆိုသည်ကို ပို၍ စဉ်းစားပါ။

- တရုတ်၊ အိန္ဒိယ နှင့် ထိုင်းတို့အပါအဝင် ဒေသတွင်းအင်အားကြီးနိုင်ငံများ နှင့် မြန်မာ့အိမ်နီးချင်းအစိုးရများနှင့် ပြန်လည်ပေါင်းစည်းရေးကို ပံ့ပိုးပေး ရန် ဘုံတူညီချက်နယ်ပယ်များကိုရှာပါ။ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများအပြင် နယ်စပ်ဖြတ်ကျော် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးကူညီမှုများ ကဲ့သို့သော နယ်စပ်ဆိုင်ရာ အလေးထားစရာများကို ကိုင်တွယ်ဖြေရှင်းခြင်းအပါအဝင် အစပြု ဆောင်ရွက်နိုင်မည့် အရာများကို ထည့်သွင်းစဉ်းစားပါ။
- နိုင်ငံတကာ သံတမန်ရေးရာ ဆက်သွယ်ဆောင်ရွက်မှု၏ အကျိုး သက်ရောက်မှုကို အမြင့်ဆုံးဖြစ်စေရန်နှင့် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများရရှိရေးစသည့် သဘောတူ ထားသည့်အချက်များနှင့် ပတ်သက်ပြီး တသမတ်တည်းဖြစ်စေရန် အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအထူးကိုယ်စားလှယ် ရုံးအပါအဝင် အာဆီယံနှင့် ပိုမိုနီးကပ်စွာ ဆက်သွယ်ဆောင်ရွက်မှုကို ထည့်သွင်းစဉ်းစားပါ။
- ပြင်ပစောင့်ကြည့်ကြီးကြပ်မှု သို့မဟုတ် အကြံပေးအဖွဲ့များစသည့် ပိုမိုကျယ်ပြန့်သည့် နိုင်ငံတကတာ ထိတွေ့ ဆောင်ရွက်မှုများကို တည်ဆောက်ရန်သီးခြားအခွင့်အလမ်းများ သို့မဟုတ် တိုးမြင့်ခြေလှမ်း များကို ရှာဖွေပါ။

၆။ အမျိုးသားအဆင့် ချဉ်းကပ်မှုများကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ပါ။

- အထူးသဖြင့် အာဏာခွဲဝေမှု သို့မဟုတ် ဖက်ဒရယ်စနစ်အတွက် ပြုပြင် ပြောင်းလဲမှုများအတွက် အားလုံးပါဝင်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များ ကို ပံ့ပိုးပါ။ နိုင်ငံအဆင့်နှင့် တိုင်း/ပြည်နယ်အဆင့်တို့တွင် တိုင်းရင်းသား ခေါင်းဆောင်များ၏ ကိုယ်စားပြုမှုကို သေချာစေပြီး အဆိုပြုပြုပြင် ပြောင်းလဲမှုများသည် တိုင်းရင်းသားလူမှုအသိုင်းဝိုင်းများ၏ မျှော်မှန်း ချက်များကို ထင်ဟပ်စေရန် သေချာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။
- ပဋ္ဌိပက္ခဒဏ်ခံစားနေရသောဒေသများတွင် ယခင်အမျိုးသားအဆင့် အစီအစဉ်များ၏ သက်ရောက်မှုများကို ပြန်လည် သုံးသပ်ပြီး တွေ့ရှိ ချက်များကို တုံ့ပြန်ဆောင်ရွက်ပါ၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ပဋ္ဌိပက္ခ ဒဏ်ခံစားနေရသောဒေသများ ရှိ အခြေခံအဆောက်အဦအသစ် များ သို့မဟုတ် ပညာရေး တိုးချဲ့ခြင်းကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှုရာ အနုတ်လက္ခဏာ ဆောင်သည့် မှတ်တမ်းကို ရှောင်ရှားနိုင်မည်။
- ဗဟိုအစိုးရအဖွဲ့အစည်းများ သို့မဟုတ် လူများစုတိုင်းရင်းသားအစု အဖွဲ့များနှင့်သာ ထပ်တလဲလဲ အဓိက ဆောင်ရွက်မှု များ မပြုလုပ် ပဲ တိုင်းရင်းသားဒေသများတွင် အစီအစဉ်ဖော်ဆောင်မှုအတွက် သင့် လျော်သော မိတ်ဖက်များနှင့် မည်သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို ထည့်သွင်းစဉ်းစားပါ။ ဘာသာရေး၊ ကျား-မရေးရာ (ဂျန်ဒါ) သို့မဟုတ် လူနည်းစုများကဲ့သို့သော သမားရိုးကျ အာဏာဖွဲ့စည်းပုံများနှင့် ဝေးကွာ သည့် အစုအဖွဲ့များ ပါဝင်ပါစေ။
- အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှု၊ ပညာရေးနှင့် တာဝန်ခံမှုရှိသော အုပ်ချုပ်မှုကဲ့သို့သော ကဏ္ဍများတွင် ပြန်လည် သင့်မြတ်ရေးနှင့် ရေရှည် လူမှုရေးပြောင်းလဲမှုတို့ကို သွယ်ဝိုက်သော ချဉ်းကပ်နည်းလမ်းများဖြင့် ပံ့ပိုးနိုင်ရန်အတွက် အစပြုဆောင်ရွက်နိုင်မည့် အရာများကို ရှာပါ။ ဗဟို အစိုးရတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် အဖွဲ့များနှင့် လက်တွဲ ဆောင်ရွက်ရန် ဆန္ဒရှိပါ။

၆။ မြန်မာနိုင်ငံ၏ မတူကွဲပြားမှုကို နားလည် သဘောပေါက်အောင် ဆောင်ရွက်ပါ။

- ထောက်ပံ့ကူညီမှုပေးသည့် အဖွဲ့အစည်းများ၊ အစီအစဉ်များနှင့် စီမံကိန်းများအတွင်း ဝန်ထမ်းများ မတူကွဲပြားမှုရှိစေ ရန် ဆောင်ရွက် ပါ။ လုံလောက်သည့် ကိုယ်စားပြုမှုမရရှိသည့် လူမှုအသိုင်းအဝိုင်းများ နှင့် နေရာဒေသများမှ ဝန်ထမ်း များ ပါဝင်စေခြင်းသည် ပဋ္ဌိပက္ခဒဏ်ခံ စားနေရသော နေရာဒေသနှင့် လူနည်းစု နေရာဒေသများတွင် ထိရောက် မှုကို တိုးတက်စေကြောင်း သုတေသနတွေ့ရှိချက်များအရ သိရသည်။
- ဝန်ထမ်းများအား အဂတိတရားဖြင့် မလိုမုန်းထားမှုကို သတိပြု တုံ့ပြန် ဆောင်ရွက်နိုင်မှုရှိရန်အတွက် အားပေး ထောက်ပံ့မှုများပေးပါ။ ခွဲခြား ဆက်ဆံသည့် သဘောထားအမြင်များ လျှော့ချရေးအတွက် လုပ်ငန်း တာဝန်(မစ်ရှင်) ထုတ်ပြန်ချက်များ သို့မဟုတ် လမ်းညွှန်ချက်များထား ရှိရန် စဉ်းစားပါ။ မတူကွဲပြားမှုကို မြင့်တင်ရန် သင့်တော်သည့် ဝန်ထမ်း ရှာဖွေစုဆောင်းမှု အလေ့အကျင့်များကို အကောင်အထည်ဖော်ခြင်း နှင့် လူနည်းစုအသိုင်းအဝိုင်းများမှ လာသည့် ဝန်ထမ်းများ သို့မဟုတ် အလားအလာရှိသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပံ့ပိုးကူညီပါ။
- အဂတိတရားဖြင့် မလိုမုန်းထားမှုများကို ဖြေရှင်းရန်နှင့် ပြုပြင် ပြောင်းလဲမှုများ သို့မဟုတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များနှင့်အတူ အပြန်အလှန်နားလည်မှုတည်ဆောက်ရန် ဖြေရှင်းဆွေးနွေးသည့် အမျိုးသားအဆင့် လူထုအသိပညာပေး စည်းရုံးလှုံ့ဆော်မှုများ (ကမ်ပိန်းများ)ကို ပံ့ပိုးပေးရန် ထည့်သွင်းစဉ်းစားပါ။ ပြန်လည်သင့်မြတ်ရေး နှင့် ပဋ္ဌိပက္ခဖြေရှင်း မှုတို့တွင် လူထုထောက်ခံအားပေးမှုအတွက် ရင်းနှီး မြှုပ်နှံခြင်းသည် အနာဂတ် ငြိမ်းချမ်းရေးသဘောတူညီချက် အားလုံး၏ ရေရှည်တည်တံ့မှုအတွက် အဓိက သော့ချက်ဖြစ်သည်။

၇။ အကြမ်းဖက်မှု၏ မောင်းနှင်အားသည် ကျား-မ ရေးရာ (ဂျန်ဒါ) အလိုက် အာဏာ (ပါဝါ) မညီမျှမှုနှင့် တန်းတူညီမျှ မရှိမှုတို့ကြောင့် ဖြစ်ကြောင်း အသိအမှတ်ပြုသည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အစီအစဉ် ရေးဆွဲဖော်ဆောင်ပါ။

- နိုင်ငံရေးစီးပွားရေးနှင့် ပဋိပက္ခ ဆန်းစစ်လေ့လာမှုများအပါအဝင် အကဲဖြတ်လေ့လာမှုများတွင် နိုင်ငံရေးအာဏာ အရှိန်အဟုန် (ပါဝါဒိုင်နမစ်) ဆိုင်ရာ စဉ်းစားသုံးသပ်မှုများကြားတွင် ကျား-မရေးရာ (ဂျန်ဒါ) ထည့်သွင်းစဉ်းစား ထင်ဟပ်မှု ပါရှိအောင်ပြုလုပ်ပါ။ စစ်အာဏာသိမ်းချိန်မှ စတင်၍ ဖိုသဘာဝနှင့်ပတ်သက်သော အယူအဆများ ပြောင်းလဲမှုသည် ကျား-မ (ဂျန်ဒါ) အခြေပြုအကြမ်းဖက်မှု အတွေ့အကြုံများနှင့် အမျိုးသားများ၏ အခန်းကဏ္ဍများ ကို နားလည်ခြင်းအပါအဝင် မြန်မာနိုင်ငံရှိ ကျား-မရေးရာ (ဂျန်ဒါ) သတ်မှတ်ချက်များဆိုင်ရာ အယူအဆများ ပြောင်းလဲလာနိုင်သည့် အခွင့်အလမ်းများ ရှိလာစေသည်။
- လက်ရှိကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်သည့် အဓိကအစုအဖွဲ့များ၏ ဝိသေသလက္ခဏာများနှင့် လိုအပ်ချက်များ နှင့်ကိုက်ညီအောင် WPS ရန်ပုံငွေပံ့ပိုးမှု လမ်းကြောင်းများကို ဖွဲ့စည်းတည်ဆောက်ပါ။ ရန်ပုံငွေများသည် *လိုက်လျောညီထွေ ပြောင်းလွယ်ပြင်လွယ်ဖြစ်ရမည်* (ပေါ်ပေါက်လာသော အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရန်နှင့် မြန်မြန်ဆန်ဆန်အသုံးချနိုင်ရန်)၊ *တိုက်ရိုက်ပေးအပ်ခြင်း* (ပြည်တွင်းအစုအဖွဲ့များသည် သင့်တော်သည့် စီမံခန့်ခွဲမှု လိုအပ် ချက်များအပေါ်အခြေခံ၍ အဓိကလက်ခံရရှိသူများဖြစ်သင့်သည်။) နှင့် *အဖွဲ့အစည်းသီးသန့်* ဖြစ်ရမည် (အဖွဲ့အစည်း ဆိုင်ရာနှင့် ရေရှည် တိုးတက်မှုကို ဖြစ်လာစေရန်)။
- WPS တွင် ပါဝင်ဆောင်ရွက်မှုသည် ပြည်တွင်းအစုအဖွဲ့များကို ဝန်ပိစေခြင်း သို့မဟုတ် ပုံစံတူဖြစ်ခြင်းများကို ရှောင်ရှားရန် မဟာဗျူဟာကျကျ ချိတ်ဆက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပါ။ လူသိများပြီး အခြေခိုင်ပြီးသည့် အစုအဖွဲ့များအပြင် အခြားသော အဖွဲ့များထံ ကျယ်ပြန့်စွာ ဆက်သွယ်ရောက်ရှိရန် ပြုလုပ်စဉ်အတွင်း အပြသက်သက် သို့မဟုတ် အပေါ်ယံချဉ်းကပ်မှုများကို ရှောင်ရှားနိုင်ရန် အကဲဆတ်မှုနှင် သိမ်မွေ့သည့်ကွဲပြားချက်များကို သိရှိမှုအပေါ် အခြေခံသည့် ထိတွေ့ဆက်ဆံဆောင်ရွက်မှုမျိုး လိုအပ်သည်။
- အလှူရှင်များမှ စောင့်ကြည့်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်း အစီအစဉ်များပြုလုပ်ရန် ကျွမ်းကျင်မှုနှင့် အရင်းမြစ်များ ကို ခွဲဝေသတ်မှတ်ပြီး၊ အနာဂတ် ရန်ပုံငွေ ပံ့ပိုးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် WPS တွင် မဟာဗျူဟာမြောက် ရင်းနှီး မြှုပ်နှံမှုများ တိုးတက်မှုများရရှိစေရန်အတွက် အောင်မြင်ခဲ့သည် လုပ်ဆောင်မှုများနှင့် မအောင်မြင်ခဲ့သည့် လုပ်ဆောင်မှုများမှ လေ့လာသင်ယူနိုင်ရန် အထောက်အထားများ ထုတ်ဖော်မျှဝေခြင်းပြုလုပ်ရန် လိုအပ်သည်။

၈။ အလှူရှင်အများအပြားပါဝင်သည့် စုပေါင်းရန်ပုံငွေများနှင့် ညှိနှိုင်းဆောင်ရွက်မှုကို ဂရုတစိုက် ထည့်သွင်းစဉ်းစားပါ။

- အလှူရှင်အများအပြားပါဝင်သည့် ကြီးမားသောစုပေါင်းရန်ပုံငွေများသည် (လိုက်လျောညီထွေမှုရှိအောင် ပြောင်းလဲနိုင် မှုလိုအပ်သည်) ပေါ်ထွန်းစ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ သို့မဟုတ် လျင်မြန်စွာ ပြောင်းလဲနေသော အခြေ အနေများနှင့် မသင့်လျော်ပါ။ အလှူရှင်များသည် နိုင်ငံရေးအရ စွန့်စားမှုများကို ပြုလုပ်လိုသည့် ဆန္ဒရှိရန်နှင့် ချဉ်းကပ်မှုနည်းလမ်းများကို လိုအပ်သလို လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ညှိနှိုင်းရန် လိုအပ်သည်။
- ပုံစံတူများဖြစ်ခြင်းကို လျှော့ချရန်နှင့် ထိရောက်မှုအများဆုံးရရှိရန် လက်တွေ့ကျသော ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ လိုအပ်သောကြောင့် ၊ အသိပညာ သို့မဟုတ် အရင်းမြစ်များကို မျှဝေရန်နှင့် လိုအပ်သော ပြောင်းလွယ်ပြင်လွယ်မှုကို ထိန်းသိမ်း၍ ရန်ပုံငွေများကို ခွဲဝေချထားရန်အတွက် အခြားနည်းလမ်းများကို ထည့်သွင်း စဉ်းစားပါ။
- လက်သင့်ခံ ခံနိုင်ရည်ရှိမည့် အန္တရာယ်အဆင့်များကို သဘောတူညီချက်ယူထားသည့် အလှူရှင်အစုအဖွဲ့ငယ်များ ပါဝင်သည့် အကြောင်းအရာ အလိုက် သို့မဟုတ် ပြဿနာကိစ္စရပ်အလိုက် ချိတ်ဆက်ဆောင်ရွက်မှု၊
- သီးခြားကဏ္ဍများ၊ နယ်ပယ်များ သို့မဟုတ် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက် စုပေါင်းရင်းမြစ်များအပေါ် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်နိုင်မည့် အလားအလာရှိသည့် ဦးဆောင်အဖွဲ့ ရွေးချယ်ခြင်း၊
- သတင်းအချက်အလက်များနှင့် အလွတ်သဘောချိတ်ဆက်ဆောင်ရွက်ရန် နေရာများ မျှဝေခြင်းအတွက် ပိုမို ကောင်းမွန်သည့် စနစ်များ အသုံးပြုရန် ကတိကဝတ်ပြုခြင်း။

၉။ အလုပ်ဖြစ်သည့်အစီစဉ်များအပေါ် တည်ဆောက်၍ ဆက်လက်ဆောင်ရွက်ရန်နှင့် ချဉ်းကပ်မှုများကို လိုက်လျောညီထွေ ဖြစ်အောင် ပြောင်းလဲပါ။

- မြန်မာနိုင်ငံမှ ယခင်အကဲဖြတ်ချက်များအပါအဝင် ထိရောက်မှုသည့် အထောက်အထားများအပေါ် အခြေခံ၍ အစီ အစဉ်များကို အခြေပြုပါ။ ရှေ့ပြေးအစီအစဉ်များကို သင်ယူမှုအစပျိုးမှုများအဖြစ် ကျောထောက်နောက်ခံပြုလိုစိတ်ရှိ ပါ။
- ပိုမိုရှည်လျားသည့် အစပြုကာလများနှင့် နှစ်ရှည်အချိန်ကာလများစွာ ကြာမည့် အချိန်သတ်မှတ်ချက်များပါသည့် အစီအစဉ်များကို စီစဉ်ရေးဆွဲပါ။ ကျရှုံးမှုအပေါ်အစီရင်ခံတင်ပြခြင်း အလေ့အထနှင့် သင်ယူမှုအပေါ်အခြေခံ၍ နောက်ဆက်တွဲ လိုက်လျောညီထွေပြောင်းလဲမှုများ ပြုလုပ်ခြင်းတို့ကို အားပေးပါ။ ဖြစ်နိုင်ပါက၊ အခြားနိုင်ငံတကာ ကြားဝင်ညှိနှိုင်း ဆောင်ရွက်မှုများနှင့် ဒေသတွင်း လူမှုအသိုင်း အဝိုင်းများအား တာဝန်ခံမှုရှိစေရန် အကဲဖြတ်ခြင်းနှင့် သင်ယူခြင်းဆိုင်ရာ အရင်းအမြစ်များကို အများပြည်သူထံ မျှဝေပါ။
- အဆင့်မြင့် ညှိနှိုင်းဆွေးနွေးမှုနှင့် အကဲဖြတ်ဆန်းစစ်လေ့လာမှုအပြင် စီမံကိန်းဘေးကင်းလုံခြုံရေးအခြေခံမူများ၊လမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်ပြန်လည်သုံးသပ်ခြင်းများ စသည့် နည်းလမ်းများသည် အသိပေးသည့် ချဉ်းကပ်မှုများ အတွက် အထောက်အကူပြုနိုင်သည်။
- အသေးစိတ် ညှိနှိုင်းဆွေးနွေးမှုများအတွက် လုံလောက်သည့် အချိန်နှင့် ဘတ်ဂျက်ကို ခွင့်ပြုပါ။ အစီအစဉ်များကို ဒီဇိုင်း ရေးဆွဲသည့်အခါ မြေပြင်အခြေအနေများနှင့် နီးစပ်သော သတင်းအချက်အလက်များ စွာရှိသည့် မိတ်ဖက်များနှင့် သေချာစွာ ချိတ်ဆက်ဆောင်ရွက်ပါ။ ဤအဆင့်များကို မလုပ်ဆောင်နိုင်ပါက ၎င်းကို ရွှေ့ဆိုင်းခြင်းသည် ပိုကောင်းပါသည်။
- ပိုမိုကျယ်ပြန့်ပြီး အလားလာရှိသော အစီအစဉ်များဖော်ဆောင်နိုင်စေရန်အတွက် အမှီအခိုကင်းပြီး ပြည်တွင်းမှ အဓိက ဆောင်ရွက်သည့် သုတေသနှင့် ဆန်းစစ်လေ့လာမှုများကို ထောက်ပံ့ပါ။ ဖြစ်စဉ်တစ်ခုခုတွင် နိုင်ငံတကာ သုတေသန အေဂျင်စီများ သို့ မဟုတ် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများသည် ပြည်တွင်း သို့မဟုတ် ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ ပြည်တွင်း လူမှုအသိုင်းအဝိုင်းများအား သုတေသန၊ ဆန်းစစ်လေ့လာမှုနှင့် အကဲဖြတ်မှု တို့တွင် ပူးပေါင်းပါဝင်နိုင်စေရန် ဆောင်ရွက်ပါ။

၁၀။ 'ရတနာပုံဆိုက်ကိန်း' နိုင်ငံခြားထောက်ပံ့ကူညီမှု မျိုးကို ရှောင်ပါ။

- အပြိုင်အဆိုင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အလျင်လိုမှုနှင့် ပြည်တွင်မိတ်ဘက်များအပေါ် ဝန်ပိစေသည့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို ရှောင်ရန် သေးငယ်သောအစီစဉ်ဖြင့် စတင်ပြီး ဖြည်းဖြည်းချင်း တည်ဆောက်ပါ။

- ဦးစားပေးကဏ္ဍ သို့မဟုတ် နယ်မြေများ သတ်မှတ်ဆောင်ရွက်ပါ အထူးသဖြင့် နိုင်ငံတကာ အထောက်အပံ့ရရှိမှု နည်းပါးသည့် ကဏ္ဍ သို့မဟုတ် နယ်မြေများ။ လက်လှမ်းမီရောက်ရှိနိုင်မှုအရှိဆုံး ပဋ္ဌိပက္ခနေရာများ သို့မဟုတ် ခိုင်မာသော ဆက်သွယ်ဆောင်ရွက်မှုများ တည်ရှိပြီးဖြစ်သည့်နေရာများတွင် မရည်ရွယ်ပဲ စုပြုံနေခြင်းကို ရှောင်ရှားရန်နှင့် လိုအပ်မှုအမြင့်ဆုံးနေရာကို ခွဲခြားဖော်ထုတ်ရန်အတွက် ကွာဟချက်ဆန်းစစ်လေ့လာမှု (GAP Analysis) ကို ပြုလုပ်ပါ။

- သေးငယ်သော သို့မဟုတ် ထင်ပေါ်ကျော်ကြားလာသော အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် စွမ်းရည်နှင့် အရည်အသွေးဆိုင်ရာမြင့်တင်မှုများကို မိတ်ဘက်အဖွဲ့များအတွက် ပံ့ပိုးပါ။ အဖွဲ့အစည်း ရပ်တည်မှုအတွက် အဓိကျသော ရန်ပုံငွေ (vital core funding) ပံ့ပိုးခြင်းကို အစီအစဉ်ဘတ်ဂျက်များတွင် အများအားဖြင့် ထည့်သွင်းနိုင်သည်။

- အလှူရှင်အဖွဲ့အစည်းများသည် စာချုပ်ချုပ်ဆိုထားသည့်အဖွဲ့များ သို့မဟုတ် အထောက်အပံ့လက်ခံရရှိသည့်အဖွဲ့များမှ တဆင့် လုပ်ငန်းဖော်ဆောင်ရန် လိုအပ်သော်လည်း များပြားသည့် ကြားခံအဖွဲ့များ အသုံးပြုခြင်းကို ရှောင်ကြဉ်၍ ကြားခံအဖွဲ့များကို ဒေသတွင်း ဖန်တီးဖြစ်ပေါ်လာသည့်နည်းလမ်းများဖြင့် တည်ဆောက်သွားရန် တိုက်တွန်းလှုံ့ဆော် ပါ။

၁၁။ ပြောင်းလွယ်ပြင်လွယ်ရှိသော တို့ပြန်ဆောင်ရွက်မှုများကို ပံ့ပိုးပါ။

- ပြောင်းလဲပြင်ဆင်ရန်မလွယ်သည့် တင်းကြပ်သော စီမံကိန်း စီမံခန့်ခွဲမှုကို ရှောင်ရှားရန်နှင့် ပြောင်းလဲနေသည့် အခြေအနေများအတိုင်း လိုက်လျောညီထွေဖြစ်အောင်ပြောင်းလဲနိုင်သည့် အစီအစဉ်ဖော်ဆောင်မှုများကို ထောက်ပံ့ ပေးပါ။ လျင်မြန်သော ငြိမ်းချမ်းရေး ပံ့ပိုးမှုအတွက် အထူးသီးသန့်နည်းလမ်း/လမ်းကြောင်းများ (ဥပမာ အမေရိကန် အစိုးရ၏ Office of Transition Initiatives) သည် အမျိုးအစားလိုက်ခွဲခြားသတ်မှတ်ထားသည့် ဘတ်ဂျက်ထက် အစီအစဉ်ဆိုင်ရာ သတ်မှတ်ထားသော အောင်မြင်မှုမှတ်တိုင်များ သတ်မှတ်ထားသည့် လုံးပေါင်းစာချုပ်ထောက်ပံ့မှု ပုံစံများဖြင့် လက်ခံရရှိသူများ အပေါ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများနှင့် နှောင့်နှေးကြန့်ကြာမှုများကို လျှော့ချနိုင် သည်။

- အလှူရှင်အခြေပြု ချဉ်းကပ်နည်းလမ်းများကို ရှောင်နိုင်သည့် ဆန်းသစ်သည့် ရန်ပုံငွေပံ့ပိုးမှု ယန္တယားများကို စမ်းသပ် ဆောင်ရွက်ပါ။ ဥပမာအားဖြင့် ကျယ်ပြန့်စွာ အဓိဗာယ်ဖွင့်ဆိုထားသည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး နယ်ပယ်များအတွင်း ပြည်တွင်းအဖွဲ့အစည်းများ၏ အဆိုပြုလွှာများကို ဆန်းသစ်တီထွင်မှုရန်ပုံငွေများဖြင့် တို့ပြန်ဆောင်ရွက်နိုင်သည်။ ပြည်တွင်းအကြံပေးများသည် အလှူရှင်များနှင့် အတူ ရန်ပုံငွေ အုပ်ချုပ်မှု ဖွဲ့စည်းတည်ဆောက် ပုံများတွင် ပါဝင်နိုင်ပြီး၊ လမ်းညွှန်ချက်များကို ရေးဆွဲခြင်းနှင့် ပြောင်းလဲသွားသောအခြေအနေများ သို့မဟုတ် အထောက်အထားအသစ်များကို တို့ပြန်ရန်အတွက် အချိန်နှင့်အမျှ လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

- တင်းကျပ်မှုမဖြစ်စေပဲ စိတ်ချယုံကြည်မှုပေးသည့် အခြားသော တာဝန်ခံခြင်း လုပ်ထုံးလုပ်နည်းများကို အကောင်ထည် ဖော်ဆောင်ရွက်ပါ။ အထူးသဖြင့် ပြည်တွင်းအဖွဲ့အစည်းများ သို့မဟုတ် ရပ်ရွာအသိုက်အဝန်းများအား ရန်ပုံငွေပံ့ပိုး ပေးသည့် ကြားခံ NGO သို့မဟုတ် အဖွဲ့အစည်းများသည် အလှူရှင်အဖွဲ့အစည်းများကို ဖြေရှင်းအစီရင်ခံရမည်ဖြစ်သော် လည်း အောက်ခြေအဆင့်အပေါ် တာဝန်ခံမှု (downward accountability) နှင့် ပွင့်လင်းမြင်သာမှုကို အားပေးရမည်။

နောက်ဆုံးမှတ်စုများ

1. တိုင်းရင်းသား နယ်နမိတ်များနှင့် ဝိသေသလက္ခဏာများကို နိုင်ငံရေးအရ သတ်မှတ်ခြင်းက ပဋ္ဌိပက္ခများ၏ အစိတ်အပိုင်း တစ်ခု ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ပြည်တွင်း သို့မဟုတ် ဒေသန္တရ ပဋ္ဌိပက္ခများကို "တိုင်းရင်းသား" ပဋ္ဌိပက္ခများအဖြစ် သုံးနှုန်းခဲ့သည်။
2. လက်မှတ်ရေးထိုးပွဲသို့ ဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ကြားခဲ့သော်လည်း တက်ရောက်ရန် ငြင်းဆန်ခဲ့သည်။Democratic Voice of Burma (2015), "Suu Kyi Won't Witness Peace Accord," *Bangkok Post*, October 13.
3. အာရှဖောင်ဒေးရှင်း၏ ယခင်ထုတ်ဝေခဲ့သော စာတမ်းများကို 'Peace & Conflict in Myanmar Discussion Paper Series', at https://asiafoundation.org/tag/peace-conflict-in-myanmar တွင် ကြည့်ရှုနိုင်သည်။[၂၀၂၄ခုနှစ် ဇန်နဝါရီလတွင် ရယူခဲ့သည်။
4. ဆွေးနွေးခဲ့သည့် ပြင်ပပါဝင်သူများတွင် EAO ခေါင်းဆောင် ၇ ဦး၊ NCA စေ့စပ်ညှိနှိုင်းသူများ၏ အကြီးပေး ၇ ဦး နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်း ဗဟိုဌာန (MPC) မှ အရာရှိများ၊ အလှူရှင်အဖွဲ့အစည်းများနှင့် အစိုးရများမှ သံတမန်များနှင့် အကြီးပေးများ ၇ ဦး၊ နိုင်ငံပေါင်းစုံအဖွဲ့အစည်းများ၊ငြိမ်းချမ်းရေးရန်ပုံငွေ နှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ခေါင်းဆောင် ၆ ဦး၊အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင် ၅ ဦး၊ဆန်းစစ်လေ့လာသူ နှင့် ပညာရှင် ၁၀ ဦးပါဝင်သည်။ အမျိုးအစားခွဲရန်အတွက် ၎င်းတို့၏ လက်ရှိ သို့မဟုတ် မကြာသေးခင်က တာဝန်ယူဆောင်ရွက်ခဲ့သည့် ကဏ္ဍအလိုက် အုပ်စုခွဲခဲ့သည်။ စာရင်းဖော်ပြထားသည့် ဖြေဆိုသူများအပြင် အခြားပညာရှင်များ နှင့် ဖြေဆိုသူများနှင့်လည်း သုတေသနလုပ်ငန်းစဉ်တလျှောက် ဆွေးနွေးပွဲများ၊ အုပ်စုအစည်းအဝေးများ နှင့် အွန်လိုင်းရင်းမြစ် များကတဆင့် အလွတ်သဘော ဆွေးနွေးခဲ့သည်။
5. ဤအသုံးအနှုန်းဆိုင်ရာ အချေအတင်ဆွေးနွေးမှုနှင့်ပတ်သက်သော ဆန်းစစ်လေ့လာချက်ကို ဤတွင်ဖတ်ပါAung Kaung Myat (2022), "Sit-tat or tatmadaw? Debates on what to call the most powerful institution in Burma," Tea Circle Oxford website, https://teacircleoxford.com/politics/sit-tat-or-tatmadaw-debates-on-what-to-call-the-most-powerful-institution-in-burma/.
6. ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အခြားကဏ္ဍများ အကြောင်း မကြာသေးမီက ထုတ်ဝေခဲ့သော အသေးစိတ်ဆန်းစစ် လေ့လာချက်များမှာ - Jacques Bertrand, Alexandre Pelletier, and Ardeth Maung Thawnghmung (2022), *Winning by Process: The State and Neutralization of Ethnic Minorities in Myanmar* (Cornell University Press); and Martin Smith and Jason Gelbort (2023), *The Nationwide Ceasefire Agreement in Myanmar: Promoting Ethnic Peace or Strengthening State Control* (Transnational Institute)
7. ACLED (2022), *Myanmar Mid-Year Update*.
8. ရင်းမြစ်အမျိုးမျိုးအပေါ်အခြေခံထားသော ခန့်မှန်းကိန်းကဏ္ဍာန်းဖြစ်သည်။ infographic (အချက်အလက်ပုံဖော်မှု) ကို ဤတွင် ကြည့်ပါ- Al Jazeera (2017), *Myanmar: Major ethnic groups and where they live*.
9. အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ခေါင်းဆောင် အောင်ဆန်းစုကြည်၏ ဖခင် သမိုင်းဝင်ပုဂ္ဂိုလ် ဗိုလ်ချုပ်အောင်ဆန်းသည် ပင်လုံစာချုပ်ကို ညှိနှိုင်းချုပ်ဆိုခဲ့သည်။ အောင်ဆန်းစုကြည်သည် သူ့အစိုးရ၏ ငြိမ်းချမ်းရေးညီလာခံကို သမိုင်းဝင်တွေ့ဆုံမှုကို အကိုးအကားပြု၍ "၂၁ရာစု ပင်လုံ"ဟူ၍ ကျင်းပပြုလုပ်ခဲ့သည်။
10. Matthew Walton (2013), "The 'Wages of Burman-ness:' Ethnicity and Burman Privilege in Contemporary Myanmar," *Journal of Contemporary Asia*, 43(1): 1–27 တွင် ဖတ်ပါ။
11. For a comprehensive listing of the groups, including BGFs, etc., see နယ်ခြားစောင့်တပ်ဖွဲ့များအပါအဝင် အဖွဲ့စာရင်းအပြည့် အစုံ အတွက် ဤတွင်ဖတ်ပါ။ Burma News International (2016), *Deciphering Myanmar's Peace Process: A Reference Guide* (BNI). နယ်ခြားစောင့်တပ်ဖွဲ့များနှင့်ပြည်သူ့စစ်များသည် စစ်တပ်ကွပ်ကဲမှုအောက်တွင်ရှိသော လက်နက်ကိုင်အဖွဲ့များဖြစ်သည်။For more detail, refer to Tom Kramer (2020), "'Neither war nor peace': Failed ceasefires and dispossession in Myanmar's ethnic borderlands,s," Journal of Peasant Studies 48(2): 1–21.
12. ဤခန့်မှန်းကိန်းကဏ္ဍာန်းတွင် အရန်တပ်အားနှင့် လက်ရှိထမ်းဆောင်နေသော တပ်အင်အားပါ ပါသည်။ ဝပြည်သွေးစည်းညီညွတ် ရေးပါတီ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဤတွင်ဖတ်ပါ -Bertil Lintner (2019), "The United Wa State Army and Burma's Peace Process," United States Institute of Peace website.
13. See Thant Myint-U (2019), *The Hidden History of Burma: Race, Capitalism, and the Crisis of Democracy in the 21st Century* (W. W. Norton & Company).
14. See EBO Analysis Paper no. 2 (2011), *President Thein Sein's Inaugural Speech*.
15. အဓိက NCA ဗိသုကာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် အောက်တိုဘာလ ၁၃ရက်။ NCA ကနဦး ညှိနှိုင်းဆွေးနွေးမှုများ အပြီးတွင် အစိုးရက လုပ်ငန်းစဉ်တစ်ခုလုံးကို လွှဲပြောင်းယူပြီး မည်သူတို့ကို ဖိတ်ကြားမည် နှင့် မည်သူတို့ ပါဝင်နိုင်သည်တို့ကို တဖက်သတ် ဆုံးဖြတ် ခြင်းများကြောင့် EAO များနှင့် အစိုးရကြား အပြုသဘောဆောင် သည့် ပူးပေါင်းဆောင်ရွက်မှုသည် အဆုံးသတ်သွားသည်ဟု အချို့က မှတ်ချက်ပြုကြသည်။ ဤသည်က အစိုးရ၏ ငြိမ်းချမ်းရေးဆိုင်ရာကတိကဝတ်အပေါ် EAO များ၏ ယုံကြည်မှုကို ထိခိုက်စေခဲ့သည်။
16. စစ်တပ်နှင့် အစိုးရ စေ့စပ်ညှိနှိုင်းသူများအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိကအကိုးအကားဖြစ်ပြီး NCA သဘောတူ စာ ချုပ်နှင့် လမ်းပြမြေပုံ ပါ အများစုကို EAO များမှ ရေးသားခဲ့သည်။
17. MPC သည် အစိုးရအခြေပြုလွန်းပြီး နိုင်ငံရေးအရဘက်လိုက်မှုရှိသည်ဟု EAO များက ထင်မြင်ယူဆသောကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပံ့ပိုးဆောင်ရွက်ပေးရ မည့် ၎င်း၏ ရပ်တည်မှုကို ထိခိုက်စေသည်ဟု အနီးကပ်လေ့လာသူတစ်ဦးမှ ပြန်လည်သုံးသပ် ခဲ့သည်။ ငြိမ်းချမ်းရေးအကြီးပေးနှင့် တွေ့ဆုံမေးမြန်းမှု ၂၀၂၃ခုနှစ် မေလ ၃ ရက်နှင့် တိုင်းရင်းသာခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု ၂၀၂၃ခုနှစ် မတ်လ ၁ရက်။
18. MPC အဖွဲ့ဝင်ဟောင်းတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်။ မည်သို့ပင်ဆိုစေကာမူ MPCတွင်ပါဝင်ခဲ့သော စေ့စပ်ညှိနှိုင်းသူ အချို့သည် ၎င်းတို့၏ မြန်မာစစ်တပ်နှင့် မကြာသေးမီက ဆက်ဆံပတ်သက်မှုများကြောင့် ၎င်းတို့ကိုယုံကြည်မှုဒီဂရီ အမျိုးမျိုးရှိကြသည်။
19. Interview with an ethnic leader, March 7, 2023.
20. Other observers considered it a bureaucratic organization "being paid to do nothing." See Bertil Lintner's remarks in Saw Yan Naing (2014), "Peace Brokers Lack a Mandate: Burma Expert," *The Irrawaddy*, March 18. There were also accusations of mismanagement of funds. See "A new peace facilitating center set up," *SHAN*, February 18, 2016.
21. Report of the Independent International Fact-Finding Mission on Myanmar (2018), A/HRC/39/64. [Available in Burmese and audio in Rohingya].
22. Martin Smith and Jason Gelbort (2023), *The Nationwide Ceasefire Agreement in Myanmar: Promoting Ethnic Peace or Strengthening State Control* (Transnational Institute).

23. ဤဇယားသည် ဖော်ပြပါရင်းမြစ်များမှ ဖြစ်သည်- Martin Smith and Jason Gelbort (2023), *The Nationwide Ceasefire Agreement in Myanmar: Promoting Ethnic Peace or Strengthening State Control* (Transnational Institute); Adam Burke et al. (2017), *The Contested Areas of Myanmar: Subnational Conflict, Aid, and Development* (The Asia Foundation); and Burma News International (2017), *Deciphering Myanmar's Peace Process: A Reference Guide*, (BNI). စာရင်းတွင်ပါသည့် လက်မှတ်ရေးထိုးထားသည့် အဖွဲ့နှစ်ဖွဲ့ (NMSP and LDU) သည် ၂၀၁၈မတိုင်မီအထိ လက်မှတ်မထိုးရသေးသော်လည်း ဤစာရင်းသည် ၂၀၁၆ အခြေအနေကို ကျယ်ပြန့်စွာ ထင်ဟပ်သည်။ ထို့ကြောင့် ဤဇယားသည် ပိုမိုတိကျပြီး ပြည့်စုံသည်။
24. Martin Smith and Jason Gelbort (2023), *The Nationwide Ceasefire Agreement in Myanmar: Promoting Ethnic Peace or Strengthening State Control* (Transnational Institute).
25. ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ပြည်သူများ၏ နားလည်မှုနှင့် ပါဝင်မှု အခြေအနေကို Joint Peace Fund ၏ ပံ့ပိုးမှုဖြင့် Search for Common Ground က ၂၀၁၉ ခုနှစ်တွင် လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ *Communicating for the Future: Building Confidence and Trust in the Peace Process*.
26. Lex Rieffel and James W. Fox (2013), *Too Much Too Soon? The Dilemma of Foreign Aid to Myanmar/Burma* (Nathan Associates). There is debate on whether transitions should be rapid, a form of "shock therapy," or slow and measured (page 31).
27. ဤစိတ်မရှည်မှုသည် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများနှင့် ဒီပလိုမက်တစ် မစ်ရှင်များ၏ ဝန်ထမ်းအပြောင်းအလဲနှုန်းများနှင့် မြန်မာနိုင်ငံနှင့် ပတ်သက်သော အတွေ့အကြုံနည်းပါးခြင်း တို့ကြောင့်ဖြစ်သည်။
28. ဥပမာ မတူညီသော အစုအဖွဲ့အများအပြား နေထိုင်သော ရှမ်းပြည်နယ်တွင် နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ တောင်းဆိုမှုများရှိသည်။ See, for example, Irrawaddy (2021), "In Myanmar's Divided Shan State, a New Appeal for Unity; China Will Be Watching," *The Irrawaddy*, July 13; or International Crisis Group (2023), *Treading a Rocky Path: The Ta'ang Army Expands in Myanmar's Shan State* (ICG); or Dan Seng Lawn (2022), *Conflict and Development in the Myanmar-China Border Region* (XCEPT).
29. See, for example, Maung Maung Gyi (1983), *Burmese Political Values: The Socio-Political Roots of Authoritarianism* (New York: Praeger).
30. လူ ၁,၀၀၀ ကျော် တက်ရောက်လေ့ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများသည် အဓိကပြဿနာရပ်များအတွက် လက်တွေ့ကျသော ဖြေရှင်းမှုများ ရရှိရန်အတွက် အထောက်အပံ့ဖြစ်သော ပွဲများမဟုတ်ပါ။
31. ဦးအောင်မင်းသည် EAO များကို အလျှော့ပေးဆက်ဆံလွန်းသည်ဟု စစ်တပ်က ယုံကြည်သည်ဟု ဖြေဆိုသူ တစ်ဦးမက ပြောခဲ့သည်။ ထို့ကြောင့် NLD ရွေးကောက်တင်မြှောက်ခံရသောအခါ စေ့စပ်ညှိနှိုင်းရေးများတွင် အသာစီးရရှိရန်အတွက် စစ်တပ်ကအခွင့်အလမ်း တစ်ရပ်အဖြစ် မြင်ခဲ့သည်။
32. See Kim Jolliffe (2016), *Ceasefires, Governance, and Development: The Karen National Union in Times of Change* (The Asia Foundation).
33. ဥပမာ ကချင်ပြည်နယ်၏ Technical Advisory Team သည် KIA စစ်ဘက်အဖွဲ့ဝင် ၅ဦးနှင့် အရပ်သား ၁၀ ဦးတို့ဖြင့် ဖွဲ့စည်းထား သည်။ ဤသည်ကိုလည်း ဖတ်ပါ-Tom Kramer, Oliver Russell, and Martin Smith (2018), *From War to Peace in Kayah (Karenni) State* (Transnational Institute), pp. 64–65.
34. အာဏာသိမ်းမှုအလွန် EAOများ၏ နိုင်ငံရေးယဉ်ကျေးမှုနှင့် မတူကွဲပြားမှုအကြောင်း မကြာသေးမီကထုတ်ဝေခဲ့သော ဆွေးနွေးမှုကို ဖတ်ရှုလိုပါက -Amara Thiha (2023), "It's Time To Rethink Myanmar's Ethnic Armed Organizations," The Diplomat, March 24.
35. ဥပမာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုမရှိခင်က EAO တစ်ဖွဲ့သည် တရားမဝင်သစ်ခိုးထုတ်မှုကို ဆက်လက်လုပ်ဆောင်နိုင်ရန် စစ်တပ်၏ခွင့်ပြုချက်ကို အလွတ်သဘောလမ်းကြောင်းများမှတဆင့် ရယူပြီး အမြတ်ဝေစုများကို ၎င်းတို့နှင့် ခွဲဝေခဲ့သည်။
36. KNU နှင့် အပစ်အခတ်ရပ်စဲရေး အပြီး ဇန်နဝါရီလ ၁၄ ရက် ၂၀၁၂ခုနှစ်တွင် မဏ္ဍိုမသတင်းဌာနသို့ ဝန်ကြီးဦးအောင်မင်း၏ ပြောကြား ချက်ကို ကိုးကားထားသည့် Adam Burke, et al. (2017), *The Contested Areas of Myanmar: Subnational Conflict, Aid, and Development*. The Asia Foundation: p. 38.
37. The Asia Foundation (2021), *Why Does Conflict Persist in Myanmar's Northeastern Borderlands* [non-public]. Also refer to John Buchanan, Kevin Woods, Tom Kramer (2013), *Developing Disparity Regional Investment in Burma's Borderlands* (Transnational Institute).
38. April 26, 2023.တသီးပုဂ္ဂလ နိုင်ငံရေးလေ့လာသုံးသပ်သူနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် ဧပြီလ ၂၆ ရက်။
39. နိုင်ငံတကာငြိမ်းချမ်းရေးဆောင်ရွက်သူ တစ်ဦးနှင့်တွေ့ဆုံမေးမြန်း မှု၊ ၂၀၂၃ခုနှစ် ဧပြီလ ၁ရက်။
40. ရိုဟင်ဂျာများကို မြန်မာနိုင်ငံအတွင်းရှိ လူမျိုး ၁၃၅ မျိုးအနက်မှ တစ် မျိုးအဖြစ် အစိုးရက အသိအမှတ်မပြုပါ။ ဆိုလိုသည်မှာ ၎င်းတို့သည် မြန်မာနိုင်ငံသားဖြစ်ခွင့်မှ ဖယ်ထုတ်ထားခံရသည်ဖြစ်သည်။
41. NLD သည် UPC တွင် ဖယ်ထုတ်ခံထားရသော အရေးကြီးသည့်အစုအဖွဲ့များကို လေ့လာသူများအဖြစ် ပါဝင်စေခဲ့မှုများ ရှိခဲ့သော်လည်း NCA လုပ်ငန်းစဉ်တွင် အားလုံးပါဝင်မှုဆိုင်ရာ ရှုပ်ထွေးမှုများကို အပြည့်အဝဖြေရှင်းဆွေးနွေးခြင်းမပြုခဲ့ပါ။လက်ရှိ အခင်း အကျင်းရှိ ရှုပ် ထွေးပြီး လျင်မြန်စွာတိုးပွားလာသော လက်နက်ကိုင်အစုအဖွဲ့များအရ ဤသည်က နောင်အနာဂတ်အတွက် ကြီးမားသော စိန်ခေါ်မှု အဖြစ် ဆက်လက်တည်ရှိနေသည်။ သို့သော် NCA လုပ်ငန်းစဉ်မှ သင်ခန်းစာမှာ အားလုံးပါဝင်မှုကို အကောင်အထည်ဖော်ရန် မည်သို့သော စိန်ခေါ်မှုများရှိနေပါစေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုသည် အဓိကသင်ခန်းစာ ဖြစ်သည်။
42. The Asia Foundation (2021), *Why Does Conflict Persist in Myanmar's Northeastern Borderlands* [non-public].
43. အသေးစိတ်သိရှိလိုပါက ဤတွင်ဖတ်ပါ - *The Role of CSOs in the Myanmar Peace Process* [n.d.].
44. သုတေသနဖြေဆိုသူ၊ ၂၀၂၃ခုနှစ် မတ်လ ၁၆ရက်။

45. တစ်ခုတည်းသော တပ်မတော်ဖြစ်ရေးနှင့် တိုင်းရင်းသားအဖွဲ့များအနေဖြင့် ပြည်ထောင်စုမှခွဲမထွက်ရေးအတွက် စစ်တပ်၏တောင်းဆိုမှု စသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများသည် အကြပ်အတည်းဖြစ်ခဲ့သည်။ "၁၀+၁၀" တွေ့ဆုံပွဲသည် အစိုးရလွှတ်တော် နှင့် စစ်တပ်ခေါင်းဆောင်များ ပထမဆုံးတွေ့ဆုံမှုဖြစ်သည်။စစ်တပ်သည် ရန်လိုသောအပြုအမူများကို ဆက်လက်လုပ်ဆောင်နေသည် ဟု EAOများက ပြောခဲ့သည်။ (ဥပမာ KNU ထိန်းချုပ်နယ်မြေအတွင်း လမ်းဖောက်ခြင်း) နှင့် NCA တွင် ပြဋ္ဌာန်းထားသည့် နိုင်ငံရေးလှုပ်ရှားမှု များဖြစ်သည့် ရှမ်းလူထု တွေ့ဆုံခြင်းများကို ပိတ်ပင်ခြင်းများကို ပြုလုပ်ခဲ့သည်။ဤသည်တို့သည် KNU နှင့် RCSS တို့က NCA တွင် ၎င်းတို့ ၏ပါဝင်မှုကို ဆိုင်းငံ့ခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။ အစိုးရသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ရွေးကောက်ပွဲ ကတိကဝတ် များကို ဖြည့်ဆည်းရန် ဖိအားများရှိခဲ့သည်။ သို့သော် ယင်းကတိကဝတ်သည် စစ်တပ်၏လွှတ်တော် ဗီတိုအာဏာဖြင့် တားဆီးခြင်းခံခဲ့ရ သည်။တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးမရှိပါက စစ်တပ်၏အခန်းကဏ္ဍနှင့် အခြေခံဥပဒေ၏ဖွဲ့စည်းပုံတို့သည် လွှတ်တော်အတွက် နိုင်ငံ ရေးအရ အလှမ်းဝေးနေသောကြောင့် NLD သည် တပ်၏လုံခြုံရေးပုံပိုးသူအဖြစ် ရပ်တည်မှုကို အားနည်းသွားစေရန် ဗျူဟာပြောင်းခဲ့ သည်။တွေ့ဆုံမှုသည် အဆိုပါပြဿနာများကို မဖြေရှင်းနိုင်ခဲ့သော်လည်း နောက်ထပ်ဆွေးနွေးမှုများအတွက် လမ်းကြောင်းတစ်ခုကို ဖန် တီးနိုင်ခဲ့သည်။ ၂၀၁၉–၂၀၂၀၏ စေ့စပ်ညှိနှိုင်းမှုများ၏ အခရာဖြစ်လာမည့် "အဆင့်သုံးဆင့်လုပ်ငန်းစဉ်" ကို ပေါ်ပေါက်လာစေခဲ့သည်။ စစ် တပ်က တရားဝင်သဘောတူထားခြင်းမရှိခဲ့သော်လည်း ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်နေစဉ်အတွင်း တိုင်းနှင့်ပြည်နယ်အဆင့် လုပ်ပိုင် ခွင့်အာဏာများကို တိုင်းနှင့်ပြည်နယ်အဆင့် အာဏာပိုင်များထံသို့ လွှဲပြောင်းသော အောက်မှအထက်လုပ်ထုံးလုပ်နည်းကို အဆိုပြုသည့် အဆင့်သုံးဆင့်လုပ်ငန်းစဉ်ကို အစိုးရက လက်ခံခဲ့သည်။ ဒုတိယအဆင့်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲ ရေးနှင့် နောက်ဆုံးအဆင့်တွင် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး တို့ပါဝင်သည်။ဤတွင်ဖတ်ပါ- Nyi Nyi Kyaw (2018), "Myanmar's Constitutional Reform Process: A pragmatic prioritization of process over substantive reform?" *ConstitutionNet*, June 5.

46. An example of this detail-orientation, cited within the Joint Peace Fund experience by Western donors, was the State Counselor's line-by-line scrutiny of small projects' budgets, including details such as per diems and specific individual salaries.

47. International Crisis Group (2016), *Myanmar's Peace Process: Getting to a Political Dialogue*, ICG Briefing No.149/Asia (ICG).

48. တိုင်းရင်းသားခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် မတ်လ ၇ရက်။

49. See Burma News International (2017), *Deciphering Myanmar's Peace Process: A Reference Guide 2016* (Chiang Mai: BNI).

50. တိုင်းရင်းသားခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် မတ်လ ၇ရက်။

51. See, EPRP and MPSI (2015), "Ceasefire Liaison Offices' Observations on Roles and Functions; why they are important now for Myanmar's peace process and will continue to be so," p. 2.

52. Ashley South and Marie Lall (2018), "Power Dynamics of Language and Education Policy in Myanmar's Contested Transition," *Comparative Education Review*, 62(4): 77.

53. Lu Min Mang in Tamas Wells (2019), "Narratives of Donor Accountability in Support to Peace Processes: The Case of the Joint Peace Fund in Myanmar," *Journal of Peacebuilding & Development*, 15(1), August.

54. Banim and Ohn (2019) *Final Evaluation of the Joint Monitoring Committee Support Platform Project*, အရ ပြင်ပလေ့လာသူ များပါဝင်မှုသည် ကမ္ဘာလုံးဆိုင်ရာအလေ့အထဖြစ်သောကြောင့် မဟုတ်ပါ။ အစိုးရနှင့် အစိုးရမဟုတ်သူများကြား ပါဝါမညီမျှမှုကြောင့် ပါဝါပိုကြီးသည့် အစုအဖွဲ့များ၏ ကတိကဝတ်အတွက် အာမခံရှိစေခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်သောကြောင့်ဖြစ်သည်။ ဤတွင်လည်း ဖတ်ရှုနိုင်သည် - Barbara F. Walter (2009), "Bargaining Failures and Civil War," Annual Review of Political Science 12(1): 243–61.

55. အချို့က ဤအခန်းကဏ္ဍသည် ဗလာသက်သက်သာဖြစ်ပြီး ပြသရန်အတွက်သာဖြစ်သည်ဟု ယူဆခဲ့ကြသည်။

56. ဤသည်ကို JMC နှင့်နီးစပ်သည့် အတွေ့အကြုံရှိအပစ်အခတ်ရပ် အကြံ ပေးတစ်ဦးမှ သဘောမတူခဲ့ပါ။ Maoist ပြောက်ကျား သောင်းကျန်း သူများပါဝင်သည့် နီပေါ အပစ်အခတ်ရပ်စဲရေး ယန္တယားကို အနီးကပ် ပုံစံယူထားသည်ဟု ၎င်းကမှတ်ချက်ပြုခဲ့သည်။

57. အပစ်အခတ်ရပ် အကြံ ပေးတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် ဇွန်လ ၂၀ရက်။

58. ဥပမာကို ဤတွင်ဖတ်ပါ - acques Bertrand, Alexandre Pelletier, and Ardeth Maung Thawnghmung (2022), *Winning by Process, the State and Neutralization of Ethnic Minorities in Myanmar* (Ithaca and London: Cornell University Press). ထို့အပြင် စစ်တပ်သည် JMCကို တရားစီရင်ရေးစနစ်နှင့် တွဲ၍ အကျိုးအမြတ်ရရှိရန် အသုံးချခဲ့သည်။

59. Ibid.

60. NCA, paras. 16–18.

61. See, EPRP and MPSI (2015), "Ceasefire Liaison Offices' Observations on Roles and Functions; why they are important now for Myanmar's peace process and will continue to be so," p. 2.

62. Ibid.

63. တိုင်းရင်းသား အရပ်ဘက်အဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် မတ်လ ၂၀ရက်။

64. EAO များသည် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များတွင် CSO များ၏ ပါဝင်မှုကို ကြိုဆိုခဲ့ကြသော်လည်း CSO များက နိုင်ငံ ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းများကိုလည်း လွှမ်းမိုးရန် စိတ်အားထက်သန်ခဲ့ကြသည်ဟုသိရသည်။

65. ဤအလှုရှင် တစ်ဦးချင်းစီမှ ပံ့ပိုးသော နိုင်ငံခြားထောက်ပံ့ကူညီမှုသည် ပုံမှန်အားဖြင့် ရှုပ်ထွေးပြီး ရှေ့နောက်မညီသော ဗျူဟာရေစီ လုပ်ထုံး လုပ်နည်းများ၊ နည်းပညာဆိုင်ရာ အကြံဉာဏ်များ နှင့် နိုင်ငံရေးအကျိုးစီးပွားများ ပေါင်းစပ်ပုံဖော်ထားသည်။ အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ အစီအစဉ်များအကြား ကြီးမားသော မတူကွဲပြားမှုရှိလေ့ရှိသော်လည်း သတင်းအချက်အလက်ကို အကဲဖြတ် စိစစ် ပြီးသောအခါ သတ်မှတ်ပြီးသား ပုံစံအချို့ ပေါ်လာလေ့ရှိသည်။

66. OECD က တရားဝင်ဖွံ့ဖြိုးရေးအထောက်အပံ့ကို စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူမှုဈေးလုံရေးတို့အတွက် ရေးဆွဲထားသည့် အစိုးရ ထောက်ပံ့ကူညီမှုဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။စစ်ရေးနှင့်ဆိုင်သော ချေးငွေနှင့် ခရက်ဒစ်များကို ဖယ်ထုတ်ထားသည်။ OECD (၂၀၂၃)၊ "Net ODA" (ညွှန်းကိန်း)၊ https://doi.org/10.1787/33346549-en ၊ ၂၀၂၃ခုနှစ် နိုဝင်ဘာလတွင် ရယူခဲ့သည်။

67. OECD data from Thomas Carr (2018), *Supporting the Transition: Understanding Aid to Myanmar Since 2011* (The Asia Foundation).

68. မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများ အသင်းဝင်ဖြစ်ခဲ့သည်။

69. မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ် ကမ်းရိုးတန်းရှိ ဆိပ်ကမ်းတစ်ခုသို့ တရုတ်နိုင်ငံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနှစ်ခု သွယ်တန်း တည်ဆောက်မှုသည် နောက်ဆုံးတွင် ပြီးစီးခဲ့ပြီး အိန္ဒိယသမုဒ္ဒရာသို့ လက်လှမ်းမီရောက်ရှိမှု တိုးတက်စေရန်အတွက် ရေရှည်အစီအမံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာနှင့် မြန်မာအပေါ် တရုတ်၏ စိတ်ဝင်စားမှုနှင့် ပတ်သက်၍ Bertil Lintner (2019), *The Costliest Pearl: China's Struggle for India's Ocean* (London: Hurst) ကို ကြည့်ပါ။
70. မြန်မာနိုင်ငံအတွက် အစောပိုင်း နိုင်ငံတကာအကူအညီများ ဆိုင်ရာ ဆန်းစစ်လေ့လာမှုအတွက် David Steinberg (1992), "The Role of International Aid in Myanmar's Development," Contemporary Southeast Asia 13(4) ကိုကြည့်ပါ။
71. ၂၀၀၉ ခုနှစ်တွင် တပ်မတော်က ကိုးကန့်ဒေသကို သိမ်းယူခဲ့မှုက တရုတ်နိုင်ငံသို့ ဒုက္ခသည်အများအပြား အစုလိုက်အပြုံလိုက် ပြောင်းရွှေ့မှုကို ဖြစ်စေခဲ့ပြီး မြန်မာ-တရုတ်ဆက်ဆံရေးကို ထိခိုက်စေခဲ့သည်။
72. Adam Burke, et al. (2017), *The Contested Areas of Myanmar: Subnational Conflict, Aid, and Development* (The Asia Foundation), p. 45.
73. ဒေတာအချက်အလက်အပြည့်အစုံကို https://stats.oecd.org/Index.aspx?DataSetCode=crs1 တွင် ရယူနိုင်သည်။ [၂၀၂၄ခုနှစ် ဇန်နဝါရီ လတွင် ရယူခဲ့သည်။].
74. Mary Anderson (1999), *Do No Harm: How Aid Can Support Peace—or War* (Boulder, CO: Lynne Rienner Publishers).
75. Thania Paffenholz (2005), "Peace and Conflict Sensitivity in International Cooperation: An Introductory Overview," *International Politics and Society*, 4: 63–82.
76. OECD (2001), *Helping Prevent Violent Conflict: Part I: Helping Prevent Violent Conflict: Orientations for External Partners; Part II: Conflict, Peace, and Development Cooperation on the Threshold of the 21st Century, The DAC Guidelines*, (OECD).
77. OECD Creditor Reporting System.
78. ၂၀၁၇ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ကျပန်နိုင်ငံသည် မြန်မာနိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၈၀ ခန့် ကတိကဝတ် ပြုခဲ့ပြီး ၂၀၁၇ ခုနှောင်းပိုင်းတွင် UNOPS သို့ အမေရိကန်ဒေါ်လာ ၄.၂သန်းခန့်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တိုက်ရိုက်ပံ့ပိုးရန် ပေးခဲ့ သည်။
79. အဖွဲ့ဝင်မဟုတ်သည့် တရုတ်နိုင်ငံသည် ဤဒေတာတွင် မပါဝင်ပါ။
80. The Nippon Foundation (2021), *Projects in Myanmar* (The Nippon Foundation Group).
81. Desmond Molloy (2019), *A Hybrid Asian Way to Do Peacebuilding: Sustained Incremental Trust Establishment and Support (SITES), Yohei Sasakawa, Special Envoy of the Government of Japan for National Reconciliation in Myanmar and The Nippon Foundation in Myanmar, 2012–2019*, Working Paper (unpublished), Nippon Foundation.
82. Yuzuki Nagakoshi (2020), "Japan and Myanmar's Toxic Friendship," *The Diplomat*, January 15.
83. See Adam Burke et al. (2017), *The Contested Areas of Myanmar: Subnational Conflict, Aid, and Development* (The Asia Foundation), Ch 3. Also Matthew Zurstrassen (2020), *A Review of the Myanmar National Community Driven Development Project in Conflict-Affected Contexts* (World Bank).
84. See Dan Seng Lawn (2022), *Conflict and Development in the Myanmar-China Border Region* (XCEPT).
85. NCA အပိုဒ် ၉ နှင့် ၂၅။
86. While the Nippon Foundation has six areas of support in Myanmar—peacebuilding, education, human resource development, agriculture, healthcare, and support for people with disabilities—this table represents only peacebuilding.
87. See, for example, Michael Pug (2005), "The Political Economy of Peacebuilding: A Critical Theory Perspective," *International Journal of Peace Studies*, 10(2), Autumn/Winter: 23–42; and Oliver P. Richmond and Jason Franks (2009), *Liberal Peace Transitions: Between Statebuilding and Peacebuilding* (Edinburgh University Press).
88. See Teresa Almeida Cravo (2018), "Peacebuilding, Assumptions, Practices and Critiques," *ASPJ Africa & Francophonie—1st Quarter 2018*, for an articulation of key criticisms of the model.
89. See, for example, Donald L. Horowitz (2001), *Ethnic Groups in Conflict, Updated Edition With a New Preface* (California: University Press); Benjamin Reilly (2001), *Democracy in Divided Societies* (Cambridge: University Press); Matthijs Bogaards (1998), "The favourable factors for consociational democracy: A review," *European Journal of Political Research*, 33 (June): 475–496.; Rudy Andeweg (2000), "Consociational Democracy," *Annual Review of Political Science*, 3 (June): 509–536; cited in Jacques Bertrand, Alexandre Pelletier, and Ardeth Maung Thawnghmung (2021), *Winning by Process: The State and Neutralization of Ethnic Minorities in Myanmar* (Ithaca and London: Southeast Asia Program Publications).
90. ဥပမာ စစ်တပ် ထိန်းချုပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတဆင့်။
91. See World Bank (2018), *Pathways for Peace; Inclusive Approaches to preventing Violent Conflict* (Washington, D.C.: World Bank).
92. On asymmetry, see Liz Phillipson (2005), "Engaging Armed Groups: The Challenge of Asymmetries," *Accord*, 16 (May); C. R. Mitchell (1991), "Classifying Conflicts: Asymmetry and Resolution," *Annals of the American Academy of Political and Social Science*, 518 (Nov.): 23–38.
93. For more detail, refer to Reflection 1 in paper 1 of this series, *The Context for Building Peace: Entrenched Challenges and Partial Reforms.*
94. ဝေဖန်မှုများသည် စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ဦးတည်ပြုလုပ်ခဲ့သော်လည်း ဤကဏ္ဍများသည် တိုးတက်လာခဲ့သည် ဟု အစီရင်ခံစာက နောက်ပိုင်းတွင် ဖော်ပြထားသည်။ See Matthew Zurstrassen (2020), *A Review of the Myanmar National Community Driven Development Project in Conflict-Affected Contexts* (Washington DC: World Bank). See also Rachel Nadelman et al. (2019), *Citizen Engagement: An Independent Review of the World Bank's Commitments in Design and Practice in Myanmar* (Accountability Research Center).
95. Yun Sen (2016), "Aung San Suu Kyi's Visit to Beijing: Recalibrating Myanmar's China Policy," Transnational Institute website, August 16, (Amsterdam: Transnational Institute).
96. Zaw Zaw Htwe (2019), "China Gives $1 Million to Myanmar for Peace Process," *The Irrawaddy*, November. 8.

97. Prashanth Parameswaran (2015), "China Derailing Myanmar Peace Talks: Top Negotiator", *The Diplomat*, October. 9.
98. Yun Sen (2017), *China and Myanmar's Peace Process* (Washington, D.C.: United States Institute for Peace).
99. Information from multiple sources, including two interviews with specialists on China-Myanmar relations.
100. တရုတ်ရေးကျွမ်းကျင်သူနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် မေလ ၃၀ရက်။
101. ဥပမာ ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့သည် တရုတ်သံရုံးသို့ နောက်ဆုံးသတင်းများ ဆွေးနွေးရန်အတွက် ပုံမှန် သွားရောက်ခဲ့သည်။ နောက်တွင် ဆွစ်ဇာလန်သည် ရက္ခိုင့်တပ်တော်နှင့် အတိုင်းအတာတစ်ခု အထိ ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
102. အလှူရှင် တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် မတ်လ ၇ရက်။
103. Lex Rieffel and James W. Fox (2013), *Too Much, Too Soon? The Dilemma of Foreign Aid to Myanmar/Burma* (Nathan Associates).
104. အောက်တွင် အပြုသဘောဆောင် သော တိုးတက်မှုများရှိခဲ့သည် ဥပမာ မြေပြင်တွင် ခေါင်းဆောင်များကြား ယုံကြည်မှုတိုးလာခဲ့ခြင်းနှင့် တပ်ပြောင်းရွှေ့မှုများနှင့် အရပ်သား များအား မတရားပြုခြင်းကဲ့သို့သော အောက်ခြေအဆင့် ပြဿနာများကို ဖြေရှင်းလာနိုင်ခြင်း
105. ဤစာစဉ်တွဲ၏ ပထမစာတမ်းတွင် အသေးစိတ်အချက်အလက်များပါဝင်သည်။
106. ဤတွင် ဥပမာပေးခဲ့သော ကိုစ္စရပ်မှာ ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေ ကော့ကရိတ်တွင် စစ်တပ်က ဆက်လက် လမ်းဖောက်လုပ်ခြင်းပြုလုပ်မှု ဖြစ် သည်။KNU နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီတို့ NCA တွင်ပါဝင်မှုကို ဆိုင်းငံ့လိုက် သောအချိန်တွင် ဤသည်ကို နိုင်ငံရေးအဆင့်တွင် ဆွေးနွေးရန် အခွင့်အလမ်း မရှိတော့ပါ။ ထိုအချိန်တွင် ဗိုလ်ချုပ်ကြီးရာပြည့်က ၎င်းတို့ကို ညှိနှိုင်းဆွေးနွေးရေး စကားဝိုင်း သို့ပြန်လည် ရောက်ရှိရန် ကြိုးပမ်းခဲ့သည်။ ဤသည်မှာ JMC အဓိက ပြဿနာများကို ဖော်ထုတ်သတ်မှတ်နိုင်သည့် အလားလာရှိသည့် ဖြစ် ရပ်ဖြစ်ခဲ့ပြီး ဖြေရှင်းမှုဖြစ်နိုင်သည့် လမ်းကြောင်းများဖြစ်သည်။
107. အလှူရှင်နှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်။
108. ဥပမာ ပြည်ထောင်စုငြိမ်း ချမ်းရေးညီလာခံ၊ ဒိုင်ယာလော့မျာနှင့် ညှိနှိုင်းဆွေးနွေးပွဲများတွင် EAO များပါဝင်မှုကို ပံ့ပိုးရန်အတွက် ရန်ပုံငွေ ပမာဏအများအပြားကို အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှတဆင့် ပံ့ပိုးခဲ့သည်က ယင်းအဖွဲ့ကိုEAO ဘက်သားအဖြစ် ပါဝင်ပတ်သက်သူများ အထူးသဖြင့် အစိုးရကထင်မြင်ယူဆခဲ့သည်။ အဖွဲ့စည်းတစ်ခုမှတဆင့် ရန်ပုံငွေပမာဏအများအပြား ပံ့ပိုးပေးခြင်းသည် နိုင်ငံတကာရန်ပုံငွေများကို စီမံခန့်ခွဲရန် အတွက် လိုအပ်သော ဗျူရိုကရေစီနှင့် စီမံရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကြောင့် အဖွဲ့၏ စွမ်းရည်နဲ့အလေးထားဆောင်ရွက်ရာတို့ကို လမ်းလွဲစေမည့် အလားလာလည်းရှိသည်။
109. Women's representation among EAOs was higher than that of the NLD and the Myanmar military, see Åshild Kolås and Leitanthem Umakanta Meitei (2019), *Women in ethnic armed organizations in Myanmar: Numbers and narratives*, GPS Policy Brief no. 1 (Oslo: PRIO).
110. See for example Bill Davis and Kim Jolliffe (2016), *Achieving Health Equity in Contested Areas of Southeast Myanmar* (The Asia Foundation); and Kim Jolliffe and Emily Speers Mears (2016), *Strength in Diversity: Towards Universal Education in Myanmar's Ethnic Areas* (The Asia Foundation).
111. ပဋ္ဌိပက္ခ ဆင်ခြင် ရှောင်ရှားနိုင်မှု သည် အခြေအနေတစ်ခုတွင် ထောက်ပံ့ကူညီမှုသည် မရည်ရွယ်ပဲ အပျက်သဘောဆောင်သည့် သက်ရောက်မှုများကို လျှော့ချရန် နှင့် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး ကြားဝင်ဆောင်ရွက်မှု များမှတဆင့် ဖြစ်နိုင်သမျှ နေရာတိုင်းတွင် ပဋ္ဌိပက္ခအပေါ် အပြုသဘောဆောင်သော လွှမ်းမိုးမှု ဖြစ်အောင် ဆောင်ရွက်မှုစသည်နည်းလမ်း များဖြင့် ပဋ္ဌိပက္ခကို မည်သို့ တုံ့ပြန်ဆောင်ရွက်ရမည်ကို နားလည်လိုက်နာကျင့်သုံးခြင်းကို ရည်ညွှန်းသည်။ CDA website.
112. On denying inconvenient conflicts, see Martha Caddell and Helen Yanacopulos (2006), "Knowing but not knowing: conflict, development and denial," *Conflict, Security & Development*, 6(4): 557–579.
113. See for example Tom Kramer, Simon Richards, and Kyaw Nyunt Sein (2018), *Experiences and Lessons Learned from the 3MDG Strategy to Operate in Conflict Affected Areas, Final Report* (3MDG).
114. UNFPA Evaluation Office (2016), *Evaluation of UNFPA support to population and housing census data to inform decision-making and policy formulation 2005–2014, Myanmar Country Case Study* (UNFPA), p. 83. See also International Crisis Group (2014) *Counting the Costs: Myanmar's Problematic Census*, May, (ICG); and Mary P. Callahan (2017), "Distorted, Dangerous Data? 'Lumyo' in the 2014 Myanmar Population and Housing Census," *Journal of Social Issues in Southeast Asia* 32(2), pp. 452–478.
115. ဥပမာ EAO ဧစ္စပ်ညှိနှင်းသူများနှင့် အကြံပေးအရာရှိများသည် ဆွေးနွေးပွဲများအတွက် ပြင်ဆင်ရန် ပရင်တာများနှင့် မိတ္တူကူးစက်ကဲ့သို့သော အခြေခံရုံးသုံး ပစ္စည်းများကိုပင် အသိ အရပ်ဘက်မိတ်ဆွေများထံမှ ငှားရမ်းသုံးစွဲခဲ့ရကြောင်း ပြောခဲ့သည်။
116. မှတ်တမ်းတင်ရန်မာ JPF သည် အတည်ပြုခြင်းဖြစ်စဉ် တစ်ခုလုံးကို ဖြတ်စရာမလိုသည့် အသေးစားထောက်ပံ့ငွေများသုံးခြင်းဖြင့် မြန်ဆန်ပြီး ပြုလွယ်ပြောင်းလွယ်သော ၎င်း၏လုပ်ငန်းစဉ် အပိုင်းကို ပေါင်းစည်းအသုံးပြုရန် ကြိုးစားခဲ့သည်။ သို့ရာတွင် ဤသို့သော အသေးစားထောက်ပံ့မှုများသည် နိုင်ငံရေးအရအကဲဆတ်မှု အမြင့်ဆုံးဖြစ်သည့်အတွက် ဘုတ်အဖွဲ့အဆင့် တွင် အချိန်ယူ၍ သေချာ ဆွေးနွေးမှုများပြုလုပ်ရန် လိုအပ်ခဲ့သည်။
117. Karen Peace Support Network (2014), *Critique of Japan International Cooperation Agency's Blueprint for Development in South-Eastern Burma (Myanmar) Full Report [Karen Language]* (Burma News International).
118. Nordic Consulting Group (2018)၏, *Mid-term Review of the Myanmar Joint Peace Fund* ကိုကြည့်ပါ. ဘုံယန္တယားပြင်ပ တစ်ဖွဲ့ချင်း အလိုက် လုပ်ငန်းစဉ်များသည် ယင်းယန္တယားများအတွက် အထောက်ပံ့ဖြစ်စေပြီး ပြောင်းလဲနေသော အခြေအနေများကို ဗျူရိုကရေစီ များပြားသော ကြီးမားသော ရန်ပုံငွေ ထက် ပိုမိုမြန်ဆန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ဤ ထပ်ဆင့်လမ်းကြောင်းများသည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သည်။ အပြုသဘောဆောင်သည့် ဖြစ်ရပ်များ ဖြစ်ပွားခဲ့ပါသည်။ ဥပမာ PSF မှ JPF သို့လွှဲပြောင်းသောကာလ အတွင်း ရန်ပုံငွေပံ့ပိုးမှု နှောင့်နှေးခြင်းများကြောင့် အစီအစဉ်များ ရပ်နားရခြင်းကိုကာကွယ်ရန် ဤယန္တယားများကို တည်ဆောက်ခဲ့သည်။
119. ဤဘေးကျပ်နံကျပ်ဖြစ်မှု၏ ဥပမာကောင်းတစ်ခုမှာ NCA လက်မှတ်မထိုးသော အဓိကအဖွဲ့တစ်ခုဖြစ်သည့် KIA၏ အကြံပေး ဌာနဖြစ်သော ကချင်နည်းပညာဆိုင်ရာအကြံပေးအဖွဲ့ကို ပံ့ပိုးရန်ကြိုးစားခဲ့သော JPF ၏ အတွေ့အကြုံတွင် မြင်နိုင်သည်။ နောက်ဆုံးတွင် ရန်ပုံငွေပံ့ပိုးပေးနိုင်ခဲ့သော်လည်း အလွန်ကြာမြင့်သော လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်ကို ဖြတ်သန်းခဲ့ရသည်။

120. တိုင်းရင်းသားခေါင်းဆောင်နှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်။ ဆန့်ကျင်ဘက်အားဖြင့်EAO များ၏ ရေရှည် အကြံပေးများမှာ အချင်းချင်း ကောင်းစွာ ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်သည်ဟု ယူဆခဲ့သည်။ Nordic Consulting Group (2018)၏ *Mid-term Review of the Myanmar Joint Peace Fund*, note 55 တွင် ကြည့်ပါ။ ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုအတွက် နိုင်ငံတကာ ကြားဝင်ဆောင်ရွက်ရေး NGO များသည် ကမ္ဘာလုံးဆိုင်ရာ Statement of Intent of Complementarity for Independent Mediation Support Organizations ကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် တကယ့်လက်တွေ့တွင် လုပ်ငန်းဆောင်ရွက်နိုင်စွမ်းများမှာ ကွဲပြားခဲ့သည်။

121. ခြွင်းချက်များတွင် ကမ်းလက်အစီအစဉ်အောက်ရှိ အစပြုလုပ်ငန်းအစီအစဉ်များစွာနှင့် JPF မှ အတိုင်းအတာ အနည်းငယ်ပါဝင်သည်။

122. အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် ကချင်ပြည်နယ်တွင် နေရပ်စွန့်ခွာလူမှုအသိုင်းအဝိုင်းများအတွက် “durable soultions”(“တာရှည်ခံဖြေရှင်းနည်း”) များကို အလေးထားဆောင်ရွက်နေချိန်တွင် သုံးထပ်ကွမ်း (triple-nexus) အယူအဆကို အသုံးပြုခဲ့ သည်။ သို့သော် NCA လုပ်ငန်းစဉ်၏အစိတ်အပိုင်းများနှင့် အခြားငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပိုမိုကျယ်ပြန့်စွာ ပေါင်းစည်း အသုံးပြုမှု နည်းပါးခဲ့သည်။

123. See Martin Smith (2019), *Arakan (Rakhine State): A Land in Conflict on Myanmar’s Western Frontier* (Amsterdam: Transnational Institute).

124. ထိုအချိန်တွင်လူမှုသဟဇာတချဉ်းကပ်မှုနည်းလမ်းသည်မသင့်လျော်ကြောင်း နောက်ကျလွန်းပြီး ရက္ခိုင့်တပ်တော်နှင့် ဗဟိုနှင့် ၎င်းတို့ဆက်ဆံရေးတို့နှင့် ဆက်စပ်နေသာ ထင်ရှားသည့် နိုင်ငံရေးသွင်ပြင်ကို လွတ်သွားခဲ့ကြောင်း ဖြေဆိုသူ တစ်ဦးမက မှတ်ချက်ပြုခဲ့သည်။

125. ဥပမာများတွင် ရှမ်းပြည်မြောက်ပိုင်း နမ္မတူနှင့် လားရှိုးရှိ UNOPS မှစီမံခန့်ခွဲသော အလှူရှင်အများအပြားက ရန်ပုံငွေပံ့ပိုးသည့် NGO အစီအစဉ်များ ပါဝင်သည်။